www.burmeseclassic.com

လူကြီး၊လူလတ်၊လူငယ်များ

သတိထားသင့်သော ပြစ်ရပ်မှန်

# မှုခင်းဖြစ်စဉ်များ (၁)

## မောင်မောင်စိန်လင်း (နတ်မောက်)

စုစည်းတင်ပြသည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | စိန်မင်းသမီးနဲ့ မောင်မဲ | ၁ |
| ၂။ | မစ္ဆေရအချစ် | ၁၅ |
| ၃။ | လောဘအမှောင်ထဲက သားကောင်များ | ၃၂ |
| ၄။ | ဒေါင်းတောင်းနှင့်သောင်းသောင်း | ၄၅ |
| ၅။ | ကျောက်ပြားဈေးနှင့် ခြောက်ပြားသူဌေး | ၆၂ |
| ၆။ | တဏှာဦးစီး အချစ်ဒုက္ခမီး | ၇၈ |
| ၇။ | သနွှေသား | ၉၁ |
| ၈။ | ဘဝဆိုသည်များရယ် | ၁၀၅ |
| ၉။ | လောဘဒဏ်၊ သောကဒဏ် | ၁၂၀ |
| ၁၀။ | မသဲဖြူကို သတ်တဲ့သူ | ၁၃၆ |
| ၁၁။ | လောဘ၊ ဒေါသ၊ မောဟကြောင့် သောကများ | ၁၅၂ |
| ၁၂။ | သစ်ပင်အောက်က မိန်းမချောလေး | ၁၆၆ |
| ၁၃။ | လုပ်ရက်ပါပေ့ နွယ် | ၁၇၈ |
| ၁၄။ | ရှာရှင်ဦးစိန် | ၂၁၃ |




www.burmeseclassic.com

www.burmeseclassic.com

## စိန်မင်းသမီးနဲ့ မောင်မဲ

(၁)

**"အားသက်လုံ့ပျက်သော နွား၊ အမြုပ်ထွက်လွယ်သည်"**

**"မေတ္တာသက်လုံ့ပျက်သူ၊ ဒေါသအမြုပ်ထွက်လွယ်သည်"**

**"ခန္တီဝန်မနိုင် အလောဘသက်လုံ့ပျက်သူ ရာဂအမြုပ် ထွက်လွယ်သည်"**

**"သဒ္ဓါသက်လုံ့ပျက်သူ၊ မစ္ဆေရ အမြုပ်ထွက်လွယ်သည်"**

**"ဟိရိဩတ္တပ္ပ သက်လုံ့ပျက်သူ၊ ကိလေသာအမြုပ်ထွက် လွယ်သည်"**

ဤသည်ကား ရာဇဂုရုမောင်းထောင် ဆရာတော် ဦးပညာ သာမီ၏ "ဒေါသကထာကျမ်း" တွင် ပါရှိသော သတိသမ္ပဇဉ် ဉာဏ် ယှဉ်နိုင်စေရန် အဆုံးအမ ဩဝါဒတစ်ခု ဖြစ်ပေသည်။

မောင်မဲနှင့် မေစီသန်း (ခ) မစီတို့ အိမ်ထောင်ရေးမှာ အလွန် သာယာလှပါသည်။ ၎င်းတို့ပိုင်ဆိုင်သော လပြည့်ဝန်း စားသောက်ဆိုင် အမှတ် (၁) နှင့် လပြည့်ဝန်း စားသောက်ဆိုင်



အမှတ် (၂) တို့မှာလည်း ဝင်ငွေကောင်းသော စီးပွားရေး လုပ်ငန်းများ ဖြစ်ပါသည်။ မိဘတွေဘက်က အမွေလည်း မရပါ။ ထီလည်း မပေါက်၊ ချဲလည်း မပေါက်ပါ။ ကံ၊ ဉာဏ်၊ ဝီရိယဖြင့် ကြီးပွားတိုးတက်လာသော ဇနီးမောင်နှံ ဖြစ်ပါသည်။ လာခြင်း ကောင်းသော ဘဝခရီးဖော်များ ဖြစ်ကြလေသည်။

ပဋ္ဌာန်းဆက်ဖြင့် မွေးဖွားရရှိလာသော သားသုံးယောက် တို့ကိုလည်း သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ပြီး သာသနာ့ဒါ ယက သာသနာ့အမွေကိုလည်း ရရှိခဲ့ကြပြီး ဖြစ်လေသည်။ ဘာ လိုသေးလဲ မရွှေသဲ၊ ဘာလိုသေးလဲ ကိုမောင်မဲ။

တစ်ဦးနှင့်တစ်ဦး မေတ္တာသက်လုံ့ကောင်းသော ဇနီးမောင် နှံ ဖြစ်ကြလေသောကြောင့် တစ်ဦးအပေါ် တစ်ဦး ဒေါသ မထွက်ကြပါ။ တစ်ဦးနှင့်တစ်ဦး ခန္တီပရမံ တပွေ့သိသိကြီး သည်းခံခွင့်လွှတ်တတ်သော အလေ့အထရှိနေကြသောကြောင့် ဒေါသ မရှိကြပါ။ ဒေါသမရှိသောကြောင့် သောကပူလောင်မှု လည်း မရှိကြပါ။ သောက မရှိကြလေတော့ မောဟဖုံးလွှမ်း တတ်သော မသိစိတ်လည်း နည်းပါးကြလေသည်။

(၂)

လင်မယားနှစ်ယောက် ဟိုဘက်ဆိုင်တစ်လှည့် ဒီဘက် ဆိုင်တစ်လှည့် ကြီးကြပ်စီမံအုပ်ချုပ်ကြသည်။ ဆိုင်ပိုင်၊ ဆိုင် ထိုင်ပိုင်ရှင်တို့မှာ အထိုင်များသည့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်လည်း မောင်မဲသည် မြန်မာ့အကြောပြင် အနှိပ်သည်တို့၏ စိန်မင်းသမီး (ဖြူတီဆလွန်း) သို့ ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။

မြန်မာ့အကြောပြင်၊ အကြောဖြေပညာရပ်မှာ ရှေးခေတ်အဆက်ဆက်မှသည် ယနေ့ထက်တိုင် မတိမ်ကောမပျောက်သေးသော မြန်မာ့တိုင်းရင်းဆေးဘက်ဆိုင်ရာ ပညာရပ်တစ်ခု ဖြစ်ပေသည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ပျံ့နှံ့တည်ရှိနေသော ပညာရပ်လည်း ဖြစ်ပေသည်။ အထူးအားဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား တိုင်းရင်းသူများသည် ကြေးစားလုပ်ငန်းအဖြစ်ပင် လုပ်ကိုင်နေကြလျက်ရှိပါသည်။

မောင်မဲကား ခေသူမဟုတ်။ အကြောပြင်၊ အကြောလျှော့ပညာရှင်များထံမှ မှတ်သားလေ့လာထားသော အကြောပြင်၊ အကြောလျှော့ပညာတို့ဖြင့် လက်တွေ့ကျကျ သူ၏ဇနီး မေစီသန်းအား ပြုစုပေးလေသည်။

အကြောပြင်၊ အကြောလျှော့ပညာရပ်၏ လက္ခဏာအရ (မစီ)၏ ခြေဖျားလေးများ၊ ခြေသလုံးတို့ကို ဒူးဆစ်အထိ တစ်ဖက်ပြီးတစ်ဖက် အကြောလျှော့ပေးရသည်။ ဒုတိယအဆင့်အနေဖြင့် ဒူးဆစ်မှ ခါးအထိ တစ်ဖက်ပြီးတစ်ဖက် အကြောလျှော့ပေးရလေသည်။ ပေါင်ကို ခြေဖြင့်နင်းပေးခြင်း၊ ပေါင်အတွင်းကြောကိုမူ ခြေဖဝါးကို လက်ဖြင့်ကိုင်ထားပြီး ခြေထောက်ဖြင့် ဘယ်ညာတစ်ချက်ချင်း လျှော့ရလေသည်။ တတိယအဆင့်အနေ



ဖြင့် လက်ဖျားကလေးများမှ လက်မောင်း ဘယ်/ညာတို့ကို အကြောလျှော့ပေးရပါသည်။ ထို့နောက် ဇက်ကြော၊ လည်ပင်းကြော၊ နားထင်ကြောများကို လျှော့ပေးရပါသည်။ နောက်ဆုံးအဆင့်အနေဖြင့် ချိုင်းနှစ်ဖက်မှ လက်လျှိုသွင်းပြီး ကုပ်ကို ချိုးပြီး အကြောကို လျှော့ပေးရခြင်း ဖြစ်လေသည်။

ဤကဲ့သို့ မိမိ၏ ချစ်ဇနီးကို အကြောလျှော့ပြုစုပေးပြီးမှသာ မောင်မဲသည် သူ၏ အကြောပြင် အကြောလျှော့ခြင်းကိစ္စကို စိန်မင်းသမီး ဖြူတီသို့ သွားရောက်လေ့ရှိသည်။ သူ့ဘက်/ ကိုယ့်ဘက်ကို နားလည်လိုက်ကြသည့် သူတို့လင်မယား။

(၃)

**"တစ်နေ့နေ့တော့ ချစ်လာလိမ့်မည်** x x x **သို့သော် ဘယ်နေ့မှန်းမသိ လွမ်းသည့်ရက်သာ ကြာခဲ့ပါပြီ** x x x **ဒါသည်ပင် ကိုယ့်အမှား ဖြစ်ချေပြီ** x x x **မေတ္တာမိုးခေါင်** x x x **သဲသောင်ကန္တာရမှာ** x x x **ပန်းမျိုးစေ့ကို ပျိုးမည့်သလိုညီ** x x x **ပွင့်လာလိမ့်နိုး** x x x **မျှော်ကိုးစောင့်စား ပန်းစိုက်သမားဘဝ၊ မောင်မဲ ဖြစ်ချေသည်** x x x**"**

မောင်မဲသည် ရေဒီယိုအဆိုတော် တင်လှထွန်း၏ တေးသွားလေးအတိုင်းပင် စိန်မင်းသမီး ဖြူတီပါလာမှ အကြောပြင် အကြောလျှော့ ပညာရှင်မလေး (ချမ်းချမ်း) ကို တစ်ဖက်သတ် ခင်မင်တွယ်မိနေသူ ဖြစ်သည်။ သို့သော် လူကုံထံအသိုင်းအဝိုင်းနှင့် ငွေကြေးပြည့်စုံသူ အသိုင်းအဝိုင်း၏ (မျိုးချစ်)လေး

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ စိန်မင်းသမီးနဲ့ မောင်မဲ ... ၁

၂။ မဆ္ဆေရအချစ် ... ၁၅

၃။ လောဘအမှောင်ထဲက သားကောင်များ ... ၃၂

၄။ ဒေါင်းတောင်းနှင့်သောင်းသောင်း ... ၄၅

၅။ ကျောက်ပြားဈေးနှင့် ခြောက်ပြားသူဌေး ... ၆၂

၆။ တဏှာဦးစီး အချစ်ဒုက္ခမီး ... ၇၈

၇။ သန္ဓေသား ... ၉၁

၈။ ဘဝဆိုသည်များရယ် ... ၁၀၅

၉။ လောဘဒဏ်၊ သောကဒဏ် ... ၁၂၀

၁၀။ မသဲဖြူကို သတ်တဲ့သူ ... ၁၃၆

၁၁။ လောဘ၊ ဒေါသ၊ မောဟကြောင့် သောကများ ... ၁၅၂

၁၂။ သစ်ပင်အောက်က မိန်းမချောလေး ... ၁၆၆

၁၃။ လုပ်ရက်ပါပေ့ နွယ် ... ၁၇၈

၁၄။ ချာချင်ဦးစိန် ... ၂၁၃




www.burmeseclassic.com

www.burmeseclassic.com

## စိန်မင်းသမီးနဲ့ မောင်မဲ

(၁)

**"အားသက်လုံ့ပျက်သော နွား၊ အမြှုပ်ထွက်လွယ်သည်"**

**"မေတ္တာသက်လုံ့ပျက်သူ၊ ဒေါသအမြှုပ်ထွက်လွယ်သည်"**

**"ခန္တီဝန်မနိုင် အလောဘသက်လုံ့ပျက်သူ ရာဂအမြှုပ်ထွက်လွယ်သည်"**

**"သဒ္ဓါသက်လုံ့ပျက်သူ၊ မစ္ဆေရ အမြှုပ်ထွက်လွယ်သည်"**

**"ဟိရိဩတ္တပ္ပ သက်လုံ့ပျက်သူ၊ ကိလေသာအမြှုပ်ထွက်လွယ်သည်"**

ဤသည်ကား ရာဇဂုရုမောင်းထောင် ဆရာတော် ဦးပညာသာမိ၏ "ဒေါသကထာကျမ်း" တွင် ပါရှိသော သတိသမ္ပဇဉ်ဉာဏ် ယှဉ်နိုင်စေရန် အဆုံးအမ ဩဝါဒတစ်ခု ဖြစ်ပေသည်။

မောင်မဲနှင့် မေစီသန်း (ခ) မစီတို့ အိမ်ထောင်ရေးမှာ အလွန် သာယာလှပါသည်။ ၎င်းတို့ပိုင်ဆိုင်သော လပြည့်ဝန်းစားသောက်ဆိုင် အမှတ် (၁) နှင့် လပြည့်ဝန်း စားသောက်ဆိုင်



အမှတ် (၂) တို့မှာလည်း ဝင်ငွေကောင်းသော စီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။ မိဘတွေဘက်က အမွေလည်း မရပါ။ ထီလည်း မပေါက်၊ ချဲလည်း မပေါက်ပါ။ ကံ၊ ဉာဏ်၊ ဝီရိယဖြင့် ကြီးပွားတိုးတက်လာသော ဇနီးမောင်နှံ ဖြစ်ပါသည်။ လာခြင်းကောင်းသော ဘဝခရီးဖော်များ ဖြစ်ကြလေသည်။

ပဋ္ဌာန်းဆက်ဖြင့် မွေးဖွားရရှိလာသော သားသုံးယောက်တို့ကိုလည်း သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ပြီး သာသနာ့ဒါရဏ္ဍ သာသနာ့အမွေကိုလည်း ရရှိခဲ့ကြပြီး ဖြစ်လေသည်။ ဘာလိုသေးလဲ မရွှေသဲ၊ ဘာလိုသေးလဲ ကိုမောင်မဲ။

တစ်ဦးနှင့်တစ်ဦး မေတ္တာသက်လုံကောင်းသော ဇနီးမောင်နှံ ဖြစ်ကြလေသောကြောင့် တစ်ဦးအပေါ် တစ်ဦး ဒေါသမထွက်ကြပါ။ တစ်ဦးနှင့်တစ်ဦး ခန္တီပရမံ တပွေါသိသိကွံသည်းခံခွင့်လွှတ်တတ်သော အလေ့အထရှိနေကြသောကြောင့် ဒေါသ မရှိကြပါ။ ဒေါသမရှိသောကြောင့် သောကပူလောင်မှုလည်း မရှိကြပါ။ သောက မရှိကြလေတော့ မောဟဖုံးလွှမ်းတတ်သော မသိစိတ်လည်း နည်းပါးကြလေသည်။

(၂)

လင်မယားနှစ်ယောက် ဟိုဘက်ဆိုင်တစ်လှည့် ဒီဘက်ဆိုင်တစ်လှည့် ကြီးကြပ်စီမံအုပ်ချုပ်ကြသည်။ ဆိုင်ပိုင်၊ ဆိုင်ထိုင်ပိုင်ရှင်တို့မှာ အထိုင်များသည့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်လည်း မောင်မဲသည် မြန်မာ့အကြောပြင် အနှိပ်သည်တို့၏ စိန်မင်းသမီး (ဖြူတီဆလွန်း) သို့ ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။

မြန်မာ့အကြောပြင်၊ အကြောဖြေပညာရပ်မှာ ရှေးခေတ် အဆက်ဆက်မှသည် ယနေ့ထက်တိုင် မတိမ်ကောမပျောက်သေး သော မြန်မာ့တိုင်းရင်းဆေးဘက်ဆိုင်ရာ ပညာရပ်တစ်ခု ဖြစ်ပေသည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ပျံ့နှံ့တည်ရှိနေသော ပညာရပ်လည်း ဖြစ်ပေသည်။ အထူးအားဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား တိုင်းရင်းသူများသည် ကြေးစားလုပ်ငန်းအဖြစ်ပင် လုပ်ကိုင်နေကြလျက် ရှိပါသည်။

မောင်မဲကား ခေသူမဟုတ်။ အကြောပြင်၊ အကြောလျှော့ ပညာရှင်များထံမှ မှတ်သားလေ့လာထားသော အကြောပြင်၊ အကြောလျှော့ပညာတို့ဖြင့် လက်တွေ့ကျကျ သူ၏ဇနီး မေစီ သန်းအား ပြုစုပေးလေသည်။

အကြောပြင်၊ အကြောလျှော့ပညာရပ်၏ လက္ခဏာအရ (မစီ)၏ ခြေဖျားလေးများ၊ ခြေသလုံးတို့ကို ဒူးဆစ်အထိ တစ်ဖက်ပြီးတစ်ဖက် အကြောလျှော့ပေးရသည်။ ဒုတိယအဆင့်အနေဖြင့် ဒူးဆစ်မှ ခါးအထိ တစ်ဖက်ပြီးတစ်ဖက် အကြောလျှော့ပေးရလေသည်။ ပေါင်ကို ခြေဖြင့်နင်းပေးခြင်း၊ ပေါင်အတွင်းကြောကိုမူ ခြေဖဝါးကို လက်ဖြင့်ကိုင်ထားပြီး ခြေထောက်ဖြင့် ဘယ်ညာတစ်ချက်ချင်း လျှော့ရလေသည်။ တတိယအဆင့်အနေ



ဖြင့် လက်ဖျားကလေးများမှ လက်မောင်း ဘယ်/ညာတို့ကို အကြောလျှော့ပေးရပါသည်။ ထို့နောက် ဇက်ကြော၊ လည်ပင်းကြော၊ နားထင်ကြောများကို လျှော့ပေးရပါသည်။ နောက်ဆုံး အဆင့်အနေဖြင့် ချိုင်းနှစ်ဖက်မှ လက်လျှိုသွင်းပြီး ကုပ်ကို ချိုးပြီး အကြောကို လျှော့ပေးရခြင်း ဖြစ်လေသည်။

ဤကဲ့သို့ မိမိ၏ ချစ်ဇနီးကို အကြောလျှော့ပြုစုပေးပြီးမှသာ မောင်မဲသည် သူ၏ အကြောပြင် အကြောလျှော့ခြင်းကိစ္စကို စိန်မင်းသမီး ဖြူတီသို့ သွားရောက်လေ့ရှိသည်။ သူ့ဘက်/ ကိုယ့်ဘက်ကို နားလည်လိုက်ကြသည့် သူတို့လင်မယား။

(၃)

**"တစ်နေ့နေ့တော့ ချစ်လာလိမ့်မည်** x x x **သို့သော် ဘယ်နေ့မှန်းမသိ လွမ်းသည့်ရက်သာ ကြာခဲ့ပါပြီ** x x x **ဒါသည်ပင် ကိုယ့်အမှား ဖြစ်ချေပြီ** x x x **မေတ္တာမိုးခေါင်** x x x **သဲသောင်ကန္တာရမှာ** x x x **ပန်းမျိုးစေ့ကို ပျိုးမည့်သလိုညီ** x x x **ပွင့်လာလိမ့်နိုး** x x x **မျှော်ကိုးစောင့်စား ပန်းစိုက်သမားဘဝ၊ မောင်မဲ ဖြစ်ချေသည်** x x x"

မောင်မဲသည် ရေဒီယိုအဆိုတော် တင်လှထွန်း၏ တေးသွားလေးအတိုင်းပင် စိန်မင်းသမီး ဖြူတီပါလာမှ အကြောပြင် အကြောလျှော့ ပညာရှင်မလေး (ချမ်းချမ်း) ကို တစ်ဖက်သတ် ခင်မင်တွယ်မိနေသူ ဖြစ်သည်။ သို့သော် လူကုံထံအသိုင်းအဝိုင်းနှင့် ငွေကြေးပြည့်စုံသူ အသိုင်းအဝိုင်း၏ (မှိုင်းချစ်)လေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသောကြောင့် မိုးခေါင်သည့် သဲသောင်ကန္တာရမှာ ချစ်ပန်းမျိုးစေ့ စိုက်မိသလို ဖြစ်နေရလေသည်။

စိန်မင်းသမီး ဖြူတီပါလာသို့ မောင်မဲ ရောက်ရှိပြီး (ချမ်းချမ်း) ၏ အကြောပြင် အကြောလျှော့ ပြုစုပေးမှုများကို ခံစားနေသော နေ့တစ်နေ့တွင် ဖြစ်သည်။

"ချမ်းချမ်း... ငါ ဒီလောက် မင်းကို တွယ်တာတယ်၊ မြတ်နိုးတယ်၊ အကူအညီလည်း ပေးတယ်။ ဒါနဲ့များ ဘာကြောင့် ငါ့ကို ပြန်ပြီး မချစ်တာလဲ"

"ဦးမဲမှာ ဇနီး၊ သားသမီးရှိတယ်။ ချမ်းချမ်း ဦးမဲကို ပြန်ပြီး ချစ်မိရင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်။ ဒါဆိုရင် ဒယ်အိုးထဲ သွားရမယ်။ ဒါကြောင့်ပါ ဦးမဲရယ်"

မောင်မဲ၏ အချစ်ပုစ္ဆာကို ဖြေဆိုလိုက်သော ချမ်းချမ်း၏ အချစ်အဘိဓမ္မာ၊ အနှစ်သာရပြည့်ဝလှသော အဖြေကြောင့် မောင်မဲမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

"ကာမေသုမိစ္ဆာစာရကံလည်း မထိုက်၊ မုသာဝါဒတွေလည်း မရှိဘဲ ဒီအတိုင်းနေသွားကြတာ ကောင်းပါတယ် ဦးမဲရယ်နော်၊ နော်"

ချမ်းချမ်း၏ ဒုတိယအချီ ပစ်သွင်းလိုက်သော သွယ်ဝိုက်စကားကြောင့် မောင်မဲမှာ တစ်ကိုယ်လုံးအကြောတွေ လျှော့သွားရလေသည်။

ချမ်းချမ်းဆိုသော မိန်းကလေးမှာ အသက်အားဖြင့် (၂၂) နှစ်သာ ရှိသေးသည်။ အရပ် ၅ ပေ၊ ၅ လက်မ၊ တင်၊ ရင်၊



ခါး အချိုးအဆစ်ကျလှသည်။ အသားဖြူသည်။ စင်ပေါ်သို့ တင်ပေးမည်ဆိုသူများ၊ ဗီဒီယိုမင်းသမီးအဖြစ် တင်ပေးလိုပါသည် ဆိုသူများလည်း မနည်းပေ။ သို့ကြောင့်လည်း မောင်မဲ ချမ်းချမ်းကို လုံးဝ လုံးဝ စိတ်မချနိုင်ဖြစ်နေရခြင်း ဖြစ်သည်။

(၄)

ဤနေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်သည်။ စိန်မင်းသမီး ဖြူတီပါလာသို့ ဧည့်သည်အဝင်နည်းသော ကြားရက် ဖြစ်သည်။ သို့ကြောင့်လည်း မောင်မဲသည် ချစ်ဇနီး မေစီသန်းအား အကြောဖြေအလျှော့ သမုဒယအယုအယများ ပြုစုပေးပြီး စိန်မင်းသမီးသို့ ရောက်ရှိလာသော နေ့တစ်နေ့ ဖြစ်သည်။ သူ၏ ဆိုင်မှ ပေါက်စီ (၃) ခွက် သောက်လာခဲ့သောကြောင့် မျှော်လင့်ချက်တောင့်တချက်များ ရင်တွင်းဖြစ်ခံစားချက်များ အန်ထုတ်သော သီချင်းတစ်ပိုင်းတစ်စလေးကို သီဆိုလိုက်လေသည်။

**"တစ်ဖက်သတ် အချစ်မျိုးဟူသည်မှာ** x x x **ရင်မှာတိတ်တခိုးနဲ့ မျှော်ကိုးရတာ ကြာတောင်ကြာရှည်** x x x **တွေ့ပါမြင်ပါများတော့ သမုဒယ ပိုးကြိုးလေးတွေ** x x x **သူ့အပေါ် ရစ်ချည်** x x x **မသိချင်ယောင်ဆောင်သူကိုမှ ချစ်မိလေသော ကိုယ့်အချစ်များသည် ..."**

"ဦးမဲ ..ချမ်းချမ်း သီချင်းရဲ့ အဓိပ္ပာယ်ကို နားလည်ပါတယ်။ ဦးမဲ ဘာဖြစ်ချင်လဲပြော"

"အိပ်ချင်ယောင်ဆောင်သူ အနှိုးရခက်တယ်ဆိုသလို ပြောပါနဲ့လား ချမ်းချမ်းရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးမဲရဲ့ မေတ္တာစေတနာကို ချမ်းချမ်း နားလည်ပါတယ် ဦးရယ်. . .

ဒီတော့ ဒီလိုလုပ်၊ လာမယ့် သောကြာနေ့ ည (၁၀) နာရီ ချမ်းချမ်းတို့ရဲ့အိမ်ကို ဦးမဲ လာခဲ့၊ အိမ်မှာ ဘယ်သူမှ မရှိဘူး။ တောင်ပြုံးပွဲ သွားကြတယ်။ ချမ်းချမ်းရဲ့ ဘဝနဲ့ခန္ဓာကို ဦးမဲကို အပ်နှံလိုက်မယ် ကျေနပ်လား"

"လိမ္မာလိုက်တာ အချစ်လေးရယ်"

မောင်မဲသည် တဏှာလောဘအဝဝတို့ဖြင့် ချမ်းချမ်းအား ဘယ်ပြန်ညာပြန် မွှေးမွှေးပေးလိုက်သည်။ ဝမ်းသာပီတိ ဌမ်းဆီထိ ဖြစ်သွားလေသည်။ ဒီနေ့ ဗုဒ္ဓဟူးနေ့၊ မနက်ဖြန် ကြာသပတေးနေ့။ ကြာသပတေးနေ့ကို ပယ်ဖျက်ပြီး မနက်ဖြန် သောကြာနေ့ပင် လုပ်ပစ်ချင်စိတ် ပေါ်ပေါက်သွားလေသည်။ တဏှာဝါသော ဗဟုကိစ္စော၊ သတ္တဝါတို့သည် တဏှာနယ်ပယ်တွင် နစ်မျောနေကြလေသည်။

သောကြာနေ့ ည (၁၀) နာရီတွင် ဖြစ်သည်။ မောင်မဲသည် ချမ်းချမ်းစားဖို့ ထမင်းကြော်၊ ကြက်ကြော်၊ ဆန်းကာစ်၊ စားဖွယ်ရာတစ်ပွေ့တစ်ပိုက်ဖြင့် ချမ်းချမ်းနေသည့် တိုက်ခန်းသို့ ရောက်ရှိလာလေသည်။ စစ်ချီလာသော ဗျူဟာမှူးကြီးကို ကြိုဆိုသည့်အလား ချမ်းချမ်းက ဝမ်းပန်းတသာ ကြိုဆိုလေသည်။ ချမ်းချမ်းက စားဖွယ်များကို စားသည်။ မောင်မဲက ဟိုက်ကော်မရှင်နာ လက်ကျန်လေးကို ကြက်ကြော်လေးဖြင့် ဆက်လိုက်သည်။



မေတ္တာပြိုင်ပွဲကြီး၊ အချစ်ပွဲကြီးကျင်းပခဲ့ကြသော မောင်မဲနှင့် ချမ်းချမ်းတို့မှာ အကြိတ်အနယ်ပွဲကြီးကို ကစားခဲ့ကြသော အာစင်နယ် ဘောလုံးသမားများကဲ့သို့ အားရပါးရ အိပ်စက်အနားယူနေကြလေသည်။

အချိန်ကား သက်ကြီးခေါင်းချ ကြက်တွန်သော အကာလညအခါ ဖြစ်သည်။ တံခါးကို အကြိမ်ကြိမ်ခေါက်သောကြောင့် တံခါးဖွင့်လိုက်ရာ မိခင်ကြီး ဒေါ်သိန်းသိန်း၊ ခဲအို စိုးမိုးထွန်း၊ အစ်မ ဌမ်းပုံ (ခ) ဌမ်းဌမ်းတို့ ရောက်ရှိလာကြသည်။ ပဲခူးမှာ ရေကြီးနေသဖြင့် ရထားမထွက်နိုင်၍ ပြန်လာခြင်း ဖြစ်သည်။

"ဟဲ့... သူက ဘယ်သူလဲ" ဟု မေးလိုက်ရာ–

မောင်မဲသည် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ စွပ်ကျယ်လက်ပြတ်၊ ချမ်းချမ်း၏ ထဘီကို ရုတ်တရုတ် လုံချည်ထင်၍ ဝတ်ပြီး အပြေးအလွှား အိပ်ခန်းမှ ထွက်ပြေးသွားလေသည်။

စိုးမိုးထွန်းနှင့် ဌမ်းပုံတို့က "သူခိုး... သူခိုး" ဟု အော်လိုက်ရာ မြေညီထပ်တွင် ညအိပ်စောင့်သော ကားလုံခြုံရေးများက မောင်မဲကို ဝိုင်းဖမ်းကြသည်။ ရယကဥက္ကဋ္ဌအိမ်မှတဆင့် ရဲအရေးပိုင်သော ပြဿနာဖြစ်သောကြောင့် ရဲစခန်းသို့ ခေါ်သွားသည်။

တာဝန်မှူး ဒုရဲအုပ်နှင့်အဖွဲ့က အခင်းဖြစ်အိပ်ခန်းသို့ သွားရောက်စစ်ဆေးသည်။ အခင်းဖြစ်အိမ်ခန်းတွင် မောင်မဲ၏ အတွင်းခံဘောင်းဘီ၊ ပုဆိုး၊ ဖိနပ်၊ ဟမ်းဖုန်း၊ အကျီတို့ သက်

www.burmeseclassic.com

www.burmeseclassic.com



သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းရမိသည်။ မိခင် ဒေါ်သိန်းသိန်း နှင့် ခဲအို စိုးမိုးထွန်းတို့က အမှုဖွင့်သည်။ ထို့ကြောင့် မောင်မဲ ခမျာ ပြစ်မှုပုဒ်မ ၄၅၆ ဖြင့် ဖမ်းဆီးချုပ်နှောင်ခံရလေသည်။

(၅)

နောက်နေ့နံနက်တွင် ရဲစခန်းသို့ မေစီသန်း၊ မောင်မဲ၏ အစ်ကို အစ်မများ ရောက်ရှိလာကြသည်။ စခန်းမှူးအား အာမခံ ပေးနိုင်ပါက လုံလောက်သော အာမခံဖြင့် အာမခံပေးပါရန် ပြောဆိုကြသည်။ ပြစ်မှုပုဒ်မ အနေအထားအရ ရဲက အာမခံ ပေးနိုင်သော ပုဒ်မ မဟုတ်၍ အာမခံပေးလို့ မရကြောင်း ပြော ဆိုရာ မေစီသန်းနှင့် အစ်မများ ချုံးပွဲချပြီး ငိုနေကြတော့သည်။

မောင်မဲ၏ ဦးလေးတော်စပ်သော ရဲအုပ်ကြီး ကျော်စိန် လင်းထံ အကူအညီတောင်းသည်။ ရဲစခန်းသို့ ရောက်ရှိလာပြီး အားပေးစကားပြောသည်။ မြို့နယ်မှူး၊ စခန်းမှူးတို့အား မိမိ၏ တူဖြစ်၍ အတတ်နိုင်ဆုံး ကူညီပါရန် အကူအညီတောင်းသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ ဘောင်အတွင်းက ကူ ညီလို့ ရတာတွေကို ကူညီပါမယ်။ စိတ်မပူပါနဲ့"

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး"

"တစ်ခုတော့ ရှိတယ်ဗျာ၊ နှလုံးသားကိစ္စတွေမှာ ငိုလို့ ရယ်လို့ရပေမယ့် ဥပဒေအရ ဆောင်ရွက်ရတဲ့ ကိစ္စတွေကြတော့ ငိုလို့ ရယ်လို့ မရနိုင်ပါဘူး။ ဒါကြောင့် ပြေလည်အောင် လုပ် ကြပါ"



မြို့နယ်မှူး စခန်းမှူးတို့က မေစီသန်းနှင့် မိသားစုတို့ အား ဥပဒေ၏ သဘောတရားများကို ရှင်းပြလိုက်လေသည်။

"ကဲ မေစီသန်း၊ တို့ ချမ်းချမ်းရဲ့ မိသားစုကို သွားတွေ့ ကြမယ်။ ဘာဖြစ်ချင်လဲ၊ ဘာလိုချင်လဲ သွားရောက်ဆွေးနွေး ကြမယ်"

ရဲအုပ်ကြီး ကျော်စိန်လင်း၊ မေစီသန်းတို့သည် ချမ်းချမ်း နေသည့် နေအိမ်သို့ သွားရောက်ဆွေးနွေးကြရန် သဘောဆန္ဒ မေးမြန်းကြရင်း သဘောဆန္ဒ မေးမြန်းရန် သွားရောက်ကြသည်။

မေစီသန်း၏ ပရာဒိုကား အိမ်ရှေ့သို့ ရပ်လိုက်သည်နှင့် ချမ်းချမ်း အိမ်ရှေ့သို့ ထွက်လာသည်။

"အစ်မက ဦးမဲရဲ့ ဇနီးပါ။ ဒါကတော့ ဦးမဲရဲ့ ဦးလေး ပါ။ ညီမတို့ မိသားစုနဲ့ ဆွေးနွေးချင်လို့ပါ"

"ကြွပါရှင်...ကြွပါ"

ချမ်းချမ်းသည် ဧည့်သည်များကို ဧည့်ခန်းသို့ ခေါ်သွား သည်။ မိခင်ကြီး ဒေါ်သိန်းသိန်း၊ အစ်မ ဂွမ်းပုံ၊ ခဲအို စိုးမိုးထွန်း တို့က အလျှိုအလျှို ထွက်လာကြသည်။

"ကျွန်မယောကျ်ားအတွက် ဘာမဆိုလိုက်လျောဖို့ အ သင့်ပါပဲ။ ကျွန်မယောကျ်ားကလည်း ကျွန်မကို သိပ် … တယ်။ လျှာနဲ့သွား ဒါ...အခိုက်မသင့်ရင် ကိုက်မိကြ… ကျွန်မတို့လင်မယား ဘယ်တော့မှ ရန်မဖြစ်ကြဘူး။ ခွင့်… ကြတယ်။ သည်းခံကြတယ်။ အိမ်ထောင်ရေးသာယာ…င် နေကြပါတယ်...

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်မဘက်က ဘာဆောင်ရွက်ပေးရမလဲ။ ဦးမဲကို အချုပ်ခန်းမှာ အချိန်အကြာကြီး မထားချင်ဘူး...

နံပါတ် (၁) ညီမနဲ့ ဦးမဲ လက်ထပ်ကြမယ်ဆိုရင်လည်း အစ်မ သဘောတူပါတယ်...

နံပါတ် (၂) ညီမ ရင်းနှီးလုပ်ကိုင်စားဖို့ ကူညီပံ့ပိုးပါဆိုရင်လည်း ဘယ်ရွေ့ဘယ်မျှ ကူညီရမလဲ ပြောပါ"

မစီသန်းသည် စတင်းဂန်း၊ ဘရင်းဂန်း စက်သေနတ်ပစ်သကဲ့သို့ သူ၏ ရင်တွင်းဖြစ် ခံစားချက်များကို တရစပ် ပြောချလိုက်လေသည်။

"အမေတို့ မိသားစုက ချမ်းချမ်းရဲ့ဝင်ငွေပေါ်မှာ ရပ်တည်နေရတာပါကွယ်။ နောက်ပြီး သမီးတို့အိမ်ထောင်ရေးကို မထိခိုက်စေလိုပါဘူး။ အိမ်ကြီးပေါ် အိမ်ကလေးဆောက်တယ်ဆိုတာကလည်း အစဉ်အလာမရှိတဲ့ ကိစ္စပါ"

ချမ်းချမ်းရဲ့ မိခင်ကြီး ဒေါ်သိန်းသိန်းက သဘောဆန္ဒတစ်စိတ်တစ်ဒေသကို ဖော်ထုတ်ပြောဆိုလိုက်လေသည်။

"အမေကလည်း အမေတို့သားအမိ ရင်းနှီးလုပ်ကိုင်စားလို့ရရင် တော်ပြီပေါ့။ အမေတို့ဆန္ဒကို ပြောပြလိုက်ပေါ့"

သမက် စိုးမိုးထွန်းကလည်း မိခင်ကြီးအား ရေလာမြောင်းပေး စကား ပြောလိုက်လေသည်။

"သမီးကလည်း ဘယ်လိုပေးချင်တယ်၊ ကမ်းချင်တယ်ဆိုတာ ပြောပါလားကွယ်"

"ဒါဆိုရင် ကျွန်မ ဆယ်သိန်းပေးမယ် ကျေနပ်လား"



"အစ်မရယ် ဒီခေတ်ကြီးမှာ ငွေဆယ်သိန်းနဲ့ ဘာမှ ရင်းနှီးစားလို့ မရပါဘူး။ သိန်း (၂၀) လောက်တော့ ပေးလိုက်ပါလား အစ်မရယ်"

သမက်စိုးမိုးထွန်းက ဓာတ်တိုက်ထားသည့်အလား အတိုင်အဖောက် ပြောလိုက်ကြသည်။

"ကောင်းပြီလေ ကျွန်မ ပေးပါ့မယ်"

"ချမ်းချမ်းရဲ့သဘော သိချင်တယ်၊ ခေါ်လိုက်ပါ"

ချမ်းချမ်းသည် တော်သလင်းနေ၏ အပူဒဏ်ခံထားရသည့် အညိုးပန်းလေးကဲ့သို့ ညှိုးငယ်သော မျက်နှာဖြင့် ဧည့်ခန်းသို့ ဝင်လာသည်။

"ချမ်းချမ်း...အစ်မတို့ အိမ်ထောင်ရေးကိုလည်း မနှောင့်ယှက်ပါဘူး။ ငွေလည်း မလိုချင်ပါဘူးအစ်မ"

ချမ်းချမ်းသည် မျက်ရည်စက်လက်ဖြင့် သူ ကနေရသည့် ဓာတ်ကွက်ကို ကပြနေရလေသည်။

"ဟဲ့...ကောင်မလေး၊ နင် တစ်သက်လုံး ဒီအလုပ် လုပ်စားလို့ ရမလား။ နင့်ဘဝအတွက် သူတို့လင်မယားက ကူညီတာ။ လူကြီးတွေ စီစဉ်နေတဲ့ကိစ္စကို မနှောင့်ယှက်နဲ့"

"ကဲ... ဒါဆိုရင် ကျွန်မတို့ရဲ့ မိတ်ဆွေ ရှေ့နေကြီး ဦးနက်ပြောင်ရဲ့ ရုံးခန်းသွားကြမယ်။ စာချုပ်စာတမ်းတွေ လုပ်ကြမယ်။ အမှုရုပ်သိမ်းစာကိုလည်း ချမ်းချမ်းကိုယ်တိုင် ရဲစခန်းမှာ တင်ပေးရမယ်။ လာ သွားကြမယ်။ ကျွန်မကားနဲ့ တစ်ခါတည်း လိုက်ခဲ့ကြ"

www.burmeseclassic.com

www.burmeseclassic.com



စာချုပ်စာတမ်းများ ပြုလုပ်ခြင်း၊ ငွေပေးအပ်ခြင်း၊ အမွေ ရုပ်သိမ်းစာကို ရဲစခန်းသို့ တင်ပေးခြင်းများကို ရှေ့နေကြီး ဦးနက်ပြောင်က စီစဉ်ဆောင်ရွက်ပေးသည်။ နှလုံးသားရေးရာ မှာ နှစ်ဦးနှစ်ဖက် ပြေလည်မှုရသောကြောင့် ရဲစခန်းမှ မောင်မဲ အား လွှတ်ပေးလိုက်သည်။

စခန်းမှူးကြီးအား မောင်မဲနှင့် မေစီသန်းတို့က ကျေးဇူး တင်စကား ပြောကြားသည်။ စခန်းမှူးကြီးကလည်း ...

"ပြဿနာဆိုတာ လူတွေက လုပ်ကြတာပါ။ ဥပဒေ ဆိုတာကတော့ လူတွေလုပ်တဲ့ ပြဿနာကို တားမြစ်တယ်၊ ဖြေရှင်းပေးတယ်။ လူတွေအတွက် ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ ဒါကြောင့် လူပြည်မှာ အမှုမပေါ်တာ အကောင်းဆုံးပါပဲဗျာ"

**လူ့ပြည်မှာ အမှု မပေါ်ကြပါနဲ့။**

❒



www.burmeseclassic.com

www.burmeseclassic.com

# မချွေရအချစ်

(၁)

"ဒါလင်၊ ဒီနေ့ ပူတူတူးလေး၊ အသည်းကျော်လေးတွေဆီ မသွားတော့ဘူးလား"

မင်္ဂလာအချိန် မရောက်သေးဘူးလေကွာ။ ကျမ်းဂန်ပါဠိ လာရှိတာက အမျိုးသမီးတွေမှာ နံနက် မချွေ၊ ညနေ ဣသာ၊ ညဉ့်မှာ ရာဂတဲ့။ ဒါကြောင့် (၈) နာရီမှ သွားမယ် ဒါလင်ရယ်"

တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုများကို ကုစားဖြေဖျောက်သည့်အနေဖြင့် စနေနေ့တိုင်း KTV သို့ သွားလေ့ရှိသော ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်ဇောအား ချစ်ဇနီးဖြစ်သူ ဒေါ်မင်းမင်းထွန်းက ခနဲ့ခနဲ့ မေးလိုက်သည်။ ပွင့်လင်းရိုးသားသော လင်တော်မောင်ကလည်း ကျမ်းအကိုးအကားဖြင့် ဖြေဆိုလိုက်သည်။ လင်မယားနှစ်ယောက် အတိုင်အဖောက် ပြောဆိုနေကြပုံကို စိတ်ဝင်စားစွာ နားထောင်နေသူကတော့ နတ်မောက်မြို့မှ ထန်းလျက်ပွဲစားကြီး ဦးအောင်ကြာညွန့် ဖြစ်သည်။ ဦးအောင်ကျော်ဇော၏



အစ်ကိုကြီးဖြစ်သူက အစ်ကိုကြီးအဖအရာဖြင့် ဝင်ရောက်စွက်ဖက်လိုက်သည်။

"မင်းတို့ဟာတွေက ရှင်းကိုမရှင်းဘူး။ ငါ သဘောပေါက်မိသလို ပြောရမယ်ဆိုရင်တော့ အောင်ကျော်ဇောက မိန်းကလေးတွေ သီချင်းဆိုပြီး ပျော်တော်ဆက်တဲ့ KTV ကို သွားမယ့်ကိစ္စကို ပြောတယ်။ မင်းမင်းထွန်းက ကန့်ကွက်ရန်မရှိ ခွင့်ပြုသဘောတူတယ်ဆိုတဲ့ သဘောလို့ ငါထင်တယ်..."

"တကယ်ဆိုတော့ 'ဈေးသည်အစ ဇာတ်သမအလယ်' ဆိုတဲ့ စကားပုံအရ မင်းမင်းထွန်းက တားရမယ်၊ ပိတ်ပင်ရမယ်၊ ခုတော့ မင်းတို့ဟာတွေက ဘာမှန်းကိုမသိဘူး။ ရှင်းကို မရှင်းပါဘူး..."

"နောက်ပြီး မင်းမင်းထွန်းကလည်း ကျူရှင်သွားမယ်၊ ဂဏန်းပေါင်းမယ် ဒါလင်ရေဆိုပြီး ဖဲသွားရိုက်တယ်၊ မင်းက သူ့သဘော၊ ဒါလင့်သဘော၊ ဘီယာဖိုးရပါစေဆိုပြီး ကြည်ကြည်ဖြူဖြူ မောင့်သည်းအူ လုပ်နေကြတယ်။ တကယ်ဆိုတော့ မင်းက တားရမယ်၊ ပိတ်ပင်ရမယ်၊ ခုတော့ မင်းတို့ဟာတွေက ဘာမှန်းကို မသိဘူး၊ ရှင်းကို မရှင်းဘူး"

ဧည့်သည် ကန်ရေသောက်၊ မြက်ခြောက်စား၊ အညာသားထန်းလျက်ပွဲစားကြီး ဦးအောင်ကြာညွန့်အား ညီတော်မောင်ဖြစ်သော ပွဲရုံပိုင်ရှင် စိန်ဘရားသားကုမ္ပဏီပိုင်ရှင် အောင်ကျော်ဇောက ဖြေရှင်းချက်၊ ရှင်းလင်းချက်ပေးပြီး ခေတ်ရေစီးကြောင်းကို ရှင်းပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိဘယ် အစ်ကို။ ခေတ်တွေ၊ စနစ်တွေက အတော်ပြောင်းလဲကုန်ပြီ။ ကောသလမင်းအိပ်မက် တစ်ဆယ့်ခြောက်ချက်ထဲကလို ဖြစ်မှန်းမသိ ဖြစ်လာနေကြတယ်...။

တရားသဘောနဲ့ ကြည့်ရင်လည်း ဒါတွေဟာ ဖြစ်ပျက်တွေပါ အစ်ကိုကြီးရာ၊ သဘောပေါက်ဖို့ သဘောတရားပါဖို့က အဓိကပါ။ အရေးကြီးတာက စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေးတွေ မထိခိုက်ဖို့ ဒါန၊ သီလ၊ ဘာဝနာမမေ့ဖို့တွေက အရေးကြီးပါတယ်။ ကျွန်တော်တို့ လင်မယားကတော့ ခွင့်လွှတ်၊ သည်းခံ၊ နားလည်ပြီးသားပါ။ မစိုးရိမ်ပါနဲ့ အစ်ကိုကြီး"

ညီတော်မောင်၏ ခေတ်ရေစီးကြောင်း အလှည့်အပြောင်း ရှင်းလင်းတင်ပြချက်များကို နားသောတဆင်နေသည့် အစ်ကိုကြီး ဦးအောင်ကြာညွှန့်မှာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်နေလေသည်။

"မင်းပြောတာ ဟုတ်တယ်ကွ၊ ငါတို့ နတ်မောက်မြို့မှာရော၊ ဝက်ချုပ်ရွာကြီးမှာရော ကလေးတွေ သီချင်းဆိုနေကြတာ သံချပ်ထိုးသလိုပဲ။ အဲဒါ ဟစ်ဟော့သီချင်းတဲ့ကွာ။ ဂီတလည်း မပါ။ တံတျာလည်း မပါ။ ဘာတွေမှန်း မသိဘူး။ ရှင်းကို မရှင်းပါဘူးကွာ"

ဦးအောင်ကြာညွှန့်သည် ခေတ်ကာလရွေ့လျားမှုအရ ဖြစ်ပေါ်ပြောင်းလဲလာသော ခေတ်ကာလ၏ အလှည့်အပြောင်းများကို နားလည်သဘောပေါက်ဟန် တူပေသည်။



(၂)

"လာပါတော့ အခါခါမော့ မာလာကျော့ မျှော်တဲ့ (၈) နာရီ ထိုးပြီ x x x ထိုးပြီ x x x မောင်နေ့စဉ်နေ့တိုင်း ပြန်လာမယ့် x x x လမ်းဆီ တမ်းတလို့ အခါခါတွေး မျှော်ကာ ဒေးမိ သည် x x x မောင်ရောက်ချိန်နီးပါပြီ x x x မောင်ရောက်ချိန်နီးပါပြီ"

"ဟေး... တွယ်တာ၊ အူမနေနဲ့ အော်မနေနဲ့၊ ဟိုမှာနင့် လူကြီးရဲ့ ပရာဒိုကားမဟုတ်လား"

"မှန်းစမ်း၊ ငါကိုယ်တော်မြတ် ရှုစားတော်မူမယ်"

"ဟုတ်သပါ့၊ မှန်သပါ့ အမြန် ကြွမြန်းကြိုဆိုတော်မူမယ် ရုံရှေ့တော်တို့"

တွယ်တာဦးသည် မျှော်တုန်းမျှော်ဆဲ ကျွန်တော်လည်း ရောက်လာဆိုသကဲ့သို့ ရောက်ရှိလာသော ကိုအောင်ကျော်ဇောကို ခရီးဦးကြိုပြုလိုက်သည်။ ရွှေလက်တွဲလျက် ထိုင်နေကျ၊ ဆိုနေကျ အခန်းနံပါတ် (၈) အဲယားကွန်းအခန်းဆီသို့ ခေါ်ဆောင်သွားလေသည်။

"အန်ကယ် ဒီနေ့ ဘာသီချင်းဆိုမလဲ"

"တူနှစ်ကိုယ်သီချင်းကို ဆိုကြရအောင် တွယ်တာ"

တွယ်တာဦးသည် စက်ဆရာ ဇော်ကြီး၏ အကူအညီဖြင့် တူနှစ်ကိုယ်သီချင်းကို မင်မိုရီကတ်တွင် ရှာဖွေလိုက်သည်။ ဇော်ကြီးမှာလည်း ဦးအောင်ကျော်ဇော၏ ပါရမီဖြည့်ဖက်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ ရွှေဘုံပေါ်မှာ စံရ (ချစ်တာ ချစ်တာ ပဓာနမို့ ဆိုချင်တယ်မောင်ရယ်)၊ x x x ခုလည်း ချစ်ရမယ်၊ နောင်လည်း ချစ်ပါရစေမောင်ရယ်၊ နောင်တိုးလို့ ကြင်ဖို့ ချစ်ပါရစေမောင်ရယ်"

အောင်ကျော်ဇောနှင့် တွယ်တာဦးတို့ နှလုံးသားမေတ္တာရစ်ပတ်ကာဖြင့် အချစ်ပြိုင်ပွဲကြီး ကျင်းပသီဆိုနေကြသော သီချင်းမှာ နှလုံးသားခံစားချက်ရှိသူများ အသည်းလှိုက် အူလှိုက် နှစ်ခြိုက်စရာများ ဖြစ်ပေသည်။

အောင်ကျော်ဇောသည် ထိုင်နေကျ၊ တွယ်တာဦး မအားလပ်သောကြောင့် လာရောက်မထိုင်နိုင်သည့်အချိန်တွင် သံယောဇဉ်နှင့်လည်း အတူထိုင်သည်။ တွယ်တာဦး၏ ချစ်ခင်တွယ်တာခြင်းက တစ်မျိုး၊ သံယောဇဉ်၏ ခင်မင်စရာ မြတ်နိုးစရာကောင်းပုံက တစ်သွယ် ဖြစ်နေတာကြောင့် ငါးရံ့နှစ်ကောင် ဖမ်းထားသူဟုလည်း ဆိုနိုင်သူ ပုဂ္ဂိုလ် ဖြစ်လေသည်။ ဤတွင်လားဆိုတော့ မကသေးပါ။ တွယ်တာလည်း မအားလပ်၊ သံယောဇဉ်လည်း မအားလပ်သောအခါတွင် ခင်နှင်းဆီနှင့်လည်း ထိုင်ရပြန်လေသည်။ နှင်းဆီမှာ အသားဖြူပြီး ကိုယ်ခန္ဓာအချိုးအဆစ်ကျသူဖြစ်သောကြောင့် ခံ့မင်တပ်မက်စရာကောင်းသော မိန်းကလေးတစ်ဦးဖြစ်သည်။ သူမသည် မြန်မာသံစဉ်များ အတော်ပိုင်နိုင်သော သီချင်းသည်မလေး ဖြစ်သည်။

အောင်ကျော်ဇောသည် စားဝတ်နေရေး ဘဝရပ်တည်မှုအတွက် ဘဝဇာတ်ဆရာ၊ ဘဝဓမ္မတရားအရ မိမိနှင့် အပ်



စပ်သော သီချင်းသည်မလေးများ၏ ဘဝကို နားလည်သူ ဖြစ်သည်။ ကူညီတတ်သည်။ စာနာတတ်သည်။ သူတို့ သူတို့လေး၏ အခက်အခဲများကို ထောက်ပံ့ကူညီလေ့ရှိသည်။

သို့ကြောင့်လည်း ဇာတ်မင်းသားကြီး ဂရိတ် ဦးဘိုးစိန်၏ နှစ်ပါးခွင် ဇာတ်သီချင်းထဲကလို တွယ်တာဦးကိုလည်း ငါ ယူမယ်၊ နှင်းဆီလေးကိုလည်း ငါယူမယ်၊ အဲဟယ်...အဲဟယ် ဖြစ်နေလေသည်။

ဇာတ်အဖွဲ့မှ တွဲမင်းသမီးများက ဇာတ်မင်းသား ဇာတ်ဆရာကို ကြေးတန်းတိုက်သကဲ့သို့ အညုအစရာပြုရှာသည်မှာလည်း သူ့ထက်ငါ။

"အန်ကယ်က တွယ်တာဦးကိုသာ ချစ်တာပါ၊ သံဇဉ်ကို မချစ်ပါဘူး"

"အန်ကယ်က သံဇဉ်ကိုသာ ချစ်တာပါ၊ တွယ်တာကို မချစ်ပါဘူး"

"အန်ကယ်က သံဇဉ်တို့ တွယ်တာတို့ကိုသာ ချစ်တာပါ နှင်းဆီကို မချစ်ပါဘူး"

အောင်ကျော်ဇောသည် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ကဲ့သို့ သီချင်းသည်မလေးများ၊ အချစ်လေးများ၊ ပူတူတူးလေးများကို တရားပြရပြန်လေသည်။

"မင်းတို့ကိုလည်း အပြစ်မတင်... မောင်တင်။ ကိုယ့်ကိုယ်ကိုပင် မသနားရှာလေသလား၊ သံသရာကဗျာလွတ် ကလို့ချင်"

www.burmeseclassic.com

www.burmeseclassic.com



(၃)

မှန်ပါသည်၊ အောင်ကျော်ဇောတစ်ယောက် ကာမဂုဏ် အာရုံငါးပါးနှင့် ထိတွေ့ပြီး သီချင်းသည်မလေး၏ အဆင်း၊ အနံ့၊ အထိအတွေ့တို့ကို တပ်မက်စွဲလမ်းနေပေပြီ။ ဆားနှင့် ချဉ်သီး တွေ့လျှင် အရည်ပျော်သွားသကဲ့သို့ ဖောက်ပြန်နေပေပြီ။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ၊ သောက၊ ပရိဒေဝတရားများ မေ့ပျောက်နေပေပြီ။ ဝိပရိနတေန ဖောက်ပြန်ပျက်စီးတတ်သော တရားသဘောများကို မေ့လျော့နေလေသည်။

ပို၍ သတိလက်လွတ်ဖြစ်နေရသည်ကား သားကောင် အပေါင်းတို့၏ အသွေးအသားကို ဖောက်ထုတ်စားသုံးတတ်ပြီး ရက်စက်ကြမ်းကြုတ်ခက်ထန်သော ခြသေ့်တို့တွင် ခြေလက် လေးဖက်၊ ပါးစပ်နှုတ်သီးဟူသော လက်နက်ငါးမျိုး ရှိသကဲ့သို့ပင်။ ထို့အတူပင်လျှင် မိန်းမတို့တွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ဖော္တဗ္ဗာရုံ လက်နက်ငါးမျိုး ရှိသည် ဟူသော အချက်များကို မေ့လျော့နေခြင်းပင် ဖြစ်သည်။

"အန်ကယ်၊ တွယ်တာဟာ အန်ကယ့်ရဲ့ အချစ်ဦးပါ။ နောက်မှ သံဇဉ်က ဖြတ်ခုတ်သွားတာ အန်ကယ် သိပါတယ်"

"အန်ကယ်ရယ်၊ သံဇဉ်ဟာ အန်ကယ့်အတွက် အပြုစု အယုယ အကြင်နာပိုခဲ့ရသူပါ၊ အန်ကယ် အသိဆုံးပါ"

"အန်ကယ်၊ နှင်းဆီက သဒ္ဒါချစ်၊ စေတနာချစ်၊ မေတ္တာ



အစစ်အမှန်နဲ့ ချစ်ရတဲ့သူပါ။ တွယ်တာတို့၊ သံဇဉ်တို့လို အသပြာချစ် မဟုတ်ပါဘူး"

မချောသုံးယောက် ကိုယ်တစ်ယောက်၏ သုံးပင်လိမ် အချစ်ဇာတ်လမ်းတွင် တွယ်တာ၊ သံဇဉ်၊ နှင်းဆီတို့ လင်လုပွဲကို ရင်ထဲနှလုံးထဲမှ ကျိတ်ပြီး ဆင်နွှဲနေကြသည်ကို အောင်ကျော်ဇော သိနေပြီ။ တစ်ဦးနှင့်တစ်ဦး မနာလိုဝန်တိုမိစ္ဆာ ဖြစ်နေကြသည်။ နှလုံးသားဖိုက်တင်ပွဲများ ဖြစ်နေကြသည်ကို ရိပ်မိနေသည်။

"ဒါလင်၊ တွယ်တာဦးဆိုတဲ့ မိန်းကလေးက အချစ်ဆီ ဖုန်းဆက်တယ်။ ဒါလင်ဟာ သံဇဉ်ဆိုတဲ့ သီချင်းသည်မလေးနဲ့ ငြိတွယ်နေတယ်။ အဲဒီကောင်မက ပိုင်းလုံးတဲ့။ သူတစ်ပါး အိမ်ထောင်ရေးကိုလည်း ပျက်ပြားအောင် လုပ်တတ်တယ်တဲ့။ အချစ်တို့ရဲ့ အိမ်ထောင်ရေး၊ စီးပွားရေး ထိခိုက်မှာစိုးလို့ သတိပေးတာပါ။ ဒါလင့်ကိုလည်း ထိန်းဦးဆိုတာပေါ့ ဒါလင်ရယ်"

"အဲဒီတော့ ဖုန်းနားထောင်ပြီး အချစ်ရဲ့ နှလုံးသားမှာ တုန်ခါမှု၊ ပူလောင်မှုတွေ ခံစားရသလား၊ ဖြစ်ပေါ်နေသလား"

"မဖြစ်ပါဘူး...မခံစားရပါဘူး ဒါလင်ရယ်...ဒါမျိုးတွေ ရိုးနေပါပြီ"

အောင်ကျော်ဇောနှင့် ချစ်ဇနီးမင်းမင်းထွန်းတို့သည် မဆွေရ အချစ်ဖြစ်ပွားခံစားနေရသူ တွယ်တာဦးထံမှ ဖုန်းဆက်သည့် အကြောင်းအရာများကို ပွင့်လင်းစွာ ဆွေးနွေး နှီးနှောဖလှယ် နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလင် ကလင် ကလင်..."

"ဟဲလို ကျွန်မ မင်းမင်းထွန်းပါ။ ဘုရင့်နောင်ပွဲရုံကပါ"

"ဩော် အန်တီ၊ သမီးက သံယောဇဉ်ပါ။ သံဇဉ်လို့ ခေါ်ကြပါတယ်။ သမီးက အန်တီရဲ့ ခင်ပွန်း ဦးအောင်ကျော် ဇောနဲ့ ခင်မင်ရင်းနှီးသူ ဖြစ်ပါတယ်။ အန်ကယ်လေ ခုတလော ပိုက်ဆံတွေ အများကြီးသုံးနေတယ်။ သမီးတို့ KTV က တွယ်တာ၊ နှင်းဆီဆိုတဲ့ ကောင်မတွေနဲ့ အတော်ရှုပ်နေတယ်။ ငွေဆိုရင်လည်း သိန်းနဲ့ချီပြီး ပေးလားကမ်းလား လုပ်နေတယ်။ ဒီကောင်မလေးတွေက လင်များတယ်၊ ပိုင်းလုံးတွေ။ ဒါကြောင့် အန်ကယ့်ကို ကြည့်ထိန်းဖို့ ဘတ်ငွေများများ မသုံးဖို့ သတိပေး ထားပါ အန်တီ"

"ကျေးဇူးတင်ပါတယ် သမီး"

ဒေါ်မင်းမင်းထွန်းသည် KTV မှ သီချင်းသည်မလေးများ၏ တစ်ဦးအပေါ်တစ်ဦး မနာလို၊ မရှုဆိတ်၊ ဝန်တိုမိစ္ဆာများပြီး အတို့အထောင် အချွန်အတက် ပြုလုပ်ဖုန်းဆက်မှုများ များလာတော့လည်း စိတ်မဝင်စားတော့ပါ။ အာလာပသလ္လာပ သဘောဖြင့် ခင်ပွန်းသည် အောင်ကျော်ဇောအား ပြောမိသည်လည်း ရှိ၏။ မပြောမိသည်လည်း ရှိ၏။ သူမကတော့ တွံတေး သိန်းတန်၏ သီချင်းထဲကလို ပျင်းတောင်ပျင်းသေးတယ် ဖြစ်နေပါချေပြီ။



(၄)

အချိန်ကား ည ၁၂ နာရီခန့်။

နေရာကား ပိတောက်ချောင်းရဲစခန်းအနီး ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ဖြစ်သည်။

ယာဉ်ကြောလမ်းမကြီးပေါ်တွင် ပရာဒိုကားတစ်စီး ရပ်နေသည်။ စက်သံလည်း ကြားနေရသည်။ အမြန်လမ်းမကြီး၏ ယာဉ်ကြောပေါ်တွင် ကားရပ်နေသောကြောင့် လုံခြုံရေးကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များက မသင်္ကာဖြစ်မိသည်။ အခြားသော ယာဉ်များကိုလည်း အနှောင့်အယှက် ဖြစ်နေသည်။ ထို့ကြောင့် ရဲမျက်လုံးဖြင့် စစ်ဆေးကြည့်ရှုကြသည်။ ကားမောင်းလာသူ အောင်ကျော်ဇောမှာ ကားကို ဆက်မမောင်းနိုင်တော့။ စီရာတိုင်ပေါ်တွင် ခေါင်းတင်ပြီး မေ့နေသည်။ ပါးစပ်မှလည်း ပန်းရောင်အမြှုပ်များ ထွက်နေသည်။

ရဲအုပ်ကျော်စိန်လင်းနှင့် ညလုံခြုံရေးကင်းအဖွဲ့သည် ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားသည်။ စခန်းမှူး၏ လမ်းညွှန်မှု ခံယူသည်။ ညွှန်ကြားချက်အရ အောင်ကျော်ဇော၏ ကားဖြင့် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ တင်ပို့သည်။ ညတာဝန်ကျ ဆရာဝန်များက စစ်ဆေးသည်။ ဆေးစစ်တွေ့ရှိချက်အရ မသမာသူ အကြံသမားတို့က ရာဇဝတ်မှု ကျူးလွန်ရန်အတွက် -----ခေါ်သော ဆေးအား လူ့ဘဝကြီးကို (၄၅) မိနစ်၊ တစ်နာရီခန့် မေ့ပျောက်သွားစေအောင် ဆေးတိုက်ခံရသော ကြောင့် သတိမေ့နေခြင်း ဖြစ်ကြောင်း၊ ဖြေဆေးထိုးပေးလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



က မိနစ် (၃၀) ခန့်အတွင်း ပြန်လည်သတိရလာမှာ ဖြစ်ကြောင်း ရဲအရာရှိတို့ သိရှိရလေသည်။ ဦးအောင်ကျော်ဇော၏ ဇနီး ဒေါ်မင်းမင်းထွန်းတို့ကို အကြောင်းကြားသည်။

ဒေါ်မင်းမင်းထွန်း ရောက်လာချိန်တွင်မူကား အောင်ကျော်ဇော သတိရနေပြီဖြစ်သည်။ အိမ်တိုင်ရာရောက် ပို့ပေးလိုက်ကြလေသည်။

နောက်တစ်နေ့တွင် ဖြစ်သည်။

"ဦးအောင်ကျော်ဇော နေကောင်းတယ်နော်"

"ကောင်းပါတယ် ဆရာ၊ ဆရာတို့ကို ကျေးဇူးတင် ဂုဏ်ပြုကဲ့အနေနဲ့ ဒင်နာတစ်ခု လုပ်ပါရစေဆရာ"

"အေးအေးဆေးဆေးပေါ့ ဦးအောင်ကျော်ဇော... အရေးကြီးတာက တရားခံဖော်ထုတ်ဖို့ ကျွန်တော့်ကို လူကြီးတွေက တာဝန်ပေးထားတယ်။ ဒါကြောင့် အေးအေးဆေးဆေး စကားပြောကြရအောင်ဗျာ"

"ရပါတယ် ဆရာ၊ ကျွန်တော့်ကုမ္ပဏီရုံးခန်းကို သွားကြမယ်"

ဦးအောင်ကျော်ဇောသည် အမှုကိုင် ရဲအရာရှိ ရဲအုပ်ကျော်စိန်လင်းက ပြစ်မှုဖော်ထုတ်နိုင်ရေးအတွက် ထွက်ဆိုချက်များ၊ အကြောင်းအခြင်းအရာများ၊ အချက်အလက်များကို စစ်ဆေးမေးမြန်းသဖြင့် ထွက်ဆိုပေးရလေသည်။

"ဦးအောင်ကျော်ဇော အဲဒီ KTV မှာ ခင်မင်ရင်းနှီးသူ၊ အပေါင်းအသင်းများသူ ဘယ်နှစ်ယောက်ရှိပါသလဲခင်ဗျား"



"ဟုတ်ကဲ့ဆရာ၊ လေးဦးရှိပါတယ်။ သူတို့ကတော့ တွယ်တာဦး၊ သံယောဇဉ်၊ ခင်နှင်းဆီ၊ ဇော်ကြီးတို့ ဖြစ်ပါတယ် ဆရာ"

"ဇော်ကြီးက အဲဒီမှာ ဘာတာဝန်လဲ၊ ဘာလုပ်ပါသလဲ ခင်ဗျား"

"ဟုတ်ကဲ့ ဆရာ၊ သူက ဆောင်းအင်ဂျင်နီယာ၊ အသံပိုင်းဆိုင်ရာ စက်ဆရာပါ ဆရာ"

"သူတို့တစ်တွေနဲ့ ရင်းနှီးတာ ကြာပြီလား"

"နှစ်နှစ်လောက် ရှိပါပြီဆရာ"

"အဲဒီနေ့က ဦးအောင်ကျော်ဇောမှာ ငွေဘယ်လောက် ပါလာပါသလဲ"

"ကျွန်တော့်ပိုက်ဆံအိတ်ထဲမှာ ငါးသောင်းလောက် ပါပါတယ်။ ကားထဲမှာတော့ သိန်း (၅၀) ပါလာပါတယ်ဆရာ"

"ကားထဲမှာ ငွေ သိန်း (၅၀) ပါတာကို ဘယ်သူသိသလဲ"

"ဇော်ကြီး သိပါတယ်ဆရာ။ ငွေမလောက်လို့ ကျွန်တော့်ကားထဲက ဆာလာအိတ်နဲ့ ထည့်ထားတဲ့ ငွေအိတ်ထဲက ငွေ (၂) သိန်းယူပေးဖို့ ကားသော့ပေးလိုက်ပြီး ဇော်ကြီးကို ယူခိုင်းပါတယ်ဆရာ။ ဒါကြောင့် သိတာပါဆရာ"

(၅)

ရဲအုပ် ကျော်စိန်လင်းသည် ရဲလုပ်ငန်း ရှုထောင့်၊ ရဲလုပ်ငန်း မြင်ကွင်းဖြင့် မိမိရရ ဖော်ထုတ်နိုင်ရန် ဆားပုလင်းနှင်း

www.burmeseclassic.com

www.burmeseclassic.com



မောင် လုပ်လေသည်။ တွယ်တာဦး၊ သံယောဇဉ်၊ ခင်နှင်းဆီ၊ ဇော်ကြီးတို့၏ လှုပ်ရှားမှု၊ ထူးခြားဖြစ်စဉ်ကို စောင့်ကြည့်စုံစမ်းသည်။

နောက်တစ်နေ့တွင် ဇော်ကြီး ခွင့်ယူကြောင်း သိရသည်။ သူ့အဘွား ဆုံးသောကြောင့် (၁၀) ရက် ခွင့်ပေးလိုက်ကြောင်း သိရသည်။ တွယ်တာဦး၊ သံယောဇဉ်၊ ခင်နှင်းဆီတို့မှာ ထူးခြားသော လှုပ်ရှားမှု မတွေ့ရပေ။ ဇော်ကြီးသည် သူ့ရပ်ရွာ မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာသို့ ပြန်သွားကြောင်း သိရပေသည်။

ရဲအုပ် ကျော်စိန်လင်းသည် နတ်မောက်မြို့ ရဲတပ်ဖွဲ့ထံသို့ ဆက်သွယ်ကာ ပေါင်းစပ်ညှိနှိုင်းသည်။ စခန်းမှူး၏ တာဝန်ပေးချက်အရ နတ်မောက်မြို့နယ်ရဲစခန်းမှ ဒုရဲအုပ် သောင်းရင်သည် ဝက်ချုပ်ရွာသို့ သွယ်ဝိုက်သော နည်းလမ်းဖြင့် ကွင်းဆင်းထောက်လှမ်းသည်။

ဇော်ကြီးသည် လွန်ခဲ့သော တစ်လခန့်က ရွာသို့ တစ်ခေါက် ပြန်လာသည်။ ပုံမှန်ရောက်လာပြီး (၇) ရက်နေပြီး ပုံမှန်အနေအထားဖြင့် ရန်ကုန်သို့ ပြန်သွားခဲ့သည်။ ယခုတစ်ခေါက်လာရာတွင် (၅) သိန်းတန် ဆိုင်ကယ်အသစ်၊ နှစ်ကျပ်သားကျော်ရှိ ရွှေဆွဲကြိုး၊ အုတ်ပုံလက်စွပ်တစ်ကျပ်သားခန့်၊ အဝတ်အစားများမှာလည်း ရုပ်ရှင်ဗီဒီယိုမင်းသားများကဲ့သို့ သစ်လွင်တောက်ပနေသော သွင်ပြင်လက္ခဏာများကို တွေ့ရှိရကြောင်း၊ ရွာက ကထိန်တွင်လည်း ဆိုင်းမဆင့် ဗုံမဆင့်ဖြင့်



ဆွမ်း၊ ကွမ်း၊ အချို၊ လှူဖွယ်များအတွက် ငွေ (၅) သိန်း အလှူထည့်ဝင်ကြောင်း သိရှိရလေသည်။ ရွာမှ သူ့အဘွား၊ အဘိုးတို့ မရှိတော့ပါ။ လွန်ခဲ့သော (၃) နှစ်ကျော်က ကွန်လွန်သွားကြောင်း စုံစမ်းရရှိလေသည်။

ရဲအုပ် ကျော်စိန်လင်းသည် ချက်ချင်းပင် နတ်မောက်မြို့ရဲစခန်းသို့ ရောက်ရှိလာပြီး နတ်မောက်မြို့ရဲစခန်း၏ အကူအညီဖြင့် ဇော်ကြီးကို ဖမ်းဆီးလိုက်သည်။ နတ်မောက်ရဲစခန်းမှာပင် စစ်ကြောရေးလုပ်သည်။

"ကဲ ဇော်ကြီး၊ မင်းငြင်းမလား၊ အမှန်အတိုင်း ပြောမလား။ ရဲစိတ်ညစ်အောင်တော့ မလုပ်နဲ့ပေါ့ကွာ။ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းတာပေါ့"

"ကျွန်တော် အမှန်အတိုင်း ပြောပါမယ်ဆရာ"

"ကောင်းတာပေါ့ကွာ၊ မင်း ငြင်းဆန်မယ်၊ လိမ်ပြောမယ်ဆိုရင်လည်း အထောက်အထားကွင်းဆက်တွေက ပေါ်နေပြီ"

ကဲ...ကဲ ဒါဆိုရင် ဦးအောင်ကျော်ဓောကားထဲက မင်းယူသွားတဲ့ ငွေသိန်း (၅၀) ထဲက ဘာတွေဝယ်လိုက်သလဲ၊ ဘယ်လောက်ကျန်သေးသလဲ"

ဟုတ်...ဟုတ်ကဲ့ပါဆရာ။ ငွေ (၅) သိန်းနဲ့ ဆိုင်ကယ်ဝယ်ပါတယ်ဆရာ။ ဆွဲကြိုး (၂) ကျပ်သားက (၁၂) သိန်းပေးရပါတယ်ဆရာ။ အုတ်ပုံလက်စွပ်က (၆) သိန်းပေးရပါတယ်ဆရာ။ အဝတ်အစားတွေက (၃) သိန်းလောက် ဝယ်ပါတယ်ဆရာ။ အမေ့ကို (၁၀) သိန်း ပေးပါတယ်ဆရာ။ ကထိန်အလှူ

www.burmeseclassic.com

www.burmeseclassic.com



က (၅) သိန်းပါဆရာ။ ကျွန်တော့်ရည်းစား မတင်ရီကို (၃) သိန်း ပေးပါတယ်ဆရာ။ ကျွန်တော့်မှာ လက်ကျန် (၅) သိန်း လောက် ရှိပါတယ်ဆရာ။

"အေး ဟုတ်ပြီ၊ ရာဇဝတ်ဘေး ပြေးမလွတ်တဲ့၊ အခုလို အမှန်ကို အမှန်အတိုင်းပြောတော့ ချုပ်ရက်တာမရှည်ဘူးကွာ"

"ကဲ ဒါဆိုရင် မင်းရဲ့ရွာကို သွားပြီး သက်သေခံပစ္စည်း တွေကို ရှာဖွေပုံစံနဲ့ သိမ်းမယ်။ ဆရာသောင်းရင်၊ သက်သေခံ ပစ္စည်းသိမ်းဖို့ ကျွန်တော်တို့ ရွာကို သွားကြရအောင်ဗျာ၊ စီစဉ် ပေးပါဦး"

ရဲအုပ်ကျော်စိန်လင်းသည် ရှာဖွေပုံစံဖြင့် သက်သေခံ ပစ္စည်းများ သိမ်းဆည်းသည်။ တရားခံ ဇော်ကြီးအား ရန်ကုန် ပိတောက်ချောင်းရဲစခန်းသို့ ခေါ်ယူလာခဲ့လေသည်။ စခန်းမှူး၊ မြို့နယ်မှူးတို့ထံ တင်ပြပြီး လမ်းညွှန်မှုခံယူသည်။

တရားခံ ဇော်ကြီးက ဖြောင့်ချက်ပေးလိုသောကြောင့် မရမ်းကုန်းမြို့နယ် တရားရုံးတွင် ဥပဒေနှင့်အညီ ဖြောင့်ချက် ရယူသည်။ မြို့နယ်ဥပဒေရုံး၏ ဥပဒေအကြံပြုချက်အရ တရား ခံ ဇော်ကြီးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၂ အရ ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ရလေသည်။

## (၆)

ရဲတပ်ဖွဲ့၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့စွဲဆိုသော ပြစ်မှုကို ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်က ပြစ်မှုကြီး



အမှု အမှတ် ၀၀၇/၂၀၁၀ ပြစ်မှုပုဒ်မ ၃၈၂ အရ စစ်ဆေးကြား နာခဲ့သည်။ တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ဆို ချက်၊ တရားခံဇော်ကြီး၏ အမှန်အတိုင်းထွက်ဆိုချက်တို့အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ် ချမှတ်ခြင်း ခံရလေတော့ သည်။

❒

www.burmeseclassic.com

www.burmeseclassic.com




## လောဘအမှောင်ထဲက သားကောင်များ

(၁)

လူငါးယောက် ကားတစ်စီးဖြင့် ဆောက်လုပ်ရေးသမားများ၏ လုပ်ငန်းခွင်ရှိရာ တဲအိမ်များရှိသော မြို့သစ်ထဲသို့ ရောက်လာကြသည်။

"မောင်ကြီး၊ ဆာမူရိုင်း၊ ကတုံး၊ မောင်အေး၊ ပြောင်ကြီး ထွက်ခဲ့ကြစမ်းဟေ့"

မြေတူးမြေသယ် ကန်ထရိုက် ဦးအောင်မြိုင်မှ သူ၏ အလုပ်သမားများကို ခေါ်လိုက်သည်နှင့် အလျှိုလျှို ထွက်လာကြသည်။

"ဆရာ၊ ဘာကိစ္စရှိလို့ပါလဲ"

"ဘာကိစ္စလဲဆိုတာ မင်းတို့ သိပြီးသား။ သံသေတ္တာကြီး ဘယ်မှာလဲ၊ မင်းတို့ ထောင်ကျသွားမယ်"

"ဆရာ၊ ကျွန်တော်တို့ အင်ချပ် မစ္စတာတီကို က သွား ကိုရောင်း၊ မင်းတို့ကို တစ်ယောက်တစ်သိန်းစီ ပေးမယ်ဆိုတာနဲ့ ရောင်းလိုက်တယ်ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ...ကောင်းပြီ၊ မင်းတို့ အမှန်အတိုင်း ပြောတာနော်"

"အမှန်အတိုင်းပြောတာပါဆရာ"

ဦးအောင်မြိုင်သည် သူ၏ (SUB-CONTRACT) တစ်ဆင့်ခံ ကန်ထရိုက် (တီကို)ထံ လိုက်သွားသည်။ တီကိုသည် သံသေတ္တာကြီးကို ကြည့်ပြီး သွားရည်တမြားမြား ဖြစ်နေသည်။ သူ၏ သားကြီးနှင့် ယောက်ဖတို့ကလည်း ဝိုင်းဝန်းကြည့်နေကြသည်။ သေတ္တာကြီးကိုဖွင့်ရန် လျှို့ဝှက်ခလုတ်များကို ဟိုဘက်လှည့်၊ ဒီဘက်လှည့် ဖွင့်နေကြသည်။ ဖွင့်မရချေ။

ဦးအောင်မြိုင်နှင့် တပည့် (၄) ဦးတို့သည် ကားတစ်စီးဖြင့် တီကို နေသော မြို့သစ်၊ (၅) ရပ်ကွက်နေအိမ်သို့ ရောက်ရှိလာသည်။

"ဟေ့ကောင် တီကို၊ သံသေတ္တာကြီး ဘယ်မှာလဲ"

"ကျွန်တော် အလုပ်သမားတွေဆီက ဝယ်ယူလာတာ"

"ဟေ့ကောင်၊ ငါက မြေတူးမြေသယ် ကန်ထရိုက်ရထားတာ။ ဒီသေတ္တာ ငါနဲ့ပဲ ဆိုင်တယ်။ မင်းတို့နဲ့ မဆိုင်ဘူး။ ပေးမလား မပေးဘူးလား ...ပြော"

**"မပေးဘူးဗျာ၊ ခင်ဗျား ဘာလုပ်ချင်လဲ"**

ဦးအောင်**မြိုင်**နှင့် တပည့် (၄) **ဦးတို့**သည် တီကို၏အိမ်တွင် သေတ္တာ**ကြီး**ကို လုယူကြသည်။ တီကိုတို့အုပ်စုကလည်း ပြန်ပြီး လုကြရင်း ထိုးကြကြိတ်ကြ ရိုက်ကြနှက်ကြ သွေးလုံးရစ်ပတ် သတ်ပုတ်နေကြသည်။



ထိုအချိန်မှာပင် သံလွင်လမ်း လင်းရိပ်ငြိမ်ခြံကြီးတွင် တိုက်ဟောင်းဖျက်ပြီး တိုက်သစ်ဆောက်လုပ်ရန် ကန်ထရိုက်ရရှိသူ ဒေါ်ဝင်းမင်းထွန်းနှင့် သူ့တပည့် (၅) ဦးတို့ တီကို၏ နေအိမ်သို့ ရောက်ရှိလာကြသည်။

သံသေတ္တာကြီးအတွက် လုယက်သတ်ပုတ်နေကြသော လူအုပ်စုထဲသို့ ဝင်ရောက်ပြီး သံသေတ္တာကြီးကို ဝင်ပြီး လုယူကြသည်။ သုံးပွင့်ဆိုင် လုကြယက်ကြ သတ်ကြပုတ်ကြ ထိုးကြကြိတ်ကြသည်မှာ သွေးသံရဲရဲပင် ဖြစ်သူ ဖြစ်နေကြသည်။

အော်ကြဟစ်ကြ၊ ဆဲသံဆိုသံ၊ ငိုသံ၊ ယောကျ်ား၊ မိန်းမတို့၏ ဆူဆူညံညံအသံများကြောင့် ရပ်ကွက်မှ အများပြည်သူတို့ ဝိုင်းအုံလာကြသည်။ အုံးအုံးကြွက်ကြွက် ဖြစ်လာသည်။ ပွဲတော်ကြီးအလား လူအုပ်ကြီးဖြစ်လာသည်။

ဆူပူမှု၊ အကြမ်းဖက်မှုဆိုလျှင် လင်မယားရန်ဖြစ်၍ ဖြစ်ပွားသော ဆူပူမှုကအစ မလိုလားအပ်ပေ။ နယ်ထိန်းအင်ချုပ်ရဲအုပ် ကျော်စိန်လင်းသည် တပ်ဖွဲ့ဝင် (၂) ဦးနှင့်အတူ အခင်းဖြစ် (၃) ပွင့်ဆိုင် လုယက်ထိုးကြိတ် သတ်ပုတ်နေကြသည့် နေရာသို့ ရောက်ရှိလာကြသည်။ လူအုပ်ထဲဝင်ပြီး အခင်းဖြစ်နေရာသို့ ဝင်သွားကြသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ကပါ"

"အားလုံး မလှုပ်ကြနဲ့"

"ခင်ဗျားတို့ မင်းမဲ့စရိုက် မလုပ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီသေတ္တာကြီးကို ဥပဒေအရ ရဲတပ်ဖွဲ့ရုံးကို သယ်သွားပါမယ်။ အားလုံးအေးအေးဆေးဆေး ပြန်ကြပါ"

ရဲအုပ် ကျော်စိန်လင်းသည် စခန်းမှူးထံသို့ အကြောင်းကြားသည်။ စခန်းမှူးနှင့် လက်နက်ကိုင်တပ်ဖွဲ့သည် ရဲတပ်ဖွဲ့မှ မာဇဒါဂျစ်ဖြင့် သံသေတ္တာကြီးကို လာရောက် သယ်ဆောင်သွားကြသည်။

## (၂)

အခင်းဖြစ်နေ့ ည (၈) နာရီခန့်တွင် ဖြစ်သည်။ မြို့သစ်ရဲစခန်းသို့ ပရာဒိုကားကြီးတစ်စီး ရောက်ရှိလာသည်။ ကုမ္ပဏီပိုင်ရှင်သူဌေးကြီးဟု ထင်ရသော ခန့်ခန့်ညားညား ပုဂ္ဂိုလ်ကြီးတစ်ဦး တိုက်ပုံအင်္ကျီအနက်၊ လည်ခေါင်းတုံး အင်္ကျီ၊ ဦးဂျမ်းပုဆိုး ဝတ်ထားသော ရှေ့နေကြီးနှစ်ဦး ရဲစခန်းထဲသို့ ဝင်ရောက်လာကြသည်။ စခန်းမှူးနှင့် တွေ့လိုကြောင်း ပြောသည်။ တာဝန်မှူးက စခန်းမှူးအခန်းသို့ ခေါ်ဆောင်သွားသည်။

"ကျွန်တော် နတ်မောက်စိန်သန်းပါ။ စိန်ဘရားသား ကုမ္ပဏီပိုင်ရှင်ပါ။ ဒီဆရာတွေက ကျွန်တော့်ကုမ္ပဏီက (Family lawyer) မိသားစု အကျိုးဆောင်ကြီးတွေ ဖြစ်ကြ ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် စခန်းမှူးသောင်းရင်ပါ။ ကျွန်တော် ဘာကူညီရမလဲ"

"ဒီလိုပါဆရာ။ ဆရာတို့ စခန်းက ထိန်းသိမ်းထားတဲ့ သေတ္တာကြီးက ကျွန်တော့်ခြံထဲက ရရှိတဲ့ သေတ္တာ ဖြစ်ပါ



တယ်။ ကျွန်တော့်ခြံကြီးကို မိုးကုတ်မောင်မောင်ရဲ့ဇနီးထံက ဝယ်ယူထားခဲ့တဲ့ ဦးသိန်းဇံ၊ ဒေါ်လုံးကျင်၊ သူတို့ထံက ဝယ်ယူထားတဲ့ လက်ရှိပိုင်ရှင်ပါ..."

ဟောဒီမှာ ခြံနဲ့ အိမ်ဝယ်တဲ့ မှတ်ပုံတင်စာချုပ်၊ ဟောဒီမှာ ကျွန်တော့်အမည်ပေါက် မြေပုံရာဇဝင်"

နတ်မောက် ဦးစိန်သန်းသည် သံလွင်လမ်း၊ လင်းရိပ်ငြိမ်ခြံကြီးကို ဝယ်ယူပိုင်ဆိုင်ထားသော ပိုင်ရှင်ဖြစ်ကြောင်း၊ စာချုပ်စာတမ်းများကို တစ်ခုပြီးတစ်ခု ပြသကာ စခန်းမှူးအား ရှင်းပြနေလေသည်။ ဒီခြံကြီးမှ မူလအိမ်အိုအိမ်ဟောင်းကြီးကို ဖျက်ပစ်ပြီး တိုက်သစ်ဆောက်ဖို့ မြေကြီးတူးရာမှ တူးဖော်ရရှိသော သံသေတ္တာကြီးဖြစ်၍ သူပိုင်ပစ္စည်းဖြစ်ကြောင်း စခန်းမှူးကို ရှင်းပြတောင်းဆိုသည်။

"ဟုတ်ကဲ့၊ ဒီသံသေတ္တာကြီးတွေ့ရှိရမှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရဲလုပ်ငန်း လုပ်ထုံးလုပ်နည်းအရ ခရိုင်တပ်ဖွဲ့၊ တိုင်းတပ်ဖွဲ့တို့ဆီ သတင်းပို့ အစီရင်ခံထားပြီးဖြစ်ပါတယ်။ စိတ်ချလက်ချ စောင့်ဆိုင်းနေကြပါ"

စခန်းမှူး၏ ရှင်းလင်းတင်ပြချက်အရ နတ်မောက် ဦးစိန်သန်းတို့အဖွဲ့ ပြန်သွားကြလေသည်။

နောက်နေ့ နံနက်တွင် ဖြစ်သည်။ မြို့သစ်ရဲတပ်ဖွဲ့မှူးရုံးသို့ နောက်ဆုံးပေါ် ဒဗလယ်ကတ်ကားသစ်ကြီးတစ်စီးနှင့် သူဌေးမကြီးဟု ထင်ရသော အမျိုးသမီးတစ်ဦး၊ ရှေ့နေနှစ်ဦးတို့ ရောက်ရှိလာကြသည်။ စခန်းမှူးနှင့် တွေ့လိုကြောင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။ တာဝန်မှူးက သတင်းပို့ပြီး စခန်းမှူးရုံးခန်းသို့ ခေါ်သွားသည်။

"ကျွန်တော် စခန်းမှူးသောင်းရင်ပါ။ ဘာကူညီရမလဲခင်ဗျာ"

"ဟုတ်ကဲ့ရှင်၊ ကျွန်မ ဒေါ်သန်းသန်း (ခ) လေဒီသန်းပါ။ သိန်းသန်းကုဋေကုမ္ပဏီပိုင်ရှင်ပါ...။ စခန်းမှူးတို့ ထိန်းသိမ်းထားတဲ့ သံသေတ္တာကြီးနဲ့ ပတ်သက်ပြီး တင်ပြဖို့ လာတာပါ။ ကျွန်မ သံလွင်လမ်း၊ လင်းရိပ်ငြိမ်ခြံကြီးကို နတ်မောက် ဦးစိန်သန်းကို ရောင်းခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ အရောင်းအဝယ်စာချုပ်မှာ မြေနဲ့ အိမ် ပါရှိပါတယ်။ မြေအောက်ရှိပစ္စည်း မပါဝင်ပါဘူး။ ဟောဒီမှာ အရောင်းအဝယ်စာချုပ်ရဲ့ မိတ္တူပါ...။

ဒါကြောင့် သံသေတ္တာကြီးဟာ မြေအောက် (၅) ပေမှာ တူးဖော်ရရှိတာဖြစ်လို့ ဝယ်ယူသူ နတ်မောက်စိန်သန်း မပိုင်ပါဘူး။ ကျွန်မသာ ပိုင်ပါတယ်"

ဒေါ်သန်းသန်း (ခ) လေဒီသန်းသည် စခန်းမှူးထံသို့ လင်းရိပ်ငြိမ်ခြံကြီး ရောင်းချရာတွင် မြေအောက်တွင် တည်ရှိသော ပစ္စည်းမပါဝင်သောကြောင့် သူသာလျှင် ပိုင်ဆိုင်သူ ဖြစ်ကြောင်း စခန်းမှူးထံသို့ တင်ပြတောင်းဆိုသည်။

"ဟုတ်ကဲ့၊ ဒီသံသေတ္တာကြီးနဲ့ ပတ်သက်ပြီး တိုင်း၊ ဗဟိုအထိ စိတ်ဝင်စားနေကြပါတယ်။ အထက်အမိန့်ညွှန်ကြားချက်အရ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပစ္စည်းလုံခြုံမှုအတွက်တော့ စိတ်ချပါ"



စခန်းမှူး၏ တင်ပြချက်အရ ဒုတိယသံသေတ္တာပိုင်ရှင်ဖြစ်ပါသည်ဆိုသူ ဒေါ်သန်းသန်း (ခ) လေဒီသန်းတို့အဖွဲ့ ပြန်သွားလေသည်။

## (၃)

နတ်မောက် စိန်သန်းတို့အဖွဲ့သည် ထူးခြားဖြစ်စဉ်ရှိ မရှိ၊ မြို့နယ်ရဲတပ်ဖွဲ့သို့ လာရောက်စုံစမ်းသည်။ အထက်အမိန့်ညွှန်ကြားချက် ဘာမျှ မရသေးသော်လည်း ဒေါ်သန်းသန်း (ခ) လေဒီသန်းက လင်းရိပ်ငြိမ်ခြံကြီး ရောင်းချစဉ်က မြေနှင့်အိမ်၊ သီးပင်စားပင်၊ ပွင့်ပင်ဟုသာ ပါရှိပြီး မြေအောက်ပစ္စည်း မပါဝင်ကြောင်း၊ သို့ဖြစ်၍ သံသေတ္တာကြီးကို သူသာလျှင် ပိုင်ဆိုင်ကြောင်း တင်ပြတောင်းဆိုမှုကို ပြောပြလိုက်လေသည်။

နတ်မောက် ဦးစိန်သန်းသည် မိမိ၏ ဥပဒေအကြံပေးရှေ့နေကြီးများနှင့် လင်းရိပ်ငြိမ်ခြံကြီးပိုင်ဆိုင်ရာ ဥပဒေအချက်အလက်များကို ညှိနှိုင်းကြသည်။ တိုင်ပင်ကြသည်။

ဒေါ်သန်းသန်း (ခ) လေဒီသန်း၏ အကျိုးဆောင်ရှေ့နေကြီးများကလည်း သံသေတ္တာကြီးနှင့် ပတ်သက်ပြီး ညှိနှိုင်းတိုင်ပင်ကြရန် အကြောင်းကြားစာဖြင့် ကမ်းလှမ်းကြသည်။

ဒေါ်သန်းသန်း (ခ) လေဒီသန်းဘက်မှ ၎င်းအနေဖြင့် ငွေကျပ် သိန်း (၃၀၀၀) ပေးပါက သံသေတ္တာကြီး၏ပိုင်ဆိုင်မှု၊ သံသေတ္တာအတွင်းရှိ အရပ်ရပ်သော ရတနာပစ္စည်းများ၏ ပိုင်ဆိုင်မှုကို စွန့်လွှတ်ရမှာဖြစ်ကြောင်း ညှိနှိုင်းကြသည်။ နတ်မောက်

www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်သန်းတို့ဘက်မှ နောက်တစ်ကြိမ် ထပ်မံညှိနှိုင်းချိန်တွင် အဖြေပေးမည်ဖြစ်ကြောင်း ညှိနှိုင်းလိုက်ကြလေသည်။

## (၄)

အခင်းဖြစ် သံသေတ္တာကြီးနှင့် ပတ်သက်ပြီး တိုင်းတပ်ဖွဲ့မှူး လမ်းညွှန်ချက်အရ တိုင်းဥပဒေအရာရှိထံသို့ ဥပဒေအကြံပြုချက် တောင်းခံသည်။ တိုင်းဥပဒေအရာရှိက အခင်းဖြစ်ခြံကြီး၏ နောက်ခံသမိုင်းကို စုံစမ်းပေးပါရန် တိုင်းတပ်ဖွဲ့မှူးထံသို့ ပြန်လည်တောင်းခံသည်။ မြို့နယ် ရဲတပ်ဖွဲ့မှူးက ရဲအုပ် ကျော်စိန်လင်းကို တာဝန်ပေးသည်။

တာဝန်ပေးချက်အရ ရဲအုပ် ကျော်စိန်လင်းသည် မိုးကုတ်မောင်မောင်၏ ဇနီးတစ်ဦးဖြစ်သော ဒေါ်သိန်းသိန်း (ခ) ဒေါ်စိမ်းစိမ်းကို စုံစမ်းသည်။ သံလွင်လမ်း၊ စိမ်းလဲ့မြိုင်ခြံကြီးတွင် နေထိုင်သော ဒေါ်သိန်းသိန်း (ခ) ဒေါ်စိမ်းစိမ်းနှင့် တွေ့ရသည်။

"အန်တီ၊ ကျွန်တော် ရဲအုပ် ကျော်စိန်လင်းပါ။ အန်တီ့ဆီက အကူအညီလေး ယူချင်လို့ပါ"

"ကူညီပါ့မယ်၊ ကူညီပါ့မယ်ရှင့်။ မောင်ရင်တို့တွေက ပြည်သူတွေကို ကူညီနေတာပဲဟာ။ အန်တီကလည်း ကူညီရမှာပေါ့"

"အန်တီက ပျော်တတ်တယ်နော်"

"ဩော် သားရယ်၊ ပျော်ပျော်နေ သေခဲဆို မဟုတ်လား၊ လူ့ဘဝဆိုတာ ဖြစ်ချင်တာလည်း ဖြစ်ရတယ်။ မဖြစ်ချင်တာ



လည်း ဖြစ်ရတယ်။ ဒါတွေ စိတ်ညစ်နေလို့ ဘယ်ဖြစ်မလဲ။ ဒီတော့ စိတ်ကို ပျော်အောင် ထားရတာပေါ့"

"ဟုတ်ပါတယ် အန်တီ။ သားအတွက် ဗဟုသုတ ရလို့ အန်တီ့ကို ကျေးဇူးတင်ပါတယ်"

"နေပါဦး၊ သားက ရဲလို့သာ ပြောတယ်။ ရဲနဲ့ မတူဘူး။ ကိုရီးယားမင်းသားနဲ့ တူပါလား"

"အန်တီ သိပ်မြှောက်မနေပါနဲ့။ သား မိုးပေါ်ရောက်သွားမယ် "

"နောက် မေးရဦးမယ်။ သားက နာမည်သုံးလုံးနဲ့ဆိုတော့ ရခိုင်လား"

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် မာန်အောင်သားပါ"

"အန်တီက ရမ်းဗြဲကပါ"

ဒေါ်သိန်းသိန်း (ခ) ဒေါ်စိမ်းစိမ်းနှင့် ရဲအုပ် ကျော်စိန်လင်းတို့ အာလာပ သလ္လာပ ပြောကြဆိုကြသည်မှာ မပြီးနိုင်ဖြစ်နေသောကြောင့် ရဲအုပ်ကျော်စိန်လင်းအဖို့ လာရင်းအကြောင်း လိုရင်းမရောက် ဖြစ်နေလေသည်။

"ကဲ... ကဲ၊ သားလိုချင်တဲ့ အကူအညီက ဘာလဲ ပြောပါဦး"

"ဒီလိုပါ အန်တီ၊ အန်တီရောင်းလိုက်တဲ့ လင်းရိပ်ငြိမ်ခြံကြီးကို အန်တီတို့ ဘယ်သူ့ဆီက ဝယ်ခဲ့တာလဲ"

"ဩော် ဒီခြံကြီးကို အန်တီရဲ့ခင်ပွန်း မိုးကုတ်မောင်မောင်က ညောင်ရွှေစော်ဘွားကြီးရဲ့ ဆွေတော်မျိုးတော်တွေဆီက ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပါ။ သူသေတော့ အမှုတွေ ဖြစ်လို့ (၁၈) နှစ်တိုင်တိုင် အစောင့်နဲ့ ထားခဲ့ရပါတယ်။ အမှုတွေပြီးသွားတော့ အန့်တီ နိုင်ပါတယ်။ ဒါကြောင့် တရုတ်သူဌေး ဦးသိန်းဖံနဲ့ ဇနီး ဒေါ် လုံးကျင်တို့ကို ရောင်းခဲ့ပါတယ်"

"သူတို့က ထပ်ပြီးရောင်းလိုက်တယ်ပြောတယ်။ ဘယ်သူ့ကိုရောင်းလဲသိလား အန့်တီ"

"သိတယ် သိတယ်၊ ဟိုအညာသား ဝက်ချုပ်ရှာသား ကွယ်၊ နတ်မောက်စိန်သန်းကို ရောင်းလိုက်တယ်လို့ သိရပါတယ် ကွယ်"

"ဟုတ်ကဲ့ အန့်တီ၊ အခုလို ကျွန်တော်တို့ရဲတပ်ဖွဲ့ကို ကူညီတာ ကျေးဇူးတင်ပါတယ်"

"အန့်တီကလည်း ရခိုင်သားချင်း ကူညီရတာ ဂုဏ်ယူပါတယ် သားရယ်"

ရဲအုပ် ကျော်စိန်လင်း၏ စုံစမ်းတွေ့ရှိချက်များကို တိုင်းတပ်ဖွဲ့ရုံးမှ တိုင်းဥပဒေရုံးသို့ ပြန်ကြားတင်ပြသည်။

တိုင်းဥပဒေရုံး၏ ဥပဒေအကြံပြုချက်အရ (ရေမြေသနင်း၊ ပြည့်ရှင်မင်း၊ ဓမ္မသတ်၊ ဖြက်ထုံးတို့အရ) ရှေးဟောင်းရတနာပစ္စည်းများသည် နိုင်ငံအစိုးရက ရေအောက်၊ မြေအောက်၊ သယံဇာတပစ္စည်းများကို ပိုင်ဆိုင်ကြောင်း ပြန်ကြားသည်။

ထို့ကြောင့် တိုင်းရဲတပ်ဖွဲ့ရုံးမှ (တကယ) ရုံးသို့ ပေါင်းစပ်ပြီး လမ်းညွှန်မှုကို ရယူသည်။ (တကယ) မှ အဖွဲ့ဖြင့် အခင်းဖြစ် သံသေတ္တာကြီးကို ဖွင့်ဖောက်ပြီး စာရင်းနှင့်တကွ



မှတ်တမ်းဗွီဒီယို၊ ဓာတ်ပုံများဖြင့် မှတ်တမ်းတင်ထိန်းသိမ်းရန် လမ်းညွှန်မှုပြုလေသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး (မယက) (ခယက) ရှေးဟောင်း သုတေသနအဖွဲ့၊ စိန်အကဲဖြတ်၊ ရွှေအကဲဖြတ်၊ ရတနာပစ္စည်းအကဲဖြတ်တို့ဖြင့် သံသေတ္တာကြီးကို ဖွင့်ဖောက်ပြီး စာရင်းနှင့်တကွ မှတ်တမ်းဗွီဒီယို၊ ဓာတ်ပုံများဖြင့် မှတ်တမ်းတင်ထိန်းသိမ်းရန် လမ်းညွှန်မှုပြုလေသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး (မယက) (ခယက) ရှေးဟောင်းသုတေသနအဖွဲ့၊ စိန်အကဲဖြတ်၊ ရွှေအကဲဖြတ်၊ ရတနာပစ္စည်းအကဲဖြတ်တို့ဖြင့် သံသေတ္တာကြီးကို ဖွင့်ဖောက်ရန် စီစဉ်ကြသည်။ လျှို့ဝှက်သော ဂဏန်းများမှာ လှည့်မရသောကြောင့် တူဖြင့် ရိုက်ဖွင့်ရန် တိုင်ပင်ကြသည်။ အတွင်းရှိ ရတနာပစ္စည်းများ ပျက်စီးသွားနိုင်သဖြင့် လျှပ်စစ်သံဖြတ်လွှဖြင့် ဖွင့်ဖောက်ရန် ဆုံးဖြတ်ကြသည်။ တောင်ဒဂုံစက်မှုဇုန် (၃) မှ ဦးဆာမိစက်ရုံသို့ အကူအညီတောင်းခံသည်။ ဦးဆာမိ၏ ကျွမ်းကျင်သူဖြင့် ဖွင့်ဖောက်ကြသည်။

"ဟင်...ဟာ"

လူကြီးအပေါင်းတို့၏ ဟာခနဲ၊ ဟင်ခနဲ ထွက်ပေါ်လာသောအသံများ၊ သံပြိုင်ထွက်ပေါ်လာကြသည်။ အကြောင်းမှုကား သံသေတ္တာကြီးအတွင်းမှာ မီးသွေးခဲများသာ တွေ့ရသောကြောင့် ဖြစ်လေသည်။ လူကြီးများ အံ့အားသင့်စွာ မီးသွေးခဲ

www.burmeseclassic.com

www.burmeseclassic.com



များကို ကြည့်နေစဉ်မှာပင် မီးသွေးခဲများမှာ ပြာများဖြစ်သွား လေတော့သည်။

တာဝန်ရှိသူများက ဂမ္ဘီရစာအုပ်စာပေများကို ကျွမ်းကျင်သူများ၊ ဓာတ်ဆရာ၊ နတ်ဆရာများထံသို့ တင်ပြဆွေးနွေးကြသည်။ အနက် (၅) ပေ၊ (၆) ပေတွင် မြှုပ်နှံထားသော ရတနာပစ္စည်းများကို ဥစ္စာစောင့်များက ထိန်းသိမ်းလေ့ရှိကြောင်း၊ ဥစ္စာစောင့်နတ်များ လှည့်စားမှုဖြစ်နိုင်ကြောင်း တင်မြင်ချက်ပေးလေသည်။

တကယ်တော့ ဥစ္စာစောင့်က ထိန်းသိမ်းထားခြင်းမဟုတ်။ လေနှင့် ကင်းဝေးနေသော ရုပ်ဝတ္ထုပစ္စည်းများသည် လေနှင့်တွေ့ထိလိုက်သောအခါ ဓာတ်ပြောင်းသွားခြင်းသာ ဖြစ်သည်။

လိုချင်တပ်မက်မှုတဏှာ၏ လောဘသားကောင်များသည် လောဘမီးလောင်သောအခါ ဒေါသကြီးကာ ဆဲဆိုရိုက်ပုတ် ထိုးကြိတ်ကြရာမှ မှုခင်း၏ သားကောင်များ ဖြစ်သွားကြရလေသည်။

**မကြံစည်၊ မကြိုးစားဘဲလျက် ဖြစ်ချင်ဖြစ်လာတတ်သည်။ ကြံစည်ကြိုးစားသော်လည်း ဖြစ်ချင်တိုင်း မဖြစ်။ ကိုးရို့ကားယား ဖြစ်သွားတတ်သည်မှာ လောကဓမ္မတာ ဖြစ်၏။**

**လောကနီတိကျမ်း**

❐



www.burmeseclassic.com

www.burmeseclassic.com

# ဒေါင်းတောင်းနှင့် သောင်းသောင်း

## (၁)

**န ပရေသံ ဝိလောမာနိ၊**
**နာတိမညေယ ကတ္ထစိ နကဉ္စိ၊**
**ဗျာရောသနာ ပဋိဃသညာ၊**
**နာညမညဿဒုက္ခ မိစ္ဆေယျ။**

လူအချင်းချင်း တစ်ယောက်နှင့်တစ်ယောက် မကောက်ကျစ် မစဉ်းလဲပါနှင့်။ မည်သည့်နေရာ၊ မည်သည့်ကိစ္စမဆိုၓ္ဌ မဆို၊ သူတစ်ပါးကို ကျူးလွန်နှိမ့်ချကာ မထီမဲ့မြင် မပြုကြပါနှင့်။

ကိုယ်နှုတ်တို့ဖြင့် ချုပ်ချယ်စောင်းမြောင်းခြင်း၊ ထိခိုက်ထိပါး၊ ကျူးကျော်စော်ကားခြင်းတို့ဖြင့် တစ်ဦးနှင့်တစ်ဦး အချင်းချင်း၏ ဆင်းရဲဒုက္ခရောက်ရမှုကို မလိုလား မတောင့်တပါစေနှင့်။



ရဲအုပ်ကျော်စိန်လင်းသည် ဘုရားရှိခိုး မေတ္တာပို့ပြီး တာဝန်အရ သွားရမည့်နေရာသို့ သွားရန် အသင့်ဖြစ်နေချေပြီ။ အချိန်ကား နံနက် (၃) နာရီ။

"အစ်ကို ... စောလှချည်လား၊ လမ်းကြောင်းရှိလို့လား"

ဇနီးဖြစ်သူ သောင်းသောင်းက အိပ်မှုံစုံမွှားဖြင့် အိပ်ရာမှ မေးမြန်းလိုက်သည်။

"ထုံးစံအတိုင်းပေါ့ကွာ၊ သွားပြီဟေ့"

ရဲအုပ် ကျော်စိန်လင်းသည် ပြောပြောဆိုဆို ရုံးသို့ သုတ်ခြေတင်ခဲ့လေသည်။ အသင့်စောင့်နေသော တပ်ဖွဲ့နှင့်အတူ စီးနင်းရှာဖွေ စစ်ဆင်မှုတစ်ခုကို ဆောင်ရွက်သည်။ အလိုရှိသော သားကောင်ဖြစ်သော မဲကြီး (ခ) ဝင်းနိုင်ကို ဖမ်းဆီးရမိသည်။

ဒီအမှုမပေါ်လျှင် ခင်ဗျားတို့ အိပ်ရာလိပ်ပြင်ထားဟု တာဝန်ရှိသူ အရာရှိကြီးက ကြိမ်းမောင်းထားသောကြောင့် စိတ်၏ ဖြေရာ ဖြစ်ရပါသည်။

သောင်းသောင်းမှာလည်း ဘဝပေးတာဝန်အရ ဘဏ်လမ်း၌ ရှိသော မိမိ၏ နန်းကြီးသုပ်၊ နန်းပြားသုပ်၊ ထမင်းသုပ်၊ အစုံသုပ်ဆိုင်သို့ ထွက်ရလေသည်။ ဤသည်မှာကား သောင်းသောင်း၏ နိစ္စဓူဝ နေ့စဉ်နံနက်'(၅) နာရီတိုင်း စတင်ဆောင်ရွက်ရသည့် တာဝန်ဖြစ်သည်။

နံနက် (၇) နာရီတွင် ဖြစ်သည်။ သောင်းသောင်း၏ ဆိုင်တွင် စားသုံးနေကြသော ရဲမေများက မေးငေါ်ပြီး –

"အစ်မရဲ့ ဒေါင်းတောင်းကြီး လာနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"လေးစားပါတယ် ဆရာ"

"မာဒေးလွန်းဆလဲ"

"အချစ်ရေ ... ကိုကို့လည်း နန်းပြားသုပ် ပေးပါဦး"

"အစ်ကို့ အကျီတွေကလည်း ပေကျံနေတာပဲ"

"မိန်းမရာ၊ ငါက လူဆိုးသွားဖမ်းရတာ၊ ဘုန်းကြီးသွားပင့်တာ မဟုတ်ဘူး။ ဒီလောက်တော့ ရှိမှာပေါ့"

ရဲအုပ်ကျော်စိန်လင်းသည် နန်းကြီးသုပ် စားပြီးသည်နှင့် အဝတ်အစားလဲရန် ပြန်သွားလေသည်။

"နေပါဦး သမီးရဲ့၊ ဒီလောက် လူရည်သန့်ရှုပ်ချောလေး၊ သူ့ကို ဘာကြောင့် ဟိုသူငယ်မတွေက ဒေါင်းတောင်းလို့ ခေါ်ရတာလဲ။ သူ့နာမည်က ဒေါင်းတောင်းတဲ့လား"

နန်းကြီးသုပ်လာစားသော ရုပ်ရည်သန့်သန့် ခန့်ခန့် အန်တီကြီးတစ်ဦးက သောင်းသောင်းအပေါ် ဆားပုလင်းလုပ်နေလေသည်။ စပ်စုနေလေသည်။

"အန်တီ ...သူက သမီးခင်ပွန်းပါ။ ရဲအုပ်ကျော်စိန်လင်းတဲ့။ ဒေါင်းတောင်းဆိုတာက ရန်ကုန်တိုင်းရဲ့ မြို့နယ်များကို ခေါ်တာပါ။ အဲဒီဒေါင်းတောင်းမြို့နယ်တွေမှာ တာဝန်ကျနေတဲ့ (ဒန) ကပါ"

"ဒေါင်းတောင်းကတော့ သိပါပြီ၊ (ဒန) ဆိုတာက ဘာကြီးလဲ သမီး"

"အဲဒါ ...ဒုစရိုက်နှိမ်နင်းရေးအဖွဲ့လို့ အတိုကောက် ခေါ်တာပါ အန်တီ



"ဒုစရိုက်နှိမ်နင်းရေးဆိုတော့ ဆိုး၊ ခိုး၊ လုယက်၊ တိုက်ခိုက်နေတဲ့ လူဆိုးတွေနဲ့ ပတ်သက်ပြီး လုပ်ရတဲ့ အလုပ်ပဲ၊ ကြောက်စရာပဲ၊ စိုးရိမ်စရာပဲ၊ တခြားနေရာ ပြောင်းခိုင်းပါလား"

"မရဘူး အန်တီ၊ သူက ဒီအလုပ်ကိုမှ ဝါသနာပါသူပါ"

"သူ့မိဘတွေကကော. . ."

"သူ့မိဘတွေကလည်း ချမ်းသာပါတယ်။ မြစ်သား၊ ကျောက်ဆည်တို့မှာ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်တွေလည်း ရှိကြပါတယ်။ သူ့မိဘတွေကလည်း ရဲတပ်ဖွဲ့က ထွက်ပြီး သူတို့လုပ်ငန်းတွေ လွှဲပေးမယ်ဆိုပြီး ခေါ်ပါတယ်။ သူကိုက ဝါသနာပါနေတာ အန်တီရေ"

ဒေါင်းတောင်းနှင့် သောင်းသောင်းအကြောင်းကို စပ်စုလိုက်သော ဖောက်သည်အန်တီကြီးသည် သူ့စိတ်ကြိုက်စားပြီးနောက် သမီးတွေ၊ မြေးတွေအတွက်ပါ ပါဆယ်အထုပ်များ ထုပ်ကာ ဆန်နီစူပါဆလွန်းကားဖြင့် ပြန်သွားလေသည်။

## (၂)

"ကဲ ...မဲကြီး၊ မင်းက ထောင်ထွက်ဆိုတော့ ဘာမှုနဲ့ ဘယ်လိုထောင်ကျခဲ့တယ်ဆိုတာကို အမှန်အတိုင်း ပြောစေချင်တယ်။ လုည့်တာ၊ ပတ်တာ၊ ကွေ့တာ၊ ကောက်တာတွေ များရင် အလုပ်ရှုပ်တယ်။ ရဲစိတ်ညစ်အောင် မလုပ်နဲ့ကွာ"

ရဲအုပ် ကျော်စိန်လင်းသည် တရားခံ မဲကြီး (ခ) ဝင်းနိုင်အား စစ်ကြောရေးလုပ်ငန်းကို စတင်ဆောင်ရွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ်။ မှူကြီး (ခ) ဆလင်း၊ ဆိုး၊ ခိုး၊ လုယက်၊ တိုက်ခိုက်၊ ခါးပိုက်နှိုက်ရဲ့ လက်အောက်မှာ ပါဝင်လုပ်ကိုင်ရင်း ထောင် (၅) နှစ် ကျခဲ့ပါတယ်ဆရာ"

"ထောင်ကထွက်ပြီး ဘာလုပ်သလဲ"

"ကျွန်တော် ဆိုက္ကားနင်းတယ်။ စံပြငါးဈေးကြီးမှာ ကုန်တင် ကုန်ချ လုပ်တယ်။ အခုနောက်ဆုံး ဒဂုံမြို့နယ်၊ အလုံလမ်း၊ ပြည်ထောင်စုရိပ်သာလမ်းနယ်မြေမှာ စည်ပင်သာယာ ဝန်ထမ်း (နေ့စား/လရှင်း) လုပ်နေပါတယ်ဆရာ"

"အလုံလမ်း၊ ခြံအမှတ် --- မှာ ရှိတဲ့ ခြံဝင်းအတွင်း အဝင်အထွက်ရှိလား"

"အမှိုက်တွေကို တစ်ရက်ခြား၊ နှစ်ရက်ခြား သယ်ယူပေးရပါတယ်။ အမှိုက်ရှင်းတာတွေလည်း လုပ်ခဲ့ပါတယ်ဆရာ"

"အဲဒီခြံမှာ စောင့်နေတဲ့ အစောင့်တွေနဲ့ကော ရင်းနှီးသလား"

"မရင်းနှီးပါဘူး။ ဒါပေမဲ့ သိတော့ သိနေကြပါတယ်ဆရာ"

"အဲဒီခြံကြီးက ပိုင်ရှင်တွေ နယ်ကိုပြောင်းတော့ ပစ္စည်းတွေ ဘာတွေ ကားပေါ်တင်ပေးတာတွေ၊ လုပ်အားပေးတာတွေ လုပ်ရသလား"

"အန်တီကြီးက (၂) ရက်၊ (၃) ရက် ကြိုဘင်မှာထားလို့ ပစ္စည်းတွေကို ကားပေါ်တင်ပေးခဲ့ရပါတယ်ဆရာ"



"တင်ပေးရတဲ့ ပစ္စည်းတွေ မှတ်မိသလား"

"ပစ္စည်းတွေက များတော့ မမှတ်မိတော့ဘူးဆရာ။ ကျွန်တော်တို့က လေးပင်တဲ့ပစ္စည်းတွေကိုသာ တင်ပို့ပေးခဲ့ရပါတယ်"

"မင်းရဲ့မိဘတွေ၊ မွေးချင်းတွေက ဘယ်ကလဲ၊ ဘယ်မှာနေကြသလဲ"

"သာယာဝတီခရိုင်၊ သုံးဆယ်မြို့နယ်၊ ငဖြူလေးကပါ။ အဲဒီမှာ နေကြပါတယ်ဆရာ"

ရဲအုပ် ကျော်စိန်လင်းသည် မဲကြီး (ခ) ဝင်းနိုင်၏ မိဘတွေ နေသည့်နေရာ၊ အခြေအနေတို့ကို စုံစမ်းလေ့လာသည်။ ထူးခြားဖြစ်စဉ်များကို ဘာမျှမရသေး။ အခြေအနေ ပြောင်းလဲမှု မရှိ။

အမှုမှာ လူကြီးတစ်ဦး၏အိမ်မှ ပစ္စည်းများ နေပြည်တော်သို့ ပြောင်းရာတွင် (၇) ရက်ကြာမှ ပစ္စည်းပျောက်ဆုံးကြောင်း သိရှိရသော ပြဿနာဖြစ်၍ ခြေရာလည်းပျောက် ရေလည်းနောက် ဆိုသလို ဖြစ်နေရသည်။ ဖမ်းဆီးထားသော တရားခံ (၅) ဦးအနက်မှ 'ဇ' ရှိသူမှာလည်း မဲကြီး (ခ) ဝင်းနိုင်တစ်ဦးသာ ခြေစလက်စ ရှိခဲ့ဖူးသူဖြစ်သောကြောင့် မဲကြီးကိုသာ ဇောက်ချပြီး စစ်ကြောရေးလုပ်နေရခြင်းဖြစ်သည်။ သို့သော် သဲလွန်စ မရသေး။

နယ်မြေခံ ရဲတပ်ဖွဲ့အနေဖြင့်လည်း သူ့နယ်မြေမှာ ရှိစဉ်က ဖြစ်ပွားပေါ်ပေါက်သည့် ပြဿနာမဟုတ်။ အိမ်ပိုင်ရှင်များ နယ်သို့ရောက်ပြီး (၇) ရက်ကြာမှ ပျောက်ဆုံးမှုဖြစ်၍ ကွင်းဆက်ပြတ်တောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်ရောက်မှ ပေါပေါက်သော ပျောက်ဆုံးမှုဖြစ်၍ သက်ဆိုင်ရာ ရဲစခန်းမှ နီးစပ်သော၊ ဆက်စပ်သော၊ ပတ်သက်သော၊ အထိအတွေ့များသောသူများကို စစ်ဆေးသော်လည်း သဲလွန်စ မရသေး။

"ပုပ်လျှင် ပေါသည်။ ဟုတ်လျှင် ကျော်သည်"

"ရာဇဝတ်ဘေး ပြေးမလွတ်"

## (၃)

တစ်နေ့တွင်ဖြစ်သည်။ စိန်ဘရားသား အကျိုးဆောင်လုပ်ငန်းမှ ရှေ့နေကြီး ဦးနက်ပြောင်ထံသို့ ရှေ့နေငှားရမ်းရန် အမျိုးသမီးတစ်ဦး ရောက်ရှိလာသည်။ ရှေ့နေကြီးမှာ ၃၅ လမ်း၊ လပြည့်ဝန်း ဘီယာဆိုင်သို့ ရောက်ရှိနေသောကြောင့် လိုက်လာပြီး ရှေ့နေငှားသည်။ အမှုဖြစ်အကျိုးအကြောင်း ရှင်းပြသည်။

"နည်းတယ်များတယ် မအောက်မေ့နဲ့၊ ရှေ့နေငှားခ (၃) သိန်းထားပါဆရာ။ ခရီးစရိတ်က ရုံးချိန်းတစ်ရက် ၅၀၀၀ိ/ ပေးပါမယ်ဆရာ"

ရှေ့နေခကို တစ်ခါတည်း ပေးချေလိုက်သည်။

"လုပ်ပေးရမှာပေါ့ ဒေါ်အေးအေးသောင်းရာ၊ ကိုယ့်အချင်းချင်းတွေပဲ"

"ဆရာတို့ အခုစားသောက်တဲ့ စရိတ်ကိုလည်း ကျွန်မ ဒါနဲ့ လုပ်ပါမယ်။ လိုတာရှိရင် ထပ်မှာပါဆရာ"

"ဪ ...ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဟောဒါက



ကျွန်တော့်မိတ်ဆွေ ရဲအုပ်ကျော်စိန်လင်းတဲ့၊ ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့ကပါ"

"တွေ့ရတာ ဝမ်းသာပါတယ်ဆရာ။ အသက်တစ်ရာမနေရ၊ အမှုတစ်ရာ တွေ့ရဆိုတော့ ဒါလိုမျိုး ကြုံနေရတာပါဆရာ။ ကျွန်မဘက်က အမှားမရှိပါဘူး။ မတရားလည်း မရှိပါဘူး"

"အခု ဒီရှေ့နေခကိုတောင် တစ်နေ့ ကြက်သား (၃) ပိဿာ နေ့တိုင်းဝယ်တဲ့ ဖောက်သည်ဆီက ချေးယူလာခဲ့ရတာပါ ဆရာ။ ဆပ်နိုင်တဲ့အခါမှ ဆပ်တဲ့"

"နေ့တိုင်း တစ်နေ့ကြက်သား (၃) ပိဿာဝယ်တယ်ဆိုတော့ ထမင်းဆိုင်၊ စားသောက်ဆိုင်ပိုင်ရှင်နဲ့ တူတယ်"

ရဲအုပ် ကျော်စိန်လင်းက ရဲအုပ်အတွေးအခေါ်ဖြင့် စူးစမ်းလိုက်သည်။

"ဘယ်က ဟုတ်ရမှာလဲဆရာရယ်၊ တစ်ခါတစ်လေ (၅) ပိဿာအထိတောင် ဝယ်တယ်။ မိသားစုတွေ စားတာတဲ့ ဆရာရေ။ အိမ်ဆောက်တုန်းကလည်း လက်သမားဆရာ၊ အလုပ်သမားတွေကို နေ့တိုင်း ကြက်သားနဲ့ ထမင်းကျွေးတာ။ အိမ်တက်ပွဲဆိုရင် ကျွန်မ ကြက်သားအချိန် ပိဿာ (၅၀) အော်ဒါလုပ်ပေးရတယ်။ ကျွေးလိုက်မွေးလိုက်တာ ဝက်ဝက်ကွဲပဲ"

"အခုကော နေ့တိုင်း (၃) ပိဿာ ဝယ်သေးသလား"

"ဝယ်ပါတယ်ဆရာ။ သူတို့က မင်းကြီးမင်းလေး စိုးကွယ်သူတွေမို့ တရုတ်အမဲမစားဘူး။ ဒါ့ကြောင့် ဒီနေ့ထက်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြက်သားကိုပဲ နေ့တိုင်းစားသောက်ကြတဲ့ ရှားရှားပါးပါး ဖောက်သည်ပါဆရာ"

ရဲအုပ် ကျော်စိန်လင်းသည် တစ်နေ့ ကြက်သား (၃) ပိဿာ ဝယ်ပြီး မိသားစုစားသုံးနိုင်သော ပုဂ္ဂိုလ်တို့အပေါ် စူးစမ်းလေ့လာလိုစိတ် ဖြစ်ပေါ်လာသည်။ အံ့သြဖွယ်ဟုလည်း ရဲအတွေးအခေါ်ဖြင့် တွေးခေါ်နေမိသည်။

အင်းစိန်ဈေးကြီးရှိ ဒေါ်အေးအေးသောင်း၏ ကြက်သားဆိုင် မနီးမဝေးတွင် နေ့စဉ် ကြက်သား (၃) ပိဿာ ဝယ်သူကို စောင့်ကြည့်သည်။ ခြင်းနှစ်လုံးဖြင့် ပစ္စည်းများ ဝယ်ယူလာသူ အမျိုးသမီးနှင့်အတူ လူငယ်တစ်ဦးက သယ်ယူလာသည်။ အမျိုးသမီးတွင် လက်ကောက် (၁၅) ကွင်းခန့် ဝတ်ဆင်ထားသည်။ ဆွဲကြိုးကြီးကလည်း လက်မခန့်။ အမျိုးသမီးကြီးနှင့် လူငယ်တို့သည် တက္ကစီကားဖြင့် လှိုင်သာယာမြို့ဘက်သို့ အောင်ဇေယျတံတားကြီးပေါ်မှ ဖြတ်သန်းသွားကြသည်။ ရဲအုပ်ကျော်စိန်လင်းသည် သူ၏ဆိုင်ကယ်ဖြင့် မျက်ခြေမပြတ် လိုက်ကြည့်သည်။ မီးခွက်ဈေးအနီး အိမ်ကြီးအိမ်ကောင်းများရှိသည့် နေရာအရောက်တွင် ကားရပ်သည်။ လူငယ်က ပစ္စည်းသယ်ပို့ပေးရလေသည်။ ပြန်မည်အလုပ် –

"နောက်နေ့ နောက်မကျစေနဲ့ဟေ့" ဟု အမိန့်ပေးလိုက်လေသည်။ အိမ်ရှေ့သို့ထွက်လာပြီး ကြိုဆိုသူမှာ မှုကြီး (ခ) ဆလင်း၏ ဓာတ်ပုံနှင့် တူနေသည်။



ရဲအုပ် ကျော်စိန်လင်းသည် တိုင်းရဲတပ်ဖွဲ့မှ ရာဇဝတ်မှုများကို အလေ့အကျင့်လုပ်ခဲ့ပြီး ထောင်ကျခဲ့ဖူးသော ရာဇဝင်လူဆိုးတို့၏ မှတ်တမ်းများကို ရှာဖွေသည်။ မှုကြီး (ခ) ဆလင်း၏ အမည်နာမကို တွေ့ရှိသည်။ သူသည် ယခင်က သဃ်န်းကျွန်းမြို့နယ်၊ ဘောက်ထော်တွင် မိသားစုနှင့် နေထိုင်ခဲ့သည်။ ထို့ကြောင့် သဃ်န်းကျွန်းရဲစခန်းတွင် မှုကြီး (ခ) ဆလင်း၏ လိပ်စာကို ရှာဖွေသည်။ ရပ်ကွက်ဖျက်သိမ်းပြောင်းရွှေ့စီမံကိန်းများအရ မရှိတော့။ မတွေ့ရတော့။

ဖျက်သိမ်းပြောင်းရွှေ့ စီမံချက်အရ လှိုင်သာယာမြို့နယ်သို့ ရပ်ကွက်အလိုက် ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရပြီး သို့ကြောင့် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့သို့ မှုကြီး (ခ) ဆလင်း၏ ဓာတ်ပုံနှင့်တကွ ပြောင်းရွှေ့ရပ်ကွက်သို့ ပြောင်းရွှေ့ ရှာဖွေစေသည်။ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှ နယ်ထိန်း ဒုရဲအုပ် ထွန်းထွန်းသည် လှိုင်သာယာမြို့နယ်နှင့် ပတ်သက်ပြီး အပ်ကျတာကအစ သိသော နယ်ထိန်းအင်ချပ် ဒုရဲအုပ်ဖြစ်သည်။

မြို့နယ်မှူးသည် နယ်ထိန်းအင်ချပ် ဒုရဲအုပ် ထွန်းထွန်းအား (ဒန) မှ ရဲအုပ်ကျော်စိန်လင်းနှင့် မိတ်ဆက်ပေးသည်။ ဒုရဲအုပ်ထွန်းထွန်းက ကြက်သားဟင်းဖြင့် ထမင်းလည်း စားရမည်၊ လိုအပ်သော စုံစမ်းမှုများလည်း ပြုလုပ်နိုင်ကြောင်း အကူအညီ ပေးသည်။ သို့သော် လုပ်ငန်းသဘောအရ မှုကြီး (ခ) ဆလင်း ဟုတ်မဟုတ်ဆိုသော အချက်သာ အဓိက ဖြစ်သည်။ ကျန်အစိတ်အပိုင်းမရှိ အသိပေးလို့လည်း မဖြစ်သေးပါ။ လုံ

www.burmeseclassic.com

www.burmeseclassic.com



ခြံ့ သတိအသိ၊ နယ်ထိန်းမှာ တာဝန်ရှိကြောင်းပါ မှာကြားခဲ့လေသည်။ မြို့နယ်မှူးကိုလည်း အသိပေးခဲ့ပြီး ဖြစ်လေသည်။

(၄)

ရဲအုပ်ကျော်စိန်လင်းသည် ဗျူဟာတစ်ခုကို စီမံပြုလုပ်သည်။ ထိုဗျူဟာကား မှူကြီး (ခ) ဆလင်း၏ နေအိမ်မှ ဝင်လမ်း/ထွက်လမ်းများတွင် စောင့်ကြည့်ဖမ်းဆီးရေး အစီအစဉ်ကို ပြုလုပ်သည်။ ပြီးတော့ မှူကြီး (ခ) ဆလင်းထံသို့ တိုင်းရဲတပ်ဖွဲ့ စစရ စုံစမ်းစစ်ဆေးရေးဌာနမှ စုံစမ်းစစ်ဆေးရန် ရှိပါသဖြင့် ရဲအုပ်သောင်းရင်ထံသို့ လာရောက်တွေ့ဆုံရန် အကြောင်းကြားစာကို ပေးလိုက်သည်။

ထိုစာ ရလျှင်ရချင်း မှူကြီး (ခ) ဆလင်းသည် ကိုယ်ဖြင့်သယ်ယူနိုင်သော အိတ်တစ်လုံးဖြင့် သူ၏ နေအိမ်မှ အောင်မင်္ဂလာအဝေးပြေးကားဂိတ်ကြီးသို့ အငှားကားဖြင့် ထွက်ခွာသွားလေသည်။ ချမ်းမြေ့ကြွယ်ကားဂိတ်မှ ရန်ကုန်၊ ဘားအံ၊ မြဝတီအထိ ကားလက်မှတ်ဝယ်ပြီး ထွက်ခွာရန် စီစဉ်ထားသည်။ စောင့်ကြည့်ရေးတပ်ဖွဲ့ဝင်တို့က ထက်ကြပ်မကွာ လိုက်ပါစောင့်ကြည့်သည်။ ဆက်ကြောင်းများ အစဉ်မပြတ် ဆက်သွယ်နေကြသည်။

ရန်ကုန်၊ ဘားအံ၊ မြဝတီ၊ ချမ်းမြေ့ကြွယ် ခရီးစခန်းလေအိတ်ကားကြီးသည် ကားထွက်ချိန်ဖြစ်သော ညနေ (၄း၃၀) နာရီတွင် စတင်ထွက်ခွာသည်။ အမှတ် (၃) လမ်းမကြီး လမ်း



ကြောင်းအတိုင်း ထွက်ခွာလာစဉ် ရွှေညောင်ပင်အနီး အရောက်တွင် ယာဉ်ထိန်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲယကများက ကားကို ရပ်တန့်စေသည်။ မှူကြီး (ခ) ဆလင်း၏ အိတ်အတွင်းကို ရှာဖွေရာ ၂၀ ကျပ်သားရှိသော ရွှေအတုံး (၅) တုံး၊ ရွှေဖြင့်ပြုလုပ်ထားသော စိန်ပတ္တမြား၊ ကျောက်စိမ်း၊ နီလာ လက်ဝတ်ရတနာတို့ကို ဖမ်းဆီးမိလေသည်။

မှူကြီး (ခ) ဆလင်းကို စစ်ကြောရေးလုပ်သောနေ့တွင် ဖြစ်သည်။

"ကဲ…ကိုဆလင်း၊ ရဲနဲ့ လူဆိုးဆိုတာ ရဲကလည်း လူဆိုးဆိုတာ သိတယ်၊ လူဆိုးကလည်း ရဲဆိုတာ သိတယ်။ ဒါပေမဲ့ ပြဿနာမရှိရင် အလုပ်မရှိကြဘူး။ ပြဿနာရှိလာရင်တော့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ တာဝန်အရ ဆောင်ရွက်ကြရတယ်။ ဒါဟာ ပြည်သူ့ဝန်ထမ်းတွေရဲ့ တာဝန်ပါ။ ကိုဆလင်း နားလည်ပေးပါ"

ရဲအုပ် ကျော်စိန်လင်းသည် သူ၏ စစ်ကြောရေးလုပ်ငန်းကို မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဖြင့် စတင်လိုက်လေသည်။

"အခုအမှုကိစ္စမှာလည်း မဲကြီး (ခ) ဝင်းနိုင်က အမှန်တရားတွေကို ဖော်ထုတ်ဝန်ခံပြီး ဖြစ်ပါတယ်။ ဖြောင့်ချက်လည်း ပေးပြီးဖြစ်ပါတယ် …။

သက်သေခံပစ္စည်းတွေအနေနဲ့ကလည်း အခု ကိုဆလင်းဆီက အချို့တစ်ဝက် ရထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ရှန်းထွက် လို့မရနိုင်တဲ့ အခြေအနေမှာ ကိုဆလင်း အမှန်ကို

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ပြောခြင်းဖြင့် မြန်မြန် ရုံးတင်လို့ရအောင် ကူညီစေချင်ပါတယ်"

"ကိုဆလင်းအတွက် ဥပဒေအရ အခွင့်သာနေတာကတော့ သူခိုးမဟုတ်ဘူး၊ ခိုးရာပါပစ္စည်းကို လက်ခံထားတဲ့ အဆင့်ပဲ ရှိတယ်။ ဒါကြောင့် ရုံးမှာ ထွက်ပေါက်ချောင်နိုင်ပါတယ်"

ရဲအုပ်ကျော်စိန်လင်း၏ စည်းရုံးသိမ်းသွင်းခြင်း၊ အကျပ်ကိုင်ထားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ စိတ္တဗေဒလုပ်ငန်းနည်းပညာတို့အရ ထောင်ထွက်လူဆိုး မှုကြီး (ခ) ဆလင်းသည် ပျော့ပျောင်းလာချေပြီ။

"ဆရာဝင်းနိုင် ကျွန်တော့်ကို အပ်ထားတဲ့ ပစ္စည်းတွေထဲက ၂၀ ကျပ်သား ရွှေတုံး (၁၀) တုံးပါ။ (၅) တုံးက သူယူမယ်၊ ကျွန်တော့်ဇနီးနဲ့ တူမ မင်းမင်းထွန်းကို (၃) တုံးပေးလိုက်ပါတယ်။ (၂) တုံးကတော့ ကျွန်တော့်ဇနီး ဒေါ်သိမ်းသိမ်း ယူပါတယ်။ ကျန်တဲ့ (၅) တုံးနဲ့ ပစ္စည်းတွေကတော့ ဆရာတို့ ရှာဖွေပုံစံနဲ့ သိမ်းတဲ့ပစ္စည်းတွေ ဖြစ်ပါတယ်ဆရာ"

ရဲအုပ် ကျော်စိန်လင်းသည် နောက်ဆက်တွဲပေါ်ပေါက်လာသည့် သက်သေခံပစ္စည်းများ သိမ်းဆည်းရန်အတွက် မင်းမင်းထွန်း နေထိုင်သည့် မြောက်ဥက္ကလာပမြို့နယ်သို့ နယ်မြေခံ ရဲတပ်ဖွဲ့နှင့်အတူ ဖော်ထုတ်ခဲ့ရာ အိမ်အောက်တွင် သံသေတ္တာဖြင့် ထည့်ပြီး မြေတွင် မြှုပ်နှံထားသော ၂၀ ကျပ်သား ရွှေတုံး (၃) တုံးကို ရှာဖွေပုံစံဖြင့် သိမ်းယူသည်။



ဒေါ်သိမ်းသိမ်းကမူ ရွှေ (၂၀) ကျပ်သား (၂) တုံးကို ရောင်းချပြီး နေ့စဉ် ကြက်သား ၃ ပိဿာ ဝယ်စားခြင်း၊ အိမ်ကို ပြင်ပြီး တိုးချဲ့ဆောက်လုပ်ခြင်း၊ တက္ကစီကားတစ်စီးဝယ်လိုက်ခြင်းတို့ကြောင့် မရှိတော့ကြောင်း ငြင်းဆိုသည်။ ဒေါ်သိမ်းသိမ်း ဝတ်ဆင်ထားသော ရွှေလက်ကောက် ၁၅ ကွင်းမှာ ရောင်းစားလိုက်ရပြီဖြစ်ကြောင်း ငြင်းကွယ်သည်။

ထို့ကြောင့် (၂၀) ကျပ်သား ရွှေတုံး (၂) တုံး ရောင်းရငွေဖြင့် ဝယ်ယူခဲ့ပါသည်ဆိုသော တက္ကစီကားနှင့် စာချုပ်စာတမ်းများကိုသာ သက်သေခံပစ္စည်းအဖြစ် ရှာဖွေပုံစံဖြင့် သိမ်းယူရရှိခဲ့လေသည်။ နေအိမ်ကို အာဏာပိုင်အဖွဲ့အစည်းဖြင့် တားမြစ်ခဲ့လေသည်။

အမှုမှာ ကြန့်ကြာနေပြီဖြစ်၍တစ်ကြောင်း၊ အမှုမှ အဓိကကျသော တရားခံများ ဖမ်းဆီးရမိသည့်အပြင် သက်သေခံပစ္စည်းများလည်း ရမိပြီဖြစ်၍ ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေရုံးသို့ ဖြောင့်ချက်နှင့်အတူ ဥပဒေအကြံပြုချက် တောင်းခံသည်။

**မဲကြီး (ခ) ဝင်းနိုင်၏ ဖြောင့်ချက်**

ကျွန်တော်သည် အလုံလမ်း၊ ခြံအမှတ်---မှ အိမ်ပိုင်ရှင်များ နယ်မြို့သို့ ပြောင်းမည့်အချိန်က ပထမနေ့တွင် ပစ္စည်းများ အပေါ်ထပ်မှ အောက်ထပ်သို့ သယ်ချရသော အလုပ်ကို လုပ်ပေးခဲ့ရပါသည်။ ထိုစဉ် အန်တီကြီးလက်ဝယ် အမြဲကိုင်ဆောင်ထားတဲ့အိတ်ကို အလစ်မှာ ကျွန်တော် ကိုင်ကြည့်ခဲ့သည်။ အလေးချိန် (၄) ပိဿာခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ကျွန်တော်တို့ လာတဲ့အချိန်မှာ ကျွန်တော်သည် အလားတူ အိတ်အလေးချိန်ပုံစံတူ အိတ်တစ်လုံးယူလာပြီး အောက်ထပ်မှာ ဖွက်ထားလိုက်ပါသည်။ အရေးကြီးသော ပစ္စည်းများ ကားပေါ်တင်နေတဲ့အချိန် အန်တီကြီးက သူ၏အိတ်ကို သတိလွတ်ပြီး ပစ္စည်းများ ကားပေါ်တင်ရန် ကြီးကြပ်နေချိန်မှာ ကျွန်တော်အိတ်ချင်း လျင်မြန်စွာ လဲယူလိုက်ပါသည်။ ပစ္စည်းအားလုံးတင်ပြီးချိန်မှာတော့ ပစ္စည်းများတင်သော ကုန်တင်ကားကြီးနှင့် အန်တီကြီးတို့၏ ဂရစ်တီမတ်တူးကား အလုံလမ်းအိမ်မှ ထွက်ခွာသွားကြပါသည်။ လူအားလုံးရှင်းသွားချိန်မှာ မာစတာကီး သော့တူဖွင့်သော ကိရိယာဖြင့် ဖွင့်ပြီး ကျွန်တော့်အိတ်ကို ယူခဲ့ပါသည်။ ကျွန်တော့်ဆရာ မှုကြီး (ခ) ဆလင်းဆီသွားပြီး လမ်းညွှန်မှု ခံယူပါသည်။ ပစ္စည်းတွေကို သူ့ထံမှာ ကျွန်တော်၏ သဘောတူညီချက်ဖြင့် အပ်နှံခဲ့ပါသည်။ ကျွန်တော့်ကို ပုံမှန်အတိုင်းနေ၊ အရှိန်မပျက်နေလို့မှာလို့ သည်အတိုင်း ကျွန်တော် နေလာခဲ့ပါသည်။ ကျွန်တော်သည် ဤဖြောင့်ချက်ကို မိမိဆန္ဒအရ တရားသူကြီးမင်းရှေ့မှောက်မှာ လွတ်လပ်စွာ ပြုလုပ်ပေးခြင်းဖြစ်ပါသည်။ ကျွန်တော့်အပေါ် ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာပေးခြင်း မည်သူမျှမရှိကြောင်း ဝန်ခံပြီး ဤဖြောင့်ချက်ကို ပေးခြင်းဖြစ်ပါသည်။

ခရိုင် ဥပဒေရုံး၏ ဥပဒေအကြံပြုချက်အရ အမှုနှင့် မသက်ဆိုင်သော စည်ပင်ဝန်ထမ်း (၂) ဦး၊ လုံခြုံရေး (၂) ဦးတို့အား အမှုမှ ဖယ်ထုတ်လွတ်ပေးသည်။ အဓိကတရားခံ မဲကြီး



(ခ) ဝင်းနိုင်၊ မှုကြီး (ခ) ဆလင်းတို့အား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးသို့ သက်ဆိုင်သည့် ဥပဒေအရ တရားစွဲဆိုတင်ပို့ရလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ကျောက်ပြားဈေးနှင့် ခြောက်ပြားသူဌေး

(၁)

**'ကျောက်ပြားဈေး'** ဆိုသည်မှာ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်မှ ထုတ်လုပ်ထွက်ရှိသော အပူဒဏ် ခံနိုင်စွမ်းရှိသည့် ကျောက်ပြားမဟုတ်ပါ။ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်မှ ထုတ်လုပ်ထွက်ရှိသော စကျင်ကျောက်ပြားလည်း မဟုတ်ပါ။ ကချင်ပြည်နယ်မှ ထွက်ရှိသော ကျောက်စိမ်းအရိုင်းတုံးကြီးများကို လူသုံးပစ္စည်းအဖြစ် ထုတ်လုပ်ထားသော ကျောက်ပြားလည်း မဟုတ်ပါ။ ပြည်ပမှ တင်သွင်းကြသည့် ကြွေပြားကျောက်ပြားလည်း မဟုတ်ပါ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လမ်းကျယ်ကြီးများအသီးသီး၊ ဈေးကြီးများအသီးသီးတို့တွင် 'ခင်းကျင်းထားသော ကျောက်ပြား' ဖြစ်ပါသည်။ ဈေးကြီးများ ပရဝုဏ်၊ မျက်နှာစာတို့နှင့် လမ်းမကြီးများရှိ ကျောက်ပြားဈေးကွက် နေ့စဉ် ဈေးသူ/ဈေးသား (၁) သိန်းကျော် ရောင်းဝယ်ဖောက်ကား လုပ်ကိုင်စားနေကြသော ကျောက်ပြား

www.burmeseclassic.com

www.burmeseclassic.com



ဈေး ဖြစ်ပါသည်။ မှီခိုစားသောက်ကြရသော မိသားစုဝင်ပေါင်းမှာ လူဦးရေ (၅) သိန်းကျော် ရှိနိုင်လေသည်။ သို့သော် ကျောက်ပြားဈေးသည်များနှင့် ကျေးဇူးကြီးမား ဤကျောက်ပြားဈေးပိုင်ရှင် 'ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီကြီးအား ကျေးဇူးတင်ရန် မေ့နေသူများ ဖြစ်ဟန်တူသည်'

**(အပ္ပမာဒေန သမ္ပာဒေထ)**

**'ခြောက်ပြားသူဌေး'** ဆိုတာကတော့ အင်္ဂလိပ်အစိုးရလက်ထက်အချိန်က မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံသားများ မြန်မာနိုင်ငံသို့ လွတ်လပ်စွာ ဝင်/ထွက် သွားလာခွင့်ရှိသော အချိန်အခါလည်း ဖြစ်သည်။ ဤအချိန်တွင် စူရတီ ကုလားလေး (မိုဟာမက်ဟာဆန်) အသက် (၁၀) နှစ်ခန့်သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

သူသည် မြန်မာစကား လုံးဝမတတ်ပါ။ သို့သော် သူ့ကို ခေါ်လာသော သူ၏ဦးလေးက သူ့ကို ဈေးအရောင်းခိုင်းသည်။ ဗမာစကားမတတ်သော်လည်း ဈေးရောင်းနိုင်စေရန် စီစဉ်ပေးသည်။ သူ ဈေးရောင်းသည့်နေရာမှာ သိမ်ကြီးဈေးရှေ့ရှိ ကျောက်ပြားပေါ်တွင် ဖြစ်သည်။

သူရောင်းသည့် ပစ္စည်းများမှာ (၁၀) မျိုးခန့် ရှိသည်။ မည်သည့်ပစ္စည်းကို ဝယ်ဝယ် ရောင်းဈေးကတော့ ခြောက်ပြား ဖြစ်သည်။ ကြိုက်တာယူ ခြောက်ပြား ဖြစ်သည်။ သူ၏ဦးလေး



က အော်ပြီး ရောင်းခိုင်းသည်။ သူအော်၍ ရောင်းပုံကတော့ ခြောက်ပြား ...ခြောက်ပြားဟူ၍ဖြစ်သည်။

ဘဝတူ ကျောက်ပြားဈေးသည် လမ်းဘေးဈေးရောင်းသူ မြန်မာများက ၎င်းအား " ဟဲ့ ကုလားလေး ထမင်းစားပြီးပြီလား ...ခြောက်ပြားဟဲ့ ကုလားလေး အပေါ့မသွားဘူးလား" မေးကြသည်။ သူကတော့ ခြောက်ပြား ခြောက်ပြားဟုသာ ပြောလေသည်။ သူ ဒါကိုပဲ ပြောတတ်သူ ဖြစ်သည်။

ဤသို့အားဖြင့် ထမင်းစား၊ ရေသောက်၊ ဗမာစကား ပြောတတ်လာသည်။ မြန်မာတွေနဲ့ နိစ္စရူဝ ကျောက်ပြားပေါ်တွင် ဈေးအတူရောင်းလာခဲ့၍ မြန်မာစကား ကောင်းကောင်း ပြောတတ်လေပြီ။

ညအိပ်သောအခါ ဦးလေးနှင့်အတူ မအိပ်တော့ဘဲ သိမ်ကြီးဈေးဘေးရှိ သိမ်တော်ကြီးဘုန်းကြီးကျောင်းမှာ ဆရာတော်နှင့် အဆင်ပြေအောင်နေပြီး မြန်မာစာကိုပါ သင်ကြားတတ်မြောက်ခဲ့လေပြီ။

ဈေးရောင်းသော လုပ်ငန်းကိုလည်း ဦးလေး၏ အရင်းအနှီးဖြင့် မလုပ်တော့။ မိမိဘာသာ အရင်းအနှီးပြုလုပ်ပြီး ဤကျောက်ပြားဈေးလမ်းဘေးတွင် **သီးခြားဆိုင်ဖွင့်ခဲ့လေပြီ။**

"ငုပ်မိသဲတိုင် **တက်နိုင်ဖျားရောက်**" ဆိုသည့် မြန်မာ**စကားပုံအတိုင်း** ကြိုးစားခဲ့သည်။ ကျောက်ပြားဈေးတွင် တစ်**ဆိုင်မှ နှစ်**ဆိုင်၊ နှစ်ဆိုင်မှ သုံးဆိုင် ဖြစ်လာခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူ၏ ကျောက်ပြားဈေးလမ်းဘေးဆိုင်၏ နောက်ဘက်ရှိ အဆောက်အအုံကြီးမှ မြေညီထပ်ဆိုင်ခန်းကို မိုဟာမက်ဟာဆန် ဝယ်လိုက်သည်။ ကျောက်ပြားဈေးလမ်းဘေးဆိုင်က (၃) ဆိုင်၊ ဆိုင်ကြီးက (၁) ဆိုင်၊ (၄) ဆိုင် ပိုင်ဆိုင်ခဲ့လေပြီ။

မိုဟာမက်ဟာဆန်သည် လွတ်လပ်ရေး မရမီခေတ်နှင့် လွတ်လပ်ရေး ရပြီးခေတ်တို့တွင် စီးပွားရေးကို အရှိန်အဟုန်မြင့်ပြီး ကြိုးစားလုပ်ကိုင်ခဲ့သည်။ နောက်ဆုံးတွင် ပိုးထည်စက်ရုံကြီးများ၊ ဂုန်နီစက်ရုံကြီးများပိုင်သော သူဌေးကြီး ဖြစ်လာခဲ့လေသည်။ တိုက်တာများလည်း များစွာ ပိုင်ဆိုင်လာခဲ့လေသည်။ 'ခြောက်ပြားသူဌေး' ဟု ထင်ပေါ်ကျော်ကြားသူ ဖြစ်ခဲ့လေသည်။ သူ၏ သားစဉ်မြေးဆက်များ ယနေ့တိုင် ရှိကြပါသည်။

နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာသားလေး မောင်ဆယ်သိန်းသည် သူ၏အဘိုးဖြစ်သူ ဦးသာကျော် ပြောပြသော ခြောက်ပြားသူဌေး၏ဘဝ၊ သူ့အကြောင်း သူ၏ကြိုးစားအောင်မြင်မှုများကို အတော်အားကျ စိတ်ဝင်စားနေသည်။ ဗမာစကားမတတ်သော အိန္ဒိယနိုင်ငံမှ ကုလားလေးပင် ရန်ကုန်မှာ သူဌေးဖြစ်လာသေးတာ၊ မြန်မာစကားတတ်သော မြန်မာလူမျိုးဖြစ်သည့် ငါလည်း ရန်ကုန်သွားပြီး အလုပ်လုပ်ပါက ချမ်းသာရမည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

(၂)

မောင်ဆယ်သိန်းသည် သူ၏ မိဘနှစ်ပါးက သားသမီး (၁၀) ယောက် မွေးခဲ့ရာတွင် သူ့အား (၁၀) ယောက်မြောက် မွေးပြီးနောက် ထပ်မမွေးနိုင်တော့သဖြင့် (၁၀) ယောက်ဖြင့် သိမ်းပြီးဖြစ်၍ သူ့ကို မောင်ဆယ်သိန်းဟု အဘိုးအဘွားတို့က နာမည်ပေးခဲ့ခြင်းဖြစ်သည်။ သူ့ထက်ကြီးသော (၉) ယောက်တို့ ပင်လျှင် ရွာမှာ လုပ်ကိုင်စားသောက်စရာ ယာမြေများ မရှိပါ။ သူ့အတွက် ဝေးလေစွ။ ထို့ကြောင့် ရန်ကုန်မြို့ကြီးလာပြီး ခြောက်ပြားသူဌေးကဲ့သို့ အလုပ်ရှာပြီး အလုပ်လုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ဆုံးဖြတ်သည့်အတိုင်း ရန်ကုန်မြို့ကြီးသို့ ရောက်ရှိလာခဲ့လေသည်။ ပုဇွန်တောင်မြို့နယ်ရှိ ပြာသာဒ်ဘုန်းတော်ကြီးကျောင်းတွင် မှီခိုရသည်။



အလုပ်ရှာသည်။ ပုဇွန်တောင်ဈေးကြီး ပရဝုဏ်ကျောက်ပြားဈေးတွင် ပါလာသည့် အရင်းအနှီးလေးဖြင့် ဈေးရောင်းရန် စီစဉ်သည်။ ကျောက်ပြားဈေးမှ ဈေးသည်မလေး ခင်ခက်ခက်ခိုင်နှင့် မိတ်ဆွေဖြစ်ကြသည်။ သူနှင့်အတူ အကျိုးတူ ဈေးရောင်းရန် နှစ်ဖက်သဘောတူကြလေသည်။ စီးပွားဘက်လုပ်ကိုင်နေကြသည့် ခင်ခက်ခက်ခိုင်နှင့် မောင်ဆယ်သိန်းတို့မှာ တစ်နေ့တစ်ခြား ပို၍ ရင်းနှီးလာကြသည်။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဖြစ်လာကြသည်။ မောင်ဆယ်သိန်းတစ်ယောက် အချစ်စိတ်၏ လွှမ်းမိုးဖိစီးမှုဒဏ်ကို ခံစားနေရလေပြီ။

မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်ကိုင်လာကြသော မောင်ဆယ်သိန်းနှင့် ခင်ခက်ခက်ခိုင်တို့ တရားဝင် ထိမ်းမြား လက်ထပ်လိုက်ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ခိုင်ရေ ...မင်းက ဒီပုဇွန်တောင်ဈေး ကျောက်ပြားဈေးမှာပဲ ရောင်း၊ မောင်က သိမ်ကြီးဈေးရှေ့ ကျောက်ပြားလမ်းဘေး ဈေးကွက်မှာ ဆိုင်ဝယ်ပြီးရောင်းမယ်။ မင်း သဘောကျလား"

"မောင်ရယ်....စီးပွားရှာတာပဲ၊ မောင် ဦးဆောင်နေတဲ့ လုပ်ငန်းပဲ မောင့်သဘော၊ မောင်ကြိုက်သလိုသာလုပ်"

ဤသို့ဖြင့် သိမ်ကြီးဈေးသစ်ကြီး၏ မျက်နှာစာတန်း ကျောက်ပြားဈေးတွင် ဆိုင်တစ်ဆိုင် တိုးချဲ့ဝယ်လိုက်သည်။ **ရင်းနှီးမြှုပ်နှံမှု** တိုးချဲ့ပြီး လုပ်ကိုင်လာကြသည်။ အောင်မြင် **လာသည်နှင့်** ဘေးဆိုင်တစ်ဆိုင် ထပ်ဝယ်လိုက်သည်။ ဝက်ချုပ် **ရွာမှ** တူ (၂) ယောက်ခေါ်ပြီး ဈေးရောင်းခိုင်းသည်။ ဈေးရောင်း လုပ်ငန်း သင်ပေးသည်။ အောင်မြင်မှုများ ရရှိလာသည်။

"မောင် ...ခိုင့်ဘက်က ညီမတွေ တူမတွေကိုလည်း ရန်ကုန်ခေါ်ပြီး ဈေးရောင်းခိုင်းချင်တယ်။ မောင်စီစဉ်ပေးပါလား"

"လုပ်ပေးရမှာပေါ့ မိန်းမရယ်၊ တရုတ်တန်း၊ လသာတန်း၊ ဘုံကျောင်းပတ်ဝန်းကျင်မှာ ဆိုင်ဝယ်မယ်။ သူတို့ကို မင်းကိုယ်တိုင် ကြီးကြပ်ရောင်း၊ အောင်မြင်ရမယ်"

"တရုတ်တန်းက ကျောက်ပြားဈေးဆိုင်နေရာတွေက ဈေးကြီးတယ်။ အောင်မြင်ပါ့မလား မောင်ရယ်"

"ဘာလို့ မအောင်မြင်ရမှာလဲ မိန်းမရယ်၊ မဟာရန်ကုန်မှာ တို့လို ကျောက်ပြားဈေးသည်ပေါင်း (၂) သိန်း၊ (၃) သိန်း ရှိတယ်။ သူများတွေ အောင်မြင်နေကြသေးတာ။ တို့လည်း အောင်မြင်ရမှာပေါ့"



သို့ဖြင့် မောင်ဆယ်သိန်းနှင့် ခင်ခက်ခက်ခိုင်တို့သည် တရုတ်တန်း ကျောက်ပြားဈေးကွက်တွင် ဆိုင်ဝယ်ပြီး ခိုင့်ဘက်မှ ညီမနှင့် တူမတို့အား ဈေးရောင်းခိုင်းပြီး လုပ်ငန်းတိုးချဲ့ပြန်လေသည်။

တဟုန်ထိုး ကြီးပွားတိုးတက်လာသော မောင်ဆယ်သိန်းနှင့် ခိုင်တို့သည် သိမ်ကြီးဈေးလမ်းမတန်းဘက် ကျောက်ပြားလမ်းဘေးဆိုင်ရှေ့ရှိ သိမ်ကြီးဈေး မျက်နှာစာတန်းရှိ ဆိုင်ကြီးတစ်ဆိုင်ကို ဝယ်လိုက်သည်။

အောင်မြင်တိုးတက်မှုနှင့်အညီ မိမိဘက်နှင့် ခင်ခက်ခက်ခိုင်ဘက်မှ ဆွေမျိုးသားချင်း လူငယ်များကို ရန်ကုန်သို့ ခေါ်ယူပြီး အလုပ်များပေးကာ စေခိုင်းခဲ့ရာ အနော်ရထာလမ်းမကြီးပေါ်ရှိ ကျောက်ပြားဈေးကွက်၊ မဟာဗန္ဓုလလမ်းမကြီးပေါ် ကျောက်ပြားလမ်းဘေးဈေးကွက်တို့တွင် ဆိုင်ပေါင်း (၅၀) ခန့် ရှိလာခဲ့လေပြီ။ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရသည်" ဆိုသည့် မြန်မာစကားပုံအတိုင်း နှစ်ဖက်ဆွေမျိုးများလည်း အလုပ်အကိုင် ရကြလေသည်။ ဥာတကာနုဂ္ဂဟ သင်္ဂဟော အဆွေအမျိုးတို့ကို ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာမည်၏။

## (၃)

ကျောက်ပြားဈေး၊ ကျောက်ပြားသူဌေးလေး ဖြစ်နေသော **မောင်ဆယ်သိန်းကို** နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာသား **ကျော်ဝင်းမောင်တစ်ယောက်** အတော် အားကျနေသည်။ ဆယ်

www.burmeseclassic.com

www.burmeseclassic.com



သိန်းက (၄) တန်းပဲ အောင်တဲ့ကောင်၊ ငါက ဘွဲ့ရ၊ ငါလည်း သူ့လိုပဲ ရန်ကုန်သွားပြီး အလုပ်လုပ်ရင် အောင်မြင်ရမယ်။ ချမ်းသာရမယ်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

ရွာမှ မိဘများ၏ ခိုင်းနွားကြီး (၄) ကောင်အနက်မှ (၂) ကောင်ကို ငွေ (၁၀) သိန်းဖြင့် ရောင်းလိုက်သည်။ ရွာ၏ နောက်ဘက်ရှိ ယာမြေ (၂) ကွက်ကို (၁၀) သိန်းဖြင့် ပေါင်လိုက်သည်။ ရင်းနှီးရန် ငွေကျပ်သိန်း (၂၀) ဖြင့် ရန်ကုန်သို့ ဆင်းလာသည်။ ဗဟန်းမြို့နယ်ရှိ စိန္တရာမ ဘုန်းကြီးကျောင်းတွင် ခေတ္တ တည်းခိုသည်။ စီးပွားရေး ဘာလုပ်ရင် ကောင်းမလဲ ရှာဖွေသည်။

ဗိုလ်ချုပ်ဈေးကြီး ကျောက်မျက်ရတနာပစ္စည်းရောင်းချသော ကွက်လပ်ဈေးကွက်တွင် ဖြစ်သည်။

"ကျွန်မနာမည်က မိုးကြည်ပြာအောင်ပါ။ ကျောက်မျက်ရတနာပစ္စည်း အရောင်းအဝယ်လုပ်ပါတယ်။ ဆိုင်ကြီးသမားတွေဆီမှာ တန်ဖိုးတစ်ဝက်ချေပြီး ဝယ်လက်ဘက်ကို ရောင်းတယ်။ အရောင်းအဝယ်ဖြစ်ရင် သတ်မှတ်ရောင်းဖိုးပေးတယ်။ မဖြစ်ရင် ပစ္စည်းပြန်ပေး၊ စပေါ်ငွေ ပြန်ယူတဲ့အလုပ်ပါ"

"ကျွန်တော်က ကျော်ဝင်းမောင်ပါ။ ဗိုလ်ချုပ်ဈေးလမ်း ကျောက်ပြားတန်းလမ်းဘေးဖြစ်ဖြစ်၊ အနော်ရထာလမ်းမကြီး၊ မဟာဗန္ဓုလလမ်းမကြီးတွေမှာ ဖြစ်ဖြစ် အထည်အဝတ်ရောင်းဖို့ စုံစမ်းနေဆဲပါ"



"ကိုကျော်ဝင်းမောင် အရင်းအနှီး ဘယ်လောက်သုံးမလဲ"

"(၁၀) သိန်း၊ (၁၅) သိန်းလောက်ပေါ့"

"အစ်ကိုကလည်း ငွေ (၁၀)သိန်း၊ (၁၅) သိန်း ရင်းနှီးနိုင်မှတော့ လမ်းဘေးဈေးသည်၊ ကျောက်ပြားဈေးသည်အလုပ်ကို နေပူခံ၊ မိုးရွာခံပြီး လုပ်စရာ မလိုပါဘူး။ ကျွန်မနဲ့ တွဲပြီး လုပ်ကြည့်၊ စမ်းကြည့်"

မိုးကြည်ပြာအောင်နှင့် ကျော်ဝင်းမောင်တို့သည် ကျောက်မျက်ရတနာ ဝယ်ရောင်းလုပ်ငန်းကို စတင်လုပ်ကိုင်ကြလေသည်။

သိန်း (၂၀) တန် ပစ္စည်းကို (၁၀) သိန်း စရန်စပေါ်ပေးပြီး ဆိုင်ကြီးမှ မိုးကြည်ပြာအောင်၏ မိတ်ဆွေထံမှ ယူသည်။ (၂၅) သိန်းဖြင့် အရောင်းထွက်သွားသည်။ ငွေ (၅) သိန်း မြတ်သည်။ နောက်နေ့ နောက်နေ့များတွင်လည်း ဗိုလ်ချုပ်ဈေး ဈေးကွက်၊ ရွှေဘုံသာလမ်းဈေးကွက်တို့တွင် ဝယ်ရောင်းလုပ်ခဲ့ကြရာ တစ်ရက်လျှင် (၅) သိန်း၊ (၁၀) သိန်း၊ (၃) သိန်း ရရှိကြသောကြောင့် အဆင်ပြေနေကြသည်။ ကျော်ဝင်းမောင်နှင့် မိုးကြည်ပြာအောင်တို့တွင် ရင်းနှီးငွေ သိန်း (၅၀) လောက် ဖြစ်လာကြသည်။

သွားအတူ၊ လာအတူ၊ နေအတူ၊ စားအတူတူ ကြည်ဖြူစွာ အပေးအယူတည့်နေကြသော ကျော်ဝင်းမောင်နှင့် မိုးကြည်ပြာအောင်တို့သည် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊ သဒ္ဒါတရားများလည်း တိုးပွားနေကြသည်။ သဒ္ဒါလွန်တော့ တဏှာကျွန်ဆိုသည့် ဘဝမျိုးကို ရောက်မှန်းမသိ ရောက်ရှိနေကြပြီ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၄)

"အစ်ကို…မနက်ကျရင် ခွင်ကြီးကြီးတစ်ခု ရထားတယ်။ မိုးပုလဲဆိုင်က အနီဝမ်းဆက်တစ်စုံကို သိန်း (၁၀၀) နဲ့ယူပြီး (၂၀၀) နဲ့ထည့်ဖို့ စီစဉ်ထားတယ်။ မိုးပုလဲကိုတော့ စပေါ်သိန်း (၅၀) တင်ရမှာပေါ့"

"မင်းမှာ ဝယ်လက်ခွင်အပိုင်ရှိရင်တော့ ခွင်ကြီးပဲပေါ့။ စိတ်ချရတဲ့ လူတွေကော ဟုတ်ရဲ့လား"

"အစ်ကိုရယ်၊ ကြည်ပြာက မပိုင်ရင် ခြင်တောင် မရိုက်ဘူးဆိုတာ အစ်ကိုသိတယ်မဟုတ်လား"

မိုးကြည်ပြာအောင်နှင့် ကျော်ဝင်းမောင်တို့သည် နောက်နေ့တွင် ခွင်ကြီးချပြီး အရောင်းအဝယ်လုပ်မည့်ကိစ္စကို အကျေအလည် ဆွေးနွေး စည်းဝါးကိုက်နေကြလေသည်။

နောက်နေ့ နေ့လယ် (၂) နာရီခန့်တွင် ဖြစ်သည်။

ဗိုလ်ချုပ်ဈေးကြီးရှိ မိုးပုလဲ ပြည်တွင်း/ပြည်ပ စိန်ရွှေရတနာအရောင်းဆိုင်ကြီးသို့ မိုးကြည်ပြာအောင် ရောက်ရှိလာသည်။ အဖော်မွန် ကျော်ဝင်းမောင်လည်း ပါလာလေသည်။

"အန်တီ…မနေ့က ပြောထားတဲ့ အနီဝမ်းဆက်ကို ခွင်ချသွားမယ်။ စပေါ် သိန်း (၅၀) ယူထားပါ။ အလုပ်မဖြစ်ရင် ပစ္စည်းပြန်ပေးပါမယ်"

ဒေါ်မိုးပုလဲသည် အလုပ်သဘောအရ ပစ္စည်းအပ်နှံစာချုပ်နှင့် အပ်နှံပစ္စည်းစာရင်းကိုပါ ဘောင်ချာကို လက်မှတ်ရေးထိုးခိုင်းပြီး ပစ္စည်းများ ပေးအပ်လိုက်လေသည်။



မိုးကြည်ပြာအောင်သည် ကျော်ဝင်းမောင်ကို ဈေးကွက်တွင် ထားရစ်ခဲ့သည်။ ပစ္စည်းများ ယူဆောင်ပြီး ထွက်သွားလေသည်။

ညနေ (၅) နာရီ ဆိုင်ပိတ်တော့မည်ဖြစ်၍ ကျော်ဝင်းမောင်သည် မိုးပုလဲ ရတနာပစ္စည်းဆိုင်ကြီးအနီးတွင် မိုးကြည်ပြာအောင် ပြန်လာမှာကို စောင့်ဆိုင်းနေသည်။ လည်ပင်းညောင်ရေအိုးခန့် ဖြစ်နေရသည်။

စိုးရိမ်စိတ်တွေက လှုပ်ရှားနေသောကြောင့် ကျော်ဝင်းမောင်သည် ဒေါ်မိုးပုလဲထံသို့ သွားရောက်မေးမြန်းသည်။

"အန်တီ၊ မိုးကြည်ပြာအောင် ပြန်လာပြီလား"

"မလာသေးဘူးကွယ့်…မင်းနဲ့ ဘာတော်သလဲ"

"ဘာမှ မတော်ပါဘူး အန်တီ"

"ဒါဆိုရင် မင်းက သူ့ကို ဘာလို့မေးတာလဲ"

"ကျွန်တော်လည်း ရှယ်ယာပါလို့ပါ အန်တီ"

"အေး…ကြည်ပြာ ငါ့ကို ဘတ်သွားရင်တော့ မင်းလည်း တာဝန်ရှိတယ်၊ ကြံရာပါပဲ"

ကျော်ဝင်းမောင်သည် မင်းလည်း ကြံရာပါဆိုသည့် ခြိမ်းခြောက်သံကို ကြားလိုက်သောကြောင့် မိုးပုလဲဆိုင်မှ ထွက်ခွာသွားသည်။ ဆိုင်အနီးမကပ်ရဲတော့။ ဆိုင်ပိတ်၊ ဗိုလ်ချုပ်ဈေးကြီး ပိတ်သည်အထိ၊ မိုးကြည်ပြာအောင် ရောက်မလာတော့ချေ။

နောက်နေ့တွင် သူ၏အမေ နေထိုင်သော မြောက်ဥက္ကလာပ နေအိမ်သို့ သွားရောက်စုံစမ်းသည်။ မိုးကြည်ပြာအောင် အိမ်

www.burmeseclassic.com

www.burmeseclassic.com



မလာသည်မှာ ကြာပြီဟုသာ သိရသည်။ (၇) ရက်တိုင်တိုင် ကြည်ပြာကို ကျော်ဝင်းမောင် စောင့်သည်။ ရှာသည်။ မလာတော့။ မရှိတော့။ ဒေါ်မိုးပုလဲကလည်း မိုးကြည်ပြာအောင် အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆/၄၂၀ ဖြင့် အမှုဖွင့်တော့မည်ဖြစ်ကြောင်း ကျော်ဝင်းမောင် ကြားသိနေရသည်။ ကြံရာပါအဖြစ် ဆွဲထည့်ခံရမှာကိုလည်း စိုးရိမ်ကြောင့်ကြနေရလေသည်။

## (၅)

'ဖွတ်မရ ဓားမဆုံး' ဖြစ်နေရသော ကျော်ဝင်းမောင် ဦးနှောက်တွေ ချာချာလည်အောင် စိတ်ရှုပ်ထွေးနေရလေပြီ။ ဘာလုပ်ရင်ကောင်းမလဲ အနုလုံ ပဋိလုံ အပြန်ပြန် အလှန်လှန် စဉ်းစားနေသည်။ အစိုးရိမ်ရဆုံးပြဿနာမှာ ဒေါ်မိုးပုလဲက မိုးကြည်ပြာအောင်အပေါ် အမှုဖွင့်ပါက သူ့ကိုပါ ကြံရာပါ ပူးတွဲကရားခံအဖြစ် ဆွဲထည့်ခံရမှာကို အကြောက်ဆုံးဖြစ်လေသည်။

ကျော်ဝင်းမောင်၏ဇာတိ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာသားဆိုသည်ကို မိုးကြည်ပြာအောင် မသိ။ နတ်မောက်သားလို့သာ သာမန်သိလေသည်။ ထို့ကြောင့် ခြေရာလည်းဖျောက်၊ ရေလည်းနောက် ဖြစ်စေရန် ဆုံးဖြတ်လိုက်လေသည်။

ရွာပြန်ရောက်တော့ မိဘတွေက ဆူသည်၊ ပူသည်။ မိဘတွေက ဘယ်သို့ပင်ဆူဆူပူပူ ရာဇဝတ်မှုကြီးပုဒ်မ ၄၀၆/၄၂၀



ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု၊ လိမ်လည်မှုလောက်တော့ မဆိုးပါ။

"သားရယ် ...မင်းဟာက တစ်လခွဲ၊ နှစ်လလောက်နဲ့ ငွေကျပ် သိန်း (၂၀) တောင် ဆုံးရှုံးရတယ်ဆိုတော့ အံ့ပါရဲ့တော် အံ့ပါ့"

"အမေရယ် ကုန်ရှုံးတော့ တစ်ခေါက်၊ လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်ဆိုတာလို အမေ့သမီးလောက်တော့ မရှုံးပါဘူး၊ သားပြန်ရအောင် ရှာဦးမှာပါ"

ကျော်ဝင်းမောင်သည် မိမိ၏အပြစ်ကို လင်ပစ်မလေးဖြစ်ခဲ့ရသော သူ၏အစ်မ မတင်တင်ရီ၏ ဆုံးရှုံးမှုကို ထောက်ပြပြီး အကာအကွယ်ယူလိုက်လေသည်။ မိဘဆိုသည်မှာ သားသမီးအပေါ် ခွင့်လွှတ်စမြဲဖြစ်လေသည်။

စိတ်ညစ်သူ စိတ်ဝေဒနာခံစားသူတို့၏ စိတ်၏ဖြေရာကား ထန်းရည်နှင့် အရက်သာ ဖြစ်လေသည်။ ကျော်ဝင်းမောင်မှာလည်း ထန်းရည်ဆိုင်ပိုင်ရှင် ဦးစိန်ဘို၏ ဆိုင်တွင် ညနေတိုင်း စိတ်ဖြေဆေးအဖြစ် ထန်းရည်သောက်သည်။

ရန်ကုန်သူ မိုးကြည်ပြာအောင်နှင့် ပတ်သက်ခဲ့ရသော နှလုံးသားဝေဒနာ ရင်တွင်းဖြစ်ခံစားချက်များကို ထန်းရည်လေးတမြမြနှင့် ဖြေသိမ့်နေရလေသည်။

နှလုံးသားခံစားချက်သီချင်းကိုလည်း မရိုးနိုင်၊ မမောနိုင် ထန်းရည်ကို အဖော်ပြုပြီး တကြော်ကြော် သီဆိုရင်း ဖြေသိမ့်နေသည်မှာကား ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ရန်ကုန်မြို့မှာ xxxအသည်းနှလုံးကို အတုလုပ်ရောင်းတာ မောင်မကြားမိလို့ မှားခဲ့ပါပြီကွယ် xxxရန်ကုန်သူရယ်xxx

မင်းတို့ ရန်ကုန်မြို့မှာ xxx အသည်းနှလုံးကို ခါးပိုက်နှိုက်တတ်တာ မောင်မကြားမိလို့ မှားခဲ့ပါပြီကွယ် xxxရန်ကုန်သူရယ် xxx

ဒီတစ်ခါ အညာပြန် အရှုံး အသည်းနှလုံးမပါဘူးကွယ်။ မင်းနဲ့အတူ သွားခဲ့တဲ့ သမ္မတရုံထဲမှာ ပြုတ်ကျခဲ့လေသလား၊ ကရဝိက်အပြန်မှာ မေ့ရစ်ခဲ့လေသလား၊ ရွှေတိဂုံမှာလား၊ တိရစ္ဆာန်ရုံလား မကွဲပြားတော့ဘူး xxx

အညာပြန် အသည်းမပါပေမယ့် ငိုမယ်မထင်နဲ့ xxx ရန်ကုန်မြို့သူ မိအညာကြီးရယ် xxx

ကျော်ဝင်းမောင်သည် ကျောက်ပြားသူဌေးလေး မောင်ဆယ်သိန်းကို အားကျကာ ရန်ကုန်ဆင်းလာပြီး စီးပွားရှာသူချင်းတော့ တူပေသည်။ သို့သော် အလင်္ကာကျော်စွာ ဆိုင်းဆရာကြီး စိန်ဘမောင်၏ ဆိုင်းသီချင်းစာသားအတိုင်း 'တူကားတူရဲ့ ...မတူတယ်၊ တတ်ကားတတ်ရဲ့ မတူတယ်' ဖြစ်ရလေသည်။

ကျော်ဝင်းမောင်၏ အဖြစ်အပျက်ကိုသိသော (ဘကြီး) ဦးသာကျော့က လောကနီတိကျမ်းလာ တရားနှင့် ဖြေဖျောက်ပေးသည်မှာကား ...

"စိန္တိကာတိ ဘဝတိ၊



အစိန္တိတာတိ ဝိနာသတိ"

"လူတွေက မျှော်လင့်တယ်၊ တောင့်တတယ်၊ ကြံစည်အားထုတ်တယ်၊ ဖြစ်ချင်မှဖြစ်တယ်၊ မဖြစ်ချင် မဖြစ်ဘူး။ လူတွေဟာ မမျှော်လင့်ဘူး၊ မတောင့်တဘူး၊ မကြံစည်ဘူး၊ အားမထုတ်ဘူး ဖြစ်ချင်ဖြစ်တယ်၊ ရချင်ရတယ်တဲ့"

"ဈာဓဝတ်ဘေး ပြေးမလွတ်" ဆိုသည့်စကားအတိုင်း ရန်ကုန်သူ မိအညာကြီး မိုးကြည်ပြာအောင်မှာကား ဒေါ်မိုးပုလဲက ပန်းဘဲတန်းရဲစခန်းသို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆/၄၂၀ ဖြင့် အမှုဖွင့်ခဲ့ရာ အမှုကို ဖော်ထုတ်စစ်ဆေးတွေ့ရှိသောကြောင့် ပန်းဘဲတန်းမြို့နယ် တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့ခဲ့ရလေသည်။ တရားရုံးတော်က မိုးကြည်ပြာအောင်အပေါ် ပြစ်မှုကြီးမှု အမှတ် (ပ) ၀၀၇/၀၆ ဖြင့် ထောင်ဒဏ် (၁) နှစ် ချမှတ်ခြင်း ခံရလေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## တဏှာဦးစီး အချစ်ဒုက္ခမီး

(၁)

"ဇရာဓမ္မောမှိ ဇယံအနတီတောတိ အဘိဏှံ ပစ္စဝေက္ခိ တဗ္ဗာနိ"

"ဇရာအိုခြင်း သဘောတရားကို အနတီတောတိ ငါ မလွန်ဆန်နိုင်"

"မရဏံဓမ္မောမှိ မရဏံ အနတီတောဟတိအဘိဏှံ ပစ္စဝေက္ခိ တဗ္ဗာနိ"

"မရဏံသေခြင်းသဘောတရားကို အနတီတောတိ ငါ မလွန်ဆန်နိုင်"

ဒေါ်တင်တင်စိန်သည် အိုခြင်းသဘောတရား၊ နာခြင်း သဘောတရား၊ သေခြင်းသဘောတရားများကို အဘိဏှသုတ်တော်ကို ရွတ်ဖတ်ပွားများရင်း ဆင်ခြင်ပွားများ အားထုတ်နေလေသည်။

"အမေ ကော်ဖီနဲ့ ဆေးသောက်လိုက်ပါဦးအမေ

www.burmeseclassic.com

www.burmeseclassic.com



"သာစုကွယ်၊ သာစု သမီးလေး"

နာမကျန်းရှိသော မိခင်အိုကြီးအား တစ်ဦးတည်းသော သမီးလေး တင်မမခိုင်က ကော်ဖီသောက်ပြီး ဆေးတိုက်ရန် တယုတယ ပြုစုပေးနေလေသည်။

"သမီးကို အမေ တစ်ခုပြောချင်တယ် သမီးလေးရယ်၊ အမေကလည်း နာမကျန်းရှိနေတယ်။ အမေတို့မှာ အမေတစ်ခု၊ သမီးတစ်ခုသာရှိတယ်မဟုတ်လား။ အမေသေသွားရင် ဒီပစ္စည်းတွေ၊ အဆောက်အအုံတွေနဲ့ သမီးကို စိတ်မချဘူး။ ဒါကြောင့် အမေ့သမီးကို ရဲအုပ်ကျော်စိန်လင်းနဲ့ နေရာချထားပေးချင်တယ်။ ကောင်လေးက လူကုံထံရဲ့သား ဆွေကြီးမျိုးကြီးလည်း ဖြစ်တယ်။ သမီးသဘောထား အမေသိချင်တယ် သမီး"

မိခင်ကြီး ဒေါ်တင်တင်စိန်သည် ဆင်စီးလို့မြင်းရံတာ မြင်ချင်တယ်ဆိုတဲ့ ရှေးလူကြီးသူမတို့၏ အဆိုအတိုင်း သမီးဖြစ်သူ တင်မမခိုင်ကို နားချနေလေသည်။

"အမေရယ် အိမ်ထောင်သည်ဘဝနဲ့ဆိုရင် အမေ့ကို အခုလို ကိုယ်ဖိရင်ဖိ ပြုစုနိုင်မှာ မဟုတ်ဘူး။ သမီး အိမ်ထောင်မပြုချင်သေးဘူးအမေ။ အစ်ကို ကျော်စိန်လင်းဆိုတာကလည်း မောင်နှမလို နေကြတဲ့သူတွေပါ။ အမေ မျှော်လင့်သလို တစ်နေ့ဖြစ်ချင်ရင် ဖြစ်သွားမှာပေါ့အမေ။ အမေ့ကျန်းမာရေးကိုသာ ဂရုစိုက်ပါအမေ"

တင်မမခိုင်သည် မိခင်ကြီး ကျေနပ်မှုရှိအောင် ဆင်ခြေဆင်လက် ကောင်းကောင်းပေးလိုက်လေသည်။ တကယ်ဆိုတော့



ငှက်ကလေး စင်ရော်ဆိုသကဲ့သို့ အပျံသင်စ ငှက်ကလေးကဲ့သို့ ချောမောလှပသော၊ ဥစ္စာပေါသော၊ ရုပ်ချောမိန်းကလေး တင်မမခိုင်မှာ ချစ်တတ်သော၊ စွဲလမ်းတတ်သော၊ တွယ်တာတပ်မက်သော၊ အချစ်စိတ်၊ တဏှာစိတ်က သူ့ကို ချုပ်ကိုင်ထားနှင့်ပြီး ဖြစ်နေလေသည်။ တဏှာဦးစီးမှုတွင် နစ်မွန်းနေသူဖြစ်လေသည်။

"တင်မမ၊ နင် ကြက်တူရွေးကို စကားသင်ပေးသလို တောသားအညာသား နင့်အလုပ်သမား ကျော်ကျော်ကို တွယ်တာနေတာ မတုံးဘူးလား၊ ခေတ်အတော် နောက်ကျမနေဘူးလား။ ငါတို့သံလွင်လမ်းမှာတော့ လုံးဝ လုံးဝမရှိတဲ့ နင့်ရဲ့အတွေးအခေါ်တွေပဲ"

တင်မမခိုင်၏ ငယ်သူချင်း၊ ခြံနီးချင်းဖြစ်သူ၊ ဂရေစီ (ခ) သိမ့်သိမ့်သူက ဝေဖန်ရေးလုပ်နေသည်။ ဆုံးမဩဝါဒတွေပေးနေသည်။ သင်ခန်းစာများပေးပြီး ဆရာမကြီး လုပ်နေလေသည်။

"သူငယ်ချင်းရယ် အချစ်မှာ မျက်စိမရှိဘူးဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ဟုတ်တယ် တင်မမ၊ နင်ဟာ မျက်ကန်းတစ္ဆေ မကြောက်ဖြစ်နေလို့ ပြောနေရတာ"

တင်မမခိုင်သည် သူ၏ သူငယ်ချင်း ဂရေစီက မည်သို့ပင် တရားဟော၊ တရားချနေသော်လည်း မရပါ။ လက်မခံပါ။ သူမ၏ ငါစွဲ စွဲနေမှုဖြင့် သူကပင် ပြန်လည်ပြီး အချစ်အဘိဓမ္မာတရား ပြန်လည် ပြနေပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောသား၊ အညာသား၊ ဘွဲ့ရမဟုတ်သူ ကျော်ကျော်ဟာ ရိုးသားတယ်၊ စိတ်ကောင်းရှိတယ်။ ငါ့ကို မလွန်ဆန်ဝံ့ဘူး။ ငါ့အကြိုက်သဘော လိုက်လျောတယ်။ ယုတ်စွအဆုံး သေဆိုသေ၊ ရှင်ဆိုရှင်၊ ဒီခေတ် ဘွဲ့ရကြီးတွေ၊ ပညာတတ်ကြီးတွေ ဘာတွေညာကြီးတွေရဲ့ သားတွေက ဒီလိုဖြစ်နိုင်မလား ဂရေစီ၊ နင်တောင်မှ နင်ဖြစ်ချင်သလို မဖြစ်ရလို့ နင့်အကြိုက်သဘောဆန့်ကျင်လို့၊ စာရေးဆရာယောင်ယောင်၊ ဘာယောင်ယောင် တင်သိုက်ထွန်းနဲ့ လမ်းခွဲခဲ့ပြီး၊ နောက်ပြီး အဆိုတော်ယောင်ယောင်၊ မင်းသားယောင်ယောင်၊ ကုမ္ပဏီပိုင်ရှင်ယောင်ယောင် လင်းမောင်သန်းနဲ့ ဒုတိယအကြိမ် လမ်းခွဲခဲ့ပြီ မဟုတ်လား။ ဒါကြောင့် ငါကတော့ တောသား၊ အညာသား၊ ပစ္စည်းမဲ့ လူတန်းစားလေး ကျော်ကျော့်ကိုပဲ ရွေးချယ်ရတာ မှယ်မင်းကြီးမရေ"

ကရားမှ ရေလွှတ်သလို တတွတ်တွတ် ပြန်လည်သင်ခန်းစာပေးနေသော တင်မမခိုင်၏ အချစ်သဘောတရား အချစ်သုတေသနများကို နားကြားရင်း မိမိ၏ 'သိပ်ချစ်လိုက်' 'စိတ်ညစ်လိုက်' ခံစားရချက်များကိုပင် ပြန်လည် သတိရပြီး တင်မမခိုင်၏ ဆုံးဖြတ်ချက်ကို အလျော့ပေး၊ အရှုံးပေးလိုက်ရလေသည်။

(၂)

လက်သည်းဆိတ်တော့ လက်ထိပ်နာ ဆိုတဲ့ စကားပုံအတိုင်း တင်မမခိုင်သည် သူမ၏ နှလုံးသည်းပွတ် ကျော်ကျော်



ကို တောသား၊ ပစ္စည်းမဲ့လူတန်းစား၊ ပညာမဲ့လူတန်းစားရယ်လို့ ဝေဖန်ပြောဆိုခံရမှုအတွက် နာကြည်းမှုတစ်ရပ်အဖြစ် ခံစားနေရသည်။ ကိုယ့်ရဲ့ ဘဝကြင်ဖော်အဖြစ် သတ်မှတ်ထားသော ကျော်ကျော်ကို လူဝင်ဆန့်၊ သူဝင်ဆန့်၊ ဂုဏ်သရေရှိ လူတန်းစားတစ်ဦး ဖြစ်လာစေရန် မလုပ်မဖြစ် လိုအပ်နေပြီဆိုသော အချက်ကို ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် မိမိတို့ခြံထောင့် ကြက်လျှာစွန်းနေရာတွင် ယခင် စတိုးဆိုင်ဖွင့်ခဲ့သောဆိုင်တွင် ကျော်ကျော်အား လုပ်ငန်းတစ်ခုခု လုပ်စေရန် စီစဉ်လိုက်သည်။

"ကျော်ကျော် စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ဖို့ စီစဉ်နေတယ်၊ နင်ဘာလုပ်ချင်လဲ"

"မမတို့အိမ် မရောက်ခင်က ရန်ကင်းဟိုတယ်မှာ အကြော်ဆရာ၊ အကင်ဆရာ လုပ်ခဲ့ဖူးတဲ့အတွက် ကိုယ်ကျွမ်းကျင်တဲ့ အစိမ်းကြော်၊ အသားကြော်၊ ငါးကင်၊ အသားကင် ဂျပန်စတိုင်လ်၊ ထိုင်းစတိုင်လ် လုပ်ချင်တယ် မမ"

"ဒါဆိုရင်လည်း ကျော်ကျော်ဆန္ဒရှိသလို လုပ်ပါ။ လိုတဲ့ငွေ မမကိုပြော၊ ပီပီပြင်ပြင် အောင်မြင်အောင်လုပ်၊ ကျော်ကျော်"

"စိတ်ချ ...မမ ဩဝါဒအတိုင်း အောင်မြင်စေရမယ်"

ကျော်ကျော်သည် ဂျပန်စတိုင်လ်၊ ထိုင်းစတိုင်လ် အစိမ်းကြော်မျိုးစုံ၊ အသားကြော်၊ ငါးကြော်၊ အသားကင်၊ ငါးကင်ဆိုင်ကို ဖွင့်လှစ်ခဲ့ရာ မျှော်မှန်းသည်ထက် အောင်မြင်လာခဲ့လေသည်။ သံလွင်လမ်းတစ်ခွင် ပြိုပြိုစင်အောင် မင်းကြိုက်၊ စိုးကြိုက်၊

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြိုက်ဆိုင် ဖြစ်လာခဲ့လေသည်။ ကားကြီးကားငယ်တို့ဖြင့် ဝင်လာမစဲ တသဲသဲ ဖြစ်နေလေပြီ။

(၃)

ထွက်လာသော စကြာနေမင်းကြီးသည် ဝင်ခြင်းလျှင်အဆုံးရှိသကဲ့သို့ ဖြစ်လျှင် မုချ ချုပ်ပျက်ရသော သခ်ါရသဘောတရားအတိုင်း အာယုသက်စေ့ (၆၀) နှစ်ရှိပြီဖြစ်သော ဒေါ်တင်တင်စိန်သည် (၉၆) ပါးသော ရောဂါဝေဒနာတို့ကြောင့် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ခဲ့ရလေသည်။

စိတ်၏လွတ်လပ်မှု၊ ကိုယ်၏လွတ်လပ်မှု ရှိနေပြီဖြစ်သော တင်မမခိုင်သည် နှလုံးသားချင်း ပေါင်းစပ်ခဲ့ပြီးသော ကျော်ကျော်နှင့် အဒေါ်ဖြစ်သူ ဒေါ်ချမ်းနုနိုင်၊ ညီမဝမ်းကွဲဖြစ်သော မိုးပပနိုင်တို့ ခြံရုံလျက် ရန်ကုန်တိုင်း တရားရုံး လက်ထပ်တရားသူကြီးဖြစ်သူ ဒေါ်တင်ကြူကြူဝင်း၏ ရှေ့တွင် ရာသက်ပန် အကြင်လင်မယားအဖြစ် ထိမ်းမြားလက်ထပ်လိုက်ကြလေသည်။

တင်မမခိုင်၊ ကျော်ကျော်တို့၏ ခြေရင်းဘက်ခြံတွင် ငှားရမ်းနေထိုင်သူ မစ္စတာအိုအိချိ (၃) ဦးကျော်မိုးသည် မြန်မာစကားကောင်းစွာတတ်သော ဂျပန်နိုင်ငံသားတစ်ဦး ဖြစ်သည်။ သူသည် မြန်မာနိုင်ငံတော်အစိုးရ၏ စီမံကိန်းလုပ်ငန်းကြီးတစ်ခုအတွက် လာရောက် တာဝန်ထမ်းဆောင်နေသူ အိမ်နီးချင်းဖြစ်သည်။ ခင်မင်ရင်းနှီးသူများ ဖြစ်ကြသည်။



ကျော်ကျော်၏ အစိမ်းကြော်၊ အသားကြော်၊ ငါးကင်ဆိုင်လုပ်ငန်း၏ အောင်မြင်မှုများကို သဘောကျသောကြောင့် ဂျပန်နိုင်ငံ ပင်လယ်ကမ်းခြေရှိ ၎င်းပိုင် ပိတ်ထားရသော ဆိုင်ကို သွားရောက်နေထိုင်ပြီး ဆိုင်ဖွင့်လုပ်လုပ်ကိုင်ကြရန် စီစဉ်ပေးထားရာ ဝမ်းမြောက်ဝမ်းသာ လက်ခံပြီး တင်မမခိုင်နှင့် ကျော်ကျော်တို့ သွားပြီး လုပ်ကိုင်ကြသည်။

ဂျပန်နိုင်ငံ ပင်လယ်ကမ်းခြေဆိုင်များတွင် အလုပ်လုပ်နေကြသော ကိုရှောက်သီး၊ ကိုတင်သိုက်ထွန်းတို့ကိုပါ ခေါ်ယူပြီး ဆိုင်ဖွင့်ခဲ့ရာ အလွန်အောင်မြင်သော ပင်လယ်ကမ်းခြေစားသောက်ဆိုင်ကြီး ဖြစ်လာသည်။

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော မစ္စတာအိုအိချိ (ခ) ဦးကျော်မိုး၏ မိသားစုသို့ လစဉ် ဆိုင်ငှားရမ်းခပေးပြီး အောင်မြင်စွာ လုပ်ကိုင်လာခဲ့ကြလေသည်။

စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံနေသော တင်မမခိုင်တွင် သားဦးရတနာ (တင်ထွန်းကျော်) ကို မွေးဖွားခဲ့ကြသည်။

ကျော်ကျော်သည် ဂျပန်နိုင်ငံတွင် စုဆောင်းရရှိသော ငွေများဖြင့် မြန်မာနိုင်ငံ၊ နတ်မောက်မြို့၊ ဝက်ချုပ်ရွာတွင် နေသော မိဘများ၊ မွေးချင်းများကို မကွေးမြို့သို့ ပြောင်းရွှေ့နေထိုင်နိုင်ရန် ငွေပို့ပေးသည်။ တစ်နေ့တခြား တိုးတက်ချမ်းသာလာခြင်းနှင့်အတူ ရန်ကုန်၊ မကွေး၊ ဆယ်ဘီးကား၊ လော်ရီကားကြီး (၂) စီး၊ ရန်ကုန်-ပုဂံ "ပုဂံမင်းထိပ်ထား" လေအိတ်ခရီးသည်

www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ကြီး ဖွင့်လှစ်ခဲ့သည်။ ၆လေအိတ်ကားကြီး (၄) စီးဖြင့် အောင်မြင်ကြီးပွားနေကြလေသည်။

တင်မမခိုင်ကလည်း ၎င်း၏ အဒေါ် ချမ်းနုနိုင်နှင့် ညီမ ဝမ်းကွဲ မိုးပပနိုင်တို့အတွက် ငွေ၊ အိမ်စီးကားတို့ကို ပေးပို့ပေး ခဲ့ကြလေသည်။

## (၄)

ကံဇာတာအလှည့်အပြောင်း၊ အကွေ့အကောက်တို့ဖြင့် ပေါ်ခဲ့ကြရလေပြီ။ (၈) နှစ်တိုင်တိုင် မြန်မာနိုင်ငံတွင် တာဝန် ထမ်းဆောင်ပြီးခဲ့သောကြောင့် မစ္စတာအိုအိချိ ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့လေပြီ။ ထို့ကြောင့် တင်မမခိုင်နှင့် ကျော်ကျော်တို့သည် ဂျပန်နိုင်ငံရှိ ဆိုင်ကို လွှဲပြောင်းပေးပြီး အမိနိုင်ငံ တော်သို့ ပြန်လာခဲ့ကြလေပြီ။

နိုင်ငံခြားငွေများ ရှိနေခြင်း၊ မြန်မာနိုင်ငံရှိ သယ်ယူပို့ ဆောင်ရေးလုပ်ငန်းများမှ ဝင်ငွေများ ရရှိနေခြင်းကြောင့် ကျော် ကျော်သည် နေ့စဉ် အပေါင်းအသင်းရောင်းရင်းများဖြင့် သောက် သောက်စားစား လူ့ငနွား ဖြစ်မှန်းမသိ ဖြစ်လာခဲ့ချေပြီ။ ဖို+မ ရှုပ်ထွေးမှုများ၊ ကာမဖောက်ပြားမှုများ တစ်နေ့တခြား များလာ သည်။

ကျော်ကျော်နှင့် ရရှိသော ဗိုက်ဖြစ်ပါသည်ဆိုသော ဗိုက် ကို ပုတ်ပြပြီး မွေးစရိတ်၊ ကလေးစရိတ်၊ စားစရိတ်တောင်းသူ များလည်း (၂) ဦး၊ (၃) ဦး ဖြစ်လာသည်။



"ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူတာ၊ ငါ့စိန်နားကပ် အရောင်နဲ့ လူဖြစ်လာတာ။ နင်လူပါးမဝနဲ့ ..."

"ကျော်ကျော်၊ ဒီပုံစံအတိုင်းဆိုရင် နင့်ကို ငါမပေါင်းနိုင် တော့ဘူး"

"ငါကလည်း မင်းကို မပေါင်းချင်လို့ နေချင်သလို နေ တာ။ မပေါင်းချင်ရင် ကွဲကြမယ်၊ ကွာကြမယ်၊ ပြတ်ကြမယ် ဒါပဲ"

လမ်းဆုံးရောက်အောင် တစ်ဦးနှင့်တစ်ဦး ရှေ့ဆက်လက် မပေါင်းသင်းလိုကြသောကြောင့် လင်ခန်း၊ မယားခန်း၊ ပစ္စည်း ခန်းကွာရှင်းကြရန် ရန်ကုန်တိုင်း၊ တရားရုံးသို့ ရောက်ရှိလာခဲ့ကြ လေသည်။

"ကျွန်မတို့ တရားရုံးအနေနဲ့ လူမှုအခွင့်အရေးအရ စိတ် သဘောထားချင်း လုံးဝ မတိုက်ဆိုင်ကြတော့လို့ လင်မယား ကွာရှင်းပြတ်စဲပေးလို့ ရပါတယ်။ ဒါပေမဲ့ ပစ္စည်းခန်းတော့ ပါလို့ မရပါဘူး။ နှစ်ဦးပိုင်ပစ္စည်းများ ခွဲဝေပေးစေလိုမှုကိုတော့ တစ်သီးတခြား လျှောက်ထားဖွဲ့ဆိုရမှာ ဖြစ်ပါတယ်"

ရန်ကုန်တိုင်း တရားသူကြီး ဒေါ်နုနုခိုင်၏ ဥပဒေဆိုင်ရာ အကြံပြုချက်အရ လင်မယားကွာရှင်းပြတ်စဲကြောင်း၊ ကွာရှင်း စာချုပ်ကို ပြုလုပ်ကြသည်။ နောက်နေ့တွင် သတင်းစာမှလည်း ကြော်ငြာလိုက်ကြလေသည်။ အမုန်းခွန်အား ပေးလိုက်ကြလေ ပြီ။

ကျော်ကျော်က သံလွင်လမ်းရှိ "လင်းရိမ်ငြိမ်ခြံကြီးနှင့် နှစ်ထပ်တိုက်အိမ်ကြီး၊ အစေခံတန်းလျား၊ ကားဂိုဒေါင်၊ ခြံ

www.burmeseclassic.com

www.burmeseclassic.com



ထောင့်ရှိဆိုင်" တို့ကို ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း (၁၅၀၀) သတ်မှတ်ပြီး "လင်မယားအမွေပုံ ဝေစုခွဲဝေပေးစေလိုမှု" ရန်ကုန်တိုင်း တရားရုံးတွင် တရားစွဲဆိုခဲ့လေသည်။ တရားမကြီးမှု အမှတ် ၁၀/၂၀၀၆ ဖြစ်သည်။

တင်မမခိုင်ကလည်း မကွေးမြို့ရှိ နှစ်ထပ်တိုက်အိမ်၊ (၁၀) ဘီး ကုန်တင်ကားကြီး (၆) စီး ကာလတန်ဖိုး သိန်းပေါင်း (၂၀၀၀၀) သတ်မှတ်ပြီး ရန်ကုန်တိုင်း တရားရုံးတော်သို့ အမွေပုံပစ္စည်းခွဲဝေပေးစေလိုမှု အပြန်အလှန် တရားစွဲဆိုခဲ့သည်။ တရားမကြီးမှုအမှတ် ၂၀/၂၀၀၆ ဖြစ်သည်။

## (၅)

လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ တဟုန်းဟုန်းတောက်လောင်နေသော ကျော်ကျော်သည် ရက်လေဘယ်၊ ဘလက်လေဘယ်တို့ကို အဖော်ပြုပြီး ပလေးဘွိုင်သန်းနိုင် သီဆိုသော 'လောင်စာမီး မဆော့နဲ့' သီချင်းလေးကို အဖော်ပြုနေလေသည်။

"ချစ်သူမရှိဘူးလို့ ပြောမယ့် x x x သူကလေ သိပ်ချစ်သတဲ့ x x x အိပ်မရတဲ့ ညတွေများပြီး ကိုယ့်အပေါ် နိုပ်စက်လွန်းတယ် x x x တစ်ဖက်သတ်အချစ်ဟာ မလွယ်ဘူး x x x မိန်းကလေးဖြစ်တာ စိတ်ညစ်မဆုံး x x x မိဘမျက်နှာ အိုးမဲမသုတ်ရဲ နေဝယ်ကျွန်းကလေးလို့ နေမယ်တဲ့အကြည့် x x x မုန်းပစ်လိုက် မေ့ပစ်လိုက် x x x လောင်စာမီး မဆော့နဲ့ပေါ့ မုန်းပစ်လိုက် မေ့ပစ်လိုက် x x x ဒုက္ခများမယ် x x x များမယ်"



အဝိဇ္ဇာဦးစီးတဲ့မီး၊ တဏှာဦးစီးတဲ့မီး လောင်ကျွမ်းခံနေရပြီး စိတ်ဖိစီးမှုဝေဒနာကို ခံစားနေရသော ကျော်ကျော်သည် စိတ်အလိုလိုက်စားပြီး မိုက်မှားမှုများကို တစ်ခုပြီးတစ်ခု ပြုလုပ်နေလေပြီ။ အဆိပ်ပြင်းသော တဏှာမီးကြောင့် ကျော်ကျော်မှာ ကိုယ်ခံအား တစ်နေ့တခြား ကျဆင်းနေလေပြီ။ တစ်နေ့တခြား ပိန်လှီလာနေသည်။ အအိပ်မမှန် အစားမမှန် ဖြစ်နေလေပြီ။

"ပတ္တမြားမှန် နှမ်းမှာနှစ်စေတော့ မညစ်ပါတဲ့ ဒီအရောင်၊ ကိုးဆယ်ဆပြောင်" ဆိုသကဲ့သို့ တင်မမခိုင်တစ်ယောက်ကတော့ အလှမပျက်၊ အဝမပျက်၊ ဘဝမပျက်၊ ကိုးဆယ်ဆသာ ဆိုသကဲ့သို့ တစ်သွေးတစ်မွေး ဈလှချင်တိုင်း လှနေလျက်ပင်။

ရန်ကုန်တိုင်း တရားရုံးတော်က တရားမကြီးမှုအမှတ် ၁၀/၂၀၀၆ တို့ကို တစ်ပေါင်းတည်း စစ်ဆေးကြားနာခဲ့သည်။ စီရင်ဆုံးဖြတ်ခဲ့ရာတွင် –

(၁) သံလွင်လမ်းရှိ ဒေါ်တင်တင်စိန် အမည်ပေါက်မြေနှင့် အဆောက်အအုံတို့သည် လင်မယားနှစ်ဦး လင်မယားလက်ထက်ပွား ပစ္စည်းမဟုတ်သောကြောင့် ကျော်ကျော်သည် အမွေပုံဝေစု မရထိုက်ကြောင်း၊

(၂) မကွေးမြို့ရှိ တိုက်၊ ပုဂံမင်းထိပ်ထား ကားဂိတ်နှင့် လေအိတ်ကားကြီး (၆) စီး၊ ဆယ်ဘီးတင် ကုန်တင်ကားကြီး (၂) စီးတို့မှာ ဂျပန်နိုင်ငံတွင် လင်မယားနှစ်ဦး ရှာဖွေစုဆောင်းရရှိသော ပစ္စည်းများဖြစ်၍ တင်မမခိုင်နှင့် သား တင်ထွန်းကျော်တို့က (၂) ပုံ၊ ကျော်ကျော်က (၁) ပုံခွဲဝေယူရန် အမိန့်ချ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမုန်းတရားမှသည် အရှုံးတရားများကို ခံစားနေရသော ကျော်ကျော်သည် စိတ်ကို ရူးသွပ်လှုပ်ရှားစေသော မူးယစ်ဆေးပါးများကို အလွန်အကျွံ သောက်ခဲ့ရာ နံနက်မိုးသောက် အလင်းရောက်သော် ဇီဝိန်ချုပ်၍ ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်သွားရှာလေတော့သည်။

**တရားဦးစီး ဒုက္ခမီးမှ ကင်းလွတ်ကြပါစေ။**

□



www.burmeseclassic.com

www.burmeseclassic.com

## သန္ဓေသား

### (၁)

"မင်းကြီး၊ ဒုရဲအုပ် မိလုံးကျင်၊ မေစီသန်း၊ နော်သန်းသန်းဝင်းတို့ ရောက်ရှိကြောင်း သတင်းပို့"

ဒုရဲအုပ် မိလုံးကျင်၊ မေစီသန်း၊ နော်သန်းသန်းဝင်းတို့ မင်းကြီး၏ အခန်းတွင်းသို့ ဝင်သွားကြပြီး အလေးပြု၍ ထိုင်လိုက်ကြသည်။

"ဆရာမြဝင်း၊ ကျွန်တော်တို့ လုပ်ငန်းမပြီးမီအတွင်း ဘယ်ဧည့်သည်ကိုမှ လက်မခံပါနဲ့ . . . ."

"ရဲဘော်တို့၊ အထူးတာဝန် ထမ်းဆောင်ဖို့အတွက် လေ့ကျင့်မှုတွေ အားရပြီလား။ ကျေနပ်ကြပြီလား"

"အားရကျေနပ်ပါပြီ မင်းကြီး"

"ဒါဆိုရင် အထူးတာဝန် ထမ်းဆောင်ဖို့ မနက်ဖြန်ကစပြီး စတင်ပါ။

အထူးတာဝန် ထမ်းဆောင်ကြရတဲ့ အဖွဲ့ဝင်တွေရဲ့



တာဝန်၊ ကျင့်စဉ်၊ ခံယူချက်တွေကိုလည်း သိပြီးဖြစ်မယ်ထင်ပါတယ်"

"သိပြီးဖြစ်ပါတယ် မင်းကြီး"

"ရဲဘော်မိလုံးကျင်က မုဒုံသူ။ မွန်လူမျိုးဆိုတော့ နယ်မြေလည်း ကျွမ်းပြီးဖြစ်တယ်။ လှုပ်ရှားမယ့်ခွင့်နဲ့လည်း အံဝင်ခွင်ကျ ဖြစ်တယ်။ ရှမ်းစကား၊ မွန်စကား၊ ကရင်စကားလည်း ကျွမ်းတယ်။ ဒါကြောင့် လူကုန်ကူးဂိုဏ်းစတားတွေထဲမှာ သန္ဓေယူပြီး သတင်းပို့ပါ။ ဂိုဏ်းစတားတွေကတော့ မဲဆောက်မှာပဲ အိမ်ငှားပြီး နေကြတယ်။ သူတို့ရဲ့ တပည့်လူယုံတွေကတော့ မော်လမြိုင်၊ ဘားအံ၊ သံဖြူဇရပ်၊ မုဒုံမြို့နယ် ကျေးရွာတွေက မိန်းကလေးတွေကို စည်းရုံးသိမ်းသွင်းပြီး တစ်လ (၂) သိန်း၊ (၃) သိန်းပေးပြီး အလုပ်ရုံ၊ စားသောက်ဆိုင်တွေမှာ စတင်ပြီး ကျူးသွင်းတယ်။ နောက်ပိုင်း တစ်ဆင့်တက်ပြီး ဘန်ကောက်နဲ့ တခြားမြို့တွေမှာ ရှိတဲ့ ဟိုတယ်တွေ ဓိမ်ခန်းတွေမှာ အပြတ်ရောင်းစားပြီး အပြင်ထွက်ခွင့် မပေးတော့ဘူး။ အဆက်အသွယ်အားလုံး ဖြတ်တောက်ပစ်ကြတယ်။ ဒါကြောင့် ဒီဂိုဏ်းရဲ့ လှုပ်ရှားမှုကို ဖော်ထုတ်ဖို့ ဖြစ်တယ်။ ဟောဒီမှာ ဓာတ်ကောင်တွေ၊ ဓာတ်လိုက်တွေ၊ ဓာတ်ပို့တွေရဲ့ 'ဓာတ်ပုံတွေ . . ."

"မေစီသန်းကတော့ အင်္ဂလိပ်လိုလည်း ကျွမ်းတယ်။ ဂိုဏ်းစတားဒကွ အကြိုက်တွေ့နိုင်တဲ့ ကိုယ်လုံးကိုယ်ထည်မျိုး ဖြစ်လို့ သူတို့တပည့်လက်ရင်းတွေနဲ့ တိုးဝင်ပူးပေါင်းပါ။ တစ်ခု သတိပြုရမှာက ဂိုဏ်းစတားတွေဟာ ထိုင်း-မြန်မာ နယ်စပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခြေကုတ်ယူနေကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ ဒုက္ခသည်စခန်းတွေနဲ့ အချိတ်အဆက်ရှိတယ်။ ဒါကြောင့် သတိကြီးကြီးထားပြီး လုပ်ရှားပါ။ အန္တရာယ်လည်း များတယ်။ ဟောဒီမှာ ဓာတ်ပုံတွေ . . .”

“နော်သန်းသန်းဝင်းကတော့ မြဝတီ–မဲဆောက်မှာ နယ်စပ်ကုန်သွယ်မှုလုပ်နေတဲ့ ကုန်သည်တွေ၊ ပွဲစားတွေနဲ့ ရင်းနှီးအောင်လုပ်ပြီး တရားမဝင် သွင်းကုန်–ပို့ကုန်လုပ်နေတဲ့ နယ်စပ်ကျော်ဖြတ် မှောင်ခိုကုန်သည်တွေနဲ့ နီးစပ်အောင်လုပ်ပါ။ အဲဒီပုဂ္ဂိုလ်တွေဟာ နယ်စပ်ကျော်ဖြတ် တောလမ်းမှောင်ခိုလုပ်နေသူတွေ ဖြစ်တယ်။ ရင်းနှီးမှု၊ ယုံကြည်မှုရှိလာချိန်မှာ သတင်းအချက်အလက်တွေ ရနိုင်တယ် . . .”

“ရဲဘော်တို့ လှုပ်ရှားရမယ့် ခွင်တွေကတော့ အဲဒီဒေသတွေမှာ သန္ဓေယူပြီး လှုပ်ရှားကြရမှာ ဖြစ်တယ် . . .”

“သဘောပေါက်ပါတယ်။ ကြေညက်ပါတယ် မင်းကြီး”

“မနက်ဖြန် စလုပ်”

အထူးတာဝန်ထမ်းဆောင်ကြမည့် ဒုရဲအုပ် မိလုံးကျင်၊ ဒုရဲအုပ် မေစီသန်း၊ ဒုရဲအုပ် နော်သန်းသန်းဝင်းတို့သည် အထူးတာဝန် ထမ်းဆောင်ရန်အတွက် နှစ်လတိုင်တိုင် ဂျူဒို၊ ကရာတေး၊ ကွန်မန်ဒို ပြန်လည်လေ့ကျင့်မှုများ အားရကျေနပ်ပြီဖြစ်၍ မင်းကြီးထံ အမိန့်နာခံပြီး စုံစမ်းထောက်လှမ်းမှု အထူးတာဝန် ထမ်းဆောင်ကြရန် ကိုယ်စီကိုယ်ငှ ထွက်ခွာသွားကြလေသည်။



(၂)

မိလုံးကျင်သည် မော်လမြိုင်၊ သံဖြူဇရပ်၊ ဘုရားသုံးဆူဆုံစည်းရာ တြိဂံနယ်မြေဖြစ်သော မုဒုံမြို့ ကားဂိတ်တွင် ယောင်လည်လည် ရောက်ရှိလာသည်။ ခပ်တောင့်တောင့် အသက် (၄၀) နှစ်ခန့် အမျိုးသမီးတစ်ဦးက မိလုံးကျင်၏ နေထိပန်းအသွင်အပြင်ကို ကြည့်ပြီး နှုတ်ဆက်စကားစလိုက်သည်။

“ညီမက ဘယ်သွားမှာလဲ”

“ဘယ်သွားရင် ကောင်းမလဲ စဉ်းစားနေတာပါ အစ်မ”

“ညီမကြည့်ရတာ တော်သလင်းနေရဲ့ အပူဒဏ် ခံစားနေရသလိုပဲ ညှိုးနေတယ်ထင်တယ်။ စိတ်မရှိနဲ့နော်”

“တော်သလင်းနေရဲ့ အပူဒဏ် ဘယ်ကမလဲ အစ်မရယ်၊ ကျွန်မရင်ထဲမှာ မီးဟုန်းဟုန်းတောက်နေပါတယ်”

“အပူရှိရင် အအေးရှိရမှာပေါ့။ အစ်မ ဘာကူညီရမလဲ ပြောပါ။ အစ်မနာမည်က ဟန်နီတာပါ။

“ကျွန်မဘဝ ဆိုးပါတယ်အစ်မရယ်။ မိဘတွေ သဘောမတူတဲ့ ယောကျ်ားကိုယူလို့ မိဘတွေက စွန့်ပစ်တယ်။ အခုယောကျ်ားက ညီမထက် ရုပ်ချောဥစ္စာပေါ မိန်းမနောက် ပါသွားတယ်။ ဒါကြောင့် ခြေဦးတည့်ရာ သွားမယ်ဆိုပြီး ထွက်လာတာ အစ်မ”

“လောကကြီးမှာ ကယ်တင်ရှင်ဆိုတာ ရှိပါတယ်။ အစ်မနဲ့ လိုက်ခဲ့၊ ညီမနဲ့ အတူလိုက်မယ့် ညီမနှစ်ယောက်လည်းရှိတယ်။ သွားကြမယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားပြီး ဘာလုပ်ရမှာလဲ အစ်မ"

"တစ်ဖက်နိုင်ငံမှာရှိတဲ့ စက်ရုံ၊ စားသောက်ဆိုင်၊ ကြိုက်တဲ့ အလုပ်ကို တစ်လ နှစ်သိန်း၊ သုံးသိန်း ရမယ်။ တစ်လစာ ကြိုပေးတယ်။

"ကြက်ကန်းဆန်အိုးတိုး" စကားပုံအတိုင်းပင် မိလုံးကျင်သည် သူလှုပ်ရှားရမည့် ခွင်နှင့် တည့်တည့်တိုးလေသည်။

ဟန်နီတာသည် မိလုံးကျင်၊ နွေသီတာ၊ သိန်းသိန်းဆိုသူ မိန်းကလေးသုံးယောက်တို့အား မဲဆောက်မြို့ရှိ အိမ်ကြီးသို့ ခေါ်ဆောင်သွားသည်။

ဂိုဏ်းစတားဟု ထင်ရသော အသက် (၅၀) ခန့်ရှိ ခန့်ခန့်ချောချော အမျိုးသမီးကြီးက စားသောက်ဆိုင်မှာ အလုပ်လက်မဲ့ မိလုံးကျင်အား တစ်လ လခ သုံးသိန်းရမည်ဖြစ်ကြောင်း၊ နှစ်လ စမ်းသပ်လုပ်ရမှာဖြစ်ကြောင်း၊ စက်ရုံမှာ အလုပ်လုပ်ရမယ့် နွေသီတာနဲ့ သိန်းသိန်းတို့ဂျာတော့ လခစရိတ်ငြိမ်း နှစ်သိန်းရမယ်။ နှစ်လ စမ်းသပ်လုပ်ရမှာဖြစ်ကြောင်း ပြောပြရာ သဘောကျသောကြောင့် လုပ်ငန်းခွင်သို့ ဝင်ကြလေသည်။

စားပွဲထိုးလုပ်ရသော ဖြူဖြူလုံးလုံး အုံးမွေးတုံး မိလုံးကျင်ကို စားသောက်ဆိုင်ကြီးသို့ လာရောက်စားသုံးကြသော စားသုံးသူများ အလွန်စိတ်ဝင်စားနေကြသည်။ တစ်ဖက်နိုင်ငံတွင် ဖြစ်သော်လည်း ရှမ်းစကား၊ ကရင်စကား၊ မွန်စကားပြောသူများဖြစ်၍ မိလုံးကျင် ကောင်းစွာ နားလည်လေသည်။



တစ်နေ့ မဲဆောက်ဂိုဏ်းစတားဟု ထင်ရသော မိန်းမချောကြီး (အန်တီမြင့်) ရောက်လာသည်။ လူပေါင်း မိန်းကလေး ငါးဦးနှင့်အတူ မြို့တော်ကြီးရှိ ဟိုတယ်ကြီးမှာ အလုပ်လုပ်မလား၊ လုပ်မည်ဆိုပါက မြန်မာငွေ တစ်လ ငါးသိန်းရမှာဖြစ်ကြောင်း စကားကမ်းလှမ်းကြသည်။ ခေါ်ယူကြသည်။ မိလုံးကျင်က မိမိ၏ မိဘများထံ ပြန်ပြီး ငွေပို့ပေးဦးမည်ဖြစ်ကြောင်း၊ ပြန်လာပြီးမှ တစ်နှစ်စာချုပ်ဖြင့် လုပ်မည်ဖြစ်ကြောင်း ပြောဆိုပြီး ရှန်းထွက်ခဲ့လေသည်။

မိလုံးကျင်သည် တာဝန်အရ ဂိုဏ်းစတား အန်တီမြင့်တို့အဖွဲ့ လူကုန်ကူးခြင်းဖြင့် ပို့လွှတ်ထားသော စားသောက်ဆိုင်ကြီးများမှ မိန်ကလေးများ၊ စက်ရုံအလုပ်ရုံများတွင် ပို့လွှတ်ထားသော မိန်းကလေးများ အရေအတွက်နှင့် အခြေအနေ။ ထိုမှတစ်ဆင့် မြို့တော်ကြီးများပေါ်ရှိ ဟိုတယ်ကြီးများသို့ ရောင်းစားခံရသော မိန်းကလေးများ၏ ဘဝအခြေအနေနှင့် သေမထူးနေမထူး လုပ်ကိုင်နေကြရသော မိန်းကလေးများ၏ သတင်းအချက်အလက်များကို စုဆောင်းကာ ပြန်ခဲ့ရလေသည်။

(၃)

မေစီသန်းသည် မဲဆောက်မြို့ရှိ လူစည်ကားသော နေရာများ၊ ဟိုတယ်များ၊ စတိုးဆိုင်၊ လက်ကားဆိုင်ကြီးများ၊ နိုင်ငံခြားသားများ အဝင်အထွက်များသည့် နေရာများတွင် သွားရောက်ပြီး နိုင်ငံခြားသားများကို မိတ်ဆက်သည်။ လိုအပ်ပါက စကား

www.burmeseclassic.com

www.burmeseclassic.com



ပြန် လုပ်ပေးလိုကြောင်း ကမ်းလှမ်းရာ တစ်ရက်ခြား နှစ်ရက်ခြားဆိုသလို စကားပြန်အလုပ်ကို လုပ်ရသောကြောင့် ဒေါ်လာများ ရရှိနေလေသည်။

သပ်သပ်ရပ်ရပ် လှလှပပ ဝတ်စားဆင်ယင်ပြီး စကားပြန်လုပ်နေသော မေစီသန်း၏ မြင်ကွင်းကို အလိုရှိနေသောသူကား စောဗလ ဖြစ်သည်။ စောဗလမှာလည်း အင်္ဂလိပ်လို ကျွမ်းသူ ဖြစ်သည်။

တစ်နေ့တွင် ဖြစ်သည်။ မေစီသန်း စကားပြန်လုပ်ပေးသော နိုင်ငံခြားသားမှာ စောဗလနှင့် သိကျွမ်းသူ ဖြစ်သည်။ စားသောက်ဆိုင်တွင် တွေ့ဆုံကြသည်။ နိုင်ငံခြားသားက မေစီသန်းနှင့် စောဗလတို့ကို မိတ်ဆက်ပေးရာမှာ မေစီသန်းနှင့် စောဗလတို့ ခင်မင်သွားကြသည်။ စောဗလ၏ ခြံကြီးသို့ ခေါ်ဆောင်သွားပြီး မိမိ၏ အခြေအနေကို သိရှိစေသည်။

“မေစီ . . . အန်ကယ့်ရဲ့ အလုပ်ကို ဝိုင်းကူလုပ်ပေးပါလား။ လခလည်း မေစီ လက်ခံနိုင်လောက်အောင် ပေးပါ့မယ်”

“ဘာလုပ်ကိုင်ပေးရမှာလဲ အန်ကယ်”

“နိုင်ငံခြားသား ကုန်သည်ပွဲစားတွေနဲ့ အန်ကယ် လုပ်ကိုင်နေတဲ့ လုပ်ငန်းတွေမှာ အန်ကယ်နဲ့အတူ လုပ်ဖို့ရယ်၊ အန်ကယ့်ကိုယ်စား သွားလာလုပ်ကိုင်ဖို့ ဖြစ်ပါတယ်”

“လခ ဘယ်လောက်ပေးမလဲ အန်ကယ်”

“မြန်မာငွေ တစ်လငါးသိန်း ပေးမယ်”



“မေစီ နှစ်လလောက် စမ်းလုပ်ကြည့်မယ်လေ။ ပျော်ရင် ဆက်လုပ်မှာပေါ့”

မေစီသန်းသည် ဦးစောဗလနှင့်အတူ ဘန်ကောက်သို့ လိုက်ပါပြီး နိုင်ငံခြားသားများနှင့် ဦးစောဗလတို့ လုပ်ကိုင်နေသည့် ထိုင်း–မြန်မာ နယ်စပ်တွင် သစ်ပန်းစုံ အရောင်းအဝယ်လုပ်ငန်း၊ ကျောက်မျက်ရတနာ အရောင်းအဝယ်လုပ်ငန်းများကို ဝိုင်းဝန်းပြီး လုပ်ပေးရလေသည်။

ထိုင်း–မြန်မာနယ်စပ်ရှိ နိုင်ငံရေးအဖွဲ့အစည်းများ၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်နွယ်ပြီး လုပ်ကိုင်ရသော လုပ်ငန်းခွင်များသို့လည်း သွားရောက်လုပ်ကိုင် ဆောင်ရွက်ရလေသည်။

နယ်စပ် ဒုက္ခသည်စခန်းအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များက မေစီသန်းလို မိန်းမချောလေးတစ်ယောက်ကို ယုံကြည်မှုအပြည့်အဝ မပေးရန် ဟန့်တားပြောဆိုမှုများကိုလည်း ကြုံရလေသည်။

မေစီသန်းသည် ရေငတ်နေသူ၊ ရေရှာနေသူ၊ ရေတွင်းထဲ ကျဆိုသကဲ့သို့ သူ တာဝန်ယူရသော တာဝန်ကို ကျေပွန်စေသည့် သတင်းအချက်အလက်များကို ခြေခြေမြစ်မြစ် ရရှိခဲ့လေသည်။

လုပ်ငန်းကာလ နှစ်လပြည့်ခဲ့ပြီးဖြစ်သောကြောင့် ဦးစောဗလအား မိဘများထံ ငွေပို့ပေးပြီး ပြန်လာကာ လက်တွဲပါမည် ဖြစ်ကြောင်း ကျေနပ်အောင် ပြောဆိုပြီး ပြန်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၄)

နော်သန်းသန်းဝင်းသည် ညဆည်းဆာ တည်းခိုရိပ်သာတွင် တည်းခိုရန် စာရင်းသွင်းလိုက်သည်။ အခန်းနေရာရပြီးဖြစ်၍ ဧည့်ခန်းတွင် တွေ့ရသော ဘန်ကောက်ပို့စ်သတင်းစာကို စိတ်ဝင်တစား ဖတ်ရှုနေသည်။ သတင်းစာတွင် မြန်မာနိုင်ငံမှ မတရားရောင်းစားခံရသူတွေ၊ တရားမဝင် အလုပ်စခန်းထဲတွင် ရောက်နေသူတွေ၊ နှိပ်စက်ညှဉ်းပန်းခံရသူတွေ အများအပြားကို စခန်းများမှ သက်ဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းအဖွဲ့ တာဝန်ရှိသူများက တရားခံများကိုလည်း အရေးယူခဲ့ကြောင်း သတင်းဖြစ်လေသည်။

ထိုသတင်းကို စိတ်ဝင်တစား ဖတ်ရှုပြီး စိတ်ပျက်လက်ပျက် ဖြစ်နေသော နော်သန်းသန်းဝင်း၏ အမူအရာကို အကဲခတ်နေသူမှာ မင်းအုန်းမောင် ဖြစ်သည်။ မင်းအုန်းမောင်သည် ညဆည်းဆာ တည်းခိုရိပ်သာတွင် မကြာခဏ တည်းခိုသူ ဖြစ်သည်။ တစ်ကြိမ်မျှ မတွေ့ဖူးသော နော်သန်းသန်းဝင်း၏ ဖြူဖြူချောချော လုံးကြီးပေါက်လှကြီးကို စတွေ့ကတည်းက စိတ်ဝင်စားနေသူ ဖြစ်သည်။ နယ်ကျူးလွန်လာသော ချေသူငယ်လော၊ လောကသစ် ရှာသူလော အတွေးတွေ၊ ထင်ကြေးတွေလည်း ဝေစည်နေသည်။ မင်းအုန်းမောင်သည် သည်ဒေသသို့ ရောက်လာသော ကျားသစ်မများကို သမင်မလေးများဖြစ်အောင် စေစားခဲ့သူ အသားစားကျားကြီး ဖြစ်လေသည်။



"ဒီက ညီမကြည့်ရတာ ဒေါသဖြစ်နေသလို၊ စိတ်ပျက်နေသလို ဖြစ်နေပုံ ရတယ်။ အစ်ကို့နာမည် မင်းအုန်းမောင်ပါ"

"အစ်ကိုရယ် သတင်းစာကိုသာ ဖတ်ကြည့်ပါတော့"

"အစ်ကို ဖတ်ပြီးပါပြီ"

"ညီမပို့ထားတဲ့ အလုပ်သမားတွေ ဖမ်းပြီး ပြန်ပို့တယ်။ ညီမရဲ့ လက်ရင်းတွေလည်း ဖမ်းဆီးလိုက်တယ်ဆိုတော့ ညီမရဲ့ စီးပွားရေးခွင် ပျက်သွားပြီပေါ့ အစ်ကို. . ."

"ညီမနာမည်က နော်သန်းသန်းပါ"

"ညီမရယ် ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းမှာ အလုပ်လုပ်စားစရာတွေ အများကြီးရှိပါတယ်။ အစ်ကို ကူညီပါ့မယ်။ စိတ်လည်း မပျက်နဲ့၊ စိတ်အားလည်း မငယ်နဲ့"

နော်သန်းသန်းသည် မိမိတာဝန်ယူရမည့် ခွင်နှင့် ကိုက်ညီသော မြင်ကွင်းတစ်ခုကို တွေ့ရတော့မည်ဖြစ်၍ စိတ်ကျေနပ်နေသည်။ စွန့်စားရန် စိတ်ကို အသင့်အနေအထားအဖြစ် ပြင်ဆင်လိုက်သည်။

"အစ်ကိုက ဒီဘက်ကမ်းက ပစ္စည်း၊ ဟိုဘက်ကမ်းက ပစ္စည်းတွေကို ဘတ်တာစနစ်နဲ့ အခွန်အခဆောင်ပြီး ပို့ကုန်–သွင်းကုန်အဖြစ် ပို့တာ/သွင်းတာလည်း ရှိတယ်။ နယ်စပ်ဖြတ်ကျော်ပြီး အဲဒီပစ္စည်းအမျိုးအစားတူကိုပဲ တောလမ်းက ပို့တာ/သွင်းတာလည်း ရှိတယ်။ ဒီနေရာမှာတော့ နယ်စပ်မှာ လှုပ်ရှားနေတဲ့ တောကြောင်တွေကို အခကြေးငွေပေးပြီး အဆင်ပြေအောင် လုပ်ရတာတွေလည်း ရှိတယ်။ အဲဒီလုပ်ငန်းတွေမှာ ညီမ အရင်း

www.burmeseclassic.com

www.burmeseclassic.com



အနီးရှိရင် အရင်းအနှီး ထည့်ပြီးလုပ်။ အရင်းအနှီးမရှိရင် ကော်မရှင်စားနဲ့လုပ်။ အစ်ကိုနဲ့ လက်တွဲကြည့်ပါ။ နေ့ချင်းညချင်း အဆင်ပြေမယ်။ စိတ်ချမ်းသာစေရမယ်”

“ညီမ ကော်မရှင်စားနဲ့ တစ်လ၊ နှစ်လလောက် လုပ်ကြည့်မယ်။ အဆင်ပြေရင် ဆက်လုပ်ကြတာပေါ့။ တစ်ခုတော့ ရှိတယ်။ ညီမဘဝ အသက်လုံခြုံရေးကိုတော့ အစ်ကို တာဝန်ယူရမယ်နော်”

“စိတ်ချပါ ညီမ၊ အသက်ခန္ဓာချင်း လဲချင်လဲရပါစေ၊ ညီမအတွက် အစ်ကို တာဝန်ယူပါတယ်”

နော်သန်းသန်းဝင်း၏ စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်မှုကြောင့် မင်းအုန်းမောင်၏ တောလမ်း ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ဘေးမသီ ရန်မခ အေးဆေးစွာ အဆင်ပြေပါ၏။ ကော်မရှင်များလည်း ရပါ၏။

“အစ်ကို အစ်ကို့အလုပ်ကို လုပ်ရတာ ပျော်လည်း ပျော်ပါတယ်။ အဆင်လည်း ပြေပါတယ်။ ရှေ့ဆက်ပြီး လက်တွဲလုပ်ဖို့လည်း ရည်ရွယ်ပါတယ်။ ညီမ အမေတို့ဆီ ပြန်ပြီး တိုင်ပင်လိုက်ဦးမယ်။ ညီမ ဆယ်ရက်လောက်တော့ ကြာမယ်။ ခွင့်ပေးပါနော် အစ်ကို”

“အစ်ကို့ကို အိပ်မက်ထဲက မင်းသမီးလေးလိုတော့ မလုပ်ပါနဲ့ မနော်။ အစ်ကို ရူးသွားလိမ့်မယ်”

“မနော်လည်း ဒီလိုပဲ အစ်ကိုရယ်”

ဘေးမသီရန်မခတဲ့ ပြန်ရောက်ပါ၏။



(၅)

“မင်းကြီး ဒုရဲအုပ် မိလုံးကျင်၊ မေစီသန်း၊ နော်သန်းသန်းဝင်းတို့ ရောက်ကြောင်း သတင်းပို့”

ဒုရဲအုပ် မိလုံးကျင်၊ မေစီသန်း၊ နော်သန်းသန်းဝင်းတို့သည် မင်းကြီး၏ အခန်းတွင်းသို့ ဝင်ရောက်သွားကြသည်။ အလေးပြုပြီး ထိုင်လိုက်ကြသည်။

“လေးစားပါတယ် ရဲဘော်တို့။ ရဲဘော်တို့ အထူးတာဝန်ကျေပါတယ်။ ပူးပေါင်းစစ်ကြောင်းနဲ့ စစ်ဆင်ရေးလုပ်ဖို့လည်း အသင့်ဖြစ်နေပါတယ်။ ရဲဘော်တို့ ပြန်ရောက်လာမှာကို စောင့်နေတာပါ။ ရဲဘော်တို့ စိတ်ရောလူရော ပင်ပန်းကြတဲ့အတွက် တစ်လ အနားယူကြပါ”

ခိုင်မာသည့် သတင်းအချက်အလက်များအရ နယ်စပ်တွင် ခြေကုတ်ယူပြီး ပြည်တွင်း/ပြည်ပ ပို့ကုန်/သွင်းကုန် တရားမဝင် လုပ်ကိုင်နေသော ကုန်သည်များ၊ ကုန်သည်များနှင့် ပူးပေါင်းလုပ်ကိုင်နေကြသော တောကြောင်ရောင်စုံများကို စစ်ဆင်ရေးဖြင့် ချေမှုန်းနိုင်ခဲ့လေသည်။

ထိုင်း–မြန်မာ နှစ်နိုင်ငံ၊ နယ်စပ်လုံခြုံရေး၊ ရာဇဝတ်မှုတားဆီးရေး၊ ပူးပေါင်းအဖွဲ့တို့ဖြင့် လူကုန်ကူးမှုပြုလုပ်ပြီး စားသောက်ဆိုင်ကြီးများ၊ စက်ရုံအလုပ်ရုံများတွင် ထိန်းချုပ်ထားပြီး ညှဉ်းပန်းနှိပ်စက်ခံနေရသော မြန်မာ့အမျိုးသမီးများ၊ အမျိုးသားများ၊ တရားမဝင် အလုပ်လုပ်ကိုင်နေသူများအား ဖော်ထုတ်ပြီး လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူကုန်ကူးမှုလုပ်ငန်းကို စီးပွားအဖြစ် လုပ်ကိုင်နေကြသော ဂိုဏ်းများနှင့် ပူးပေါင်းပြီး လုပ်ကိုင်နေကြသော တရားခံများကို ဖော်ထုတ်ဖမ်းဆီး တရားစွဲဆိုနိုင်ခဲ့လေသည်။

**စွန့်လွှတ်စွန့်စားသော အမျိုးသမီး ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပါ၏။**

❒



www.burmeseclassic.com

www.burmeseclassic.com

# ဘဝဆိုသည်များရယ်

(၁)

ဓမ္မပဒပါဠိတော် မဂ္ဂဝဂ်၌ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ဘုရားရှင်တို့သည် နည်းလမ်းညွှန်ပြ ဆုံးမတတ်သူများသာ ဖြစ်သည်။ ထိုနည်းလမ်းအတိုင်း လိုက်နာကျင့်သုံးသူတို့သည် ဈာန်၊ မဂ်၊ ဖိုလ်တရားများ ရကြကုန်၍ ဘုံသုံးပါး၌ဖြစ်သော 'ဝဋ်'မှလုံးဝ လွတ်မြောက်ကြပေမည်" ဟု ဟောကြားတော်မူခဲ့၏။

ဦးချမ်းသာသည် ငယ်စဉ်အခါက ကန်ရေသောက်၊ မြက်ခြောက်စား၊ အညာသားဟု မှီချိုးမှျစ်ချိုး အပြောခံလာရသူဖြစ်သည်။ မှန်ပါသည်။ သူ့ရပ်ရွာဇာတိဖြစ်သော မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာမှာ ဆေးလံခေါင်သီသော ဒေသဖြစ်သည့် ရေနံချောင်းမြို့နယ်အစပ် နတ်မောက်မြို့နယ်အဆုံးမှာ ဖြစ်သည်။ နတ်မောက်မြို့နှင့် မိုင် (၃၀) ခန့်၊ ရေနံချောင်းမြို့နှင့် မိုင် (၃၀) ကျော် ဝေးသည့် အလယ်တွင် တည်ရှိသည်။



ဦးချမ်းသာတို့ရွာမှာ ယာပိုင်ရှင်၊ ယာလုပ်သားဟူ၍ လူတန်းစားတစ်မျိုး၊ ထန်းတက်သမား လူတန်းစားတစ်မျိုးမျှသာရှိသည်။ ယာလုပ်သားများမှာ အလွန်ဆင်းရဲလှ၏။ နှမ်းစိုက်ချိန်၊ ပဲစိုက်ချိန်မှာ ပေါင်းရှင်း၊ ပေါင်းထိုးသော အလုပ်၊ ပဲ၊ နှမ်းပေါ်သောအခါ ပဲနုတ်သော အလုပ်၊ ပဲကောက်သောအလုပ်မျှသာ ရှိသည်။ တစ်နေ့လုပ်အားခမှာ မိသားစုအတွက် ဆန်ဖိုးမျှသာ ရရှိပြီး ဆီဖိုး၊ ဟင်းရွက်ဖိုး မရပါ။ ယာပိုင်ရှင်များ၏ ပဲခင်းများတွင် မြေကြီးအတွင်းမှာ ကျန်ရှိတတ်သော ပဲတောင့်များကို တစ်နေကုန် တစ်နေ့ခန်း ကောက်သင်းကောက်ပြီး ဝမ်းစာရေးကို နေမင်းကြီး၏ အပူရှိန်အောက်မှာ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်ကြရသည်။ ဘုံသုံးပါးတွင် ဆင်းရဲသားဝဋ်တစ်မျိုးပင် ဖြစ်လေသည်။ ဆင်းတောင့်ဆင်းရဲနေရသည်။ စားရသည်။

ဦးချမ်းသာသည် သည်မြင်ကွင်းများကို ဆင်ခြင်သုံးသပ်မိသည်။ ဒါတွေဟာ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်၊ ဝဋ်သုံးပါးအပေါ် အခြေခံပြီး ခံစားနေကြရသော ဝဋ်များဖြစ်မည်ဟု ဆင်ခြင်သုံးသပ်မိသည်။

ဆင်ခြင်သုံးသပ်မှုကို ရုပ်လုံးဖော်မည့်အနေဖြင့် ဘကြီး၊ ဘုန်းတော်ကြီး သီတင်းသုံးနေထိုင်ရာ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်သို့ ဘုန်းကြီးကျောင်းသားအဖြစ် နေထိုင်သည်။ မော်တင် (အလက) ထိုမှတစ်ဆင့် (စင်ထရယ်အစိုးရအထက်တန်းကျောင်း) တို့တွင် ပညာသင်ကြားခွင့် ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိုင်ကော်လို့ ချူပေါ်ရောက်" ဟု ပြောရမှာ ဖြစ်သည်။ (၉)တန်း အောင်ပြီးရုံမျှ ရှိသေးသည်။ နိုင်ငံကျော် မျိုးချစ်သူဌေးကြီး ဟသ်ာတဦးမြက "ဆရာတော်ကြီးထံသို့ ဆရာတော် (ချမ်းသာ) ကို တပည့်တော်မွေးမယ်။ တပည့်တော် ခေါ်သွားမယ်" ဟု တောင်းယူပါတော့သည်။ ဆရာတော်ကြီးက ငါ့မြေး မင်းလိုက်သွား၊ "ရွှေပင်နားတော့ ရွှေကျေး"၊ "ငွေပင်နားတော့ ငွေကျေး"၊ "ဘူးပင်နားတော့ ဘောက်ဖတ်" တဲ့ . . .။ သူဌေးနဲ့ နေရင်တော့ မင်းတစ်နေ့ သူဌေးဖြစ်မယ်ဟု ပြောပြီး ထည့်လိုက်လေသည်။

ပညာရှိစကား မှန်ပါပေသည်။ ဟသ်ာတဦးမြသည် ဆိုဗီယက်ရုရှားမှ စကိုဒါကားများ မှာယူပြီး အရစ်ကျစနစ်ဖြင့် ရောင်းချခဲ့သော မျိုးချစ်မြန်မာသူဌေးကြီး ဖြစ်ပါသည်။ ဆန်စက်၊ သစ်စက်၊ အထည်စက်၊ ဟသ်ာတရောင်းဝယ်ရေး ဒရေဝင်ကုမ္ပဏီ၊ မြနိုင်လွန်စက်၊ မြပိုးထည်စက် လုပ်ငန်းများစွာ လုပ်ကိုင်ခဲ့ရာတွင် မောင်ချမ်းသာသည် ငွေကြေးလုပ်ငန်း ယုံကြည်စိတ်ချရသော လူယုံတစ်ယောက် ဖြစ်ခဲ့ပါသည်။ စကိုဒါကား တစီးစီဖြင့် လူပေါ်လူဇော် မောင်ချမ်းသာ ဖြစ်ခဲ့ပါသည်။

(၂)

ကမ္ဘာလောကကြီးတွင် ခေတ်အပြောင်းအလဲတွေ တစ်ခေတ်ပြီး တစ်ခေတ် ဖြစ်လာခဲ့ပါသည်။ ရှေ့ဆက်ပြီးတော့လည်း ခေတ်တွေ ပြောင်းကြဦးမည် ဖြစ်ပေသည်။



၁၉၆၂ ခုနှစ်တွင် တိုင်းပြည်အခြေအနေအရ တော်လှန်ရေးကောင်စီ တက်ရောက်လာရသည်။ လက်ဝဲခေတ်၊ လက်ယာခေတ်တွေ အားပြိုင်နေကြရာတွင် လက်ဝဲဘက် အားကောင်းနေသော အချိန်အခါလည်း ဖြစ်သည်။ ထို့ကြောင့် ၁၉၆၃ ခုနှစ်တွင် ပြည်သူပိုင်သိမ်းပြီး ဆိုရှယ်လစ်နိုင်ငံ၊ ဆိုရှယ်လစ်အရင်းအနှီးများအဖြစ် ပြောင်းလဲခဲ့ကြသည်။ ဤတွင် ဟသ်ာတဦးမြ၏ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများလည်း ဆိုရှယ်လစ်အရင်းအနှီးအဖြစ် ပြောင်းလဲသွားလေသည်။

(၃)

မောင်ချမ်းသာမှာလည်း ကိုချမ်းသာ၊ ဦးချမ်းသာအဖြစ် ဘဝရုပ်၊ ခန္ဓာရုပ်၊ ဥပဓိရုပ်တို့အရ ပြောင်းလဲမှုများ ရှိလာခဲ့လေသည်။

သမဏောနော သမဏော။

ဂေါဏောနော ဂေါဏော။

ပညာရှိတို့သည် မမေ့မလျော့ သတိတရားလက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှု ကင်းသည်။ လူမိုက်တို့အပြစ်ကို တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးတတ်သည်ဆိုသော သတိတရား လက်ကိုင်ထားသူ ဖြစ်လေသောကြောင့် မိမိဘဝတွင် ရရှိထားသော စည်းစိမ်ဥစ္စာများဖြင့် လောကဓံကို ရင်ဆိုင်နိုင်ခဲ့လေသည်။ ရင်ဆိုင်ရသော လူမှုပြဿနာများကို မြတ်ဗုဒ္ဓ ဆုံးမတော်မူခဲ့သော ဒါနဉ္စ အလှူပေးခြင်း၊ ဓမ္မစရိယာစ တရား

www.burmeseclassic.com

www.burmeseclassic.com



နှင့်အညီ ကျင့်ကြံခြင်း၊ ဉာတကာနဋ္ဌ သင်္ဂဟော ဆွေမျိုးတို့ကို ထောက်ပံ့ခြင်း၊ အနဝဇ္ဇာနိကမ္မာနိ အပြစ်ကင်းသော အများ အကျိုးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသော မင်္ဂလာတရားများ ကို ကျင့်သုံးခဲ့ပါ၏။

## (၄)

ဆယ်စုနှစ်တို့သည် ယနေ့ကမ္ဘာတွင် ပြောင်းလဲမှုများ ဖြစ်ပေါ်လာနေပါသည်။ ရှေ့ဆက်လက်ပြီးလည်း ဖြစ်နေဦးမှာ ဖြစ်ပေသည်။ ဤသည်တို့မှာ လောကသဘာဝပြဿနာများ ဖြစ် ပေသည်။

စီးပွားရေးတံခါးဖွင့်ဝါဒ ကျင့်သုံးပြီး ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များကို လည်း လွတ်လပ်စွာ ရင်းနှီးလုပ်ကိုင်ခွင့် ပြုလာခဲ့ပေသည်။

"ရေနံချောင်းက ဖေကံကောင်း" လို့ ပြောရမလား။ "ကံဇာတာဖြိုးမောက် တန်ခိုးရောက်လာသည်"ဟု ဆိုရမလား မတွေးတတ်။ ဦးချမ်းသာအနေဖြင့် ကျေးဇူးရှင် ဟသ်ာတဦးမြ၊ ဟသ်ာတ ငွေခြင်းလုံး အထည်စက်သူဌေး ဦးမောင်ငွေတို့ထံမှ သင်အံ့တတ်မြောက်လာခဲ့ပြီးသော စီးပွားရေးလုပ်ငန်းများကို ဘက်စုံတက်စုံ လုပ်ကိုင်လာခဲ့သည်။ ထင်ပေါ်ကျော်ကြား လူသိ များသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လာခဲ့လေပြီ။

ဦးချမ်းသာသည် သည်ကနေ့ခေတ်တွင် စီးပွားရေး၊ ကြီး ပွားရေး၊ ငွေရေးကြေးရေး အဘက်ဘက်မှ ပြည့်စုံပါသည်။ မပြည့်စုံသည်မှာ တဏှာဝါသော ဗဟုကိစ္စော ဖြစ်ပေသည်။



ဇနီးသည်နှင့် လမ်းခွဲခဲ့သည်မှာ (၂၀) နှစ်ကျော် ရှိခဲ့ပေပြီ။ သမီးဆရာဝန်၊ သားကုမ္ပဏီပိုင်ရှင်၊ မြေး (၅) ဦး ရှိသည်။ တစ်အိုးတစ်အိမ် ထူထောင်ရန်မှာလည်း အသက်က (၆၂) နှစ် ရှိပြီဖြစ်၍ မသင့်တော်။

လူ့ရွာ၊ လူ့ဓမ္မတာ၊ တဏှာရွာသားတို့အတွက် ဖိမ်ခံ စရာဆိုလို့ KTV သီချင်းသည်မလေးများ ဖျော်ဖြေသော သီချင်း ကို ဖိမ်ခံခြင်း၊ သူတို့ . . . သူတို့နှင့် စုံတွဲအချစ်သီချင်းလေးများ သီဆိုခြင်းဖြင့်သာ အပန်းဖြေနေရလေသည်။

## (၅)

"ဦး ဒီနေ့ အရမ်းနောက်ကျတယ်နော်။ သူငယ်ချင်းတွေ က ပြောတယ်။ နှင့်ကိုကြီး တခြား KTV ဆိုင်မှာ သွားကဲနေ ပြီလို့ စကြတယ်။ သမီးလည်း ဝမ်းနည်းပြီး ငိုချလိုက်တယ်"

အိအိမိုး ဆိုသူ KTV သီချင်းသည်မလေးသည် နောက် ကျပြီး ရောက်လာသော ဦးချမ်းသာကို ရင်တွင်းဖြစ်ခံစားချက် စကားလေးများ ပြောပြီး ချွဲနေသည်။ မျက်ရည်စလေးများပင် သူမ၏ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာလေသည်။

"အိအိကလည်းကွာ . . . ဦးက အဘိုးကြီးဖြစ်နေပါပြီ။ သီချင်းသည်မလေးတွေ ကျလောက်တဲ့ ခိုက်လောက်တဲ့ ဈေး ကွက် မရှိသူ အရောင်းထိုင်း အချစ်ဟိုင်းကြီးပါကွာ၊ မစိုးရိမ် ပါနဲ့။ ကဲ . . . ကဲ . . . ပိတောက်နဲ့ ပတ်သက်တဲ့ သီချင်းလေးတွေ ဆိုကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ပန်းပိတောက်ကို ချစ်တယ် x x x ပန်းပိတောက်ကို ချစ်တယ်x x x ပိတောက်ကိုလည်း ချစ် x x x တစ်ယောက်ကို လည်း ချစ် x x x"

ဦးချမ်းသာနှင့် အိအိမိုးတို့သည် တစ်ယောက်နှင့် တစ်ယောက် အချစ်ပြိုင်ပွဲကြီး ကျင်းပနေကြသည့်အလား ...ပန်းပိတောက်လေးများကို နမ်းကာရှုပ်ကာ ပွေ့ကာပိုက်ကာဖြင့် သီချင်းရသာလေးကို ဇိမ်ခံနေကြလေသည်။

ဦးချမ်းသာသည် ဘဝ၏ သာယာမှု၊ ပျော်ရွှင်မှုအတွက်သာ အိအိမိုးရှိသော KTV ဆိုင်သို့ လာနေရခြင်း ဖြစ်သည်။ နိစ္စဓူဝ၊ မိသားစုအလုပ်ကိစ္စလိုတော့ နေ့စဉ်ရက်ဆက် မလာနိုင်ပါ။ တစ်ပတ်လျှင် တစ်ရက်၊ နှစ်ရက်ခန့်သာ အချိန်ရသူ ဖြစ်လေသည်။ ထို့ကြောင့်လည်း ဦးချမ်းသာ မလာနိုင်သော ရက်များမှာ ဘဝဇာတ်ခုံတွင် ကြုံရဆုံရသော သီချင်းခံစားတတ်သူများဖြင့် သီဆိုဖျော်ဖြေပေးရလေသည်။

ဤသည်ကား သီချင်းသည်မလေး အိအိမိုး၏ဘဝ။

ဦးချမ်းသာသည် အိအိမိုးအပေါ် အချစ်သံယောဇဉ်ကြီးသူဖြစ်သည်။ အိအိမိုးအတွက် လစဉ် အဆောင်ခ တစ်လ ၃၀၀၀ဝိ/ သူလာသည့်ရက်တိုင်း ၅၀၀ဝိ/၊ ၁၀၀၀၀/နှုန်း လစဉ် အဝတ်အစား (၂) စုံ ဝယ်ပေးသည်။ လူဝင်ဆံ့၊ သူဝင်ဆံ့ဖြစ်စေရန် ဟော့ရှော့ လှည်းဘီးရွှေနားကွင်း၊ လက်ကောက် (၅) ကွင်း၊ လက်စွပ်၊ ဖုချိန်းတို့ ဝယ်ပေးထားသည်။ စိတ်ပျော်အောင် တတ်အားသမျှ ပံ့ပိုးပေးထားလေသည်။ သို့ရာတွင် ရေချမ်းစင်ကို



သော့ခတ်၍ မရပါ။ အိအိမိုးကို အပိုင်မယူနိုင်ပါ။ ယူလို့ မဖြစ်ပါ။

ဤနေ့သည် ဦးချမ်းသာနှင့် အိအိမိုးတို့ အေးအေးဆေးဆေး စားသောက်ခြင်း၊ အနားယူအပန်းဖြေခြင်း ပြုလုပ်ရန်အတွက် ဂွတ်ရှယ် ချိန်းဆိုထားသော စနေနေ့ ဖြစ်သည်။ ဦးချမ်းသာအဖို့ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ စစ်ဆင်ရမည့် ဗျူဟာမှုုကြီးသဖွယ် အလှအပနှင့် စွမ်းရည်များအား ဖြည့်ထားသည်။

"တီ ... တီ ... တီ"

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲကွယ်"

"ဟုတ်ကဲ့ ... ကျွန်တော် အိအိမိုးနဲ့ တွေ့ချင်လို့ပါ အန်တီ"

"ဩော် ... ထိုင်ပါကွယ်၊ ထိုင်ပါ"

"သူတို့အလုပ်က ည ၂ နာရီမှ ပြန်ရတယ်။ အဆောင်ရောက်တော့ (၃) နာရီ၊ (၄) နာရီရှိပြီ။ ဒါကြောင့် မနက် (၁၁) နာရီအထိ သူတို့ အိပ်လေ့ရှိတယ်ကွယ့်။ အေးအေးဆေးဆေး စောင့်ပါ။ အန်တီ နှိုးခိုင်းပေးပါ့မယ်"

အဆောင်ပိုင်ရှင် အန်တီကြီးသည် ပျူပျူငှာငှာ ဧည့်ခံပြီး အိပ်မောကျနေသော အိအိမိုးကို နှိုးပေးလေသည်။

"ကိုသိုက် ... ဘာကိစ္စရှိလို့လဲ ... အိဖြင့် ထိတ်သွားတာပဲ"

"ဒီမှာ အိ ... ထိတ်စရာလည်း မလိုဘူး၊ လန့်စရာလည်း မလိုဘူး။ အစ်ကို မနေ့က ကြံရွယ်ထားတဲ့ အလုပ်အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ဒါကြောင့်မို့ နံပါတ်တစ် အိအိအတွက် ကျောက်မြောင်းမှာ တိုက်ခန်းသွားဝယ်မယ်။ နံပါတ်နှစ် ငွေဆောင်ကို ဒီညနေ သွားကြမယ်။ နှစ်ရက်၊ သုံးရက်လောက် အနားယူကြမယ် . . . လာ . . . သွားကြစို့"

"အစ်ကိုကလည်း အိ အချောအလှလေးတွေ ပြင်ဆင်လိုက်ဦးမယ် . . . လူကလေး ခဏစောင့်"

တင်သိုက်ထွန်း (ခ) ကိုသိုက်နှင့် အိအိမိုးတို့သည် အရေးပေါ် အစည်းအဝေး၊ အရေးပေါ် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ဆောင်ရွက်ကြလေသည်။ အမှတ်တစ်လုပ်ငန်းများ ဆောင်ရွက်ပြီးသောအခါ ဆူပါရှဖ်ဘင်ဖင်ကောက်ကားဖြင့် ငွေဆောင်ကမ်းခြေသို့ ထွက်ခွာကြလေသည်။

(၆)

လပ်ကီးဖလားဝါး လက်ဖက်ရည်ဆိုင်ကြီးတွင် အိအိမိုးကို စောင့်နေသော ဦးချမ်းသာမှာ လည်ပင်းညောင်ရေအိုးပမာ ရှည်ထွက်နေပြီဟု ထင်ရမလောက်။ တစ်ခုခုများ ဖြစ်နေသလား။ ဘာများဖြစ်နေပါလိမ့်။ ဦးချမ်းသာ အတွေးကမ္ဘာချဲ့နေသည်။ စိုးရိမ်စိတ်တွေ များနေသည်။ (၁၁) နာရီ ချိန်းထားခြင်း ဖြစ်သည်။ (၁၂) နာရီခွဲအထိ သူမ မလာသေး။ ဟန်းဖုန်းကို မဆက်။ အတွေးရခက်နေသည်။

တဏှာလောဘ၊ တဏှာဒေါသ၊ တဏှာမောဟတွေ ဖုံးလွှမ်းနေသော ဦးချမ်းသာသည် အိအိမိုးနေသည့် အဆောင်သို့ လိုက်သွားသည်။



"တီ . . . တီ . . . တီ"

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

"အိအိမိုးနဲ့ တွေ့ချင်လို့ပါ ခင်ဗျာ"

"ဪ . . . ဒီမနက် (၁၀) နာရီလောက်က လူငယ်တစ်ယောက်ခေါ်လို့ လိုက်သွားတယ်ရှင့်။ ဘယ်သူလာတယ်လို့ ပြောပေးရမလဲရှင်"

"ဦးချမ်းသာ လာမေးတယ်လို့ ပြောပေးပါခင်ဗျာ။ ကျေးဇူးတင်ပါတယ်"

ဦးချမ်းသာသည် လူငယ်တစ်ယောက် ခေါ်သွားပါတယ် ဆိုသည့် အချက်ကို ကြားလိုက်ရသည်နှင့် "ရည်းစားလူလုအနူကျွဲခတ်" ဆိုသကဲ့သို့ ခံစားသွားရလေသည်။ အိအိမိုးရဲ့ မျက်နှာလေးကို တရေးရေးမြင်ယောင်ပြီး ပြန်လာခဲ့ရလေသည်။ စွဲလမ်းတပ်မက်စိတ်တွေက ဦးချမ်းသာအပေါ် လွှမ်းမိုးနေသောကြောင့် ညနေ (၆) နာရီခွဲတွင် အိအိမိုး အလုပ်လုပ်သော KTV ဆိုင်သို့ သွားရောက်စုံစမ်းသည်။ မန်နေဂျာက ခွင့် (၃) ရက် ယူထားကြောင်း ခရီးသွားကြောင်း သိရသည်။ ဦးချမ်းသာသည် စိတ်နှလုံးတုံးတုံးချလျက် အမုန်းခွန်အား ပွားများလိုက်လေသည်။

ဤနေ့သည် အိအိမိုးကို အမုန်းခွန်အား ပွားများခဲ့သော (၅) ရက်မြောက်နေ့ ဖြစ်သည်။

"ကလင် . . . ကလင် . . . ကလင်"

"ဟဲလို . . . အမိန့်ရှိပါခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဦး သမီးအိအိပါ။ သမီးကို ခွင့်လွှတ်ပါ။ သမီး အိမ်ထောင်ပြုလိုက်ပြီ။ ဒါကြောင့် ဦး အိအိကို မုန်းလိုက်ပါတော့လို့ တောင်းပန်တာပါ"

"ဦးက...သမီးကို အမြဲခွင့်လွှတ်ပြီးသားပါ။ ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းနိုင်ကြပါစေ။ ကြီးပွားချမ်းသာကြပါစေဗျား"

ဦးချမ်းသာသည် မိမိက အိအိကို မုန်းလို့မေ့လို့ ရအောင်အမုန်းတရားပွားများနေချိန်မှာ အိအိက သူ့ကို မုန်းလိုက်ပါတော့၊ မေ့လိုက်ပါတော့လို့ ပြောလိုက်သောကြောင့် စိတ်နှလုံးတုံးတုံးချပြီး မုန်းမေ့လိုက်လေသည်။ ပုထုဇနော ဥမ္မတကောအလုပ်ကို စွန့်လွှတ်လိုက်လေပြီ။

ဦးချမ်းသာတစ်ယောက် တဏှာဝါသော ဗဟုကိစ္စောအလုပ်ဖြင့် ကင်းကွာနေသည်မှာ သုံးလခန့် ကြာခဲ့လေပြီ။ သဗ္ဗေသင်္ခါရ အနိစ္စာဟု သတိပမွဇဉ် ဉာဏ်ရှင်နေလေသည်။

"ကလင်...ကလင်...ကလင်"

"ဟဲလို အမိန့်ရှိပါ။ ကျွန်တော် ဦးချမ်းသာပါ"

"ဦး သမီး ထက်ထက်ပါ...KTV ဆိုင်ကလေ...မှတ်မိပြီလား ဦးဦး"

"သြော်...မှတ်မိပြီ၊ မှတ်မိပြီ ပြောဗျာ"

"ဦးရယ်... အိအိကို ဒီတိုင်း လျစ်လျူရှုထားတော့မလား။ သနားပါတယ် ... ဦးရယ် လူမှုရေးအရပဲဖြစ်ဖြစ်အားပေးစကားလေး ပြောလိုက်ပါဦး"



"ဟယ်လို...ထက်ထက်... အိအိ ဘာဖြစ်လို့လဲ၊ ဦး...ဘာမှ မသိဘူး။ အဆက်အသွယ်လည်း ပြတ်သွားတာပဲသုံးလကျော်ရှိသွားပြီ"

"ဒီလို...ဦးရဲ့ သူတို့နေတဲ့ ကျောက်မြောင်းအိမ်ကိုသတင်း အရ မူးယစ်ပူးပေါင်းအဖွဲ့ စီးနင်းဝင်ရောက်ရှာဖွေတယ်။ အင် တက်စီ ဆိုလားပဲ...စိတ်ကို ရူးသွပ်ပြောင်းလဲစေတဲ့မူးယစ်ဆေးတွေ့လို့ အိအိ အဖမ်းခံနေရတယ်။ သူ့လူ တင်သိုက်ထွန်းကတော့ ထွက်ပြေးလွတ်မြောက်သွားတယ်တဲ့...အားကိုးရာမဲ့နေတယ်... သနားပါတယ်ဦးရယ်။ သွားတွေ့ပြီးအားပေးလိုက်ပါဦး ရုံးချိန်းရက်က ----- နေ့တဲ့"

ဦးချမ်းသာသည် ဒုက္ခရောက်နေသူကို ကူညီတတ်သောမေတ္တာ၊ ကရုဏာ၊ မုဒိတာရှိသူ ဖြစ်ပေသည်။ သို့ကြောင့်လည်းအိအိမိုး ရုံးချိန်းနေ့တွင် သွားရောက်တွေ့ဆုံပြီး အစားအစာများကျွေးလေသည်။

"ဦးရယ် အိအိရဲ့ မိုက်ပြစ်တွေကို ခွင့်လွှတ်ပါ...အိတောင်းပန်ပါတယ်"

အိအိသည် ဦးချမ်းသာအား ရှိခိုးတောင်းပန်စကားပြောဆိုနေချိန်မှာပင် သူမ၏ မျက်လုံးအစုံမှ မျက်ရည်များသည်သူမ၏ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ကျနေသည်။

"စိတ်ထိန်း...သမီး...လောကကြီးမှာ အသက်တစ်ရာမနေရ အမှုတစ်ရာ တွေ့ရ ကြုံရတတ်တယ်တဲ့။ ဝဋ်ရှိရင်ကုန်ပါစေလို့ ဘုရားမှာ ဆုတောင်း။ ဘုရား၊ တရား၊ သံဃာ

www.burmeseclassic.com

www.burmeseclassic.com



ရတနာသုံးပါးကို မမေ့နဲ့။ ဝဋ်ဟာ အမြဲ ငရဲဟာ အပတဲ့"

ဦးချမ်းသာသည် အချစ်ဟောင်းလေး အိအိရဲ့ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ခံနေရချိန်မှာ အားပေးစကားပြောရင်း သူမအား ထောင်ဝင်စာပို့နေသော သူမ၏ အစ်မဆိုသူအား ငွေ ၅၀၀၀ိ/ ပေးလိုက်လေသည်။

ဤနေ့သည်ကား အိအိမိုးအမှုအတွက် အမိန့်ချမှတ်မည့် နေ့ ဖြစ်သည်။ ထောင်တွင် နေသားကျနေပြီဖြစ်၍ တစ်ကြောင်း၊ မူးယစ်ဆေးဝါးဖြစ်သောကြောင့် ထောင်ကျခံရမှာ သေချာသိနေသောကြောင့် တစ်ကြောင်း၊ အိအိတစ်ယောက် ရာဇဝတ်ဘေး ပြေးမလွတ် ရင်ဆိုင်ခံစားရမှာ တွက်ဆထားပြီးဖြစ်၍ စိတ်ကို တင်းထားသည့် ဟန်ပန်အမူအရာ တွေ့ရသည်။ အမည်းရောင် ဝတ်စုံလေးက သူမ၏ ဖြူဖွေးသောအသားလေးဖြင့် လိုက်ဖက်နေသည်။

အမှုခေါ်သည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။ အားလုံး အရိုအသေပြုကြသည်။

**အမိန့်**

မအိအိမိုးသည် စိတ်ကို ရှုးသွပ်ပြောင်းလဲစေတတ်သော ဆေးပြားများကို လက်ဝယ်တွေ့ရှိချက်အရနှင့် သက်သေခံ အထောက်အထားများအရ ပြစ်မှုထင်ရှားသောကြောင့် ထောင် ဒဏ် (၂၀) နှစ် ချမှတ်လိုက်လေသည်။

အိအိသည် တဖြိုင်ဖြိုင် ယိုစီးကျလာသည့် မျက်ရည်စများဖြင့် ဦးချမ်းသာအား "ဦးဦး အမိုက်မလေးကို ပစ်မထား ခဲ့ပါနဲ့ ဦးဦးရယ်" ဟု လက်အုပ်ချီလျက် အချုပ်ကားကြီးပေါ်သို့ တက်သွားရလေသည်။



**ဝဋ်သုံးပါးမှ လွတ်မြောက်ကြပါစေ။**

❒

www.burmeseclassic.com

www.burmeseclassic.com



## လောဘဒဏ်၊ သောကဒဏ်

(၁)

"အန်တီ၊ ဦးလှအေး ရောက်နေပါတယ်"

ဒေါ်ထိပ်တင်သန်း၏ လုံခြုံရေးမှူး မောင်ကြီးသည် သဘင်းပို့ရန် မှာထားသော အရေးကြီးဧည့်သည် ရောက်ရှိလာကြောင်း သတင်းပို့သည်။

"အေးအေး၊ မောင်ကြီး သူ့ကို သီးသန့်ဧည့်ခန်းထဲမှာ ဧည့်ခံထားလိုက်ပါ"

ဒေါ်ထိပ်တင်သန်းသည် ရောက်ရှိနေကြသော ဧည့်သည်များ၏ လုပ်ငန်းကိစ္စများကို ဖြတ်တောက်ပြီး သီးသန့်ဧည့်ခန်းထဲသို့ ဝင်သွားလေသည်။

"ဆောရီး...မောင်လှအေး၊ ဧည့်သည်တွေ ရှင်းနေရလို့ နည်းနည်းကြာသွားတယ်"

"ရပါတယ် အန်တီ။ ကျွန်တော် အချိန်ယူထားပြီး လာခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်လှအေးကို အထူးတလည် မှာထားရတာက အန်တီတို့ ကုမ္ပဏီရဲ့ ရုံးလုပ်ငန်းတွေကို မောင်လှအေးပဲ ဆက်လုပ်ပေးပါ။ ဒါပေမဲ့ ဟိုကုမ္ပဏီ (၃) ခုပိုင်ရှင်ဆိုတဲ့ လူတွေနဲ့တော့ မပတ်သက်ချင်ဘူး။ သူတို့က အန်တီတို့အပေါ်နဲ့ မောင်လှအေး အပေါ်မှာပါ ခေါင်းပုံဖြတ်စားနေတဲ့ သူတွေဖြစ်လို့ သူတို့နဲ့တော့ မပတ်သက်ချင်ဘူး"

"ဟုတ်ပါတယ် အန်တီ၊ သူတို့က ကုမ္ပဏီတော်တော်များများနဲ့ ရုံးလုပ်ငန်းတွေ လက်ခံတယ်၊ ပြီးတော့ ကျွမ်းကျင်တဲ့ ကျွန်တော့်ကို ခိုင်းတယ်။ အလုပ်က ကျွန်တော် လုပ်ရတာပါ။ သူတို့လည်း ဒီရုံးလုပ်ငန်းတွေကို မလုပ်တတ်ပါဘူး"

ဒေါ်ထိပ်တင်သန်းနှင့် မောင်လှအေးတို့သည် ရှေ့ဆက်လုပ်ကိုင်သွားမည့် (အာရှနှင့် ပစိဖိတ်ကုမ္ပဏီ)၏ ရုံးလုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်သွားရန် အပ်နှံသော လုပ်ငန်းကိစ္စများကို အကျေအလည် ညှိနှိုင်းတိုင်ပင်ကြသည်။

"စိတ်ချပါ အန်တီ၊ ကုမ္ပဏီလုပ်ငန်းသာမက အထည်ချုပ်စက်ရုံလုပ်ငန်းတွေကိုပါ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

ဤသို့ဖြင့် ဒေါ်ထိပ်တင်သန်းတို့၏ အာရှနှင့် ပစိဖိတ်ကုမ္ပဏီ၏ ရုံးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများကို အချိန်ပိုင်းဝန်ထမ်း၊ အချိန်ပိုင်း အကျိုးဆောင်အဖြစ် မောင်လှအေး လုပ်ကိုင်ဆောင်ရွက်လာခဲ့လေသည်။

အလားတူပင် အနောက်ဥရောပ ကုမ္ပဏီလီမိတက်ပိုင် ကုမ္ပဏီ (၃) ခုမှ တာဝန်ယူလက်ခံထားသော အခြားသော



ကုမ္ပဏီ၏ ရုံးလုပ်ငန်းများ၊ အင်ပို့အိတ်စ်ပို့လုပ်ငန်းများကိုလည်း မောင်လှအေး တာဝန်မပျက် လုပ်ကိုင်ဆောင်ရွက်ခဲ့ရလေသည်။

(၂)

ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုသကဲ့သို့ မောင်လှအေးသည် ဒေါ်ထိပ်တင်သန်းတို့သားအမိ၏ အာရှနှင့် ပစိဖိတ်ကုမ္ပဏီ၏ ရုံးလုပ်ငန်းများနှင့် အထည်ချုပ်လုပ်ငန်းများကို လုပ်ကိုင်သောကြောင့်ဆိုကာ အနောက်ဥရောပကုမ္ပဏီလီမိတက်၏ ပိုင်ရှင်မိသားစုဖြစ်သော ဦးမောင်မောင်စိန် (ခ) ဟူစိန်နှင့် သားများ၊ မိသားစုတို့က မောင်လှအေးနာမည်ဖြင့် (နာမည်ခံ) တည်ထောင်ထားသော အာရ်ကန်နေဗီးကေးရှင်း ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်၊ စာရွက်စာတမ်းများကို သိမ်းယူလိုက်ကြသည်။ မောင်လှအေးအား ပေးရန်ရှိသော လုပ်အားခငွေများ မပေးဘဲ လုပ်ငန်းများ ရပ်ဆိုင်းပစ်လိုက်ပြီး ထုတ်ပယ်လိုက်လေသည်။

မောင်လှအေးအနေဖြင့် နာမည်ခံဖြင့် သူ့အား မန်နေဂျင်း ဒါရိုက်တာအဖြစ်နှင့် တည်ထောင်ထားသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် စာရွက်စာတမ်းများကို သိမ်းယူခြင်းကို ဝမ်းမနည်းပါ။ နှမြောတွန့်တိုခြင်းလည်း မရှိပါ။ အဘယ့်ကြောင့်ဆိုသော် မိမိပစ္စည်းမဟုတ်၊ မိမိအကျိုးခံစားခွင့်လည်း ဘာမျှ မရှိသောကြောင့် ဖြစ်သည်။ သို့ရာတွင် မိမိနေပြည်တော်သို့ ခေါ်ကာတို့

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ပြန် သွားလာပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ရသော ကုမ္ပဏီများ၏ ရုံးလုပ်ငန်းအကျိုးဆောင်ခ ရရန်ရှိငွေ (၁၀) သိန်းကျော်ကိုတော့ ရယူလိုပါသည်။ သို့သော်လည်း ဦးမောင်မောင်စိန် (ခ) ဟူစိန်တို့က မပေးပါ။

ထို့ကြောင့်လည်း မောင်လှအေးသည် ဒေါ်ထိပ်တင်သန်းနှင့် သမီးဖြစ်သူ စုသဇင်သန်းတို့၏ ကုမ္ပဏီလုပ်ငန်းများနှင့် အထည်ချုပ်စက်ရုံလုပ်ငန်းများကိုသာ ဖောက်ချပြီး လုပ်ကိုင်နေရလေသည်။

ကုမ္ပဏီလောကတွင် လူသိများခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း၊ သစ္စာ သမာဓိဖြင့် အများအကျိုးဆောင်တတ်သူဖြစ်ခြင်းတို့ကြောင့် ဒေါ်ထိပ်တင်သန်းတို့၏ ကုမ္ပဏီလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် စတိုးဆိုင်လုပ်ငန်းတို့မှာ မောင်လှအေး၏ ကျွမ်းကျင်မှု အထောက်အကူဖြင့် အံ့သြလောက်အောင် တိုးတက်လာခဲ့လေသည်။

(၃)

တစ်နေ့တွင် ဖြစ်သည်။

"သမီး၊ ဦးမောင်စိန်ရဲ့သား ဇင်မင်းမောင်နှင့် သမီးတို့ ဆက်ဆံနေတာ မေမေ မကြိုက်ဘူး။ ဒီကောင်က အမေ့ကိုလည်း ကြံ၊ သမီးကိုလည်း ကြံ၊ လူနဲ့ ပစ္စည်းကိုပါ ပိုင်းလုံးရိုက်ဖို့ ကြံနေတဲ့ အကြံသမားလို့ မေမေထင်တယ်။ ဒါကြောင့် အဆက်အသွယ် လုံးဝ မလုပ်ပါနဲ့"



"မစိုးရိမ်ပါနဲ့ မေမေရယ်၊ ဝါးတားဖော်လို အန်ဒါဖော်လို သဘောပါ။ နှလုံးသား မပါပါဘူး မေမေ"

"အေး. . .သမီးက မိန်းကလေး၊ နှလုံးသားနုတယ်။ တဏှာဘီလူးဝင်စီးမိရင် ဘဝမှေ့သွားမယ်။ ဘဝပျက်သွားမယ်။ မေမေ မကြိုက်တာ မလုပ်နဲ့ ဒါပဲ"

ဒေါ်ထိပ်တင်သန်းသည် သမီး စုသဇင်သန်းအား မိခင်၏ စိုးရိမ်စိတ်များကို ပြောဆိုဆုံးမနေလေသည်။

ဇင်မင်းမောင်သည် မောင်လှအေးနှင့် စုသဇင်သန်းတို့ သွားအတူတူ၊ လာအတူတူ၊ စားအတူတူ၊ နေအတူတူ တွဲတူနှစ်ကိုယ် သဘောမြူချို တွေ့မြင်ရသော မြင်ကွင်းများကြောင့် စုသဇင်သန်းအား တစ်နေ့တခြား စိတ်မချဖြစ်နေသည်။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဖြစ်သွားမှာကို အလွန်စိုးရိမ်သောက ဖြစ်နေရသည်။ ရယူပိုင်ဆိုင်လိုမှုများ တစ်နေ့တခြား တိုးပွားနေသည်။

"ဟဲလို"

"သဇင်၊ ကိုမောင်ပါ . . .မနက်ဖြန် ကိုမောင်ရဲ့မွေးနေ့။ သဇင့်ကို အမြတ်တနိုးလက်ဆောင်လည်း ပေးချင်တယ်။ သဇင်ကြိုက်တာကိုလည်း ကျွေးချင်တယ်။ ဘယ်အချိန်အားလဲ။ ဘယ်ကိုလာပြီး ကြိုပေးရမလဲ"

"ဝါးတီးဖွင့်ရမှာဆိုတော့ လာရမှာပေါ့ ကိုမောင်ရယ်။ ၁၂ နာရီ၊ ပဲလေ့စ်ဟိုတယ် တီးစင်တာကို လာခဲ့ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဇင်မင်းမောင်သည် ဟိုတယ်မှ သီးသန့်အခန်းယူထားပြီး အခန်းတွင်းမှာပင် အစားအသောက် မှာယူဧည့်ခံရန် စီစဉ်ထားလေသည်။

"ကဲ. . .သဇင် ဘာစားမလဲ၊ ကြိုက်တာမှာ"

"ရပါတယ်၊ အလျှုရှင် ကြိုက်တာကိုသာ မှာပါ ကိုမောင်ရယ်"

"ညီလေး ဆိတ်မွှကြော်တစ်ပွဲ၊ ကြက်ကုန်းဘောင်တစ်ပွဲ၊ ဆန်းကစ်တစ်ဘူး၊ ပိုင် (၂) လုံး၊ ဘလက်လေဘယ် တစ်ပိုင်းပြား၊ ဆော်ဒါ၊ ရေသန့် အရင်ပေးပါ. . ."

"ပြီးတော့ ဆိတ်ပေါင်းရယ်၊ ကကတစ်ချဉ်စပ်၊ အစိမ်းကြော်ရယ်၊ နည်းနည်းနဲ့ ကောင်းကောင်းလေး လုပ်ပေးပါနော်"

ဇင်မင်းမောင်နှင့် စုသဇင်သန်းတို့သည် စိတ်ကို လွတ်လပ်စွာ ထားရှိပြီး စားကြသောက်ကြရသည်မှာ အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဆိုသကဲ့သို့ ဖိမ်ယစ်နေကြလေသည်။

ဇင်မင်းမောင်က အကြံသမား၊ ဘာတွေများ ကြံစည်ထားသည်မသိ။ စုသဇင်မှာ စားရင်းသောက်ရင်း မျက်တောင်များစင်းလာသည်။ မျက်လုံးများ ရီဝေလာသည်။ မိမိကိုယ်ကို ရပ်တည်ရန် မဟန်နိုင်တော့ချေ။ အိပ်ရာတွင် လှဲလျောင်းနေချင်သည်။

ဇင်မင်းမောင်သည် သဇင် အိပ်စက်အနားယူစေရန် အိပ်ရာထက်သို့ တွဲပို့လိုက်လေသည်။



(၄)

အချိန်ကား ည (၁၀) နာရီရှိနေပြီ။ စုသဇင်သန်းက အိမ်သို့ ပြန်ရန် မဝံ့မရဲဖြစ်နေရသည်။ ဇင်မင်းမောင်ကလည်း တိုင်ပေါ်အလံစိုက်တင်၊ အပိုင်နော်ကြဲလိုက်ချင် ဖြစ်နေပြီ။

"သဇင်၊ ကိုမောင်တို့ စီးပွားရေးအခြေအနေကိုလည်း သဇင်သိပြီးသားပါ။ သဇင်တို့ စီးပွားရေး အခြေအနေကိုလည်း ကိုမောင် သိပြီးသား၊ စီးပွားရေးအရ တို့ ပူပင်စရာမရှိဘူး။ နှလုံးသားရေးရာအရ ကိုမောင် သဇင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာလည်း သဇင် သိပြီးသားပါ"

ဇင်မင်းမောင်သည် စုသဇင်သန်းကို ရယူပိုင်ဆိုင်ဖို့အထိ ကျူးသွင်းနေသည်။ စည်းရုံးသိမ်းသွင်းနေလေသည်။

"ဒါကြောင့် တို့ လက်ထပ်ကြရအောင်လား အချစ်ရယ်၊ အချစ် သဘောတူတယ်၊ လက်ခံတယ်ဆိုရင် အစ်ကို့မှာ ပရာဒိုကားပါတယ်။ ဒီည ပြည်ကို သွားကြမယ်။ နောက်နေ့ ပြည်မြို့က တရားရုံးမှာ လက်ထပ်ကြမယ်။ အချစ် ဘယ်လိုသဘောရသလဲ"

"မမေက ကိုမောင်နဲ့ သဘောမတူဘူး"

"ကိုမောင် အန်တီ့ကို စခဲ့၊ နောက်ပြောင်ခဲ့လို့ပါ။ အန်တီ ကျေနပ်အောင် ကိုမောင် ကြိုးစားပါ့မယ် အချစ်ရယ်"

တဏှာနွံအတွင်း နစ်မွန်းနေပြီဖြစ်သော စုသဇင်သန်းသည် ဇင်မင်းမောင် ပြုသမျှ နုရသော ဘဝမျိုး ဖြစ်နေချေပြီ။ ပြည်

www.burmeseclassic.com

www.burmeseclassic.com



မြို့သို့ နံနက် (၃) နာရီတွင် ရောက်ရှိကြသည်။ အာရှကမ္ဘာ ဟိုတယ်ကြီးတွင် အိပ်စက်အနားယူကြသည်။

နံနက် (၁၀) နာရီတွင် ပြည်မြို့ရှိ တရားရုံးတော်သို့ သွားရောက်ကြပြီး ရာသက်ပန် ရီးမြေကျပေါင်းသင်းကြရန် ထိမ်းမြားလက်ထပ်ကြသည်။

"ကိုမောင် မေမေ စိတ်ပူနေမယ်။ မစိုးရိမ်ပါနဲ့။ သဇင့်ကို မရှာပါနဲ့လို့ ဖုန်းဆက်ချင်တယ်"

"ကောင်းတာပေါ့သဇင်၊ ကိုမောင်လည်း ဖေဖေတို့ဆီကို မစိုးရိမ်ပါနဲ့၊ အပြန်ကျရင် အလိမ္မာအိမ်ပါ ချွေးမချောချောလှလှလေး ခေါ်လာမယ်လို့ ဖုန်းဆက်ရဦးမယ်"

ဇင်မင်းမောင်နှင့် စုသဇင်သန်းတို့သည် မိဘများထံသို့ အသီးသီး ဖုန်းဆက်အသိပေး အကြောင်းကြားကြသည်။ လွှန်တာရှိ ဝန္ဒာမိ ပြုလုပ်တောင်းပန်ကြလေသည်။

"ဒီမှာ သဇင်၊ နင့်ကို ငါ အတန်တန် ပြောထားတယ်။ နင်. နားမထောင်ဘူး။ ဒါ့ကြောင့် နင့်ထိုက်နဲ့နင်၊ နင့်ဘဝ နင်လျှောက်၊ ငါတို့သားအမိက နင့်ကို အမွေပြတ် ကြော်ငြာမယ်၊ သတင်းစာကိုဖတ် . . . ဒါပဲ"

ဒေါ်သအမျက် ခြောင်းခြောင်းထွက်နေသော မိခင်ကြီး ဒေါ်ထိပ်တင်သန်းသည် သွာနုတ္တသမီးအဖြစ် အမွေပြတ် ကြော်ငြာလိုက်သည်။

ဦးမောင်မောင်စိန်တို့ကမူ ဇင်မင်းမောင်အား အောင်ပွဲရ ပုဂ္ဂိုလ်အဖြစ် ချီးကျူးဂုဏ်ပြုပေးလေသည်။ တစ်ဖက်သတ်



မင်္ဂလာပွဲ၊ ညှော်ခံပွဲ ထိုနေ့မှာပင် ချက်ချင်းပင် ပြုလုပ်ပေးသည်။

ကမ္မဝတ်၊ အာဝဝတ်၊ ဝိပါကဝတ်၊ ဝတ်သုံးပါးအကြောင်း တရားတို့ကြောင့်လားမသိ။ အဖြစ်အပျက်၊ အကြောင်းအရာတို့ကား ဆန်းကြယ်လှပေ၏။

(၅)

ဦးမောင်မောင်စိန်တို့၏ ရန်ကင်းမြို့နယ်၊ ဘောက်ထော် စိန္တာမဏိကျောင်းလမ်းရှိ ခြံဝင်းကြီးအတွင်းသို့ ဒဗလယ်ကားကြီးဖြင့် ဝန်ထမ်း (၅) ဦးတို့ ရောက်ရှိလာကြသည်။ ကားမှန်ထိပ်တွင် (စစစ) စစ်ဆေးရေးဌာနဟု စာတန်းလည်း ပါသည်။

"ကျွန်တော်တို့က (စစစ) စစ်ဆေးရေးဌာနကပါ။ စစ်ဆေးမေးမြန်းစရာရှိလို့ ဦးမောင်မောင်စိန်၊ သား ဇင်မင်းမောင်၊ ဇင်မင်းထက်၊ ကျော်ဇင်ထွန်း၊ ဇင်စည်သူတို့ကိုလည်း ခေါ်လာခဲ့ပါ"

"ဒီအိမ်မှာပဲ စစ်ဆေးလို့ မရဘူးလားဆရာ"

"လုပ်ငန်းသဘောအရ ဒီမှာ စစ်လို့ မရပါဘူးခင်ဗျာ"

"အလုပ်သဘောအရ ဒီကားပေါ်မှာ နှစ်ယောက်၊ နောက်ကားပေါ်မှာ နှစ်ယောက် ခေါ်ခဲ့ပါ။ အေးအေးဆေးဆေး လိုက်ခဲ့ကြပါနော်"

ဦးမောင်မောင်စိန်တို့ သားအဖ ငါးယောက်ကို စစ်ကြောရေး ပြုလုပ်ရန် ခေါ်သွားကြလေသည်။ စုသဇင်သန်းနှင့် မိသားစုများက စိုးရိမ်သောက ပရိဒေဝ ဖြစ်နေကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံငါးယောက်ကို သီးခြားစီထားပြီး အမှန်အတိုင်း ထွက်ဆို အစစ်ခံရန် ဦးစွာ ဆောင်ရွက်သည်။

နောက်နေ့ ညနစ်နာရီတွင် တရားခံများအား အဖွဲ့ခေါင်းဆောင် ကျော်မြသောင်း၏ စစ်မေးချက်မေးခွန်းများကို ဖြေကြားစေသည်။

"ခင်ဗျားတို့သားအဖငါးယောက်နာမည်နဲ့ အနောက်ဥရောပ ကုမ္ပဏီလီမိတက်၊ အင်ပါယာကုမ္ပဏီလီမိတက်၊ အော်လ်ဝါး ကုမ္ပဏီလီမိတက် ဆိုပြီး ငါးဦးပတ်လည် နာမည်နဲ့ ကုမ္ပဏီ (၃) ခု တည်ထောင်ထားတယ်ဆိုတာ မှန်သလား"

"မှန်ပါတယ် ဆရာ"

"ခင်ဗျားတို့ ကုမ္ပဏီရဲ့ ဝန်ထမ်းနှစ်ဦးဖြစ်တဲ့ မောင်လှအေး၊ မောင်ဝင်းနိုင်တို့ နှစ်ဦးနာမည်နဲ့ အရှေ့အနောက်ကမ္ဘာရှား ကုမ္ပဏီ တည်ထောင်ပြီး ခင်ဗျားတို့ကသာ အဲဒီကုမ္ပဏီကို ကြိုးကိုင်ပြီး လုပ်ကိုင်လာခဲ့တာ မှန်သလား"

"အဲရှေ့အနောက် ကမ္ဘာရှား ကုမ္ပဏီနဲ့ပဲ ရော်တာ၊ ပြောင်းကုန်ပစ္စည်းတို့ ပြည်ပသို့ ရောင်းလို့ ထုတ်ကုန်ပါမစ် ခင်ဗျားတို့ လျှောက်ယူပြီး တင်ပို့ခဲ့တာ မှန်သလား"

"မမှန်ပါဘူးဆရာ၊ သူတို့အတွက် ကျွန်တော်တို့က ကူညီလုပ်ကိုင်ပေးတာပါ"

"ကဲ ဒီနေ့တော့ ဒီလောက်ပဲ စစ်ဆေးမယ်။ နောက်နေ့ ဆက်စစ်မယ်"

တရားခံ သားအဖငါးယောက်က တစ်ယောက်တစ်မျိုးစီ



ငါးမျိုး ထွက်ဆိုကြသည်။ ဖုံးသူက ဖုံး၊ ဖော်သူက ဖော်၊ ကသောင်းကနင်းတွေ ထွက်ဆိုထားကြသည်။

အမှုစစ် အရာရှိ ကျော်မြသောင်းနှင့်အဖွဲ့က နောက်နေ့ အမှု ဆက်စစ်သည်။

"ခင်ဗျားတို့ သားအဖငါးယောက်က တစ်ယောက်တစ်မျိုးစီ ငါးမျိုး အကွဲကွဲ အပြားပြား ထွက်ဆိုကြတယ်။ ဖုံးသူက ဖုံး၊ ဖော်သူက ဖော် လုပ်နေကြတယ်။ ပြောင်လိမ်နေကြတယ်။ ခင်ဗျားတို့ ပြောင်လိမ်တာတွေက သက်သေခံအထောက်အထားအရ ပေါ်နေပြီ။ ပြောင်လိမ်မှုအတွက် ပေါင်ချိန်တရားရုံးပို့ဖို့ပဲ ရှိတော့တယ်"

အမှုစစ်အရာရှိ ကျော်မြသောင်းက တရားခံအသီးသီးကို ရှင်းပြသည်။ ဆက်ပြီးလိမ်နေရင် နေမြင့်လေ အရှုံးရင့်လေ ဆိုတာမျိုး ဖြစ်မည့်အကြောင်း အမှန်ကို အမှန်အတိုင်း ပြောရန် ရှင်းပြသည်။ ချုပ်ရက်တာရှည်လာပါက အသက်ကြီးသည့် ဦးမောင်မောင်စိန်အတွက် ကျန်းမာရေး ထိခိုက်နိုင်ကြောင်း ရှင်းပြသည်။

နေ့စဉ်နှင့်အမျှ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရရှာသော စုသဇင်သန်းမှာလည်း လူလုံးမလှ အပူလုံးကြွဖြစ်နေသော စိတ်သောကဒဏ်ကို ခံစားနေရလေပြီ။ တွေ့ခွင့်လည်း မရပါ။ အမှုမှာ ပြည်သူပိုင်ပစ္စည်းကာကွယ်သည့် ဥပဒေပုဒ်မ ၆(၁) နှင့် (အပက–၃) အများပိုင်ပစ္စည်း အလွဲသုံးစားလုပ်မှု ဖြစ်လေသော ကြောင့် အာမခံမရနိုင်သော ပုဒ်မဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကျွန်တော် အမှန်အတိုင်း ပြောပါတော့မယ်"

"ကောင်းတာပေါ့ဗျာ။ ရာဇဝတ်ဘေး ပြေးမလွတ်တဲ့။ အမှန်ကို အမှန်အတိုင်းပြောတော့ တရားရုံးကို မြန်မြန်တင်ပို့လို့ ရတာပေါ့။ ချုပ်ရက်လည်း မရှည်တော့ဘူးပေါ့"

အမှုစစ်အရာရှိ ကျော်မြသောင်းသည် အမှန်အတိုင်း ထွက်ဆိုဖို့နှင့် တရားရုံးတွင် ဖြောင့်ချက်ပေးနိုင်ရန်အတွက် သားအဖ ငါးယောက်ကို တွေ့ဆုံပေးလိုက်သည်။

အမှန်ကို အမှန်အတိုင်း အစစ်ခံ ထွက်ဆိုကြသည်။ ဥပဒေလုပ်ထုံးလုပ်နည်းအရ တရားရုံးတွင် ဖြောင့်ချက်ပေးကြသည်။ သူတို့၏ အမှန်အတိုင်း ထွက်ဆိုချက် ဖြောင့်ချက်တို့မှာ –

"ကျွန်တော်တို့ သားအဖငါးယောက်နာမည်နဲ့ ပတ်လည်အနောက်ဥရောပကုမ္ပဏီ လီမိတက်၊ အင်ပါယာခရီးသွားကုမ္ပဏီ လီမိတက်၊ အော်ဝါးကုမ္ပဏီ လီမိတက်တို့ကို တည်ထောင်ပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခဲ့ကြပါတယ်...။

ဝန်ထမ်း မောင်လှအေး၊ မောင်ဝင်းနိုင်တို့ နှစ်ဦးနာမည်နဲ့ အရှေ့အနောက် ကမ္ဘာရှားကုမ္ပဏီကို နာမည်ခံအဖြစ် ပြုလုပ်ခဲ့ပြီး ကုမ္ပဏီနဲ့ ပတ်သက်တဲ့ သင်းဖွဲ့မှတ်တမ်း၊ တံဆိပ်၊ စာရွက်စာတမ်းအားလုံးကို သူတို့ဆီက လက်မှတ်ရေးထိုးပြီး ရယူထားခဲ့ပါတယ်...။

အရှေ့အနောက် ကမ္ဘာရှားကုမ္ပဏီနဲ့ပဲ ရော်ဘာ၊ ပြောင်းများ ပြည်ပသို့ တင်ပို့ရောင်းချခဲ့ပါတယ်...။

ကျွန်တော်တို့ပိုင် ကုမ္ပဏီသုံးခုအနက်မှ တစ်ခုဖြစ်တဲ့



အနောက်ဥရောပ ကုမ္ပဏီနဲ့လည်း ပြည်ပသို့ တင်ပို့ရောင်းချခဲ့တယ်...

နိုင်ငံတော်အစိုးရသို့ (အနောက်ဥရောပကုမ္ပဏီ) နာမည်နဲ့ ပို့ကုန်တင်ပို့ခြင်းအတွက် အမေရိကန် ဒေါ်လာ (၁၀)သိန်း ပေးသွင်းဖို့ ရှိတဲ့အနက် (၅) သောင်း ပေးသွင်းပြီးပါပြီ။ ကျန်ဒေါ်လာငွေ မပေးသွင်းရသေးပါဘူး...။

အရှေ့အနောက် ကမ္ဘာရှားကုမ္ပဏီနဲ့ ပို့ကုန်များ တင်ပို့ခြင်းအတွက် နိုင်ငံတော်အစိုးရသို့ အမေရိကန်ဒေါ်လာ ၂၈ သိန်း ပေးသွင်းဖို့ ရှိပါတယ်။ မပေးသွင်းရသေးပါဘူး"

ဝန်ခံထွက်ဆိုချက်၊ ဖြောင့်ဆိုချက်များ ပေးခဲ့ကြပါသည်။

ဦးမောင်မောင်စိန်တို့သားအဖ မိသားစုနာမည်ဖြင့် တည်ရှိသော ဘောက်ထော်မှ ခြံကြီးနှင့် နှစ်ထပ်တိုက်၊ ခြံနှင့် တစ်ထပ်တိုက်၊ ပရာဒိုကားတစ်စီး၊ ဒဗလယ်ကတ်ကားတစ်စီးတို့ ပေးရန်ရှိ အမေရိကန်ဒေါ်လာ (၃၈) သိန်းအတွက် အာမခံတင်သွင်းကြသည်။

အမှုအတွင်း အချုပ်လွတ် ထုချေဖြေရှင်းခွင့်ပြုပြီး ပေးသွင်းရန်ရှိ ဒေါ်လာ (၃၈) သိန်း ရှာဖွေစုဆောင်းရန်အတွက် အာမခံတောင်းသည်။ တစ်ဦးလျှင် ငွေကျပ် သိန်း (၂၀၀)၊ အာမခံသူနှစ်ဦးစီဖြင့် အမှုမတင်မီ ခံဝန်ပြုချက်ဖြင့် လွှတ်ပေးသည်။

နောက်နေ့တွင် ဇင်မင်းမောင်၊ ဇင်မင်းထက်၊ ကျော်ဇင်ထွင့်၊ ဇင်စည်သူတို့သည် ပျောက်ခြင်းမလှ ပျောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့နေအိမ်တွင် ဖခင်ကြီး ဦးမောင်မောင်စိန် တစ်ဦးတည်းသာ တွေ့ရသည်။

အမှုစစ် ကျော်မြသောင်း၏ တပ်ဖွဲ့ဝင်တို့က သွယ်ဝိုက်သော နည်းဖြင့် စုံစမ်းရာတွင် ဒေါ်လာ (၃၈) သိန်း ရှာဖွေရန် ခရီးထွက်နေကြောင်း အကြောင်းပြပြောဆိုကြသည်။

အမှုတရားရုံးတင်မည့်နေ့တွင် တရားခံ ဦးမောင်မောင်စိန် တစ်ဦးတည်းကိုသာ တရားစွဲဆို တင်ပို့နိုင်သည်။ ဇင်မင်းမောင်၊ ဇင်မင်းထက်၊ ကျော်ဇင်ထွဋ်၊ ဇင်စည်သူတို့အား တရားခံပြေးမှု ဖွင့်လှစ်ပြီး ဖမ်းဝရမ်းထုတ်ဆင့်သည်။

တရားရုံးတော်မှ တရားခံ ဦးမောင်မောင်စိန်အား နိုင်ငံတော်အစိုးရသို့ ပေးသွင်းရန်ရှိသော ကုမ္ပဏီ (၂) ခုအတွက် အမေရိကန်ဒေါ်လာ (၃၈) သိန်းကို အလွဲသုံးစားလုပ်မှုဖြင့် တစ်မှုလျှင် ထောင်ဒဏ် (၁၀) နှစ်စီ သီးခြားစီ ကျခံစေရန် အမိန့်ချမှတ်သည်။ ခံဝန်ပြုချက်ဖြင့် တင်သွင်းထားသော တိုက်နှစ်လုံး၊ ကားနှစ်စီးတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းလိုက်သည်။

မျက်ရည်များဖြင့် လောင်ကျွမ်းနေကြသည့် ယောက္ခမ၏ မိသားစုနေအိမ်တွင် လင်မရှိဘဲ အဓိပ္ပာယ်ကင်းမဲ့စွာ နေလာရသော စုသဇင်သန်း မနေလိုတော့။ နေရသည်မှာလည်း ကျွန်သာသာ ဘဝ။

သို့ကြောင့် မိခင်ကြီး ဒေါ်ထိပ်တင်သန်း၏ ရင်ခွင်သို့ တိုးလျှိုးဝင်ရောက်ခဲ့လေသည်။ တောင်းစုတ်ပလုံးစုတ်ကိုသာ



ပစ်ရိုးထုံးစံ ရှိသည်။ သားဆိုးသမီးဆိုးတို့အား ပစ်ရိုးထုံးစံမရှိ။ ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားအတိုင်း မိဘတို့၏ ရင်တွင်းဖြစ် မေတ္တာဖြင့် လက်ခံရလေသည်။

"အမိုက်မ ငါ ဒီတစ်ကြိမ် ခွင့်လွှတ်တယ်

နင် တစ်ခါသေဘူး ပျဉ်ဖိုးနားလည် ဆိုတဲ့ စကားပုံ မှတ်ထား မောင်လှအေး၊ မင်းညီမ မင်းကြည့်ထိန်း. . ."

မိခင်ကြီး ဒေါ်ထိပ်တင်သန်းသည် မျက်ရည်စက်လက်ဖြင့် ငိုယိုပြီး ခွေ့ဝင်လာသော စုသဇင်သန်းကို အချစ်ဒေါသ၊ အချစ်မေတ္တာတို့ဖြင့် ရင်ဝယ် ပိုက်ထွေးရလေသည်။ မောင်လှအေး တစ်ယောက် အညံ့ပန်း၊ တစ်ပတ်နွမ်း သဇင်ပန်းလေးကို ပန်နိုင်ပါစေ။

**'ရာဇဝတ်ဘေး ပြေးမလွတ်'**

❐

www.burmeseclassic.com

www.burmeseclassic.com



# မသဲဖြူကို သတ်တဲ့သူ

## (၁)

မသဲဖြူသည် ကျပ်မပြည့်သူ စိတ်ဝေဒနာရှင် မိန်းမချောလေး တစ်ဦးဖြစ်သည်။ သူမ အသက် (၁၁) နှစ်ခန့်မှာ ငှက်ဖျားရောဂါ ဖြစ်ပွားခဲ့ရပြီးနောက် သည်ဘဝကို ရောက်သွားရသူလေး ဖြစ်သည်။ ခုတော့ သူ့အသက် (၁၇) နှစ် ရှိပါပြီ။ မိခင် နတ်ကတော်ကြီး ဒေါ်ပန်းနှင့် အဒေါ်ဖြစ်သူတို့အား လုပ်ကျွေးသမှု ပြုနေသူလေး ဖြစ်သည်။ သူတို့ဒေသကား မြေလတ်ဒေသ ဖြစ်သော နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာကြီး ဖြစ်သည်။ အိမ်ခြေ (၅၀၀) ခန့်ရှိသည်။ မြေပဲ၊ နှမ်း အဓိက စိုက်ပျိုးသောဒေသ ဖြစ်သည်။ ဆိတ်မွေးမြူရေး၊ နွားမွေးမြူရေးလုပ်ငန်းနှင့် ထန်းတက်သော လုပ်ငန်းတို့ ဖြစ်သည်။

မသဲဖြူသည် စိတ်ဝေဒနာရှင် ဖြစ်သော်လည်း ပေးသည့် တာဝန်ကျရာအလုပ်ကို သူများနည်းတူ လုပ်တတ်သည်။ အလုပ်လုပ်မှ လုပ်ခရသည်။ လုပ်အားခရမှ စားဖို့၊ ဝတ်ဖို့ ရနိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော အသိတွေတော့ ရှိပေသည်။ မြေပဲခင်း၊ နှမ်းခင်းများတွင် ပေါင်းထိုး၊ ပေါင်းရှင်းအလုပ်များကို သူများနည်းတူ လုပ်ကိုင်ခြင်း၊ မြေပဲနုတ်၊ မြေပဲကောက်၊ နှမ်းနုတ်၊ နှမ်းခါသော အသက်မွေးမှုအလုပ်များကို သူများနည်းတူ လုပ်စားရသူလေး ဖြစ်သည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာ မိသားစုအလုပ်ကို သူ လုပ်ပေးနေရသူလေး ယာအလုပ်သမလေး ဖြစ်သည်။

သူတို့ရွာတွင် နွားအုပ်ကြီးရှိသူ ယာလုပ်ငန်း ယာကေများစွာ ပိုင်ဆိုင်သူ ယာပိုင်ရှင်ကြီးများ ရှိကြသည်။ ယာပိုင်ရှင်ကြီးများ၏ မြေပဲစိုက်၊ နှမ်းစိုက်၊ ပေါင်းထိုးပေါင်းရှင်းလုပ်ငန်းများတွင် ရွာမှ ယာလုပ်သား၊ လက်လုပ်လက်စားများ လုပ်ကိုင်စားသောက်ကြရလေသည်။ မသဲဖြူတစ်ယောက်မှာလည်း ယာပိုင်ရှင်များ၏ ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်စားသောက်နေရသူလေး ဖြစ်သည်။

အောက်ပြည်ရွာတွင် ကောက်စိုက်သူများ အုပ်စုလိုက် ကောက်စိုက်လုပ်ငန်းကို လုပ်ကိုင်ကြရသကဲ့သို့ အညာဒေသ ယာလုပ်ငန်းခွင်များတွင်လည်း ယာလုပ်ငန်းသမများ အုပ်စုလိုက် တပျော်တပါး လုပ်ကိုင်ကြရလေသည်။

မသဲဖြူသည် စိတ်ဝေဒနာရှင်မလေး ဖြစ်သည်နှင့်အညီ မြှောက်ပေးသူရှိက ကွေးနေအောင် ကပြလေ့ရှိသည်။ သီချင်းများလည်း ဆိုပေးလေ့ရှိသည်။ ရုပ်ရှင်သရုပ်ဆောင်လုပ်ပြရန် မြှောက်ပြောပါကလည်း လုပ်ပြလေ့ရှိသည်။ ထို့ကြောင့်လည်း သူမကို ရုပ်ရှင်အရူးမဟုလည်း ခေါ်ကြပြန်သည်။



တင်ဝင်းအောင်၊ ကျော်စွာခိုင်တို့မှာ ရွာမှ သူဌေးသားများ ဖြစ်ကြသည်။ မိဘများချမ်းသာသော အရှိန်အဝါဖြင့် ဝက်ချုပ်ရွာနှင့်တကွ ရွာနည်းချောင်းစပ်ရွာများမှပါ သမက်တော်ချင်သူ ပေါများသည့် ကာလသားခေါင်းဆောင်များလည်း ဖြစ်ကြသည်။

တစ်နေ့တခြား မျှစ်စို့ပေါက်ကြီးဖြစ်လာသော မသဲဖြူမှာ သူ့အလုနှင့် သူ့ဘဝ တစ်ခြားစီဖြစ်နေသည်။ ကာလသားတိုင်း မျက်စိကျနေကြသော်လည်း သူမကို ဇနီးမယားအဖြစ်တော့ ဘယ်သူမှ မယူနိုင်သော စိတ်ဝေဒနာရှင် ဖြစ်သည်။

## (၂)

“သဲဖြူ မနက်ဖြန် အလုပ်အားသလား”

“မအားဘူး အစ်ကိုတင်ဝင်းအောင်၊ ဘဘ ဦးကြာညွန့်တို့ ယာခင်းမှာ ပေါင်းထိုးမြက်ရှင်းလုပ်ဖို့ ပြောထားတယ်။ သန်ဘက်ခါဆိုရင် အားတယ် . . . ဘာလုပ်ဖို့လဲ”

“ဒါဆိုရင် သန်ဘက်ခါ ငါတို့ယာခင်းမှာ ပေါင်းထိုး မြက်ရှင်းလာခဲ့။ နင့်ကို ဝက်သားဟင်းနဲ့ ထမင်းလည်း ကျွေးမယ်”

“ဘဲတီးဂွတ် အစ်ကိုရေ၊ ဘဲတီးဂွတ်”

ယာပိုင်ရှင်ကြီး၏သား တောသူဌေးသား တင်ဝင်းမောင်သည် ယာလုပ်သမားလေး စိတ်ဝေဒနာရှင်လေးအား အလုပ်ဆင်းရန် ပေါင်းထိုးမြက်ရှင်းလုပ်ရန် ချိန်းဆိုလိုက်ခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုနေ့တွင် မသဲဖြူက ချိန်းဆိုထားသည့်အတိုင်း ရောက်လာသည်။

“အစ်ကို တခြားသူတွေလည်း မလာကြဘူးလား”

“မနေ့က တခြားသူတွေ အလုပ်ဆင်းသွားခဲ့ကြပြီလေ။ ဒီနေ့ကတော့ လက်ကျန်ရှင်းပေးဖို့ နင်တစ်ယောက်တည်း မှာတာ။ ဟိုကောင် ကျော်စွာခိုင်လည်း ရှိတယ်လေ”

မသဲဖြူသည် တာဝန်နှင့် ဝတ္တရားအရ ပေါင်းထိုးပေါင်းရှင်းရန် လက်ကျန်လေးကို ရှင်းလင်းလုပ်ကိုင်နေသည်။ တခြားသူများ လုပ်ကိုင်သွားသော လက်ကျန်များပါ လုပ်ကိုင်နေလေသည်။

တင်ဝင်းအောင်နှင့် ကျော်စွာခိုင် တောသူဌေးသားတို့မှာ ကျည်ကွယ်၊ မျက်ကွယ်ကောင်းသော ချုံပုတ်အောက်တွင် ထန်းရည်ကလေး တမြမြ၊ ကြက်ကြော်လေးစားကာ ဝါးကာဖြင့် ဇိမ်ကျနေကြလေသည်။ ထန်းရည်အရှိန် မြင့်တက်လာသော တင်ဝင်းအောင်က မသဲဖြူကို လှမ်းခေါ်လိုက်လေသည်။

“ဟေး သဲဖြူ မပြီးသေးဘူးလား။ ထမင်းစားကြမယ်ဟေ့”

“နည်းနည်း ကျန်သေးတယ် အစ်ကိုရေ”

“ကျန်ရင်လည်း ထားလိုက်တော့ဟေ့၊ ငါတို့ ထမင်းစားကြရအောင်”

မသဲဖြူသည် ဖုန်များ၊ သဲများ သန့်ရှင်းသွားအောင် ရှင်းလင်းသုတ်သင်သည်။ မိန်းကလေးဗီဇ စရိုက်အရ အချောအလှ



တွေ ပြင်လိုက်သေးသည်။ ပြီးတော့ တင်ဝင်းအောင်နှင့် ကျော်စွာခိုင်တို့ ဝိုင်းသို့ လာခဲ့လေသည်။

“အစ်ကိုတို့ အရင်စားပါ။ မသဲဖြူ မဆာသေးဘူး”

“ဒါဆိုလည်း ရော့ ဟောဒီကြက်ကြော်စား”

မသဲဖြူသည် ကြက်ပေါင်ကြော်ကို အားရပါးရ စားနေသည်။ တင်ဝင်းအောင်နှင့် ကျော်စွာခိုင်တို့ကတော့ ထန်းရည်အရှိန်တက်လာပြီဖြစ်၍ အာလေးလျှာလေး ဖြစ်နေကြလေသည်။

“သဲဖြူ …နင့်မှာ ရည်းစားမရှိဘူးလား”

“ကျုပ်က ကြိုက်တဲ့ရည်းစားတော့ ရှိတာပေါ့တော်၊ ဒါပေမဲ့ သူတို့က သဲဖြူကို ပြန်မကြိုက်ကြပါဘူး”

“ဒီမှာ သဲဖြူ အခု နင် ကြက်ကြော်ကို စားတယ်နော်၊ ကောင်းလား၊ မကောင်းဘူးလား အရသာကို သိတယ်။ အဲဒီလိုပဲ ရည်းစားရှိရင် ရည်းစားရဲ့အရသာကို သိမယ်။ ဒါကြောင့် ရည်းစားရှိဖို့လိုပြီ၊ ရည်းစားရှိဖို့ လိုပြီ”

“အဲဒီရည်းစားရဲ့အရသာဆိုတာ ဘာလဲအစ်ကို။ သဲဖြူ သိချင်တယ်။ အခုစားလို့ရရင် စားကြည့်ချင်တယ်တော့”

ရေလာမြောင်းပေးလုပ်နေသော တင်ဝင်းအောင် တစ်ယောက် အဆင်ပြေနေတာသိသောကြောင့် ကျော်စွာခိုင်က အလိုက်သိစွာ ရှောင်ထွက်သွားလေသည်။

“ရည်းစားရဲ့အရသာဆိုတာ ဒီလိုကွ”

“ကြင်နာစွာ နဖူးလေးနမ်းတယ် ချစ်လို့၊ ကြင်နာစွာ

www.burmeseclassic.com

www.burmeseclassic.com



ပါးလေးနမ်းတယ် ချစ်လို့၊ ကြင်နာစွာ ပွေ့ဖက်လိုက်တာ ချစ်လို့"

တင်ဝင်းအောင်သည် တဏှာရမ္မက်ဖြင့် မသဲဖြူအား အကြင်နာပေါင်းစုံ ပေးခဲ့လေပြီ။ ရည်းစားအရသာ စားလိုသော သဲဖြူနှင့် ရည်းစားအရသာ ပေးကျွေးသူ တင်ဝင်းအောင်တို့သည် တဏှာနွံအတွင်း၌ နစ်မွန်းနေကြရာ လောကကြီးကို မေ့သွားကြလေပြီ။

တဏှာနွံအတွင်းမှ ရုန်းထလာသော တင်ဝင်းအောင်သည် ရေချိုးရန် စမ်းရေတွင်းဆီသို့ ထွက်သွားလေသည်။ သဲဖြူအား ဝက်သားဟင်းဖြင့် ထမင်းစားရန် မှာကြားလိုက်လေသည်။ သဲဖြူသည် ဝက်သားဟင်းဖြင့် ထမင်းကို အားရပါးရ စားသုံးလိုက်လေသည်။

## (၃)

"သဲဖြူ နင် ထမင်းစားပြီးပြီလား"

"ဟုတ်ကဲ့ စားပြီးပါပြီ ကိုကျော်စွာ"

"စားကောင်းရဲ့လား"

"ကောင်းချက်တော်၊ ကောင်းတာမှ လွန်ရော"

"သဲဖြူ နင် တင်ဝင်းအောင်ပြောတဲ့ ရည်းစားအရသာ သိပြီမဟုတ်လား။ ငါကလည်း နင့်ကို ငါသိတဲ့ ရည်စားအရသာကို ပေးချင်တယ်၊ ကျွေးချင်တယ် နင်ခံစားကြည့်ပေါ့ဟာ"

"အတူတူပဲ မဟုတ်လား ကိုကျော်စွာ"



"တူတာလည်း ရှိမယ်၊ မတူတာလည်း ရှိမယ်။ နင်ခံစားကြည့်တော့ ပိုပြီး သိမှာပေါ့ဟာ"

ကျော်စွာခိုင်သည် သူ့ထက်ကဲ ရွှေပြည်စိုးဆိုသကဲ့သို့ သဲဖြူအား အကြင်နာ၊ အယုယတို့ဖြင့် တဏှာနွံတွင်းသို့ သွတ်သွင်းလိုက်ပြန်လေသည်။

ရည်းစားအရသာကိုလည်း သိပြီးဖြစ်၏။ ဝက်သားဟင်းနှင့် ထမင်းကို တဝတလင် စားပြီးဖြစ်၏။ ထို့ကြောင့် ရွာပြန်ရန် တင်ဝင်းအောင်နှင့် ကျော်စွာခိုင်တို့အား အသိပေးပြီး အိမ်သို့ ပြန်လာခဲ့လေသည်။

မွန်းတည့်နေ၏ အပူဒဏ်ကို ခံစားပြီး ပြန်လာရသော မသဲဖြူသည် အလွန်နွမ်းနယ်သောကြောင့် အိမ်တွင် တစ်ရေးအိပ်လိုက်လေသည်။

## (၄)

"သဲဖြူရေ မိသဲ၊ ရေခပ်သွားကြမယ်ဟေ့"

"ညည်းတို့ သူငယ်ချင်း အိပ်နေတယ်၊ သွားနှိုးကြ"

မိခင်ကြီး ဒေါ်ပန်းက အိပ်နေသော သဲဖြူကို နှိုးကြရန် ပြောလိုက်သည်။ သိန်းသိန်း၊ ချိုမာ၊ မြင့်မေတို့သည် အိပ်ပျော်နေသော သဲဖြူကို အိမ်ပေါ်တက်ပြီး နှိုးကြလေသည်။ အိပ်ရာမှ နိုးလာသော သဲဖြူက သီချင်းလေးဖြင့် –

"မလှုပ်ချင် ငုတ်တုတ်ပင် ထူလို့ပင် မထချင် သူငယ်ချင်းတို့ရေ နာလှကိုယ်လုံး နာလှကိုယ်လုံး"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင်မ ဘာတွေလျှောက်ပြောနေတာလဲ"

"မယ်မင်းကြီးမတို့က သိချင်တယ်ပေါ့။ ဒါဆိုရင် ငါ ကိုယ်တော်မြတ် ပြောတော်မူမယ်။ ပြောတော်မူမယ်။ ရွှေနား တော်ခြောက်ဆူ နာတော်မူကြ"

သဲဖြူသည် တင်ဝင်းအောင် ပြောပြပြုမူသော ရည်းစား အရသာအကြောင်း၊ ကျော်စွာခိုင် ပြောပြပြုမူသော ရည်းစား အရသာအကြောင်းစုံကို ခရေစေ့တွင်းကျ ပြောပြလိုက်လေသည်။

"ဟဲ့ ကောင်မ နင်ဗိုက်ကြီးလာရင် ဘယ်လိုလုပ်မလဲ။ သူတို့နှစ်ယောက်က သူဌေးသားတွေ၊ ပြီးတော့ သူတို့ သူဌေး အသိုင်းအဝိုင်းချင်း ပေးစားဖို့ စီစဉ်နေကြတယ်လို့ ကြားတယ်"

"ညည်းတို့က တော်တော် တုံးတဲ့ ငတုံးမတွေပဲ၊ ကြက်မှာ အရိုး၊ လူမှာ အမျိုးတဲ့။ မျိုးကောင်းမျိုးသန့်က ပေါက်ပွားတဲ့ အသီးအပင်တွေဟာ တန်ဖိုးကြီးမားတယ်တဲ့။ ဒီလို ဘောသူဌေး ကြီးရဲ့ သားနှစ်ဦးနဲ့ ဗိုက်ကြီးလို့ကတော့ ကြီးပါစေ။ ကြီးပါ စေ မွေးပစ်လိုက်မယ် အမြှာပူး"

မသဲဖြူသည် စိတ်ဝေဒနာရှင်မလေးပီပီ ကျပ်မပြည့်သော သူမ၏ အတွေးအခေါ်များဖြင့် ဂုဏ်ယူစွာ ပြောပြနေလေသည်။

"မိသဲ ဟဲ့ကောင်မ၊ ညည်း ရည်းစားအရသာတွေကို တစ်ဝကြီး စားလိုက်ရတယ်ဆို ဟုတ်လား"

"ဟုတ်သပတော် ဟုတ်သပ၊ ဝက်သားဟင်းနဲ့ ထမင်း ကျွေးလိုက်တာလည်း တစ်ဝကြီး။ ရည်းစားအရသာတွေ ကျွေး



လိုက်တာလည်း နှစ်ယောက်ဆိုတော့ နှစ်ဝကြီး။ ကောင်းလိုက် သပ ...ကောင်းချက်တော် ...ကောင်းချက်"

မသဲဖြူလေးသည် စိတ်ပေါ့သွပ်ခြင်း၊ စိတ်မနှံ့ခြင်း၊ (Insanity or Lunacy or Mental) စိတ်ရောဂါသည်လေး ဖြစ်ရာ ကောင်းကျိုးဆိုးပြစ်ကို သူမသိ။ တွေ့ရာလူ၊ မေးရာလူ များကို ပြောပြနေလေပြီ။ အရှုးအမဲသားစားရသလို ဖြစ်နေ ချေပြီ။

(၅)

တင်ဝင်းအောင်၏ ဖခင်ကြီးနှင့် ကျော်စွာခိုင်၏ ဖခင်ကြီး တို့သည် စိတ်ဝေဒနာသည်ကို အမဲသားကျွေးခဲ့ကြသော သား ဖြစ်သူတို့အား ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ဆူပူ ကြိမ်းမောင်းကြလေသည်။

"ဟေ့ကောင်၊ မင်းတို့ တော်သလင်းလ ခွေးတွေလို ခွေး ဇာတ်ခင်းကြတဲ့ ပြဿနာက တစ်ရွာလုံးနှံ့ပြန့်နေပြီ။ ယိုသူ မရှက် မြင်သူရှက် ဆိုတာလို ငါရှက်တာကွ၊ ရှက်တယ်"

"ကိုသာကောင်းရယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့။ သား ကို ဆူပူငေါက်ငန်း ကြိမ်းမောင်းမနေပါနဲ့တော့"

တင်ဝင်းအောင်၏ မိခင်ကြီး ဒေါ်လှရွှေက ခင်ပွန်းဖြစ်သူ ဦးသာကောင်းအား မဆူရန် တားမြစ်ခဲ့ရလေသည်။

အရှက်တကွဲ အကျိုးနည်းနေရသူနှစ်ယောက်က တင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



အောင်နှင့် ကျော်စွာခိုင်။ သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်ကြရလေပြီ။

"ကျော်စွာ၊ ဒီပြဿနာက တစ်နေ့တခြား လူသိများလာလိမ့်မယ်။ မင်း ဘာလုပ်ဖို့ စဉ်းစားထားလဲ"

"မင်းကော ဘယ်လိုစဉ်းစားထားလဲ တင်ဝင်းအောင်၊ ငါကတော့ အပြတ်ရှင်း အစဖျောက်ပစ်ဖို့ စဉ်းစားထားတယ်"

"ငါလည်း ဒီအဖြေပဲ ထွက်တယ်"

"ဒီညနေ သပြေစမ်းဘုရားပွဲကို ရွာက ကာလသား၊ ကာလသမီးတွေအားလုံး သွားကြမယ်။ သဲဖြူကို ငါတို့နဲ့အတူ သွားဖို့ စည်းရုံးမယ်။ ပြီးတော့ အပြတ်ရှင်းမယ်။ အစဖျောက်မယ်"

ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့ ဆိုရိုးစကားအတိုင်း ဝက်ချုပ်ရွာမှ ကာလသား၊ ကာလသမီးများသည် သပြေစမ်းကျေးရွာဘုရားပွဲသို့ ဇာတ်ပွဲကြည့်ရန် တစ်သုတ်ပြီးတစ်သုတ် တဖွဲဖွဲ သွားနေကြလေပြီ။

မသဲဖြူနှင့် တင်ဝင်းအောင်၊ ကျော်စွာခိုင်တို့သည် မှောင်ရိပျိုးစအချိန်တွင် ဘုရားပွဲသို့ သွားကြသည်။

"သဲဖြူ ပွဲသွားဖို့ စောပါသေးတယ်ဟာ။ ငါတို့ ဟိုတစ်နေ့ကလို ရည်းစားအရသာ ခံစားကြရအောင်"

"ကျွေးတဲ့သူက ကျွေးမှတော့ စားရမယ့်သူကလည်း တဝကြီး စားရမှာပေါ့တော်"



"အေး အဲဒါကြောင့် ငါတို့က နင့်ကိုချစ်တာ၊ ဘုရားပွဲရောက်တော့လည်း နင်စားချင်တာ အကုန်ကျွေးဦးမှာ"

ခတ်ကွင်းပြင်နေချိန်တွင် ထန်းရည်အိုးလာပို့သော ထန်းရည်သမား (ကိုသန်းဆိုင်) ရောက်လာပြီး ထန်းရည်ပို့သွားသည်။ တင်ဝင်းအောင်နှင့် ကျော်စွာခိုင်တို့သည် ထန်းရည်တဝကြီး သောက်ပြီး အချိန်ဆွဲရင်း ချစ်ပွဲဝင်လိုက်ကြသည်။

တဏှာဘီလူးစီးဝင်နေခဲ့ကြပြီးနောက် စိတ်ဝေဒနာရှင် မသဲဖြူအား သံတူရွင်းဖြင့် ဦးခေါင်းကို ရိုက်ချလိုက်ရာ မသဲဖြူ ဘဝတစ်ပါးသို့ ပြောင်းသွားရလေပြီ။

အလောင်းဖျောက်ရန်အတွက် သပြေစမ်းရွာနှင့် ဝက်ချုပ်ရွာကြီး၏ နယ်စပ် သရက်ပင်ကြီးအနီးတွင် အသင့်ယူဆောင်လာသော ပေါက်ပြား၊ ဂေါ်ပြားတို့ဖြင့် မြေကျင်းတူးနေကြသည်။

ဘုရားပွဲမှ ဇာတ်ပွဲကြီးကလည်း အပျိုတော် ထွက်သည့်ဆိုင်းသံက ပွဲကြည့်ပရိသတ်တို့၏ စိတ်ကို နှိုးဆွနေလေပြီ။

ထန်းတောတွင် နေထိုင်ကြသော ကိုသန်းဆိုင်၊ မအေးချိုတို့သည် ပွဲကြည့်ရန်အတွက် လပြည့်ည လဝန်းကြီး၏ အလင်းရောင်အောက်တွင် ထွက်လာကြလေသည်။ မြေကျင်းတူးနေသောနေရာသို့ ကိုသန်းဆိုင်တို့လင်မယား ရောက်ရှိလာခဲ့ရာ တင်ဝင်းအောင်နှင့် ကျော်စွာခိုင်တို့သည် အုရားဖားရား ကယောင်ကတမ်းဖြင့် ထွက်ပြေးသွားကြသည်။

သူတို့ထွက်ပြေးခြင်း၏ အကြောင်းအရင်းကို သိလိုသောကြောင့် အနီးသို့ သွားကြည့်ရာ မြေကျင်းမှာ တစ်ထွာတစ်ပြက်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းတွင်မူကား မသဲဖြူ၏ အလောင်းကို တွေ့ကြရလေသည်။

ထန်းသမား ကိုသန်းဆိုင်သည် မိမိ၏ ထန်းတဲအိမ်တွင်နေထိုင်ပြီး ထန်းတက်စားသူများ၏ ဆယ်အိမ်ခေါင်းဖြစ်သူ ဦးထွန်းကြိုင်ထံ သွားရောက် သတင်းပေးလိုက်သည်။ ဆယ်အိမ်ခေါင်း ဦးထွန်းကြိုင်သည် ထန်းတဲတွင် နေသူ တစ်ဦးတစ်ယောက် ဖြစ်သော ကိုစိန်ဘိုအား သူကြီး ဦးကြာညွန့်ထံသို့ စေလွှတ် သတင်းပေးခဲ့သည်။ သူကြီး ဦးကြာညွန့်က မြင်းဖြင့်လည်းကောင်း၊ အလောင်းသယ်ရန် လှည်းတစ်စီးဖြင့်လည်းကောင်း ရောက်ရှိလာကြသည်။ အလောင်းကို နတ်မောက်မြို့ ရဲဌာနသို့ ပို့ပေးပြီး သူကြီး ဦးကြာညွန့်က မြင်းဖြင့် လိုက်လာခဲ့လေသည်။ ဌာနပိုင်ကြီးသည် အလောင်းကို ဆေးရုံသို့ ချက်ချင်းပို့ပြီး ဆေးစစ်ချက် ယူစေသည်။

"သူကြီး၊ ကောင်မလေးကို မုဒိမ်းကျင့်ပြီး ဦးခေါင်းကို သံတုတ်နဲ့ ရိုက်သတ်တဲ့ လူသတ်မှု ဖြစ်နေတယ်။ ရာဇဝတ်ကြီးနှစ်မှုကို ကျူးလွန်တာ ဖြစ်နေတယ်။ ဒါကြောင့် ဌာနအုပ်ကိုယ်တိုင် လိုက်ပြီး စစ်ဆေးလိမ့်မယ်။ ကူညီလက်စနဲ့ ကူညီပါဦး သူကြီး"

"ရပါတယ် ဌာနပိုင်ကြီး အခုပဲ သွားကြလိမ့်မယ်။ မြင်းတွေလည်း စီစဉ်ထားပြီးသားပါ"

"ဟုတ်ကဲ့ ဌာနပိုင်ကြီး"

ဌာနအုပ်နှင့် နယ်ထိန်းတပ်ကြပ်ကြီးတို့အဖွဲ့သည် အခင်းဖြစ်ပွားသည့်နေရာနှင့် အခင်းဖြစ် အချက်အလက်များကို ချက်



ချင်း ကွင်းဆင်းစစ်ဆေးသည်။ တွေ့ရှိရသော သဲလွန်စများ၊ အထောက်အထားများ၊ သက်သေများကိုပါ စစ်ဆေးပြီးနောက် ကွင်းဆက်ဖြစ်နေသော၊ ကွင်းဆက်ရှိနေသော တင်ဝင်းအောင်နှင့် ကျော်စွာခိုင်တို့ ဖြစ်နိုင်သည်ဟု ပေါ်ပေါက်သောကြောင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့လေသည်။ ဆက်စပ်သက်သေများကိုလည်း ရဲဌာနသို့ စစ်ဆေးရန် ဆင့်ခေါ်ခဲ့လေသည်။

## (၆)

ဌာနအုပ် ကျော်စိန်လင်း၏ ကွင်းဆင်းစစ်ဆေးပေါ်ပေါက်ချက်များ၊ အခင်းဖြစ်နေရာမှာ ကျန်ရစ်ခဲ့သော တင်ဝင်းအောင်နှင့် ကျော်စွာခိုင်တို့၏ ဖိနပ်နှစ်ရန်၊ ရိုက်သတ်သော သံတုရွင်း၊ မြေမြှုပ်ရန် တူးဖော်သည့် ပေါက်ပြား၊ ဂေါ်ပြား၊ ထန်းရည်အိုး သက်သေခံ အထောက်အထားများ၊ မသဲဖြူ မသေမီ ထန်းရည်လာပို့စဉ် တင်ဝင်းအောင်၊ ကျော်စွာခိုင်တို့နှင့်အတူ မျက်မြင်သက်သေ ကိုသန်းဆိုင်၏ ထွက်ဆိုချက်၊ ယာခင်းထဲမှာ ထန်းရည် လာပို့စဉ်ကလည်း မသဲဖြူကို တင်ဝင်းအောင်၊ ကျော်စွာခိုင်တို့နှင့်အတူ ကိုယ်တိုင်တွေ့ရှိသည့် ထွက်ဆိုချက်များ၊ သေသူ မသဲဖြူ၏ သူငယ်ချင်းများဖြစ်ကြသော သိန်းသိန်း၊ ချိုမာ၊ မြင့်မေတို့၏ ထွက်ဆိုချက်များ၊ ဆေးစာတွင် မသဲဖြူ၏ မိန်းမကိုယ် နီမြန်းနေခြင်း၊ ကာမစပ်ယှက်မှု တွေ့ရှိခြင်းနှင့် သုက်ပိုး တွေ့ရှိချက်တို့အရ တင်ဝင်းအောင်နှင့် ကျော်စွာခိုင်တို့အား အဓိက စစ်ချက်ယူရန် ဌာနအုပ် ကျော်စိန်လင်းက ဆောင်ရွက်ခဲ့သည်။

www.burmeseclassic.com



"ကဲ ညီလေး တင်ဝင်းအောင်၊ သက်သေခံ အထောက်အထားတွေ၊ ဆေးစစ်ချက်တွေ့ရှိပေါ်ပေါက်မှုတွေ၊ မျက်မြင်သက်သေတွေရဲ့ ထွက်ချက်တွေအရ မသဲဖြူကို မုဒိမ်းကျင့်ပြီး မင်းတို့နှစ်ယောက် သတ်တာပဲဆိုတာ ပေါ်နေပြီ။ မင်း ဘာပြောမလဲ"

"ကျွန်တော် မသတ်ပါဘူး ဌာနအုပ်ကြီး"

"ဝုန်း၊ ဂွမ်း၊ အွတ်"

"ကျွန်တော် သတ်တာပါ ဌာနအုပ်ကြီး၊ ကျွန်တော် သတ်တာပါ။ အမှန်အတိုင်း ပြောပါမယ်"

အမှုစစ်ခန်းတွင် အမှုစစ်ဆေးနေစဉ် အမှုစစ်အရာရှိများ စားထားသော ထမင်းဆိုင်မှ ပန်းကန်ပြား၊ ပန်းကန်လုံး အထပ်လိုက်ကို ကြောင်လာစားရာမှ တရားခံ တင်ဝင်းအောင်၏ ခေါင်းပေါ်သို့ ပန်းကန်ပြား၊ ပန်းကန်လုံး အထပ်လိုက် ကျသွားသည်။ ဦးခေါင်းတွင် ဖူးရောင်ညိုမည်းသွားသည်။ ကြောက်လန့်ပြီး အမှန်အတိုင်း ပြောပါမည်။ ကျွန်တော် သတ်တာပါဟု အမှန်အတိုင်း ပြောဆိုခြင်း ဖြစ်လေသည်။

"ညီလေး ... ရာဇဝတ်ဘေး ပြေးမလွတ်တဲ့။ ဒါဟာ ကြောင်ရဲတွေပဲ ရှိသေးတယ်။ နောက် ရဲကြောင်တွေ ရှိသေးတယ်"

"ဟုတ်ကဲ့ ဌာနအုပ်ကြီး၊ ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ်"



ဌာနအုပ်သည် မြို့နယ် ရာဇဝတ်တရားရုံးသို့ ခေါ်ဆောင်သွားပြီး တင်ဝင်းအောင်၏ ဖြောင့်ချက်ကို ယူစေလေသည်။ ဆက်လက်ပြီး ကျော်စွာခိုင်ကို စစ်ဆေးယူစေလေသည်။

"ကဲ ညီလေး တင်ဝင်းအောင်ကတော့ အမှန်ကို အမှန်အတိုင်း ထွက်ဆိုချက်၊ ဖြောင့်ချက်တွေ ပေးပြီးပြီ။ မင်းကကော ဘာပြောမလဲ"

"ဟုတ်ကဲ့ ဌာနအုပ်ကြီး၊ မုဒိမ်းကျင့်တဲ့ နေရာတော့ ကျွန်တော်လည်း ပါပါတယ်။ သံတူရွှင်းနဲ့ ရိုက်တာကတော့ ကျွန်တော် မဟုတ်ပါဘူး။ တင်ဝင်းအောင်ပါ။ ကျွန်တော် အမှန်အတိုင်း ထွက်ဆိုပါမယ်။ ဖြောင့်ချက်လည်း ပေးပါ့မယ်"

ဌာနအုပ်ကြီးသည် ရဲလုပ်ငန်းများ ပြီးပြည့်စုံပြီဖြစ်လေသောကြောင့် တရားခံ တင်ဝင်းအောင်၊ ကျော်စွာခိုင်တို့အား မကွေး ဒီစတြိတ် ရာဇဝတ်တရားရုံးတော်သို့ ရာဇဝတ်ကြီးမှုပုဒ်မ ၃၇၆/၃၀၂ တို့အရ တရားစွဲဆိုလိုက်သည်။

မကွေး ဒီစတြိတ် ရာဇဝတ်တရားသူကြီးရုံးတော်မှ သက်သေခံ အထောက်အထားများ၊ သက်သေခံ ပစ္စည်းများ၊ ဆေးစစ်ချက်၊ ဆေးစာများ၊ မျက်မြင်သက်သေများနှင့် ဖြစ်ရပ်များကို ကိုယ်တိုင်သိရှိသူတို့၏ သက်သေထွက်ဆိုချက်တို့အရ ပြစ်မှုကျူးလွန်ကြောင်း ခိုင်မာထင်ရှားသောကြောင့် တရားခံ တင်ဝင်းအောင်နှင့် ကျော်စွာခိုင်တို့အား ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်လေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



## လောဘ၊ ဒေါသ၊ မောဟကြောင့် သောကများ

(၁)

"မင်းကြီး ရဲအုပ်ကျော်စိန်လင်း ရောက်ကြောင်း သတင်းပို့ပါတယ်။"

"အေး ... လွှတ်လိုက်ဟေ့"

ရဲအုပ်ကျော်စိန်လင်းသည် ရဲမင်းကြီးအား အရိုအသေပြု၍ အခန်းတွင်းသို့ ဝင်သွားလေသည်။

"ထိုင်ပါ ... ဆရာ"

"ဟုတ်ကဲ့ ... မင်းကြီး"

"ဟစ်ဟော့ကေ့စ်တစ်ခု ရှိနေတယ်။ ဒီကေ့စ်ကို ဆရာကျော်စိန်လင်း ကိုင်မှ ဖြစ်မယ်"

"ဟစ်ဟော့ကေ့စ်ဆိုတာ"

"ဟစ်ဟော့သီချင်းလိုပေါ့ဗျာ။ လူကြီးတွေဆီကို လျှောက်တိုင်ထားတဲ့ အမှုဖြစ်တယ်။ ငွေတန်ဖိုးများတဲ့ အမှုလည်း ဖြစ်တယ်။ အနှစ်ပိုင်းက ဒီလိုဗျ ...

www.burmeseclassic.com

www.burmeseclassic.com



"နန်းစင်ပတ္တမြား လက်စွပ်၊ ပတ္တမြားလည်ဆွဲ၊ ပတ္တမြား နားကပ်၊ စိန်တစ်ဆင်၊ ပတ္တမြားလုံးချော ကာလတန်ဖိုးငွေ ကျပ်သိန်း (၂) သောင်းကျော်တဲ့ ပစ္စည်းတွေဟာ ပြည်ထောင်စု ဘဏ်မှာ ရတနာပစ္စည်းထားတဲ့ အခန်းဖောက်ပြီး သိမ်းဆည်းလာ ခဲ့ကြတဲ့ ပစ္စည်း ဖြစ်တယ်။ ကျောက်မျက်ရတနာပြပွဲမှာ ရောင်း မယ်ဆိုပြီး ဘဏ်မှာ ထုတ်ယူကြတယ်။ ဒီပစ္စည်းတွေကို သူတို့ လူယုံက ဒေါ်လာနဲ့ ရောင်းပေးမယ်ဆိုပြီး ဒေါ်လာ (၅၀၀၀၀) ကြိုတင်ငွေပေးပြီး ယူသွားတယ်။ မြဝတီမှာ သွားရောင်းမယ် ဆိုပြီး ချမ်းမြေ့ကြွယ်ကားဂိတ်မှာ (၄) ဦးအတွက် ကားလက် မှတ် ဖြတ်တယ်။ ဒါပေမဲ့ မြဝတီကို မသွားဘဲ ရှောင်နေကြ တယ်။ ဒီနေ့တော့ မနက် (၆) နာရီ ရထားနဲ့ မန္တလေးကို ထွက်သွားကြတယ်။ ဒါကြောင့် ခင်ဗျားကို (၁၁) နာရီ လေ ယာဉ်နဲ့ မန္တလေးလိုက်သွားပြီး လူနဲ့ ပစ္စည်းတွေ ရမိအောင် ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်တယ်။ ဒီမှာ ဓာတ်ပုံတွေ။ ဒါက ခေါင်းဆောင်အမျိုးသမီး၊ ဒီ (၃) ယောက်က မော်ဒယ်လ်ဂဲတွေ"

"ဟုတ်ကဲ့ ...မင်းကြီး"

"ကျောက်တံတား ရဲစခန်းမှာ အမှုဖွင့်ထားပြီး ဖြစ်တယ်။ ဆက်ကြောင်းယူပါ။ မန္တလေးအပိုင် ရဲစခန်းနဲ့ အင်အားယူပြီး လှုပ်ရှားပါ ...မရှင်းတာ ဘာရှိလဲ"

"မရှိပါဘူး မင်းကြီး"

"ဆက်လုပ်"



ရဲအုပ် ကျော်စိန်လင်းသည် လေယာဉ်ဖြင့် လာရောက်သူ ဖြစ်၍ ရထားမဆိုက်မီ မန္တလေးမြို့သို့ ကြိုတင်ရောက်ရှိနေသည်။ မန္တလေးတိုင်း ရဲတပ်ဖွဲ့နှင့် ဆက်ကြောင်းယူသည်။ ရထားဆိုက် သည်နှင့် ဓာတ်ပုံပါ အမျိုးသမီး (၄) ဦးတို့၏ လှုပ်ရှားမှုကို စောင့်ကြည့်သည်။ အမျိုးသမီး (၄) ဦးသည် သူတို့အား အသင့် စောင့်နေသူဟု ထင်ရသော ဆန်နီစူပါဆလွန်းကား (ပ/--) နှင့်ထွက်သွားလေသည်။ ရဲအုပ် ကျော်စိန်လင်းသည် သူတို့ တည်း ခိုနားနေမည့် နေရာကို နောက်ယောင်ခံပြီး လိုက်ကြည့် သည်။ သူတို့သည် အမှတ် (၆) ရဲစခန်းအပိုင် ခြံကြီးအတွင်းသို့ ဝင် သွားကြလေသည်။

"ဆရာ ...ကျွန်တော်တို့ ဝင်ဖမ်းရင် မကောင်းဘူးလား"

အမှတ် (၆) ရဲစခန်းမှ ဒုရဲအုပ်မြင့်ဇော်ဦးက ဖမ်းဆီး ဖော်ထုတ်ရန် တိုင်ပင်သည်။

"မဖြစ်သေးဘူးဆရာ။ သူတို့ခြံထဲမှာ၊ သူတို့အိမ်ကြီးအ တွင်းမှာဆိုတော့ ခွင်ကျယ်နေတယ်။ ပစ္စည်းတွေ ပျောက်သွား နိုင်တယ်။ ဒါကြောင့် ဖမ်းဆီးရေးခွင်ကျဉ်းတဲ့အချိန်မှာ ကျွန် တော်တို့ ဖမ်းမယ်"

ရဲအုပ် ကျော်စိန်လင်းနှင့် အမှတ် (၆) ရဲစခန်းမှူး ဒုရဲ အုပ် မြင့်ဇော်ဦးအဖွဲ့ အပါအဝင် အရန်အင်အား ရဲမေတို့သည် စောင့်ဆိုင်းကြည့်ရှုနေကြသည်။

(၁) နာရီခန့်အကြာတွင် လာကြိုသော ဆန်နီစူပါဆ

www.burmeseclassic.com

www.burmeseclassic.com



လွှန်း (ပ/---) ဖြင့် အမျိုးသမီး (၄) ဦးတို့ ခြံတွင်းမှ ထွက်လာလေသည်။

လမ်းကျဉ်းအတွင်းမှ လမ်းကျယ်လမ်းမကြီးပေါ်သို့ အရောက်တွင် ရဲကားဖြင့် ပိတ်၍ ရပ်တန့်ခိုင်းပြီး ရှာဖွေစစ်ဆေးရေး လုပ်သည်။ အမျိုးသမီး (၄) ဦးအနက်မှ ခေါင်းဆောင်ဟု ထင်ရသော အမျိုးသမီးကြီးက -

"ဒါ ...ဘာလုပ်တာလဲ၊ ဘာကိစ္စလဲ"

ကျွန်မ ဟိုလူကြီး တိုင်မယ်၊ ဒီလူကြီး တိုင်မယ်ဟု ဖြ ခြောက်လိုက်လေသည်။

"ကျွန်တော်တို့လည်း လူကြီးတွေရဲ့ တာဝန်ပေးချက်အရ တာဝန်အရ ဆောင်ရွက်ရတာပါခင်ဗျာ"

"ဆရာတို့ ဆက်လုပ်"

ခေါင်းဆောင်အမျိုးသမီးကြီး၏ ပိုက်ဆံအိတ်အတွင်းမှ ပတ္တမြားလည်ဆွဲ၊ နားကပ်တို့နှင့်အတူ ကျောက်စိမ်းတစ်ဆင်စာ တို့ကိုပါ ဖမ်းဆီးရမိသည်။

ကျန်အမျိုးသမီးငယ် (၃) ဦးတို့က "ဂစ်အင်တိတ်" လုပ်ပါရှင် ...ကျွန်မတို့ အမှန်အတိုင်း ပြောမယ်။ အမှန်အတိုင်း ပစ္စည်းတွေ ထုတ်ပေးပါ့မယ်" ဟု ကမ်းလှမ်းကြလေသည်။

"သိပ်ကောင်းတာပေါ့ဗျာ၊ ပြေလည်ရင် လေယာဉ်တောင် အလကား စီးရတယ်ဆိုတာ ရှိတယ် မဟုတ်လား"

အမျိုးသမီး (၃) ဦးတို့သည် ၎င်းတို့၏ မိန်းမကိုယ်တွင်



သို့ဝှက်သိမ်းဆည်းထားသော ပတ္တမြားလုံးချောများကို ထုတ်ပေးလေသည်။

လျှပ်တစ်ပြက် ဓာတ်ပုံရိုက်ချက်များကလည်း တဖျပ်ဖျပ်။

အားလုံးကို ရဲစခန်းသို့ ခေါ်ဆောင်သွားသည်။ ရဲစခန်းတွင် အသင့်စောင့်နေသော ပစ္စည်းပိုင်ရှင် ဦးစိန်၊ ရတနာပစ္စည်းအကဲဖြတ် ဦးမောင်မောင်ကြီးတို့ထံသို့ ပစ္စည်းများကို ပြသစစ်ဆေးသည်။ ရှာဖွေပုံစံတွင် ပစ္စည်းများ ရေးသွင်းသည်။

"ဒီမှာ ဦးစိန် ...ရှင့်ရဲ့ ပစ္စည်းတွေ အရောင်းခိုင်းလို့ ကျွန်မတို့က ဈေးကွက်ရှာပြီး ရောင်းပေးဖို့ လုပ်နေတာ။ ရှင်က ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ။ ကျွန်မတို့က ရှင့်ကို လိမ်နေလို့လား။ ရှင့်ပစ္စည်းတွေ ကျွန်မတို့ အကုန်လုံးအပ်ထားပြီးပြီ။ ကုန်သည်အချင်းချင်း ဒီလိုလုပ်သင့်သလား။ ကျွန်မရဲ့ စပေါ်တင်ထားတဲ့ ဒေါ်လာ (၅၀၀၀၀) အခုပြန်ပေး"

"ဦးလေး ဦးစိန် ...ကျွန်မတို့က အနုပညာလုပ်ငန်းနဲ့ အသက်မွေးတဲ့ သူတွေပါ။ လူသိများတဲ့ အနုပညာသည်တွေပါရှင် ...သံသယနဲ့ အမှုတွေဘာတွေ လုပ်မနေပါနဲ့။ ကျွန်မတို့ ရုံးရောက်ဂါတ်ရောက် တစ်ခါမှလည်း မရှိခဲ့ပါဘူး။ ပြေလည်အောင် လုပ်ကြပါရှင် ...ပြေလည်အောင် လုပ်ကြပါ"

စိန်မမနှင့် သူခေါ်လာသည့် မော်ဒယ်လ်ဂဲ မိန်းကလေးတို့က ဦးစိန်အား ပြေလည်အောင် လုပ်ကြပါရန် တောင်းပန်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဦးစိန်နှင့် စိန်မမတို့သည် ပြစ်မှုအဖြစ်အပျက်များကို အကြိတ်အနယ်၊ အကျေအလည် ဆွေးနွေးကြသည်။ ညှိနှိုင်းတိုင်ပင်ကြသည်။ ရဲအုပ် ကျော်စိန်လင်းကိုလည်း အကြံဉာဏ်ပေးရန် တင်ပြတိုင်ပင်ကြသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ကတော့ နစ်နာသူ ကာယကံရှင် ပြည်သူတစ်ဦးက အမှုဖွင့်တိုင်ကြားလာရင် ဥပဒေလုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ပေးကြရပါတယ်။

တိုင်ကြားသူနဲ့ တိုင်ကြားခံရသူတို့အကြား ပြေလည်မှု၊ မပြေလည်မှု စတဲ့ ကိစ္စတွေကတော့ ကာယကံရှင်တွေရဲ့ ဆန္ဒအရသာ ဆောင်ရွက်ပါ။ ကျွန်တော်တို့ ကြားညပ်မခံနိုင်ပါဘူး"

ဦးစိန်နှင့် စိန်မမတို့၏ အပြီးသတ် ညှိနှိုင်းသဘောတူညီချက်ကတော့ ...

ဦးစိန်က ပစ္စည်းအားလုံး ပြန်လည်ရရှိပြီးဖြစ်၍ အမှုပိတ်ပေးရန်။

စိန်မမထံမှ စပေါ်ငွေအဖြစ် ယူထားသော ဒေါ်လာ ၅၀၀၀၀ သိန်း (၅၀၀) ကို ဦးစိန်က ပြန်ပေးရန်။

ခရီးစရိတ်ငွေ (၃) သိန်း ဦးစိန်က စိန်မမတို့အား ပေးရန်။

နှစ်ဖက်သဘောတူကြသည်။ နှစ်ဖက်သဘောတူ ကတိမှတ်တမ်းစာချုပ်များ ပြုလုပ်ကြလေသည်။



နှစ်ဖက်ပြေငြိမ်းမှု အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ ယုနီဗာဆယ် ဟိုတယ်ကြီးတွင် တစ်စုတဝေးတည်း တည်းခိုကြသည်။ ဦးစိန်က အားလုံးကို ညစာစားပွဲဖြင့် ဧည့်ခံလိုက်လေသည်။

အမုန်းတရားများ ချုပ်ငြိမ်းသွားသောအခါ အချစ်မေတ္တာတရားများ ပြန်လည်လန်းဆန်းလာကြသည်မှာ ဓမ္မတာပင် ဖြစ်လေသည်။ တကယ်ဆိုတော့ ဦးစိန်နှင့် စိန်မမတို့မှာ စီးပွားဖက်များ ဖြစ်ကြပါသည်။

"ဦးစိန်၊ မမကို တစ်သက်လုံး မွေးထားတဲ့ကြက် တစ်ချက်တည်း ရိုက်သတ်ဆိုတာမျိုး လုပ်တာလား ...သိပ် ရက်စက်တယ် ဦးစိန်ရယ်။

တကယ်ဆိုတော့ မမဟာ ဦးစိန်ရဲ့ စီးပွားရေးလုပ်ငန်းကို ဘယ်အတိုင်းအတာအထိ ကျွန်ခံပေးခဲ့တယ်ဆိုတာ ဦးစိန်အသိပါ။ ပြီးတော့ မမရဲ့ ဘဝတစ်ခုလုံးကို ပုံအပ်ခဲ့တာ ဦးစိန်နဲ့ မမ နှစ်ယောက်တည်းပဲ သိတာပါ"

စိန်မမသည် ဦးစိန်နှင့် ဆက်စပ်ပတ်သက်ခဲ့ကြသည့် တဏှာဝါသော ဗဟုကိစ္စော ရင်တွင်းဖြစ်ခံစားချက်များကို ရင်ဖွင့်နေလေသည်။

"မိန်းမနဲ့ သားအကြီးကောင်တို့က စိုးရိမ်စိတ်နဲ့ လုပ်ကြတာပါကွာ။ ငါ့ကို နားလည်ပေးပါမမရယ်။ အခုလည်း မမ ထိခိုက်မနစ်နာအောင် လုပ်ပေးထားတယ် မဟုတ်လား။ မမ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တာကို ဦးစိန် လုပ်ပေးမှာပါ။ ရှေ့ဆက်ပြီး လက်တွဲသွားကြရအောင်နော် ...နော်"

ဦးစိန်သည် မိမိ၏ စီးပွားဘက် ဘဝခရီးဖော် စိန်မမ၏ ပါးပြင်ပေါ်ဝယ် တလိမ့်လိမ့် စီးကျနေသော မျက်ရည်စလေးများကို သုတ်ပေးရင်း အကြင်နာပန်းလေးများ ပန်ပေးလိုက်လေသည်။

နောက်နေ့နံနက်တွင်မူ ကား အားလုံး ရန်ကုန်သို့ ပြန်ခဲ့ကြလေသည်။

ရဲအုပ် ကျော်စိန်လင်းသည် ရန်ကုန်သို့ ပြန်ရောက်သည်နှင့် မှုခင်းဖော်ထုတ် ဆောင်ရွက်မှုအခြေအနေများကို အစီရင်ခံတင်ပြသည်။ ရှေ့ဆက်လုပ်ရန်အတွက် လမ်းညွှန်မှုကို ခံယူလေသည်။

မင်းကြီး၏ လမ်းညွှန်မှုအရ အခင်းဖြစ် မှုခင်းနှင့်တကွ သက်သေခံပစ္စည်းများ၊ တရားလို၊ တရားခံများကို မူလ အမှုဖွင့်ရဲစခန်းဖြစ်သည့် ကျောက်တံတားရဲစခန်းသို့ လွှဲအပ်လိုက်ရတော့မည်ဖြစ်လေသည်။

"မင်းကြီး ငွေကျပ်သိန်းပေါင်း (၂) သောင်းကျော်တန် ပစ္စည်းတွေနဲ့ ပတ်သက်ပြီး အခွန်ကိစ္စ ဆက်သွယ်ဆောင်ရွက်ဖို့ မလိုအပ်ဘူးလား"

"နိုင်ငံအတွက် အကျိုးရှိအောင်ပြောတာ လက်ခံပါတယ်။ ဒါပေမဲ့ ဒီကိစ္စတွေက အမြတ်ခွန်ဌာနရဲ့ လုပ်ပိုင်ခွင့်တွေပါဗျာ"

မြို့နယ်မှူး၏ တာဝန်ပေးချက်အရ ဒုရဲအုပ်သောင်းဝင်းသည် အခင်းဖြစ်မှုခင်းကို လက်ခံကိုင်တွယ် ဆောင်ရွက်ရလေသည်။



(၃)

အမှုစစ် ရဲအရာရှိ ဒုရဲအုပ် သောင်းဝင်းသည် တရားလို ဦးစိန်နှင့် သက်သေတို့အား အမှုတည်ဆောက်ရန်၊ စစ်ဆေးသည့် တရားခံများဘက်ဖြစ်သော စိန်မမ၊ မော်ဒယ်လ်ဂဲ ဗီဒီယိုမင်းသမီးများဖြစ်ကြသော နန်းကလျာထွန်း၊ နန်းပပမြိုင်၊ ကျော့ကလျာကေခိုင်တို့အား စစ်ကြောရေးလုပ်သည်။

"ဆရာ...ကျွန်မနဲ့ ဦးစိန်တို့ရဲ့ ဟောဒီစာချုပ်အရ ကျွန်မကို ဦးစိန်က ဒေါ်လာ (၅၀၀၀၀) ဒါမှမဟုတ် ငွေကျပ်သိန်း (၅၀၀) ပေးဖို့လည်း ကတိစာချုပ် လုပ်ထားတယ်။ အမှုကို ရုပ်သိမ်းပေးဖို့လည်း ကတိစာချုပ်မှာ ပါပါတယ်။ ဒီကိစ္စကိုလည်း ဆောင်ရွက်ပေးပါ ဆရာ"

ဒုရဲအုပ် သောင်းဝင်းသည် ကတိစာချုပ်ကို သေချာစွာဖတ်ရှုစဉ်းစားနေသည်။ စာချုပ်အား စခန်းမှူးထံသို့ တင်ပြပြီး ပေါင်းစပ်မှု၊ လမ်းညွှန်မှုကို ခံယူသည်။

"ဆရာသောင်းဝင်း၊ တရားလို ဦးစိန်က အမှုရုပ်သိမ်းစာတင်လာရင် ကျွန်တော်တို့ရဲ့ စခန်းလုပ်ထုံးလုပ်နည်းအရ လက်ခံပြီး ဥပဒေအရာရှိထံမှာ တင်ပေးပြီး ဆောင်ရွက်ရမယ်ပေါ့ ..."

"အဲ ...စိန်မမက ဦးစိန်ထံမှ ဒေါ်လာ (၅၀၀၀၀) ဒါမှမဟုတ် ငွေကျပ်သိန်း (၅၀၀) ရလိုမှုကတော့ နစ်ဖြစ်သောဘော

www.burmeseclassic.com

www.burmeseclassic.com



တူ ကတိစာချုပ်အရဖြစ်လို့ ကျွန်တော်တို့ရဲ့ အရေးမပိုင်ဘူး၊ တရားမ တရားရုံးက ဥပဒေအရ ငွေရလိုမှု စွဲရမှာ ဖြစ်တယ်။ အဲဒါ သူတို့ကို ရှင်းပြလိုက်ပေါ့ဗျာ"

"ဟုတ်ကဲ့ စခန်းမှူး"

ဒုရဲအုပ် သောင်းဝင်းသည် တရားလို ဦးစိန် အားလည်းကောင်း၊ တရားခံ စိန်မမ ပါ (၄) ဦးတို့အားလည်းကောင်း အမှုအခင်းနှင့် ပတ်သက်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်ကို ရှင်းပြလိုက်သည်။

(၄)

"ဦးစိန်၊ မမရဲ့ ဒေါ်လာ (၅၀၀၀၀) ဒါမှမဟုတ် ငွေကျပ်သိန်း (၅၀၀) ပေးမယ်ဆိုတာ ဘယ်နေ့ပေးမှာလဲ။ နောက်ပြီး အမှု ရုပ်သိမ်းပေးမယ်ဆိုတာလည်း ရုပ်သိမ်းမပေးသေးလို့ ရဲစခန်းက ဆက်ပြီး စစ်နေတယ်။ အဲဒါ ဘယ်လိုလဲ ဦးစိန်၊ ဘာသဘောလဲ"

စိန်မမသည် မှုခင်းပြသနာနှင့် ပတ်သက်ပြီး လိပ်ခဲတည်းလည်း ဖြစ်နေမှုများကို သံယောဇဉ်မောင်ကြီးဦးစိန်ကို ကန့်ကလျ မေးမြန်းနေလေသည်။

"ခက်တယ် မမရယ်၊ အိမ်က အဘွားကြီးနဲ့ သားအကြီးကောင်က အမှုကို ရုပ်သိမ်းမပေးနဲ့၊ စိန်မမကို အပြတ်ရှင်းရမယ်လို့ အကျပ်ကိုင်နေတယ်ကွာ။ ကိုယ်လည်း အရမ်း စိတ်ညစ်နေရတယ် ... ဦးစိန်ကို နားလည်ပေးပါလား မမရယ်"



ဦးစိန်လည်း မိသားစုအတွင်း သူရင်ဆိုင်နေရသော အကျပ်အတည်း အခက်အခဲများ၊ ဇနီးနှင့် သားအကြီးကို မလွန်ဆန်နိုင်ဖြစ်နေရပုံများကို ရှင်းပြလေသည်။

"ဒါဆိုရင် ဦးစိန်၊ ချစ်စကို တိုစေပြီး မုန်းစကို ရှည်အောင် လုပ်ကြရမယ့်ဘဝ ဖြစ်နေပြီ။ ဦးစိန် အမှုမရုပ်သိမ်းပေးရင်လည်း နေပါ။ ဥပဒေအရ ရင်ဆိုင်ရမှာပေါ့။ စိန်မမက ဦးစိန်အပေါ်မှာ တရားမ တရားရုံးမှာ ဒေါ်လာ (၅၀၀၀၀) သို့မဟုတ် ငွေကျပ် သိန်း (၅၀၀) ရလိုမှု စွဲရတော့မယ် ဦးစိန်"

စိန်မမသည် ပါးကိုက်နားကိုက် လုပ်ရတော့မည့် အခြေအနေများကို ဦးစိန်ကို အပြီးအပြတ် ပြောလိုက်လေသည်။

စိန်မမသည် ဦးစိန်အပေါ်သို့ ရန်ကုန်တိုင်း တရားရုံးတွင် ကတိစာချုပ်အရ မိမိ ဦးစိန်ထံမှ ရရန်ရှိသော ငွေကျပ် သိန်း (၅၀၀) ရလိုမှု စွဲဆိုခဲ့ရာ တရားမကြီးမှု အမှတ် ၂၇/၀၅ ဖြင့် လက်ခံပြီး စစ်ဆေးကြားနာဆောင်ရွက်လျက် ရှိလေသည်။

ကျောက်တံတား ရဲစခန်းမှလည်း မြို့နယ် ဥပဒေရုံး၏ အကြံပြုချက်အရ စိန်မမ ပါ (၄) ဦးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့် ကျောက်တံတားမြို့နယ် တရားရုံးသို့ တရားစွဲဆိုခဲ့ရာ ပြစ်မှုကြီးမှုအမှတ် ၃၃/၀၅ ဖြင့် လက်ခံပြီး စစ်ဆေးကြားနာရန် ဆောင်ရွက်ခဲ့လေသည်။

(၅)

လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်များ လွှမ်းမိုးနေသည့် ဦးစိန်၏ဇနီး ဒေါ်သိန်းသိန်းနှင့် သားအကြီး စွမ်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



တို့မှာ ၎င်းတို့ပိုင် နန်းစဉ်ပတ္တမြားလက်စွပ်နှင့် ပတ္တမြားနားကပ်၊ စိန်တစ်ဆင်၊ ပတ္တမြားလုံးချောများ၊ သက်သေခံပစ္စည်းအဖြစ် တင်သွင်းထားရသောကြောင့် ကာလတန်ဖိုးငွေ ကျပ်သိန်းပေါင်း (၂) သောင်းကျော်တန် ပစ္စည်းများ မိမိလက်ဝယ်မဟုတ်သောကြောင့် စိတ်မချသည့် သောကဗျာပါဒများ ခံစားနေကြရသည်။

အခြားတစ်ဖက်တွင်လည်း ဦးစိန်မှာ ငွေကျပ် သိန်း (၅၀၀) ပေးအပ်စေရန် တရားစွဲဆိုခံမှုကို ရင်ဆိုင်နေကြရသောကြောင့် ဒုက္ခဒေါမနဿများကို ခံစားနေကြရလေသည်။

စိန်မမနှင့် မော်ဒယ်လ်ဂဲ ရွှေမင်းသမီး (၃) ယောက်တို့မှာလည်း ဂျာနယ်များတွင် ပါဝင်နေသဖြင့် နာမည်ပျက်၊ အရှက်ရနေကြရလေသည်။

အမုန်းခွန်အား ပွားများနေကြသော ဦးစိန်၏ ဇနီးဒေါ်သိန်းသိန်း၊ သားကြီး ထွန်းထွန်းတို့အား ကြားလူဖြစ်သော စာရေးဆရာ မောင်မောင်စိန်လင်း (နှတ်မောက်)၊ ရှေ့နေကြီး ဥက္ကလာ ဦးနက်ပြောင်တို့က "အရှုံးနှင့်အမြတ်" ကို နားလည်ရန်နှင့် "အမုန်းကြောင့် အရှုံးမဖြစ်စေရန်" နားချ တရားပြခဲ့လေသည်။ နားဝင်၊ တရားဝင်လေသောကြောင့် စိန်မမ ပါ (၄) ဦးတို့အပေါ် စွဲဆိုထားသည့် ရာဇဝတ်မှုကို ရုပ်သိမ်းပေးရန် သဘောတူကြလေပြီ။

ဆက်လက်ပြီး စိန်မမကိုလည်း အကျိုးဆောင်ကြီးတို့က တရားမကြီးမှုကို ရုပ်သိမ်းပေးရန် ကမ်းလှမ်းခဲ့ရာ သူ့ငွေ ဒေါ်လာ



(၅၀၀၀၀) သို့မဟုတ် ငွေကျပ် သိန်း (၅၀၀) ပြန်မပေးပါက မရုပ်သိမ်းနိုင်ကြောင်း တင်းမာနေလျက် ရှိနေသည်။

အကျိုးဆောင်ကြီးများ၏ လူမှုရေးအရ ညှိနှိုင်းပေးချက်တို့အရ ရာဇဝတ်မှု/တရားမကြီးမှုများကို အပြန်အလှန် ရုပ်သိမ်းပြီး ချုပ်ငြိမ်းလိုက်ကြလေသတည်း။

**"လူ့ပြည်မှာ အမှုမပွေကြပါနဲ့"**

❒

www.burmeseclassic.com

www.burmeseclassic.com



# သစ်ပင်အောက်က မိန်းမချောလေး

(၁)

"ဘာအလိုရှိပါသလဲရှင်၊ ဂျီ၊ ပီ၊ အက်စ်ပီ၊ ဘာသာပြန်၊ နိုတြီ၊ ထိမ်းမြားလက်ထပ် အစုံ ဆောင်ရွက်ပေးပါတယ်ရှင်"

သုဇာ၊ ဖြူပြာ၊ မှုယာ ညီအစ်မသုံးယောက်တို့သည် အလုပ်အပ်မည့်သူအား လိုအပ်သလို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောသူက ပြော၊ နေရာပေးသူက ပေးဖြင့် ဖိတ်ခေါ်နေကြလေသည်။

"ကျွန်တော် မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံချက်တို့ကို ဘာသာပြန်ပြီး နိုတြီ ပဗ္ဗလစ်လက်မှတ်ရေးထိုးပေးဖို့ အပ်ချင်ပါတယ် ခင်ဗျား"

"ရပါတယ်၊ အားလုံး ကျွန်မတို့ ဆောင်ရွက်ပေးပါမယ်။ အပြီးအငြိမ်း တစ်ခု ၃၀၀၀ိ/နှုန်း၊ ၉၀၀၀ိ/ ကျပါမယ်ရှင်၊ မနက်ဖြန် လာယူပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်မောင်မောင်ထွန်းသည် သူငယ်ချင်းဖြစ်သူ ဇင်မောင်မောင်က ၎င်းအလုပ်လုပ်ကိုင်နေသော အီဂျစ်နိုင်ငံသို့ လာရောက်ပြီး အလုပ်အတူတူလုပ်ရန် ခေါ်ယူသောကြောင့် လိုအပ်သော စာရွက်စာတမ်းများကို ပြုလုပ်နေလေသည်။

နောက်နေ့တွင် ဖြစ်သည်။

"ကျွန်တော် ... နောက်ထပ်ပြီး ဆယ်တန်းအောင် လက်မှတ် နဲ့ ဘွဲ့လက်မှတ် အကြံအဖန် လုပ်ချင်တယ်၊ ရနိုင်မလား"

"ကျွန်မတို့ မလုပ်ပါဘူး။ ဒါပေမဲ့ လုပ်ပေးနိုင်တဲ့ သူတွေထံမှာ အပ်ပေးပါမယ်။ ဘွဲ့လက်မှတ်၊ ဆယ်တန်းအောင် လက်မှတ် မူရင်းတော့ မရနိုင်ပါဘူး။ မိတ္တူပဲ ရပါမယ်။ ဘာသာပြန် နော်ထရီကတော့ မူရင်းရပါမယ်"

"ဘယ်လောက်ပေးရမလဲ ညီမ"

"ဟုတ်ကဲ့ ... နှစ်မျိုး (၇) သောင်း ကျပါမယ်"

"နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထပ်ဆင့်ထောက်ခံချက်ကော လုပ်ပေးနိုင်မလား ညီမ"

"ဟုတ်ကဲ့ရှင့် ... ရပါတယ်။ အဲဒီကိစ္စအတွက် အစ်ကိုတို့ မိသားစုထဲက တစ်ယောက်ယောက် ကိုယ်တိုင်လိုက်ရပါမယ်။ လုပ်ငန်းကတော့ ကျွန်မတို့ လုပ်ပေးပါ့မယ်။ အဲဒီအတွက် တစ်မျိုး (၃) သောင်း၊ (၅) မျိုးဆိုတော့ တစ်သိန်းငါးသောင်း ကျပါ့မယ်"

ကျော်မောင်မောင်ထွန်းသည် မလုပ်မဖြစ် လုပ်ရမည့် လုပ်ငန်းများ ဖြစ်လေသောကြောင့် တစ်ကြောင်း၊ ပျူငှာလှသော



သူဇာ၊ ဖြူပြာ၊ မူယာ ညီအစ်မ (၃) ယောက်တို့၏ ဆက်ဆံရေး ကောင်းမှုကြောင့်တစ်ကြောင်း အားလုံး အပ်နှံလိုက်လေသည်။

(၂)

မိသားစုခေါင်းဆောင် အိမ်ဦးနတ်ဖြစ်သော ဝန်ထမ်းဖခင်ကြီး ကွယ်လွန်ခဲ့ပြီးနောက် ကျောင်းဆက်ပြီး နေနိုင်စွမ်း မရှိတော့သောကြောင့် ကျောင်းထွက်ကြရသည်။ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းကြား ကုန်သည်လမ်းမကြီးပေါ်ရှိ သစ်ပင်ကြီးအောက်တွင် လမ်းဘေးရုံးခန်း ဖွင့်လှစ်ခဲ့ကြသည်။ စားဝတ်နေရေး ဘဝရပ်တည်မှုအတွက် ကျွမ်းကျင်ရာ လိမ္မာဆိုသကဲ့သို့ ပြည်ပသို့ အလုပ်လုပ်ကိုင်ရန်၊ ကျောင်းနေရန် စသည်တို့အတွက် လိုအပ်သော ဘာသာပြန်၊ နော်ထရီလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် မိခင် မုဆိုးမကြီးနှင့် မိသားစု စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းမှုကို ပြုနေရသော မိန်းမသား မိသားစု ဖြစ်လေသည်။

သစ်ပင်အောက်တွင် ရုံးခန်းဖွင့်ကြရသော မိန်းမချောလေး (၃) ယောက်တို့သည် အသက်အားဖြင့် (၁၅) နှစ်၊ (၁၇) နှစ်၊ (၁၉) နှစ်သာ ရှိကြသေးသည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် စားဝတ်နေရေး ဘဝရပ်တည်မှုကို လုပ်ကိုင်စားသောက်ကြရသည်။

ရုပ်ချော၊ အရွယ်ကောင်း မိန်းမချောလေးများဖြစ်ပြီး ဆက်ဆံရေးကလည်း ကောင်းသူဖြစ်ကြသောကြောင့် အခြားသူများ

www.burmeseclassic.com

www.burmeseclassic.com



ထက် အလုပ်ရသည်မှာလည်း မနာလိုဝန်တိုမှု မစ္ဆရိယစိတ်များ ရလောက်အောင်ပင်။

သစ်ပင်အောက်တွင် အလုပ်လုပ်ကြရသည်ဖြစ်၍လေရာ အချို့အချို့သော ပုရိသကြီးငယ်တို့ကလည်း အထင်သေးကြသည်။ ယုံထောင်၊ ကြောင်ဖမ်း၊ ငမ်းကြောထကြသည်။ ခင်မင်ရင်းနှီးမှုကို ရယူကြသည်။ ရင်းနှီးပေါင်းဖက်မှုကို အကြောင်းဆက်ပြီး အပိုင်နော်ကြံလိုက်ချင်၊ တိုင်ပေါ် အလံစိုက်လိုသူများလည်း ကြံကြရသည်။

“ဖြူပြာ၊ သမီးက မော်ဒယ်လ်ဂဲအဆင့်ကျော်အောင် ချောမောပြေပြစ်သူလေး ဖြစ်တယ်။ ဒါကြောင့် သစ်ပင်အောက်မှာ ဒီအလုပ်ကို လုပ်မနေပါနဲ့။ အန်ကယ်ရဲ့ ရုံးခန်းမှာလာပြီး စာရေးမ လုပ်ပါလား။ လစာဝင်ငွေ အဆင်ပြေအောင် စီစဉ်ပေးမှာပေါ့”

ဤသို့ အကြိုက်သဘော လိုက်လျောပေးလိုသော စေတနာရှင်၊ ဆန္ဒရှင်ကြီးများလည်း ရှိသည်။ ဣတ္ထိယမိန်းမတို့၏ ရူပါရုပ်ဆင်း လှပခြင်းသည် ဓနုဥစ္စာမည်ကုန်၏။

“မူယာ…သမီးကလည်း အသားလည်း ဖြူတယ်၊ ကိုယ်လုံးကိုယ်ပေါက်လည်း အချိုးအဆစ်ကျတယ်။ အသံလည်း ကောင်းတယ်။ သီချင်းဆိုတာ ဝါသနာပါတယ်ဆိုတော့ အစ်ကိုကြီး စီးရီးတစ်ခွေ ထုတ်ပေးမယ်။ ဒီသစ်ပင်အောက်မှာ ဒီအလုပ် လုပ်မနေပါနဲ့လားကွယ်”



ဤသို့ဤပုံ အလိုလိုက်အကြိုက်ပေးပြီး ချီးမြှောက်လိုသူများလည်း မရှား။ ဣတ္ထိယရုပ် ဓနုဥစ္စ ပင်တည်း။

## (၃)

ကံဇာတာ တစ်ဆစ်ချိုးလေပြီလော…

သူဇာ၊ ဖြူပြာ၊ မူယာတို့၏ သစ်ပင်အောက် ကုန်သည်လမ်းမကြီးပေါ်သို့ ကားတစ်စီး ရပ်လိုက်သည်။ ကားပေါ်မှ ဆင်းလာသူ (၂) ဦးက လက်ထိတ်ခတ်ထားသော လူရွယ်တစ်ဦး ခေါ်လာသည်။

“ဒီဆိုင်လား”

“ဟုတ်ပါတယ်ဆရာ”

“သူတို့လား”

“ဟုတ်ပါတယ်ဆရာ”

လက်ထိတ်ခတ်ထားသော လူရွယ်အား ကားပေါ်သို့ ပြန်ခေါ်သွားသည်။ လက်ထိတ်ခတ်ထားသော ကျော်မောင်မောင်ထွန်းကို မြင်လိုက်ရသည့်အချိန်မှစပြီး သူဇာ၊ ဖြူပြာ၊ မူယာတို့ တုန်လှုပ်ချောက်ချားမှုတွေ များနေကြသည်။ ပျာယီးပျာယာ ဖြစ်နေကြလေသည်။

“ညီမ …လက်ထိတ်ခတ်ထားတဲ့သူကို သိသလား”

“ဟုတ်ကဲ့ သိပါတယ်ရှင့်”

“ညီမတို့ဆိုင်ကို တာဝန်အရ ရှာမယ်”

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် တာဝန်အရဆိုသူတစ်ဦးက **ဗီရိုတွင်း** ရှာဖွေသည်။ တစ်ဦးက စောင့်ကြည့်နေသည်။ မွှေနှောက်ရှာဖွေသည်။ သူတို့အလိုရှိသော ပစ္စည်း ဘာတစ်ခုမျှ မရှိ။ ဘာမျှ မတွေ့။

"ညီမတို့ (၃) ဦးထဲက သူဇာဆိုတာ ဘယ်သူလဲ"

"ကျွန်မပါရှင့်"

"ညီမကို စစ်ဆေးစရာရှိလို့ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ"

"မလိုက်လို့ မရဘူးလားရှင့်"

"မရပါဘူးခင်ဗျာ၊ ငြင်းဆန်ရင် တာဝန်အရ ဆက်လုပ်ရပါလိမ့်မယ်"

"ဟုတ်ကဲ့ ...လိုက်ပါ့မယ်ရှင်"

သူဇာအား ကားပေါ်ရှိ အမျိုးသမီးအနီးသို့ ပို့ပေးလိုက်သည်။ ထိုအမျိုးသမီးသည် လျင်မြန်ဖျတ်လတ်သော ရဲမေတစ်ဦး၏ လုပ်နည်းလုပ်ဟန်အတိုင်း သူဇာအား တစ်မုဟုတ်ချင်း လက်ထိတ်ခတ်လိုက်သည်။

"တာဝန်အရ လုပ်ရတာပါ ညီမ၊ မစိုးရိမ်ပါနဲ့"

ကျော်မောင်မောင်ထွန်း၊ သူဇာတို့ကို ခေါ်ဆောင်လာသည့် ပါပလစ်ကာကားသည် အင်းစိန် စီအိုင်ဒီ မှုခင်းတပ်ဖွဲ့ရုံးသို့ ခေါ်ဆောင်သွားလေသည်။ အဆင်သင့်စောင့်နေသော ရဲအုပ် ကျော်စိန်လင်းက စစ်ကြောရေး လုပ်သည်။

"ညီမ ...တို့သိချင်တာကို အမှန်အတိုင်း ပြောပါ။ တို့ကို ကူညီရာလည်း ရောက်တယ်။ စစ်ကြောရေးလုပ်ငန်း မြန်မြန်ဆန်ဆန်ပြီးတော့ ညီမလည်း အိမ်ကို စောစောပြန်လို့ရတာပေါ့"



"ဟုတ်ကဲ့ဆရာ၊ ညီမ သိတာတွေကို အမှန်အတိုင်း ပြောပါ့မယ်"

"ညီမ ...၁၀ တန်းအောင်လက်မှတ် မိတ္တူမှန်နဲ့ ဘွဲ့လက်မှတ် မိတ္တူမှန် ပြုလုပ်ပေးဖို့နဲ့ ဘာသာပြန် နော်ထရီမှုရင်းလုပ်ပေးဖို့ကို ကိုကျော်မောင်မောင်ထွန်းက ကျသင့်ငွေ (၇) သောင်းနဲ့ လက်ခံခဲ့ပါတယ်။ ပြီးတော့ ကိုခင်မောင်စန်းဆီမှာ (၄) သောင်းနဲ့ ပြန်အပ်ပါတယ်။ ကျွန်မတို့ (၃) သောင်း ယူခဲ့ပါတယ်။ ပြီးတော့ နိုင်ငံခြားရေးရုံးမှာ ထပ်ဆင့်ထောက်ခံချက် ယူဖို့အတွက် မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံချက်၊ (၁၀) တန်း အောင်လက်မှတ်၊ ဘွဲ့လက်မှတ် (၅) မျိုးအတွက် တစ်မျိုးကို (၃) သောင်းနှုန်းနဲ့ (၁) သိန်း (၅) သောင်းနဲ့ လက်ခံခဲ့ပါတယ်"

"နိုင်ငံခြားရေးရုံး ထောက်ခံချက်ယူဖို့အတွက် ဘယ်သူ့ကို အပ်သလဲ"

"အဲဒီကိစ္စအတွက် ကျော်မိုးနိုင်ကို အပ်ခဲ့ပါတယ် ဆရာ"

"ကျော်မိုးနိုင် အခု ဘယ်မှာလဲ"

"တခြားအမှုတစ်ခုနဲ့ ပတ်သက်ပြီး ထွက်ပြေးနေတယ်လို့ သိရပါတယ်ဆရာ"

ရဲအုပ် ကျော်စိန်လင်းသည် သူဇာအား စစ်ကြောရေး ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ အမှန်ကို အမှန်အတိုင်း ပြောသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် အလုပ်လည်း တွင်ကျယ်ကြောင်း၊ ကျေးဇူးတင်ကြောင်း ပြောပြလေသည်။

"ဆရာ ကျွန်မ ဘာဖြစ်နိုင်သလဲ၊ ဘယ်လိုအခြေအနေ ရှိလဲ၊ အမှုကိစ္စသိလို့ရမယ်ဆိုရင် အဖြစ်အပျက် နည်းနည်းလောက် ပြောပြပါလား ဆရာ"

"အမှုအဖြစ်အပျက်ကတော့ ကျော်မောင်မောင်ထွန်းက ညီမတို့ လုပ်ပေးလိုက်တဲ့ ပစ္စည်းတွေကို တင်ပြပြီး အီဂျစ်သံရုံးမှာ ပြည်ဝင်ခွင့်ဗီဇာ လျှောက်တယ်။ အီဂျစ်သံရုံးက နိုင်ငံခြားရေးရုံးကို တင်ပြတဲ့ စာရွက်စာတမ်းများနဲ့ နိုင်ငံခြားရေးရုံးမှ ထောက်ခံချက် မှန်မမှန် ပြန်ကြားပေးဖို့ တင်ပြတယ်။ နိုင်ငံခြားရေးရုံးက မိမိတို့ရဲ့ တံဆိပ်တုံးနဲ့ တာဝန်ရှိသူတို့ရဲ့ လက်မှတ်မဟုတ်ကြောင်း ပြန်ကြားချက် ရတယ်။ အီဂျစ်သံရုံးက ရဲချုပ်ရုံးသို့ အကြောင်းကြားချက်အရ ဒီအမှုကို ဖော်ထုတ်စစ်ဆေးနေတာပါ"

စစ်ဆေးတွေ့ရှိချက်များကို ရှေ့နေချုပ်ရုံးသို့ တင်ပို့ပြီး ဥပဒေအကြံပြုချက် ရယူမှာ ဖြစ်ကြောင်း၊ ဥပဒေအကြံပြုချက်အရ ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း ရှင်းပြလိုက်လေသည်။

သူဇာ့အတွက် ရဲအာမခံ (၂) ဦးပြုလုပ်စေပြီး အိမ်တိုင်ရာရောက် ပြန်လည်ပို့ပေးလိုက်လေသည်။



(၄)

ရှေ့နေရုံးချုပ်မှ အကြံပြုချက် ရောက်ရှိလာပြီဖြစ်သည်။ အမှုမှ တရားခံ ကျော်မောင်မောင်ထွန်း၊ သူဇာတို့အား တရားရုံးသို့ တရားစွဲတင်ရန် ဆင့်ခေါ်ချိန်းဆိုလိုက်သည်။

တရားခံ ခင်မောင်စန်းမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ တရားခံ ကျော်မိုးနိုင်မှာလည်း ထွက်ပြေးတိမ်းရှောင်နေသည်။ ထို့ကြောင့် အမှုစစ် မင်္ဂလာတောင်ညွန့် တရားရုံးမှ တရားခံပြေးမှု သီးခြားဖွင့်လှစ်ဆောင်ရွက်သည်။

တရားခံ ကျော်မောင်မောင်ထွန်းနှင့် သူဇာတို့ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၈/၄၆၉/ ၁၁၄ တို့အရ တရားစွဲဆိုတင်ပို့ခဲ့လေသည်။ စွဲဆိုသည့် ပုဒ်မများမှာ အာမခံမပေးနိုင်သော ပုဒ်မများ ဖြစ်လေသောကြောင့် ကျော်မောင်မောင်ထွန်းနှင့် သူဇာတို့သည် အမှုအတွင်း အချုပ်ဖြင့် ရင်ဆိုင်ဖြေရှင်းရလေသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတော်က အမှုမှ တရားလိုနှင့် တရားလိုပြ သက်သေများ၊ တရားခံများနှင့် တရားခံပြေး သက်သေများကို စစ်ဆေးခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ အဓိက ပြုလုပ်ကျူးကျော်သူ တရားခံတစ်ဦးဖြစ်သူ ခင်မောင်စန်းမှာ အမှုမတိုင်မီမှာ ကွယ်လွန်သွားခဲ့သည်။ အဓိကတရားခံတစ်ဦးဖြစ်သူ ကျော်မိုးနိုင်မှာလည်း အလားတူသည့် အခြားပြစ်မှုတစ်မှု စတင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ချိန်တွင် ထွက်ပြေးတိမ်းရှောင်သွားသောကြောင့် တရားခံ ပြေး သီးခြားအမှုဖွင့်ထားရသူ ဖြစ်လေသည်။

အမှုတွင် ရုံးရှေ့ရင်ဆိုင်ကြရသော တရားခံ ကျော်မောင် မောင်ထွန်းနှင့် သူဇာတို့မှာ ပြုလုပ်မှုကို ကိုယ်တိုင်ပြုလုပ်ကျူး လွန်းသူများ မဟုတ်ကြောင်း ပေါ်ပေါက်သည်။

သို့ရာတွင် အခင်းဖြစ်အမှုတွင် ပါဝင်ပတ်သက်မှု ရှိသည်။ အားပေးကူညီသူများလည်း ဖြစ်သည်။ ထို့ကြောင့် ကျော်မောင် မောင်ထွန်းနှင့် သူဇာတို့အား ထောင်ဒဏ် (၁) နှစ်စီ ချမှတ်ခဲ့ ရသည်။ ချုပ်ရက် (၁) နှစ်နှင့် (၅) ရက် ရှိလေသည်။ ထို့ ကြောင့် တရားခံတို့အား ရုံးရှေ့တွင် လွှတ်လိုက်လေသည်။

❒



www.burmeseclassic.com

www.burmeseclassic.com

# လုပ်ရက်ပါပေ့ နွယ်

## (၁)

"အစက ရိုးရိုး x x x နောက်တော့ တစ်မျိုးတိုးလို့ ချစ်ပြန်ဆိုပဲ၊ ဒီလူ ခက်ပါတယ်၊ ငရဲကြီးတတ်တယ်ရှင့် x x x မတော်ဘူး မောင်ရေ"

နွယ်နွယ်သည် ချက်ပြုတ်ရင်း ရင်တွင်း၌ ခံစားနေရသော ရင်ဝယ်လှိုက်ဖို ခံစားချက်ကလေးများကို စားမြုံ့ပြန်ပြီး သီချင်းကလေးဖြင့် ခံစားချက်ကို ညည်းတွားနေလေသည်။

နွယ်နွယ်သည် "တော့ပ်ဘရားသား အင်တာနေရှင်နယ် ကုမ္ပဏီ"မှ ဝန်ထမ်းတစ်ဦး ဖြစ်သည်။ ကုမ္ပဏီ၏ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများနှင့် ပတ်သက်ပြီး ဝေါထရိတ်ဘဏ်သို့ မကြာခဏ သွားရောက်ပြီး အရာထမ်း၊ အမှုထမ်းတို့ဖြင့် တွေ့ဆုံရပြီး အလုပ်တာဝန်များကို ထမ်းဆောင်ရသူ ဖြစ်သည်။

နွယ်နွယ်သည် အသားဖြူသည်။ ကိုယ်လုံးကိုယ်ပေါက်လှသည်။ မျက်ဝန်းကျယ်သည်။ မျက်လုံးမျက်ခုံးကောင်းသည်။ နှာတံပေါ်သည်။ ထာဝရပြုံးအလှပိုင်ရှင်ဟု ဆိုရသည့် မျက်နှာ



ချို၊ စကားကြွယ်သူလေးဖြစ်သည်။ သို့ကြောင့်လည်း ဘဏ်မှ အရာထမ်း၊ အမှုထမ်းတို့နှင့် တရင်းတနှီးရှိသူဖြစ်သည်။

ပျော်ပျော်နေ သေခဲဆိုသည့် စကားပုံအတိုင်း အမြဲတမ်း ပျော်ပျော်နေတတ်သော မန်နေဂျာ ဦးအောင်မျိုးကြူသည် နွယ်နွယ့်ကို အမြဲ နောက်ပြောင်ပြောဆိုလေ့ရှိသည်။ နွယ်နွယ်၏ ရုပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ အချောအလှများကို ငိုကချွဲ့ပြီး ပြောလေ့ရှိသည်။ နွယ်နွယ်ကလည်း အမြှောက်ကြိုက်၊ ဦးအောင်မျိုးကြူကလည်း အမြှောက်ကောင်းကောင်း ဖြစ်ကြသည်။ ဤသို့အားဖြင့် တစ်နေ့တခြား ,ရင်းနှီးလာကြသည်။

တစ်နေ့တွင် ဖြစ်သည်။ နွယ်နွယ်တို့ ကုမ္ပဏီမှ အောက်ဈေးဖြင့် ဝယ်ယူစုဆောင်းထားသော မတ်ပဲများ၊ တက်ဈေးဖြင့် ပြည်ပထုတ်ကုန်အဖြစ် ရောင်းချသောကြောင့် ဒေါ်လာများစွာ ရရှိလေသည်။

ထို့ကြောင့် ဘဏ်မှ မန်နေဂျာကြီးများ၊ အဝယ်ကုမ္ပဏီမှ နိုင်ငံခြားသားများကို တော့ပ်ဘရားသား အင်တာနေရှင်နယ် ကုမ္ပဏီမှ ဧည့်ခံပွဲ ပြုလုပ်သည်။

နွယ်နွယ်မှာ အင်္ဂလိပ်လိုလည်း ကျွမ်းသည်။ တရုတ်လိုလည်း ကျွမ်းသူဖြစ်သည်။ ထို့ကြောင့် ဧည့်ခံပွဲတွင် ကုမ္ပဏီပိုင်ရှင်များကိုယ်စား ပြုစုဧည့်ခံရလေသည်။

ရှမ်ပိန်အရက်နှင့် ပုလဲကြွယ်စားတော်ဆက်၏ အမြည်းများ၊ အစားအသောက်များ ကောင်းမွန်သောကြောင့် နှစ်ခြိုက်စွာ စားသုံးကြသည်။ ရှမ်ပိန်အရက်၏ နူးညံ့သော အရသာဖြင့် နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ခြားသားညေ့်သည်များက နွယ်နွယ်ကို လက်ဆွဲနှုတ်ဆက်ကာ ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်ကြသည်။ နွယ်နွယ် အတွက် လက်ဆောင်များလည်း ပေးကြသည်။

ဤမြင်ကွင်းကို တွေ့ရမြင်နေရသော မန်နေဂျာ ဦးအောင်မျိုးကြူသည် ဘဝင်မကျ ဖြစ်နေသည်။ ကျွဲမြီးတိုနေသည်။ သဝန်ကြောင်နေသည်။ တကယ်ဆိုတော့ ဦးအောင်မျိုးကြူသည် နွယ်နွယ်နှင့် ဘာမျှမဆိုင်၊ ဘာမျှ မပတ်သက်ပေ။

ညေ့်ခံပွဲကား ပြီးဆုံးလေပြီ။ အားလုံး အလှူလျှို ပြန်ကြလေပြီ။ မန်နေဂျာ ဦးအောင်မျိုးကြူက သူ ပြောစရာရှိသောကြောင့် နွယ်နွယ်ကို သူလိုက်ပို့မည်ဟု ပြောထားသည်။ ထို့ကြောင့် နွယ်နွယ်ကို ဦးအောင်မျိုးကြူ လိုက်ပို့ရန် သူ၏ ကားပေါ်သို့ တင်လာခဲ့လေသည်။

"ဆရာ ...ဘယ်ကို မောင်းမှာလဲ"

"နွယ်နွယ်နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ ဖိုးစိန်လမ်းထဲက စိတ်ကူးယဉ်ဟိုတယ်မှာ ခဏနားမယ်။ နွယ် ဘာမှ မစိုးရိမ်ပါနဲ့"

"ရပါတယ် ဆရာ၊ နွယ် ဆရာ့ကို ယုံပါတယ်"

(၂)

ပျူငှာသော အပြုံးများဖြင့် ကြိုဆိုနေသော စိတ်ကူးယဉ်ဟိုတယ်မှ ဝန်ထမ်းလေးများက အခန်းတစ်ခန်း စီစဉ်ပေးကြသည်။



"ဆရာတို့ ဘာသုံးဆောင်ကြဦးမလဲဆရာ"

"ရှန်ပိန်ဝမ်းဆက်ရယ်၊ ဆိတ်မှကြော်ရယ်၊ ဆန်းကစ်ရယ် ဒါပါပဲ ညီလေး"

ရှန်ပိန်လေး တမြမြနှင့် အရက်စံချိန်မြှင့်တင်နေသော ဦးအောင်မျိုးကြူအား နွယ်နွယ်က စကားစလိုက်သည်။

"ဆရာ နွယ့်ကို ပြောစရာရှိတယ်ဆိုတာ ဘာလဲ ပြောလေ"

"ပြောစရာရှိရင် ပြောရမှာပဲကွယ်၊ တားစရာရှိရင်လည်း တားရမှာပဲကွယ်၊ ဩော် ...အချစ်ရယ်"

အရက်ရှိန်မြင့်တက်လာသော ဦးအောင်မျိုးကြူသည် သီချင်းစာသားလေးဖြင့် နွယ်နွယ်အား သူချစ်နေတဲ့အကြောင်းကို ဖွင့်ချပြရန် ရင်တွင်းခံစားချက်များကို စတင်လိုက်လေသည်။

"နွယ်တို့အရွယ်က ကလေးကလားချစ်စကားတွေ ပြောရမယ့် အရွယ်မဟုတ်ဘူး။ အချစ်ရဲ့ အနှစ်သာရကို တိုရှင်းလိုရှင်းပဲ ပြောကြမယ်ကွာ"

"အမှတ်တစ်ကတော့ ကိုယ် နွယ့်ကို ချစ်နေတယ်ဆိုတဲ့ အကြောင်း နွယ် သိပြီးဖြစ်တယ်။ ကိုယ့်အချစ်ကို လက်ခံတယ်လို့ ကိုယ်နားလည်ထားတယ်။ ဒီမေးခွန်း မှန်သလား၊ မှားသလား ဖြေပါ ... "

"အမှတ်နှစ် နွယ်နွယ်ဟာ အပျိုဖြစ်တာကြောင့် အစ်ကိုနွယ့်ကို ချစ်ပိုင်ခွင့်ရှိတယ်ဆိုတာ မှန်သလား ..."

"အမှတ်သုံးအချက်ကတော့ ကိုယ့်မှာ သားမယား၊ သား

www.burmeseclassic.com

www.burmeseclassic.com



သမီးရှိတာကြောင့် ချစ်လို့ပဲ ရမယ်၊ ညားလို့ မရနိုင်ဘူး၊ မညားဘဲ ချစ်ကြမယ်ဆိုသော အချက်ကို လက်ခံပါလား...”

“အမှတ်လေးကတော့ နွယ်နွယ်နဲ့ မိသားစုအတွက် ငွေရေးကြေးရေး အခြေအနေပေးသလို၊ အဆင်ပြေသလို နွယ်နွယ့်ကို ပေးကမ်းထောက်ပံ့မယ်ဆိုတဲ့ အချက်လေးချက်ကို နွယ် အဖြေပေးပါ”

နွယ်နွယ်သည် ဦးအောင်မျိုးကြူ၏ မေးခွန်းများကို အဖြေပေးရန် စဉ်းစားနေသည်။ ဒီလိုအမေး၊ ဒီလိုအဖြေကို ဖြေရလိမ့်မည်ဟု မမျှော်မှန်းခဲ့သည့်အတွက် အတွေးရကျပ်နေသည်။ အတန်ငယ်စဉ်းစားပြီးနောက် ...

“ဆရာရဲ့ အမှတ်တစ်နဲ့ ပတ်သက်ပြီး တစ်ဝက်မှန်ပါတယ်။ ကျန်တစ်ဝက်ကတော့ နွယ် ကိုယ့်အသိစိတ်နဲ့ ဆုံးဖြတ်တယ်။ သူတစ်ပါး လင်ယောကျ်ားကို သိရက်နဲ့ ပတ်သက်ဆက်နွယ်ရင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်လေဆိုပြီး လက်လျှော့ခဲ့ပါတယ်ဆရာ ...”

“အမှတ်နှစ်ကတော့ အပျို့လင်အစဉ်မရှိ၊ အပျို့ရည်းစား အလကား ဆိုသလိုပေါ့။ ဆရာဟာ နွယ့်ကို ချစ်ရေးဆိုခွင့် ရှိပါတယ် ...”

“အမှတ်သုံးကို ဖြေရမယ်ဆိုရင်တော့ နွယ့်ဘဝဟာ ဆရာနဲ့ လင်မယားအရင်း မတော်ရဘူး၊ လင်မယားတစ်ဝမ်းကွဲ ဆိုသလို ဖြစ်နေလို့ နွယ် ဝမ်းနည်းမိပါတယ်ဆရာ ...”



“အမှတ်လေးကို ဖြေရမယ်ဆိုရင်တော့ ဆရာ့သဘော၊ ဆရာ့စေတနာပါပဲ ဆရာ”

နွယ်နွယ်သည် မေးခွန်းများကို ဖြေရင်း ဝမ်းနည်းဝမ်းသာ ဖြစ်လာပြီး မျက်ရည်စလေးများပင် ပါးပြင်သို့ စီးကျနေလေသည်။ ဦးအောင်မျိုးကြူနှင့် နှလုံးသားချင်း စကားပြောခဲ့ရပုံများကို တွေးမိနေလေသည်။

“ကဲကဲ ...မေးခွန်းဖြေကြားချက်ကို အမှတ်ပေါင်းလိုက်တဲ့အခါ အစ်ကို့ဘက်က အမှတ်သာတယ်။ ဒါကြောင့် အစ်ကို့သဘော လိုက်လျှော့ရမယ်”

ဦးအောင်မျိုးကြူသည် ပြောပြောဆိုဆိုဖြင့် နွယ့်အား သိမ်းကျုံးပွေ့လိုက်ပြီး အကြင်နာပိုသူများရယ်ကွယ် သီချင်းကို သံပြိုင် သီဆိုလိုက်ကြလေသည်။

(၃)

၂၀၀၇ ခုနှစ်၊ မဟာသင်္ကြန် ရုံးပိတ်ရက် (၁၀) ရက် အတွင်းမှာ ဖြစ်သည်။ ဦးအောင်မျိုးကြူနှင့် နွယ်နွယ်တို့သည် အိမ်မှုကိစ္စများ ပြည့်စုံအောင် ဖြည့်ဆည်းခဲ့ကြပြီးနောက် ငပလီကမ်းခြေသို့ အပန်းဖြေရန် ကားတစ်စီးဖြင့် နှစ်ယောက်တည်း ထွက်ခဲ့ကြလေသည်။

ဘွတ်ကင်လုပ်ထားသော ဘန်ဂလိုတွင် လွတ်လပ်စွာ အနားယူကြသည်။ အစားအသောက်များကိုမူ ကမ်းခြေရှိ ရွာသားများထံ စိတ်ကြိုက်ချက်ပြုတ်စေပြီး မှာယူစားသုံးကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကမ်းစပ်တွင် ရေကူးဝတ်စုံဖြင့် ရေကူးလိုက်၊ စားလိုက်၊ သောက်လိုက်၊ ဗီဒီယိုရိုက်လိုက်၊ ဓာတ်ပုံရိုက်လိုက်ဖြင့် ဇိမ်ခံနေကြသည်။ ပျော်မဆုံး၊ မော်မဆုံး ဖြစ်နေကြသည်။ လောကကြီးကို မေ့နေတတ်လေသလား ထင်ရသည်။ ပတ်ဝန်းကျင်မှ လူသားများကိုလည်း ဂရုမပြု၊ ဂရုမပြုနိုင်ကြတော့ပေ။

သကြိန်ကာလ၏ ရုံးပိတ်ရက်ရှည်၏ အစအဦးနှစ်ဖြစ်လေသောကြောင့်ဟု ထင်မိသည်။ ယခုနှစ် ငပလီကမ်းခြေတွင် အတော် လူစည်ကားနေသည်။ သူလိုကိုယ်လို လာရောက် အပန်းဖြေသူများ များပြားလှပေသည်။

ဤအထဲတွင် နွယ်နွယ့်ကို တစ်ဖက်သတ်နောက်ပိုးနေသော တင်သိုက်ထွန်းလည်း သူ့အတွဲဖြင့် ရောက်ရှိနေသည်။ တင်သိုက်ထွန်းသည် သူ့ကောင်မလေး ကလျာကို ဓာတ်ပုံဗီဒီယိုကင်မရာဖြင့် ရိုက်ကူးရာတွင် တယ်လီဟုခေါ်သော အဝေးကြည့်မှန်ဘီလူး (ဝိုက်လင့်) ဟုခေါ်သော မြင်ကွင်းကျယ် မှန်ဘီလူးဖြင့် ရိုက်ကူးလေသည်။ ထို့ကြောင့် ဦးအောင်မျိုးကြူနှင့် နွယ်နွယ်တို့၏ ငပလီကမ်းခြေမှာ အပန်းဖြေနေပုံ၊ အချစ်ပလူးနေကြပုံများကို ပီပီပြင်ပြင် ရိုက်ယူလိုက်လေသည်။

နှစ်ဟောင်းမှ အညစ်အကြေးများကို ငပလီကမ်းခြေမှာ ထားရစ်ကြပြီး နှစ်သစ်အခါသမယ သကြိန်ရက်များ ကုန်ဆုံးခဲ့ကြပြီ ဖြစ်လေသောကြောင့် မိမိတို့ လာရာဒေသသို့ ပြန်ခဲ့ကြရလေပြီ။



ဦးအောင်မျိုးကြူနှင့် နွယ်နွယ်တို့လည်း အချိန်တန်တော့ အိမ်ပြန်ခဲ့ကြလေပြီ။ နှစ်သစ်ကာလ ခါသမယမှာ မိမိတို့၏ လုပ်ငန်းခွင်သို့ ဝင်ခဲ့ကြရလေပြီ။

ပိတောက်ပန်းတွေ ထိန်ထိန်ညီးအောင် ပွင့်နေသော သံလွင်လမ်းမှ ခြံကြီးအတွင်းသို့ တင်သိုက်ထွန်း ဝင်ခွင့်တောင်းပြီး ရောက်ရှိလာသည်။ ဦးအောင်မျိုးကြူ ဘဏ်သို့ ရောက်ရှိလာပြီးမှ တမင်သက်သက် ဦးအောင်မျိုးကြူ မရှိသည့်အချိန်တွင် ရွေးပြီး သွားရောက်ခဲ့ခြင်း ဖြစ်လေသည်။

"ကလင် ... ကလင်"

ဘဲလ်တီးလိုက်သည်နှင့် ခြံစောင့် လာရောက်ပြီး မေးသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါသလဲခင်ဗျာ"

"ဩော် ...ဟုတ်ကဲ့၊ ဦးအောင်မျိုးကြူ ရိုက်ကူးခိုင်းတဲ့ ဓာတ်ပုံနဲ့ ဗီဒီယိုခွေ လာပေးတာပါခင်ဗျာ"

"ဘာပြောလိုက်ရမလဲ"

"ဘာမှ မှာစရာ မရှိပါဘူးခင်ဗျား၊ ငွေလည်း ရှင်းပြီးသားပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

"ဘယ်သူလဲဟော့"

"ဆရာရဲ့ ဓာတ်ပုံတွေနဲ့ ဗီဒီယိုခွေ လာပို့သွားတာပါ အစ်မ"

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မျိုးကြူရဲ့ဇနီး ဒေါ်တင်တင်ကြူသည် ဓာတ်ပုံများကို တစ်ခုပြီးတစ်ခု ကြည့်လိုက်သည်။ မျက်နှာများလည်း နီမြန်းလာသည်။ ချွေးသီးချွေးပေါက်များလည်း ကျလာသည်။ အသားများလည်း တဆတ်ဆတ် တုန်လာသည်။

ဦးအောင်မျိုးကြူနှင့် နွယ်နွယ်တို့၏ ဓာတ်ပုံများက ဒေါ်တင်တင်ကြူ၏ နှလုံးသားကို ထိုးနှက်နေသောကြောင့် ဒေါသ၊ မောဟများ တဖွားဖွား ဖြစ်ပေါ်နေခြင်း ဖြစ်လေသည်။

ဒေါ်တင်တင်ကြူသည် စိတ်ကို ပြန်ထိန်းလိုက်သည်။ ဗီဒီယိုခွေကို ဖွင့်ကြည့်လိုက်သည်။ ဦးအောင်မျိုးကြူနှင့် နွယ်နွယ်တို့၏ ပေလီကမ်းခြေတွင် စိန်ပြေးတမ်း ဆော့ကစားနေကြသည်မှာ ပြင်သစ်ကမ်းခြေမှာလား ထင်ရသည်။ ကြည့်ရင်းကြည့်ရင်းဖြင့် လောဘ၊ ဒေါသ၊ မောဟတွေက လွှမ်းမိုးလာပြန်သည်။ စိတ်ကို ထိန်းနိုင်စွမ်း မရှိတော့။ ဦးအောင်မျိုးကြူထံ ဖုန်းဆက်လိုက်သည်။

"မောင်၊ အရေးကြီးပြဿနာရှင်းစရာရှိလို့ အိမ်ကို ခဏပြန်လာပါ"

"ကြူ၊ ဘာတွေများ အရေးကြီးပြဿနာပေါ်နေလို့လဲ"

"မောင်လာတော့ သိရမှာပေါ့"

ဦးအောင်မျိုးကြူသည် အိမ်သို့ ပြန်လာသည်။ အဆင်သင့်ခင်းကျင်းပြသထားသော ဓာတ်ပုံများကို တွေ့မြင်ရသည်။ အဆင်သင့် ဗီဒီယိုခွေကိုလည်း တွေ့မြင်ရသည်။



"မောင်၊ ဒီကောင်မက ဘယ်ကကောင်မလဲ။ မောင်တို့ ကြည့်ရတာ လင်မယားဖြစ်နေပြီဆိုတဲ့ အဓိပ္ပာယ်ပေါက်နေတယ်။ ကြူ မယားကြီး၊ မယားငယ်အဖြစ်နဲ့တော့ မပေါင်းနိုင်ဘူး။ ဘယ်လို ဆုံးဖြတ်မလဲ။ တစ်ယောက်ယောက်ကိုတော့ ပြတ်မှ ဖြစ်မယ်"

ဒေါ်တင်တင်ကြူသည် ရင်တွင်း၌ ပူလောင်စွာ ခံစားနေရသော ဝေဒနာကို ခင်ပွန်းဖြစ်သူ ဦးအောင်မျိုးကြူကို ပြောနေလေသည်။

"ကြူ…မောင် အပျော်သက်သက် ဆက်ဆံတာပဲ ဖြစ်ပါတယ်။ မယားငယ်လည်း မဟုတ်ဘူး။ မယားပြိုင်လည်း မဟုတ်ဘူး။ ကြူ ဘာမှ မစိုးရိမ်ပါနဲ့၊ မောင့်ကို နားလည်ပေးပါ ကြူရယ်"

"ဒါဆိုရင် မောင့်ပြဿနာကို မောင့်ဟာမောင် ရှင်းမှာလား၊ ကြူ ရှင်းပေးရမှာလား"

"မောင့်အနေနဲ့ သူ့ကို ဘာမှ ရှင်းစရာမရှိဘူး။ ရှင်းစရာလည်း မလိုဘူး"

"ကြူကတော့ သူ့ကို အသိပေးပြီး ရှင်းအောင်လုပ်ချင်တယ်"

"ကြူ့သဘောလေ"

ဒေါ်တင်တင်ကြူသည် နွယ်နွယ်ဆိုတဲ့ မိန်းကလေးကို ဓာတ်ပုံများ ပြသပြီး ဦးအောင်မျိုးကြူနှင့် နွယ်နွယ်တို့၏ သာယာချိုအနှောင်အဖွဲ့ကို အတွင်းနှိုက်ပြီး ဆားပုလင်းလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မရယ် ဖိုမ သာယာမှုနဲ့ ငြိတွယ်ခဲ့ကြတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ယူဖို့ညားဖို့အထိတော့ မမျှော်မှန်းခဲ့ကြပါဘူး။ ကျွန်မဘာက်က ဘာလုပ်ပေးရမလဲပြောပါ။ အစ်မဆန္ဒအတိုင်း ဆောင်ရွက်ပေးဖို့ အသင့်ပါပဲ၊ ညီမ မိန်းမချင်း ကိုယ်ချင်းစာပါတယ်"

နွယ်နွယ်သည် မိမိရင်တွင်း၌ တည်ရှိနေသော သဘောထားကို ပွင့်ပွင့်လင်းလင်းပြောလိုက်လေသည်။ အလိမ်အညာ အကွေ့အကောက်မရှိ ပကတိအတိုင်း ပြောလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ညီမ၊ အစ်မကို အိမ်ထောင်ရေး အသိုက်အအုံကြီးကို မပျက်စီးအောင် ကူညီတဲ့အတွက် ညီမကို အစ်မ ကျေးဇူးတင်ပါတယ်"

"ညီမကတော့ အစ်ကိုကို တမင်ရှောင်ဖြစ်အောင် ရှောင်မှာပါ။ အစ်ကိုကလည်း ညီမကို ရှောင်ဖို့ အစ်မ တာဝန်ယူပါ။ ကဲ ...ဒါဆိုရင် ညီမကို ပြန်ခွင့်ပြုပါ"

"ကျေးဇူးတင်ပါတယ် ညီမ"

ဒေါ်တင်တင်ကြူသည် လင်ပူကို လွှန်ပူဖြင့် ထိုးဖောက်ရန် မလိုဘဲ အေးချမ်းစွာ ရင်ဆိုင်ဖြေရှင်းပြေငြိမ်းသွားသည့်အတွက် များစွာ စိတ်သက်သာရာ ရသွားလေသည်။

(၄)

တော်သလင်းနေ၏ အပူရှိန် ထိတွေ့ရသော နှင်းဆီပန်းကလေးအလား၊ ညှိုးငယ်သော မျက်နှာဖြင့် အင်းလျားကန်



ပေါင်သို့ လမ်းလျှောက်လာသော နွယ်နွယ်အား တင်သိုက်ထွန်းက စောင့်မျှော်နေလေသည်။

"နွယ် ...ဟိုဟာမကြီးက ဘာပြောသလဲ"

"နောက်ဆုတ်ပေးဖို့ မဆက်သွယ်ဖို့ပေါ့ မောင်"

"နွယ်က ဘာပြန်ပြောလိုက်သလဲ"

"ရှောင်ပါမယ်လို့ ပြောရတာပေါ့ မောင်ရယ်"

"ငွေဘယ်လောက်ပေးမယ်လို့ ပြောသေးသလား"

"မပြောဘူးမောင်"

"တွေ့ကြသေးတာပေါ့ကွာ၊ တင်သိုက်ထွန်းတဲ့ တစ်ထွန်းတည်း ရှိတယ်"

တင်သိုက်ထွန်းသည် ၎င်း၏ သိုက်တူးရန် စီစဉ်ထားသော ခွင်ပျက်သွားသဖြင့် မကျေမနပ် ဖြစ်နေသည်။ ရှေ့ဆက် ဘာလုပ်ရမလဲ စဉ်းစားနေသည်။ နွယ်နွယ်ကတော့ ရုပ်သေးရုပ်ကလေးလို တင်သိုက်ထွန်း ကြိုးဆွဲရာ ကနေရသော ကချေသည်မလေး ဖြစ်လေသည်။

တိတ်ဆိတ်ငြိမ်သက်လှသော သံလွင်လမ်းရှိ ဦးအောင်မျိုးကြူ၏ ခြံကြီးသို့ ဗဟန်းမြို့နယ်တရားရုံးမှ သမ္မန်စာလုလင် ရောက်ရှိလာလေသည်။ ခြံဂိတ်စောင့်မှတစ်ဆင့် ခြံတွင်း ဝင်ရောက်ပေးပို့ခဲ့ရာ ဒေါ်တင်တင်ကြူက လက်မှတ်ရေးထိုး လက်ခံရလေသည်။

အမှုမှာ မနွယ်နွယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ----ရပ်ကွက်၊ ---- လမ်းနေသူ မနွယ်နွယ်က ဦးအောင်မျိုးကြူ

www.burmeseclassic.com

www.burmeseclassic.com



အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ လိမ်လည်မှု တရားစွဲဆိုသော အမှုဖြစ်လေသည်။

ဦးတိုက်လျှောက်ထားမှု ဖြစ်သည်။ ဦးတိုက်လျှောက်ထားရာ တွင် ဦးအောင်မျိုးကြူက မနွယ်နွယ်အား သားမယားအဖြစ် ရယူပေါင်းသင်းပါမည်ဆိုကာ ပေလီကမ်းခြေ ဘန်ဂလိုသို့ ခေါ်သွားပြီး သားမယားအဖြစ် ပေါင်းသင်းဆက်ဆံခဲ့ကြပါကြောင်း၊ ဓာတ်ပုံ၊ ဗီဒီယိုခွေများကို သက်သေခံအဖြစ် တင်သွင်းထားပြီး မျက်မြင်သက်သေများဖြစ်ကြသော တင်သိုက်ထွန်း၊ မေကလျာ တို့အား သက်သေထူကာ စွဲဆိုသော အမှုဖြစ်လေသည်။

"တစ်ပူပေါ် နှစ်ပူဆင့်" ဆိုသကဲ့သို့ ပေါ်ပေါက်လာသော ပြဿနာကို ဘယ်လိုရှင်းရင် ကောင်းမလဲ။ စိန်ဘရားသားအကျိုးဆောင် (လောဖမ်း) ရှေ့နေကြီး၊ ဦးနက်ပြောင်၊ နတ်မောက် ဦးစိန်လင်းတို့နှင့် ဦးအောင်မျိုးကြူတို့ လင်မယား တိုင်ပင်ရသည်။ ဆွေးနွေးရသည်။ နည်းလမ်းရှာရပြန်သည်။

"ဒီလိုပြဿနာမျိုးမှာ ငွေလိုချင်လို့ ငွေညှစ်တဲ့ သဘောနဲ့ တရားစွဲကြတာများတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ သူ့ကို ကြိုးကိုင်ထားတယ်လို့ ထင်ရတဲ့ သူတို့နဲ့တွေ့ပြီး ပြေလည်အောင် ရှင်းလိုက်ရင် အဆင်ပြေသွားမယ်လို့ ထင်တယ်ဗျာ"

နတ်မောက် ဦးစိန်လင်း၏ အကြံပြုချက်ကို ရွေးချယ်လိုက်သည်။ ဤတာဝန်ကို ဦးစိန်လင်းအား တာဝန်ပေးလိုက်ကြလေသည်။



"မနွယ်နွယ်တို့ အိမ်ပါလား ခင်ဗျာ"

"ဟုတ်ပါတယ်ရှင် ဘာကိစ္စရှိလို့ပါလဲ"

"ကျွန်တော်က ဦးအောင်မျိုးကြူဘက်က လိုက်ပါဆောင်ရွက်ကြမယ့် စိန်ဘရားသား အကျိုးဆောင်အဖွဲ့ကပါ။ အမှုက လူမှုရေးနဲ့ ပတ်သက်တဲ့အမှုဖြစ်လို့ ရုံးပြင်ပမှာ ပြေလည်ပြီးပြတ်နိုင်က ပြီးပြတ်စေချင်လို့ လာပြီး စုံစမ်းတာပါခင်ဗျာ"

"ဪ ...ဟုတ်ကဲ့၊ ကျွန်တော်က နွယ်နွယ်ရဲ့ အစ်ကို တင်သိုက်ထွန်းပါ။ ဆရာကြီးပြောတာ မှန်ပါတယ်။ ပြဿနာက လူမှုရေးကိစ္စ၊ နှလုံးသားရေးရာ ပြဿနာဖြစ်ပါတယ်။ ကျွန်တော့်ညီမလေးမှာက အသည်းလည်းကွဲ၊ အပျိုမိန်းကလေးဆိုတဲ့ ဂုဏ်လည်း မရှိတော့ပါဘူး။ စိတ်ပန်းလူနွမ်း ဖြစ်ရသူလေးပါ။ ဆရာကြီးတို့ ရင်ကြားစေ့ပေးရင် ပိုကောင်းတာပေါ့။ တစ်ဖက်က ဦးအောင်မျိုးကြူဆိုတာကလည်း ဝေါလ်ထရိတ်ဘဏ်က မန်နေဂျာကြီးဆိုတော့ ဂုဏ်သိက္ခာမထိခိုက်စေသင့်ဘူးပေါ့ ... "

နွယ်နွယ်၏ အစ်ကိုဆိုသော တင်သိုက်ထွန်း၏ စကားအသွားအလာကို လေ့လာခြင်းအားဖြင့် နွယ်နွယ်ကို ကြိုးကိုင်ထားသူမှာ သူဖြစ်ကြောင်း သဘောပေါက်ရပြီဖြစ်သည်။

"ဟုတ်ပြီလေ၊ ကျွန်တော်တို့ဘက်က ဘယ်လိုဆောင်ရွက်ပေးရမလဲ၊ ငွေကြေးအားဖြင့်ဆိုရင်လည်း ဒီညီမလေးရဲ့ နစ်နာမှုအတွက် ဘယ်ရွေ့ဘယ်မျှဆိုတာ ညီမက ပြောမှ ဦးတို့ကလည်း တစ်ဖက်ကို ပြန်ပြောရမယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ပြောလိုက်လေ။ ကျွန်တော်တို့ကတော့ ဘောလူဆိုတော့ ဝင်ပြောလို့ မဖြစ်ဘူးပေါ့"

နွယ်နွယ်သည် မျက်ရည်စလေးများ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျနေရင်း ...

"သမီးက ငွေလိုချင်တာ မဟုတ်ပါဘူး။ အချစ်ကိုသာ လိုချင်တာပါ"

နွယ်နွယ်၏ သရုပ်ဆောင်မှုမှာ ထပ်ဆင့်အကယ်ဒမီ မင်းသမီး ရှုံးလောက်အောင် ပီပြင်လှလေသည်။

"ဒီမှာ ညီမလေး အချစ်လိုချင်လို့ရမလား။ သူ့မှာ သားနဲ့မယားနဲ့၊ ဂုဏ်နဲ့ဒြပ်နဲ့ နေတဲ့သူ။ နင်မဖြစ်နိုင်တာ မပြောနဲ့။ ကိုယ့်ဘဝ ရပ်တည်ဖို့သာကြည့်"

တင်သိုက်ထွန်းသည် နွယ်နွယ်အား ဖေါက်ငမ်းပြီး ပြောဆိုလိုက်သည်။ ဩဝါဒပေးလိုက်သည်။

"သမီး တော့(ပ်)ဘရားသား ကုမ္ပဏီက ထွက်ပြီး လုပ်ငန်းတစ်ခုခု လုပ်ဖို့ စီစဉ်နေပါတယ်။ သမီးအရင်းအနှီးရအောင် သိန်း (၅၀) လောက် ပေးစေချင်ပါတယ်"

"အေး ...ဟုတ်ပြီ၊ ဒါဆိုရင် ဦးအောင်မျိုးကြူတို့နဲ့ တွေ့ပြီး သဘောထား ညှိနှိုင်းကြတာပေါ့။ သမီးတို့ဘက်ကလည်း အလျော့အတင်းလုပ်နိုင်က လုပ်ဖို့ ဦးတို့ ညှိနှိုင်းပေးပါမယ်။ မနက်ဖြန်လာပြီး အကြောင်းပြန်ပါမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"



စိန့်ဘရားသား အကျိုးဆောင်အဖွဲ့မှ ကမ်းလှမ်းသူ နတ်မောက် ဦးစိန်လင်းသည် ပီတိကို ရင်ဝယ်ပိုက်ပြီး ပြန်ခဲ့လေသည်။

(၅)

ဦးအောင်မျိုးကြူ၊ ဒေါ်တင်တင်ကြူ၊ ရှေ့နေကြီး ဦးနက်ပြောင်၊ နတ်မောက် ဦးစိန်လင်းတို့သည် အပြီးသတ် ညှိနှိုင်းရန် တိုင်ပင်နှီးနှောကြသည်။ ဒေါ်တင်တင်ကြူကတော့ ဈေးမဆစ်လိုတော့ ပြဿနာကျေအေးပြီးရော လုပ်စေချင်သည်။ ရှေ့နေကြီး ဦးနက်ပြောင်က ပြီးပြတ်အောင် ပြေလည်အောင် ပြုလုပ်ပေးရန် တာဝန်ယူပြီး နွယ်နွယ်တို့အိမ်သို့ လာခဲ့ကြလေသည်။

အိမ်ရှေ့သို့ ကားဝင်လိုက်သည်နှင့် တစ်ပြိုင်နက် နွယ်နွယ်၊ တင်သိုက်ထွန်း မိသားစုတို့က ကြိုဆိုကြလေသည်။ စာရေးမ နွေးသီတာနှင့် မိုးသီတာတို့က ကားပေါ်မှ လက်နှိပ်စက်ကို တစ်ပါတည်း ယူလာကြသည်။ ငွေများထည့်လာသည့် မြွေရေခွံအိတ်ကို ယူလာကြသည်။

"ကဲ သမီးရေ ဦးက ရှေ့နေကြီး ဦးနက်ပြောင်ပါ။ တိုရှင်းလိုရှင်းပဲပေါ့။ သမီးတို့ပြောတဲ့ သိန်း (၅၀) အစား (၄၅) သိန်း ထား။ ဘာ့ကြောင့်လဲဆိုတော့ ရှေ့နေ့စရိတ်၊ ရုံးစရိတ်တို့ကလည်း ရှိသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ် ညီမရယ်၊ လူကြီးတွေ ပြောတဲ့စကားနားထောင်မှပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တင်သိုက်ထွန်းသည် ငွေကို ငမ်းငမ်းတက် လိုချင်နေပုံရသည်။ နွယ်နွယ်က ဘာမျှ မပြောသေးဘဲ စကားဦးသန်းပြီး လိုက်လျောနေလေသည်။

"ဟုတ် ...ဟုတ်ကဲ့ ဦး၊ ဦးတို့သာ ကြည့်စီစဉ်ပါတော့။ သမီးကတော့ ဝမ်းလည်းနည်းတယ်။ ဝမ်းလည်းသာတယ်လို့ ပြောရမှာပဲ။ ဦးအောင်မျိုးကြူနဲ့ အစ်မ ဒေါ်တင်တင်ကြူတို့ကို ပြောပေးပါရှင်"

"ကဲ ...သမီး အလုပ်သဘောအရပေါ့။ စာချုပ်ဖတ်ကြည့်ပါ။ သမီးရဲ့ မှတ်ပုံတင်၊ နာမည်တို့ကို လက်နှိပ်စက်နဲ့ ဖြည့်ပေးပါမယ်။ ဟောဒါကတော့ အမှုရုပ်သိမ်းတဲ့ လျှောက်လွှာပါ။ ဖတ်ကြည့်ပါ။ ပြီးတော့ လက်မှတ်ထိုးပါ။ ပြီးရင် ငွေရေတွက် စစ်ဆေးပြီး ယူပါ"

နွယ်နွယ်၏အစ်ကို တင်သိုက်ထွန်းဆိုသူအား အသိသက်သေအဖြစ် လက်မှတ်ရေးထိုးစေလေသည်။ တင်သိုက်ထွန်းသည် ငွေကျပ် (၄၅) သိန်းကို အထုပ်လိုက် (၁၀) သိန်းထုတ်များကို ရေတွက်စစ်ဆေးလက်ခံရယူသည်။ နောက်နေ့ရုံးချိန်းရက်တွင် အမှုရုပ်သိမ်းလွှာကို လက်ခံသည်။ တရားစွဲဆိုသူ မနွယ်နွယ်အား အမှုကို ရုံးပြင်ပတွင် လူမှုရေးအရ ကျေအေးပြီးဖြစ်၍ ရုပ်သိမ်းခြင်းဖြစ်ကြောင်း စစ်ဆေးလိုက်သည်။

တဒင်္ဂသာယာမှုအတွက် ရတက်ပွေ အမှုရှုပ်မည့်ဆားမှ ကင်းဝေးခဲ့သော်လည်း လူမှုရေးနယ်ပယ်မှာတော့ အမည်းစက် ထင်ခဲ့လေပြီတည်း။

❐



www.burmeseclassic.com

www.burmeseclassic.com

## ချာချင်ဦးစိန်

### (၁)

အချိန်ကား နံနက် (၁၁) နာရီကျော် အချိန်ခန့်။

မြန်မာနိုင်ငံထွက်ကုန် သီးနှံမျိုးစုံတို့၏ ဈေးနှုန်း၊ အရောင်းအဝယ် ဈေးကွက်ကြီး၏ လုပ်ငန်းများ တစ်စတစ်စ ပြီးစီးကြပြီဖြစ်သည်။ ကုန်စည်ဒိုင်ကြီးအနီးရှိ စွမ်းအားပြည့် လက်ဖက်ရည်နှင့် စားသောက်ဆိုင်ကြီးတွင် ကုန်သည်ကြီးများ၊ ပွဲစားကြီးများ အနားယူအပန်းဖြေရန် စုဝေးရောက်ရှိနေကြသည်။

ဤအထဲတွင် လူသိများထင်ရှားသော ပွဲရုံပိုင်ရှင်တစ်ဦးဖြစ်သူ ဦးစိန်လည်း ပါဝင်လေသည်။ ဦးစိန်ကို လူသိများထင်ရှားရခြင်း အကြောင်းရင်းကတော့ သူသည် စီးပွားရေးလုပ်ငန်း ကောင်းသူဖြစ်ခြင်း၊ သားက လက်ထောက်ညွှန်ကြားရေးမှူး၊ သမီးက စတိုးဆိုင်ပိုင်ရှင်၊ သားသမီးများလည်း စီးပွားရေး၊ ငွေကြေးတောင့်တင်းကြသောကြောင့် အပူအပင်မရှိသူ ဖြစ်သည်။ မုဆိုးမ ညီမဖြစ်သူနှင့် သူ့သမီး တူမလေးတို့က အိမ်မှုကိစ္စ၊



ပွဲရုံလုပ်ငန်း ကိစ္စများ ပူးပေါင်းလုပ်ကိုင်နေသောကြောင့် လွတ်လပ်မှု အပြည့်အဝရှိသူ ဖြစ်သည်။ ဇနီးဖြစ်သူ (ဒေါ်ခင်ချော) ကွယ်လွန်ခဲ့သည့် လွန်ခဲ့သော (၁၅) နှစ်ကစပြီး လူလွတ်ဘဝ၊ လူပျိုကြီးသဖွယ် ပျော်သလို နေလာခဲ့သူ ဖြစ်သည်။ နေလို့ရသူလည်း ဖြစ်လေသည်။

ဦးစိန်သည် ကာမဂုဏ်အာရုံ ထူပြောသူတစ်ဦး ဖြစ်သည်။ ပျော်ပျော်နေ သေခဲ ဆိုသူတစ်ဦး ဖြစ်သည်။ သူ့ကို ဘဝတဏှာ၊ ကာမတဏှာနှင့် ပတ်သက်ပြီး ဝေဖန်သူများကိုကား သူက "ချာချင်" သွင်းရတာပါလို့ ဆင်ခြေဆင်လက်ပေးလေ့ ရှိသူဖြစ်သည်။ ဒါ့ကြောင့်မို့ သူ့ကို ချာချင်ဦးစိန်ဟု ခေါ်တွင်ကြခြင်း ဖြစ်သည်။ သူ့အသက်က (၆၀) ရှိပြီ ဖြစ်ပေသည်။

သို့သော် ... ဦးစိန်ထံသို့ အနီရောင်လေးများ၊ အဝါရောင်လေးများ၊ အပြာရောင်လေးများ ဝတ်ဆင်ပြီး လာရောက်လေ့ရှိသော မိန်းမချောလေးများနှင့် ရင်းနှီးလိုပါမူ ဦးစိန်ကို ချဉ်းကပ်ကြရလေသည်။ ကျွေးမွေးဧည့်ခံပြီး ဥာတကာနဋ္ဌ သင်္ဂဟောမိတ်ဆွေသင်္ဂဟများကို အကူအညီပေးရခြင်းသည် မင်္ဂလာမည်ပါတယ်ဗျာဆိုပြီး ဦးစိန်ထံမှ အကူအညီယူရသူများလည်း မနည်းပါ။

### (၂)

ဦးစိန်နှင့် အရင်းနှီးဆုံးမှာ မမြဝင်းဖြစ်သည်။ မမြဝင်းသည် အသားဖြူသည်။ ကိုယ်လုံးကိုယ်ပေါက် အတော်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးလေးကောင်းပြီး မျက်ဝန်းကျယ်သောကြောင့် သူမ၏ရုပ်မှာ တစ်မျိုးတစ်ဖုံ လှပသူလေး ဖြစ်သည်။

လူဆိုးဓားပြ ခေါင်းဆောင် အောင်ဒင်က လင်ရှိမယား မမြဝင်းကို သိမ်းယူထားသည့် ဗိုလ်အောင်ဒင်ဇာတ်ကားကဲ့သို့ မမြဝင်းကို အပိုင်စီးထားသူမှာ ဓားမောင်မောင် ဖြစ်သည်။ ဓားမောင်မောင်သည် ဆိုး၊ ခိုး၊ လုယက်၊ တိုက်ခိုက်၊ ခါးပိုက်နှိုက်၊ မူးယစ်ဆေးဝါးဒုစရိုက်သားများ၏ ခေါင်းဆောင်ဖြစ်ခဲ့သောကြောင့် ပြစ်ဒဏ်များကျခံ၍ ထောင်တွင် သေဆုံးသွားခဲ့သည်။

ခိုကိုးရာမဲ့ ဘဝဖြစ်ခဲ့၍ မမြဝင်းသည် ရေကြည်ရာ မြက်နုရာ ဆိုသကဲ့သို့သော အပေါင်းအသင်းရောင်းရင်းများဖြင့် ပတ်သက်ဆက်စပ်ခဲ့သည်။ ထို့နောက်မူကား ဦးစိန်နှင့် ခင်မင်ရင်းနှီးခွင့် ရခဲ့သည်။

* မမြဝင်းရဲ့ ရူပါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို တပ်မက်သောကြောင့် ဦးစိန်နှင့် မမြဝင်းတို့သည် လင်မယားတစ်ဝမ်းကွဲ ဆိုသလို ပေါင်းသင်းဆက်ဆံလာခဲ့ကြလေသည်။ ညား၍ မရချစ်လို့ရသော လင်မယား တစ်ဝမ်းကွဲ ဖြစ်လာကြသည်။

"ဦးစိန်ရယ် မြကို အပိုင်ယူလိုက်ပါတော့။ မြ ဦးစိန်နဲ့ခွဲပြီး မနေနိုင်တော့ဘူး ဦးစိန်ရယ်"

"ဦးစိန်လည်း မမြဝင်းကို ချစ်ပါတယ်။ ဒါပေမဲ့ ဦးစိန်အသက် (၆၀) ရှိပြီ။ နောက်ထပ် လူ့ပြည်မှာ နေရရင် (၁၀) နှစ် (၁၅) နှစ်ပေါ့။ ဒါကြောင့် ဘုရားနဲ့တရားနဲ့ နေရမယ့်အရွယ်ရောက်နေပါပြီ။ အိမ်ထောင်မပြုသင့်တော့ပါဘူး။ နောက်



ပြီး သားမျက်နှာ၊ သမီးမျက်နှာ၊ မြေးတွေရဲ့ မျက်နှာကိုလည်း ထောက်ထားရမယ် မဟုတ်လား။ ဒါကြောင့် တို့ဒီလိုပဲ သူ့အကျိုး၊ ကိုယ့်အကျိုးပံ့ပိုးပြီး နေသွားကြတာပဲ ကောင်းပါတယ် မြရယ်နော် နော်"

ဦးစိန်သည် မမြဝင်းကို အပိုင်ယူလို့ မဖြစ်သည့် ဘဝအခြေအနေများကို ရှင်းပြပြီး မမြဝင်းကို နားချနေရလေသည်။

မမြဝင်းသည် လင်မယားတစ်ဝမ်းကွဲဘဝဖြင့် သူ့ဘဝ၏ စားဝတ်နေရေးကို မရောင့်ရဲ၊ မတင်းတိမ်နိုင်သူ ဖြစ်သည်။ ထို့ကြောင့် တင်ဝင်းအောင်ဆိုသူနှင့် အိမ်ထောင်ပြုလိုက်သည်။ တင်ဝင်းအောင်နှင့် ပေါင်းသင်းနေထိုင်ရချိန်ရှင် အစားအသောက် အနေအထိုင် အဆင်ပြေပါသည်။ ပြောင်ပြောင် လက်လက်နေရပါသည်။ ဦးစိန်နှင့်လမ်းခွဲလိုက်ရလေသည်။

တင်ဝင်းအောင်သည် ဒုစရိုက်နယ်သား၊ မူးယစ်ဆေးဝါးသမားဖြစ်သောကြောင့် ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသည့် ရှေးစကား ဥပဒေစကားအတိုင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်မှု၊ လက်ဝယ်တွေ့ရှိမှုတတို့ဖြင့် အဖမ်းခံရပြန်လေသည်။ တဏှာလောဘသမားဖြစ်ခဲ့သော မမြဝင်းသည် အားကိုးရာမဲ့ဘဝ ဖြစ်ရပြန်ချေသည်။ သဗ္ဗေသင်္ခါရ အနိစ္စပါတလား။

## အခန်း (၃)

"ဦးစိန် မမြဝင်းကို ခွင့်လွှတ်ပါ။ ကျွန်မ အခု ဒုက္ခရောက်နေတယ်၊ ကိုတင်ဝင်းအောင်ကလည်း မူးယစ်ဆေးဝါးမှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲရောက်နေတယ်။ သူ့အတွက်လည်း ငွေကုန်ကြေးကျများရဦးမယ်၊ ဟောဒီတူမလေးနဲ့ မမြဝင်းတို့ရဲ့ စားဝတ်နေရေး ဒုက္ခရောက်နေတယ်။ ဒါကြောင့် မမြဝင်းကို ငွေသိန်း (၂၀) လောက် ကူညီပါ။ ဒီတူမလေးကို ဦးစိန်ကို အပ်ပါတယ်။ တူမက ထွားပေမယ့် အသက်က (၁၅) နှစ်ပဲရှိသေးတယ်။ ကူညီပါ ဦးစိန်၊ မမြဝင်းတို့အတွက် ဦးစိန်မှတပါး အခြားဘယ်သူမှ မရှိပါဘူး ဦးစိန်ရယ်"

မမြဝင်းသည် တရင်းတနှီး ခင်မင်ရင်းနှီးပေါင်းသင်းဆက်ဆံခဲ့သော ဦးစိန်ထံသို့ ညှိုးငယ်သော မျက်နှာလေးဖြင့် အကူအညီ တောင်းခံနေသည်မှာ သနားစရာဖြစ်အင်၏။

"ဒီမယ် မမြဝင်း၊ မင်းကို ငါချစ်ခဲ့တယ်။ ဒါပေမဲ့ မင်းငါ့ကို မုန်းခဲ့တယ်၊ ပစ်သွားပြီး တင်ဝင်းအောင်နဲ့ ယူခဲ့တယ်။ မင်းနဲ့ငါနဲ့က လူရော စိတ်ရော မပတ်သက်တော့ဘူး။ ဒါကြောင့် တခြားနည်းလမ်းရှာပါလား"

ပြောလို့သာ ပြောရသည်။ မမြဝင်းထက် ချောသော၊ လှသော မျှစ်စို့ပေါက်ကြီး သူ့တူမကိုကား တဏှာမျက်လုံးဖြင့် ကြည့်မဝ၊ ရှုမဝ ဖြစ်ရလေသည်။

"ဒီလိုမပြောပါနဲ့ ဦးစိန်ရယ်၊ မမြဝင်းတို့မှာ တခြားဘယ်သူကိုမှ အကူအညီတောင်းစရာ မရှိပါဘူး။ သနားပါ၊ ကူညီပါ ဦးစိန်ရယ်"

ကာမဘီလူး စီးဝင်နေပြီဖြစ်သော ဦးစိန်သည် မမြဝင်း၏ တူမလုံးကြီးပေါက်လှ မျှစ်စို့ပေါက်ကြီးကို လက်မလွှတ်လိုတော့



ပေ။ တဏှာရာဂတို့၏ ဖိစီးထားခြင်းကို မလွန်ဆန်နိုင်သော တဏှာရူးသားကြီး ဖြစ်နေရလေပြီ။

"ဒီလိုလုပ် မမြဝင်း ဒီနေ့ ကြာသပတေးနေ့ စနေနေ့ကျရင် မင်းတို့လာခဲ့ လောလောဆယ် မင်းတို့ကို အဲဒီနေ့ကျရင် ငွေ (၂) သိန်းပေးမယ်၊ မင်းတူမနဲ့ ငါ့ကို ဟိုတယ်မှာထားခဲ့။ ညနေ (၄)နာရီမှာ လာကြို။ ကျေနပ်ရင်လာခဲ့၊ မကျေနပ်ရင်လည်းမလာနဲ့၊ ငါကတော့ ဒီလောက်ပဲ တတ်နိုင်တယ်"

ဦးစိန်သည် သူ၏သဘောထားဆန္ဒကို ပြောပြလိုက်သည်။ အချိန်းအချက်ပြုလုပ်လိုက်သည်။

"ဦးစိန်ရယ် (၅) သိန်းလောက်တော့ ဖြစ်အောင်လုပ်ပေးပါ။ ဦးစိန်အဖို့ ဒီငွေလောက်က ကာရာအိုကေ စားသောက်ဆိုင်ပဲ့မှာ သုံးတာလောက်ပဲ ရှိပါတယ်"

မမြဝင်းသည် လင်တော်မောင် တင်ဝင်းအောင်အတွက် သူ့အမှုအတွက် ငွေ (၅) သိန်း၊ (၁၀) သိန်း ရှိကိုရှိမှ ဖြစ်မယ့် အခက်အခဲအတွက် များစွာ စိတ်သောကရောက်နေရသောကြောင့် ဦးစိန်ထံ အပူတပြင်း ချဉ်းကပ်တောင်းဆိုနေခြင်း ဖြစ်သည်။

"မမြဝင်း၊ လောလောဆယ်တော့ ငါဒီလောက်ပဲ တတ်နိုင်တယ်။ မင်းတို့ ကျေနပ်ရင်လည်း လာ၊ မကျေနပ်ရင်လည်း မင်းတို့သားအမိ သဘောပဲ"

ဦးစိန်၏ ပြတ်သားလှသော အဖြေကို ထောင်တွင်ရှိနေသော ခင်ပွန်းသည် တင်ဝင်းအောင်ထံသို့ နောက်ဆုံးအခြေအနေ နောက်ဆုံးအဖြေကို သွားရောက် တင်ပြတိုင်ပင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

တင်ဝင်းအောင်နှင့်ဇနီး မမြဝင်းတို့သည် ထောင်ဗူးဝရှိ အချုပ်တရားခံနှင့် မိသားစုတို့ တွေ့ဆုံရသော သံတိုင်၏ ဟို ဘက်နှင့် ဒီဘက်နှစ်ခုတို့ကြား ဆွေးနွေးပွဲလေးကို နှစ်ကိုယ်ကြား ပြောဆိုတိုင်ပင်နေကြသည်။

"အချစ်ရယ် သူဌေးဆိုတဲ့ လူတန်းစားဆိုတာ သူချမ်းသာဖို့၊ ငွေရဖို့အတွက်သာ ကြည့်တာ။ သူတို့ငွေ လွယ်လွယ်နဲ့ပေးဖို့ ဘယ်တော့မှ မစဉ်းစားဘူး။ မပေးဘူး။ ဒီလိုလူမျိုးဆိုတာ ခွင်ရိုက်ပြီး ညှစ်ထုတ်မှ ရတယ်"

"ဘယ်လိုခွင်ရိုက်ပြီး ညှစ်ထုတ်ရမှာလဲ မောင်ရယ်၊ မမြဝင်းကို အသေးစိတ်ပြောပြပါဦး"

"ရှေ့နည်းနည်းတိုး မိန်းမ၊ တိုးတိုးတိတ်တိတ် ပြောမယ်။ ခွင်ချပေးမယ်"

တင်ဝင်းအောင်နှင့် မမြဝင်းတို့သည် ငှက်ကလေးနှစ်ကောင် တစ်ဦးနှင့်တစ်ဦး အစာခွံ့ကျွေးနေကြသည့်အလား နှုတ်ခမ်းချင်းထိတော့မတတ် တင်ဝင်းအောင်က မမြဝင်းကို ခွင်ချပေးပြီး လက်ချာပေးနေသည်။

ဤနေ့သည် စနေနေ့ဖြစ်သည်။ ချိန်းဆိုထားသည့်အတိုင်း မမြဝင်းနှင့် သူ့သမီး မျှစ်စို့ပေါက် ချစ်စဖွယ်မိန်းကလေးတို့ ရောက်ရှိလာကြသည်။

"ဘယ်လိုလဲ မမြဝင်း"

"ကျွန်မတို့သားအမိမှာ အားကိုးစရာ မရှိပါဘူး ဦးစိန်။



ဦးစိန်ပြုမှ နရမယ့် သားအမိပါ။ ဦးစိန်နဲ့ ဟိုနေ့ကပြောထားတဲ့ ဆန္ဒအတိုင်းပေါ့"

"သမီးနာမည်က ဘယ်လိုခေါ်သလဲ"

"သမီးနာမည်က စန်းစန်းပါ"

"ဒါဆို ငါ့နာမည်လည်း ပါသွားအောင် စန်းစန်းစိန်ပေါ့။ ကဲ...ဒါဆိုရင် မင်းတို့သားအမိ မီးပွိုင့်အလွန်မှာ စောင့်နေ၊ ငါ ကားယူပြီး လာခဲ့မယ်"

ဦးစိန်သည် သူ၏ ဆူပါရှဖ် ဖင်ထောင်ကားကို ထုတ်ပြီး မီးပွိုင့်အလွန်တွင် စောင့်နေသော မမြဝင်းတို့သားအမိထံ သွားခဲ့လေသည်။ မမြဝင်းတို့သားအမိ တံခါးဖွင့်ပြီး ကားပေါ်သို့ လိုက်ပါသွားလေသည်။

"ဘယ်ဟိုတယ်သွားမလဲ ဦးစိန်"

"ဖိုးစိန်လမ်းထဲက ဟိုတယ်တစ်ခုခုကို သွားမယ်။ ငါနဲ့သမီးနဲ့ နေရစ်မယ်။ မမြဝင်းက ညနေ ၄ နာရီလာခဲ့။ ညနေ စာစားပြီး ပြန်ပို့ပေးမယ်။ ဟောဒီမှာ မမြဝင်းအတွက် ငွေ ၂ သိန်း။ သမီးအတွက်ကတော့ လိမ္မာရင် လိမ္မာသလို၊ သဘောကောင်းရင် သဘောကောင်းသလို သမီးကြိုက်တဲ့ အဝတ်အစား လက်ဆောင်ဝယ်ပေးမယ်"

ဟိုတယ်အဝင်ဝထိပ်တွင် မမြဝင်းကို ဆင်းခိုင်းလိုက်သည်။ ဦးစိန်နှင့် စန်းစန်းစိန်တို့ ဟိုတယ်ကြီးအတွင်းသို့ ဝင်သွားကြသည်။ ဧည့်ဝတ်ပျူငှာစွာ ဧည့်ကြိုဝန်ထမ်းလေးတို့က ကြိုဆိုကြသည်။ ဦးစိန်၏ ကားထားရှိရန် ပါကင်လုပ်ပေးသည့် ကား

www.burmeseclassic.com

www.burmeseclassic.com



၏ ရှေ့နံပါတ်ကို ပိတ်ဆို့သော ဆိုင်းဘုတ်ကလေးဖြင့် ပိတ်လိုက်ကြသည်။

မန်နေဂျာ မိန်းကလေးက မှတ်ပုံတင် (၂) ခုယူပြီး ကျသင့် ဟိုတယ်ခကို ဖြတ်ပိုင်းဖြင့် လက်ခံသည်။ ဧည့်ကြိုဝန်ထမ်းတို့က ဦးစိန်နှင့် စန်းစန်းစိန်တို့ တည်းခိုအနားယူမည့် အခန်းသို့ လိုက်ပို့ပေးသည်။

"ဘာမှာဦးမလဲ ဆရာကြီး"

"ဘာစားမလဲ သမီး"

"ဦးစိန်စားတာဆိုရင် အကုန် သမီးစားမယ်"

"ကြက်ကြော်တစ်ပွဲ၊ ထမင်းပေါင်းတစ်ပွဲ၊ ဆန်းကစ်တစ်ဘူး၊ ဝီစကီတစ်ပြား၊ မြန်မာဘီယာတစ်လုံး၊ ရေသန့်တစ်ဘူး"

(၅)

ဦးစိန်နှင့် စန်းစန်းစိန်တို့သည် နတ်သုဒ္ဓါစားသုံးနေကြသည့်အလား စားဖွယ်သောက်ဖွယ်တို့ကို မြိန်ရှက်စွာ စားသုံးကြသည်။

ဦးစိန်သည် ဝီစကီ၏ အရှိန်လေးမြင့်တက်လာပြီဖြစ်၍ ဆက်ရက်မင်း၏ စည်းစိမ်ဖြင့် စန်းစန်းစိန်အား ချစ်စကားလေးများ တွတ်တီးတွတ်တာ ပြောဆိုကာ ကြိုက်မရှက်၊ မိုက်မရှက် အချစ်ဗိမာန်တည်ဆောက်ရန် မြူဆွယ်နေလေပြီ။

စန်းစန်းစိန်မှာလည်း မဆွတ်ခင်က ညွတ်ပြီးသား၊ မရူးခင်က နူးပြီးသားဆိုသကဲ့သို့ ဘဝဇာတ်ဆရာတို့၏ အလိုကျ မောင့်အကြိုက် လိုက်လျောရလေသည်။



စနေနေ့ နေ့လယ် (၂) နာရီခန့်တွင် ဖြစ်သည်။

နေရာကတော့ ဗဟန်းရဲစခန်း ကူညီပါရစေ ဆိုင်းဘုတ်အောက်တွင် ဖြစ်သည်။

"ကျွန်မသမီးလေးကို ခဏပဲဆိုပြီး ဦးစိန်က ဟိုတယ်ကြီးထဲ ခေါ်သွားတယ်။ ကျွန်မစောင့်နေတာ ခုထိ ပြန်မလာသေးဘူး။ ကျွန်မသမီးလေး အသက် (၁၅) နှစ်ပဲ ရှိပါသေးတယ်။ ဘာတွေလုပ်သလဲ ဘာတွေဖြစ်ကုန်ပြီလဲ ကျွန်မ မစဉ်းစားတတ်တော့ဘူး။ ကူညီကြပါဦး ဆရာတို့၊ ကူညီကြပါဦး"

တာဝန်မှူးက စခန်းမှူးအခန်း ခေါ်သွားပေးသည်။ စခန်းမှူးက အဓိကကျသော အချက်များကို စစ်ဆေးသည်။ နယ်ထိန်းအင်ချပ် ဒုရဲအုပ် ကျော်စိန်လင်းကို သွားရောက်စစ်ဆေးဖို့ တာဝန်ပေးသည်။ ရာဇဝတ်မှု တည်ဆောက်ရမည့် အခြေအနေ အချက်အလက်တွေ့ရှိပါက ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် လမ်းညွှန်မှုပေးသည်။ ဓာတ်ပုံဆရာအင်အား ခေါ်သွားရန် မှာကြားလိုက်သည်။ ဒေါ်မြဝင်းက ဟိုတယ်ကို လိုက်လံပြသည်။

တံခါးခေါက်လိုက်သည်။ တော်တော်နှင့် လာမဖွင့်။

ဟိုတယ်မှ သော့ဖြင့် ဖွင့်ပေးရန် ပြောဆိုရာ ဖွင့်ပေးလိုက်သည်။

ဦးစိန်နှင့် စန်းစန်းတို့မှာ ရွှေခါးပတ်ပိုင်ရှင်နှင့် စိန်ခေါ်သူ လက်ဝှေ့သမားကြီးများ လက်ဝှေ့ထိုးပြီးနောက် ပင်ပန်းစွာ အိပ်စက်နေကြသည့်အလား အိပ်စက်နေကြသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးမှာ လူသူမရှိသော အမေဇုန်တောကြီးတွင် နေထိုင်ကြသည့်အလား ယိုသူမရှက် မြင်သူရှက်စရာ မြင်ကွင်း။

"ကျွန်တော် ဗဟန်းရဲ့စခန်းက ဒုရဲအုပ် ကျော်စိန်လင်းပါ။ မစန်းစန်းရဲ့အမေ ဒေါ်မြဝင်းက သူ့သမီးကို ဦးစိန်က ခဏစကားပြောမယ်ဆိုပြီး ပြန်မလွှတ်လို့ အမှုဖွင့်တိုင်ကြားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သက်သေခံအထောက်အထားတွေ ယူရပါမယ်"

"ဆရာ ...ကျွန်တော် ရှင်းပြပါရစေ ဆရာ"

"ဟုတ်ကဲ့ ...ရှင်းတဲ့အလုပ်ကတော့ စခန်းရောက်မှ ရှင်းကြတာပေါ့။ ကျွန်တော်တို့ ရဲလုပ်ငန်းတွေ လုပ်လိုက်ပါဦးမယ်"

"ဆရာတို့ ဒီနေရာ၊ ဒီနေရာတွေကို ဓာတ်ပုံရိုက်ပါ။ ဟောဒီအိပ်ရာခင်း၊ မိန်းကလေးရဲ့အဝတ်အစား၊ ပုဆိုးသိမ်းပါ။ မြေပုံကြမ်းဆွဲပါ။ အစွန်းအထင်းရှိတာတွေ သိမ်းခဲ့ပါ"

"စိတ်တော့ မရှိပါနဲ့ ဦးစိန်၊ ကျွန်တော်တို့ လက်ထိတ်ခတ်မယ်၊ အလုပ်သဘောအရပေါ့ဗျာ။ ကျွန်တော့်ကို နားလည်ပေးပါ"

ဒုရဲအုပ် ကျော်စိန်လင်းသည် ဦးစိန်၊ စန်းစန်း၊ ဒေါ်မြဝင်း၊ တို့အား စခန်းသို့ ခေါ်သွားသည်။ စခန်းမှူးထံ တင်ပြပြီး လမ်းညွှန်မှု ခံယူသည်။

စခန်းမှူး၏ လမ်းညွှန်ချက်အရ ဦးစိန်နှင့် စန်းစန်းတို့အား ဆေးရုံသို့ ခေါ်သွားသည်။ ဟိုတယ်၏ အခန်းတွင် ဓာတုဗေဒ နည်းပညာအရ လက်ဗွေများ၊ အစွန်းအထင်းများ ထပ်မံယူစေသည်။



(၆)

ဦးစိန်သည် စခန်းမှူးအား သူနှင့် မမြဝင်းနှင့် ပတ်သက်ပုံ အကြောင်းစုံ၊ မမြဝင်းက ငွေကျပ်သိန်း (၂၀) အကူအညီ တောင်းခံသည့် အကြောင်း၊ နောက်ဆုံး ငွေ (၂) သိန်းယူပြီး သူ့သမီး စန်းစန်းနှင့် ဟိုတယ်တွင် ခေါ်သွားစေပြီး ညနေ (၄) နာရီမှ လာရန် မှာကြားထားပုံ အလုံးစုံတို့ကို ရှင်းလင်း တင်ပြအစစ်ဆေးခံသည်။

စခန်းမှူးက မမြဝင်းကို ထပ်မံစစ်ဆေးသည်။ ဦးစိန်နှင့် ပတ်သက်ခဲ့ပုံ ရှင်းပြအစစ်ခံသည်။ ငွေသိန်း (၂၀) အကူအညီ တောင်းတာ မှန်ကြောင်း၊ မရကြောင်း အစစ်ဆေးခံ တင်ပြသည်။ ယခုကိစ္စနှင့် မသက်ဆိုင်ကြောင်း တင်ပြသည်။ ယခုကိစ္စက သမီးကို ခဏစကားပြောမယ်၊ ကြည့်မယ်ဆိုပြီး အချိန် (၂) နာရီကြာ ပြန်မလာသဖြင့် အမှုဖွင့် တိုင်ကြားရခြင်းဖြစ်ကြောင်း တင်ပြစစ်ဆေးခံသည်။

ဆေးရုံမှ ဆေးစာ၊ အချက်အလက်များ ရရှိသည်။ (၂) ဦးလုံးတွင် ဖို+မ ကူးလူးဆက်ဆံသည့် လက္ခဏာရှိကြောင်းတို့ ပါဝင်နေလေသည်။

"ဆရာ ကျွန်တော် မမြဝင်းကို ပထမ (၂) သိန်း၊ နောက်ထပ် (၈) သိန်း ပေးပါ့မယ်။ အမှုကို ရုပ်သိမ်းပေးပါလို့ ညှိပေးပါလားဆရာ၊ ကျွန်တော် ကျေးဇူးမမေ့ပါဘူး"

ဦးစိန်သည် အမှုစစ်ဒုရဲအုပ် ကျော်စိန်လင်းအား အမှုရုပ်သိမ်းပေးရန်အတွက် ညှိနှိုင်းပေးရန် အကူအညီတောင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ် ဦးစိန်၊ ဒီလိုပုဒ်မမျိုးက ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ ရုပ်သိမ်းပေးလို့ မရပါဘူး။ ပြီးတော့ တရားလိုနဲ့ တရားခံကြားမှာ ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ ညှိနှိုင်းပေးလို့ မရပါဘူး။ ရုံးရောက်မှ ညှိကြပေါ့"

နောက်နေ့တွင် ဖြစ်သည်။ ဦးစိန်၏ သားသမီးတို့ ရဲစခန်းသို့ ရောက်ရှိလာသည်။ စခန်းမှူး၊ မြို့နယ်မှူးတို့ထံသို့ တွေ့ဆုံပြီး အကူအညီ တောင်းခံကြသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ဘောင်အတွင်းက ကူညီလို့ ရနိုင်သလောက် ကူညီမှာပါ။ စိတ်မပူပါနဲ့။ ဒါပေမဲ့ အမှုကိစ္စကတော့ တရားရုံးရောက်တော့ အဆင်ပြေအောင် ညှိနှိုင်းကြပေါ့ဗျာ။ ပြေလည်ရင် လေယာဉ်တောင် အလကားစီးရတယ် ဆိုတာလိုပေါ့"

မြို့နယ်မှူး၊ စခန်းမှူးတို့ကလည်း ဦးစိန်၏ သားနှင့် သမီးတို့အား အားပေးစကားပြောပြီး အကြံဉာဏ်များ ပေးလိုက်လေသည်။

ဆေးရုံမှ ဆေးစာ၊ ဓာတုဗေဒဌာနမှ ဓာတ်ခွဲစစ်ဆေးချက် အဖြေများ ရရှိပြီး အမှုစစ်ကြောရေးလုပ်ငန်းများ ပြီးပြည့်စုံပြီ ဖြစ်သောကြောင့် ဥပဒေအကြံပေးချက် တောင်းခံခဲ့လေသည်။

ဥပဒေရုံး၏ ဥပဒေအကြံပေးချက်အရ တရားခံဦးစိန်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့ပေးလိုက်ရလေသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ ပြစ်မှုထင်ရှားပါက ထောင်ဒဏ် (၁၀) နှစ် ချမှတ်နိုင်သော ဥပဒေပုဒ်မ ဖြစ်လေသည်။



(၇)

ခရိုင်တရားရုံးတော်က ပြစ်မှုကြီးအမှတ် ၀၀၇/၂၀၀၀ ဖြင့် ကြားနာစစ်ဆေးလာခဲ့ရာ (၆) လတာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ရုံးချိန်းတိုင်း ဦးစိန်အား မမြဝင်းနှင့် သမီး စန်းစန်းတို့က လာရောက်တွေ့ဆုံကြရာ ရင်တွင်းဖြစ် နှလုံးသားခံစားမှုများကို ခံစားလာကြရလေသည်။

"မမြဝင်း၊ ငါ ဒီလိုတရားခံဖြစ်နေရတာကို မင်း ကြည့်ရက်သလား၊ မင်းလိုချင်တဲ့ ငွေသိန်း (၂၀) ပေးပါ့မယ်ကွာ။ ငါ့ကို ဒုက္ခထဲက လွတ်အောင် လုပ်ပေးပါ မမြဝင်းရယ်"

ဦးစိန်၏ ငိုသံပါကြီးနဲ့ ပြောသော စကားများကြောင့် မမြဝင်းနှင့် စန်းစန်းတို့သည် မျက်ရည်ပေါက်ပေါက်ကျပြီး ပူဆွေးသောက ဖြစ်ကြရလေသည်။ အမှားသံဝေဂများ ရကြလေသည်။

"မမြဝင်း မှားပါတယ် ဦးစိန်၊ မမြဝင်းကို ခွင့်လွှတ်ပါ။ ကိုတင်ဝင်းအောင်လည်း ထောင်ဒဏ် (၂၀) နှစ် ကျသွားပါပြီ။ ကျွန်မ ဦးစိန်ထံက ငွေလည်း မလိုချင်တော့ပါဘူး။ ဦးစိန်အတွက် ကျွန်မ ဘာလုပ်ပေးရမလဲ၊ အကုန်လုပ်ပေးပါ့မယ် ဦးစိန်"

"သမီးလည်း ဒီအတိုင်းပါပဲ ဦးရယ်၊ ဦးအတွက် သမီး ဘာလုပ်ပေးရမလဲ ရုံးမှာ ဘယ်လိုထွက်ဆိုပေးရမလဲ၊ သမီး ဦးကို ချစ်ပါတယ်။ မေမေတို့ပြောတဲ့အတိုင်း သမီးလုပ်ခဲ့ရတာပါ။ သမီးကို ခွင့်လွှတ်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်သည် မမြဝင်းတို့ သားအမိရဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ လွှမ်းခြုံသော စကားများကို ကြားရသောကြောင့် စိတ်ချမ်းသာမှု အတော် ခံစားရလေသည်။ ဦးစိန်က မိမိ၏ ရှေ့နေကြီး ဥက္ကလာ ဦးနက်ပြောင်နှင့် မမြဝင်းတို့သားအမိကို မိတ်ဆက်ပေးလိုက်လေသည်။ ရှေ့နေကြီးကလည်း ၎င်း၏ ရုံးခန်းသို့ လာရန် မှာလိုက်လေသည်။

ဤနေ့သည် ဦးစိန်၏ ရုံးချိန်းနေ့ ဖြစ်သည်။ မမြဝင်းတို့သားအမိလည်း တရားရုံးသို့ ရောက်ရှိနေသည်။ ထူးခြားချက်ကတော့ စန်းစန်းသည် မင်္ဂလာသတို့သမီးဝတ်စုံဖြင့် လှပနေသည်။ တရားရုံးသို့ ထိမ်းမြားလက်ထပ်ရန် ရောက်ရှိလာသော သတို့သမီးဟု ထင်ရသည်။ ဤထူးခြားချက်ကို ဦးစိန်အား ကြိုတင်အသိပေးထားပြီးဖြစ်သည်။ ဦးစိန် ဝမ်းသာပီတိ ဗွမ်းဆီထိ ဖြစ်နေသည်။

အမှုခေါ်သည့် တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။ အားလုံးအရိုအသေ ပြုကြသည်။

ဦးစိန်၏ အကျိုးဆောင်ရှေ့နေ ဦးနက်ပြောင်က ရုံးတော်သို့ လျှောက်ထားသည်။ လျှောက်ထားချက်ကတော့ အမှုနှင့်မသက်ဆိုင်ပါ။ သီးခြားခွင့်ပြုဆောင်ရွက်ပေးပါရန် လျှောက်ထားခြင်း ဖြစ်ပါသည်။ အချုပ်တရားခံ ဦးစိန်နှင့် မစန်းစန်းတို့က ထိမ်းမြားလက်ထပ်ပေးပါရန် လက်ထပ်ပုံစံဖြင့် တင်ပြလျှောက်ထားသည်။



အမှုစစ်တရားသူကြီးက ဥပဒေအရာရှိ သဘောထားကို မေးသည်။ ဥပဒေအရာရှိက –

“အချုပ်တရားခံနှင့် ပြင်ပတွင်ရှိသော် သတို့သမီးတို့က ထိမ်းမြားလက်ထပ်ခွင့်ပြုရန် လျှောက်ထားခြင်းမှာ သတို့သားနှင့် သတို့သမီးတို့၏ လွတ်လပ်သော လူသားအခွင့်အရေးဖြစ်၍ ကန့်ကွက်ရန် မရှိကြောင်း တင်ပြသည်”

တရားသူကြီးက ဒီလိုထိမ်းမြားလက်ထပ်ခဲ့ကြတဲ့ အစဉ်အလာရှိခဲ့ဖူးကြောင်း၊ သတင်းစာ၊ ဂျာနယ်တွေမှာလည်း ဖတ်ဖူးကြောင်း၊ ဒါ့ကြောင့် သတို့သား၊ သတို့သမီး၊ အုပ်ထိန်းသူ၊ သက်သေတို့အား ရုံးရှေ့တွင် အသီးသီး လက်မှတ်ရေးထိုးစေပြီး အမှုစစ်တရားသူကြီးက ထိမ်းမြားလက်ထပ်ပေးလိုက်လေသည်။

ဦးစိန် တရားရုံးရှေ့ရှိ အချုပ်ခန်းသို့ ပြန်လာခဲ့ရာတွင် ပူပူနွေးနွေး ချစ်ဇနီးလေး စန်းစန်းစိန်နှင့် ရွှေလက်တွဲလျက်။ အံ့ဖွယ်ဖြစ်ရပ်ဆန်းအနေဖြင့် ဝိုင်းဝန်းကြည့်နေကြသော တရားရုံးရှိ ပရိသတ်များ ဝိုင်းဝိုင်းလည်လျက် ဦးစိန်သည် အချုပ်ခန်းသို့ ဝင်အံ့ဆဲအချိန်တွင် ချစ်ဇနီးအား အကြင်နာ ပေးလိုက်လေသည်။ အချုပ်ခန်းရောက်သည်နှင့်

“ဦးစိန် ခင်ဗျား ထိမ်းမြားလက်ထပ်ပြီးပြီဆိုတော့ ခင်ဗျားဟာက ဘာမှလည်း မဘာရပါလားဗျာ”

“ဟော့ကောင်တွေ ငါတို့က ဘာပြီးပြီကွ။ ဘာပြီးလို့ ဒီအမှုကို ရင်ဆိုင်ရတာ”

www.burmeseclassic.com

www.burmeseclassic.com



ဘ၀တူ အချုပ်တရားခံများက ဦးစိန်အား ဝိုင်းပြီး နှောက်ကြ၊ ပြောင်ကြ၊ ဝေဖန်ကြရာ ဦးစိန်ကလည်း အားကျမခံ ပြန်ပြောလိုက်လေသည်။

ဤနေ့သည် ဦးစိန်၏ အမှု အမိန့်ချမှတ်မည့်နေ့ ဖြစ်သည်။ ဦးစိန်၏ ဇနီးချောချောလေး စန်းစန်းစိန်နှင့် ယောက္ခမကြီး ဒေါ်မြဝင်းတို့လည်း ရောက်ရှိနေကြသည်။

အမှုခေါ်သည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။ အားလုံး အရိုအသေ ပြုကြသည်။

**အမိန့်**

အမှုသွားအမှုလာနှင့် အမှုတွဲပေါ်ရှိ တရားလို၊ တရားလိုပြ သက်သေထွက်ချက်များ၊ တရားခံနှင့် တရားခံပြသက်သေထွက်ချက်များ၊ အကြောင်းအခြင်းရာများ၊ အချက်အလက်နှင့် ဥပဒေအချက်အလက်များအရလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ၊ အခန်း (၂) တရားစီရင်ရေးဆိုင်ရာမှုများ၊ အပိုဒ် (၂) အပိုဒ်ခွဲ (ဂ) (ဃ) တို့အရလည်းကောင်း တရားခံ ဦးစိန်အား ပြစ်ဒဏ် (၁) နှစ် ကျခံစေ။ ချုပ်ရက်ကို ပြစ်ဒဏ်အဖြစ် ခံစားစေ။

**"လူ့ပြည်မှာ အမှုမပွေ့ကြပါနဲ့."**

❐



www.burmeseclassic.com

www.burmeseclassic.com

# အန်တီပဟော့ရှော့

## (၁)

ကန်တော်ကြီး၊ ကရဝိက်နန်းတော်ဟိုတယ်ကြီးတွင် ဖြစ်သည်။ မျက်နှာကြီး လူကုံထံ အသိုင်းအဝိုင်းတို့၏ သားသမီး မင်္ဂလာအခမ်းအနား ကျင်းပမည့် အချိန် ဖြစ်သည်။ ဝင်လာမစဲ တသဲသဲ ဆိုသကဲ့သို့ မင်္ဂလာပရိသတ်များ အလျှိုလျှို ရောက်ရှိလာနေကြသည်။ မင်္ဂလာပွဲလာ လူကြီးလူငယ်၊ လူရွယ် လူလတ်တို့မှာ အလှချင်းပြိုင်နေကြသော အလှပြိုင်ပွဲကြီး ထင်ရသည်။ မင်္ဂလာပွဲလာ ပရိသတ်များ ခွတ်ဖျန်းလာသည့် ရေမွှေးနံ့များမှာလည်း ကန်တော်ကြီးရေပြင်၊ လေပြင်တို့ထိ ပျံ့နှံ့နေသည်။ ကန်တော်ကြီးရေပြင်မှ လှိုင်းပုတ်သံကလေးများကလည်း တေးဂီတအဖွဲ့နှင့်အပြိုင် မင်္ဂလာပွဲလာ မင်းပရိသတ်တို့ အားလက်ခုပ်သံဖြင့် ကြိုဆိုနေသလား ထင်ရသည်။

မင်္ဂလာပွဲလာ ပရိသတ်များအနက်မှ လူအများ ငေးကြည့်ရလောက်အောင် စိတ်အဝင်စားဆုံးသူမှာ အန်တီခင်ပပ ဖြစ်



သည်။ လည်ပိုက်အင်္ကျီလက်ပြတ် ရွှေရောင်ကို ဝတ်ဆင်ထားသည်။ အပေါ်မှ ပဝါခြုံထည်လေးမှာလည်း ရွှေရောင်ပဝါပါးလေးဖြစ်သည်။ ဝင်းလက်နေသည့် ရွှေလက်ကောက်ဆယ်ကွင်းတို့ကလည်း လက်မြှောက်လိုက်လေတိုင်း ခေါင်းလောင်းသံလေး၊ များ ထင်ရလောက်အောင် တချွမ်ချွမ်၊ အန်တီပ၏ ရွှေရောင်ဒေါက်ဖိနပ်ကလည်း တဝင်းဝင်းတလက်လက်။ ဒေါက်ဖိနပ်မြင့်တင်ပေးမှုကြောင့် အန်တီပ၏ တင်ပါးဆုံတို့မှာ နိမ့်တုံမြင့်တုံ ခုန်နေလေသည်။ ထို့ကြောင့်လည်း သူမကို အန်တီပဟော့ရှော့ ဟူသော အမည်နာမ ပေးထားခြင်းဖြစ်သည်။

အန်တီပ၊ မင်္ဂလာအခမ်းအနားသို့ လာရသည်မှာ အခြားသူများကဲ့သို့ ခန့်ခန့်ညားညား အရာရှိကြီးလား၊ သူဌေးကြီးလား၊ စီးပွားရေးလုပ်ငန်းရှင်ကြီးလားဟု ထင်ရသော အိမ်ဦးနတ် လင်ယောကျ်ားဖြင့် လာရသူကား မဟုတ်ပါချေ။ တစ်ကိုယ်တည်း လှယဉ်ကျေးမယ်ပြိုင်ပွဲဝင်ကြသကဲ့သို့ တစ်ကိုယ်တည်း လာရခြင်း ဖြစ်သည်။

အန်တီပသည် "ဖူးကောင်းမှ စင်ခံ၊ လင်ကောင်းမှ စံ" ဆိုသည့် ရှေးစကားပုံအတိုင်း ခင်ပွန်းဖြစ်သူ ဦးခင်မောင်သက်ချိုဦး ကွယ်လွန်ခဲ့ပြီးနောက် သားတစ်ဦး၊ သမီးတစ်ဦးနှင့်အတူ သံလွင်လမ်းမှ ခြံကြီး၊ စိန်၊ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများစွာတို့ကို ခံစား၊ စံစားနေရသူ ဖြစ်လေသည်။ မိခင်ကောင်းတစ်ဦးက အဘက်ဘက်မှ ပြည့်စုံအောင် ပြုစုပေးခဲ့မှုကြောင့် သားနှင့် သမီး ပညာစုံပြီးလို့ ကြင်ယာများပင် စုံခဲ့ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သားက အမေရိကန်နိုင်ငံတွင် ကျောင်းနေခဲ့ရာမှ အိမ်ထောင်ကျပြီး အမေရိကန်နိုင်ငံတွင် ချမ်းသာနေသည်။ သမီးကလည်း "ရွှေကမ္ဘာကုမ္ပဏီ" သူဌေးကြီး၏ သားနှင့် အိမ်ထောင်ကျခဲ့လေသည်။ ဘာမျှ လိုလေသေးမရှိ။ အန်တီမှာလည်း "စိန်ကုဋေကုဋာစတိုး" ဆိုင်အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃)နှင့် "အလှထိပ်ခေါင်" ဖက်ရှင်စတိုးဆိုင်ကြီးတို့ဖြင့် နာမည်ကျော်ကြား လူသိများသော အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လေသည်။ လာခြင်းကောင်းသော ဘဝပေးကောင်းကြသော မိခင်နှင့် သားသမီးတို့ ဖြစ်ကြလေသည်။

"အတ္တာဟိ အတ္တနော နာထော ကောဟိနာမပရောသိယာ" ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော တရားတော်နှင့်အညီ မိမိကိုယ်သာ ကိုးကွယ်ရာဖြင့် စီးပွားဥစ္စာများ တိုးပွားအောင် စွမ်းဆောင်လာခဲ့သော မိသားစု ဖြစ်ချေသည်။

## (၂)

မင်္ဂလာအခမ်းအနားကြီးကား ပြီးဆုံးခဲ့လေပြီ။ ကြွရောက်ချီးမြှင့်ကြသော မင်္ဂလာပရိသတ်အပေါင်းတို့လည်း တဖွဲဖွဲ ပြန်ကြလေပြီ။ အန်တီပ၏ ပရာဒိုကားမှာ ယာဉ်ရပ်နားနေရာအတွင်းဘက်သို့ ရောက်ရှိနေသောကြောင့် မိမိကား၏ ရှေ့မှကားများ ထွက်ခွာသည်အထိ စောင့်နေရလေသည်။ မိမိ၏ကားထွက်လို့ရသည်နှင့် အန်တီပသည် မျှော်စင်ကျွန်းဘက်ရှိ သမီးရည်းစားအတွဲများ၊ ချစ်စကားနှီးနှောဖလှယ်ကြသည့် ပန်း



ခြံဘက်သို့ ထွက်ခွာလာလေသည်။ ကားရပ်ပြီး ကားပေါ်မှဆင်းလိုက်ချိန်တွင်ကား–

"ရွှေရောင်မမ x x x သိပ်လှတယ်ဗျာ၊ ရင်ခွင်တောက်လျှောက် နင်းလျှောက်လာပါ x x x ကြိုဆိုပါတယ်ကွယ် စွဲမိသူ ကြွေပြီကွယ် စိုးမိုးသူရယ် x x x လွှမ်းမိုးသူရယ်"

ရွှေရောင်ဖိနပ်နဲ့ မမလာတယ် x x x ရင်ခွင်အသည်းလမ်းထဲ လှမ်းခဲ့ပါကွယ် x x x မျှော်နေပါတယ် စွဲမိသူ ကြွေပြီကွယ် x x x စိုးမိုးသူရယ် x x x လွှမ်းမိုးသူရယ်"

ဂစ်တာတီးပြီး (ပလေးဘွိုင်းသန်းနိုင်၏ သီချင်းလေး)ဖြင့် စောင့်စားကြိုဆိုနေသူမှာ တင်မောင်ထွေး ဖြစ်သည်။

"မောင်ထွေး ...မင်းစောင့်နေတာကြာပြီလား"

"ကြာပြီပေါ့ မမရယ်၊ မမပက ကျွန်တော့်ကို စိုးမိုးထားတော့ စောင့်နေရတာကို ကျေနပ်တယ်။ စွဲလမ်းနေတော့လည်း တမ်းတနေရတာ ကျေနပ်ပါတယ် မမ"

"သိပ်လည်း စွဲလမ်းမနေနဲ့၊ စွဲလမ်းရင် အသည်းကျွမ်းတယ်၊ သိပ်ချစ်ရင် စိတ်ညစ်ရတယ်တဲ့"

"ဟာ မမပြောတာထက် ...ကျော်သွားပြီ ...ကျွန်တော် မမကို စွဲလမ်းနေရတာတို့၊ အသည်းကျွမ်းနေတာတို့က ကျွန်တော် ခံစားနေရတာ ကြာပါပြီ။ မမ ဒါကြောင့် မမက ကျွန်တော့်ကို စိုးမိုးထားသူ၊ လွှမ်းမိုးထားသူ ဖြစ်နေပါပြီလို့ ပြောတာပေါ့ မမရယ်"

ကန်တော်ကြီးရေပြင်မှ လေပြည်လေအေးတို့က ရှိုးတွဲပွေ့ဖက်ထိုင်နေကြသော အန်တီပနှင့် တင်မောင်ထွေးတို့အား

www.burmeseclassic.com

www.burmeseclassic.com



အဲယားကွန်း ဖွင့်ပေးထားသလို ယပ်ခတ်ပေးနေသလို နှစ်လုံး ပီတိ ဂွမ်းဆီထိ ဖြစ်နေစေလေသည်။

တိတ်ဆိတ်နေကြသည့် ချစ်သူစုံတွဲများ၏ နားဝယ် ရွှံ့မှုန်း လှသည့်အသံကား "ခေါင်းလောင်းသံ" ဖြစ်လေသည်။ အနား ယူ အပန်းဖြေသူများ၊ ပန်းခြံပိတ်တော့မည်ဖြစ်ပြီဖြစ်လို့ ပြန်ပါ လေတော့ ပြန်ပါလေလော့ဟု အသိပေးနှိုးဆော်သော "ခေါင်း လောင်းသံ" ဖြစ်လေသည်။

"ကဲ ...မောင်ထွေး ပြန်ကြစို့"

"ကျွန်တော့်ကို အချိန်အကြာကြီး ခွဲမထားပါနဲ့လား မမ"

"မမလည်း မင်းလိုပဲ ခံစားရပါတယ်။ ဒါပေမဲ့"

"မမ ကျွန်တော့်ကို ဒါပေမဲ့နဲ့ အနိုင်ယူချေမှုန်းခဲ့တာ ကြာပြီနော်"

"ဒါပေမဲ့ မမက အနိုင်ယူချေမှုန်းတာ မဟုတ်ပါဘူး မောင်ထွေး။ လောကကြီးက မမနဲ့ မောင်ထွေးတို့ကို အနိုင်ကျင့် တာပါ"

"မင်းဟာ ငါ့သားလောက်ပဲ ရှိသေးတယ်။ ငါဟာ မုဆိုးမ သားသမီးနှစ်ယောက်ရဲ့ မိခင်၊ မြေးငါးယောက်ရဲ့အဘွား။ အဲဒီ လောကဓမ္မတာတွေက မမနဲ့ မောင်ထွေးတို့ကို အနိုင်ယူနေတာ အနိုင်ကျင့်နေတာပါ ..."

"နောက်ပြီး မမဟာ စီးပွားရေးလောကမှာ လူသိများ၊ ထင်ရှားတဲ့ အမျိုးသမီးတစ်ဦး ဖြစ်တယ်။ အဲဒီပတ်ဝန်းကျင်



အသိုင်းအဝိုင်းတွေကလည်း အများကြီး။ အဲဒီလောကကြီးကို မမ ရင်မဆိုင်ရဲဘူး။ မောင်ထွေး အဲဒါတွေ ပြောရရင် အကျယ် ကြီးပဲ ...အရှည်ကြီးပဲ ...ကဲ သွားကြစို့ မောင်ထွေး၊ မမ နန်း သီတာမှာ မောင်ထွေး စားချင်တာကို ကျွေးမယ်။ ပြီးတော့ ပြန်ကြမယ် ...နော် ...နော်"

အန်တီပနှင့် တင်မောင်ထွေးတို့သည် သိပ်ချစ်လို့ စိတ် ညစ်ရတဲ့အကြောင်း ချစ်သူနှစ်ဦးတို့အကြား တံတိုင်းကာထားခံ ရတဲ့ လောကဓမ္မတာတရားများကို ဆွေးနွေးပွဲတစ်ပွဲ ပြီးဆုံးကြ ပြီ ဖြစ်လေသည်။

(၃)

နန်းသီတာ စားသောက်ဆိုင်ကြီး၏ အပေါ်ထပ်သည် ရန်ကုန်မြစ်ရေ၏ အပေါ်ထပ်မှ တိုက်ခတ်လာသော လေပြည် လေညင်းများကို ခံစားကြရသောကြောင့် စားသုံးသူများ ပြည့် ကျပ်နေသည်။

"ဟယ် ...အန်တီပပါလား၊ ထိုင်လေ သမီးတို့ဝိုင်းမှာ ထိုင်ပါလား နှစ်ယောက်တည်းမဟုတ်လား၊ လာပါ အန်တီပ ရယ် သမီးတို့ ပြုစုချင်လို့ပါ"

"ကျေးဇူးပါပဲ သမီးတို့ရယ်၊ အန်တီ အောက်ထပ်မှာပဲ ထိုင်လိုက်တော့မယ်"

"ဒါဆိုလည်း သမီးတို့လာစားမှာနော်"

"ရပါတယ်ကွယ် ...ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အစားအစာကိုသာ စားမှာပါ။ အန်တီပ မုန့်ကိုတော့ ဝေမစားပါဘူး။ အန်တီပ အရမ်းအရမ်း မိုက်တယ်နော်"

အန်တီပနှင့် မောင်ထွေးတို့သည် နန်းသီတ္တာ စားသောက်ဆိုင်ကြီး၏ အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းခဲ့လေသည်။ ဘဲကင်တစ်ခြမ်း၊ ကြက်ကြော်၊ ဘီယာတစ်လုံး၊ ဝီစကီပြားသေးတစ်ပြား မောင်ထွေးအတွက် မှာကျွေးလေသည်။

"မောင်ထွေး တို့လောကကြီးအကြောင်းကို ဆွေးနွေးခဲ့ကြတယ်။ အပေါ်ထပ်မှာ ကြုံတဲ့ လောကလေးအကြောင်း သတိထားမိရဲ့လား"

"သဘောပေါက်ပါတယ် မမ"

"အေး ...အဲဒီလိုပဲ လောကကြီးတွေ၊ လောကလေးတွေ အများကြီး ဖြတ်သန်းရလိမ့်ဦးမယ်"

တင်မောင်ထွေးသည် မြန်မာဘီယာတစ်လုံး၊ ဝီစကီတစ်စိတ်ပြားဖြင့် ရောပြီး မော့လိုက်၊ ဘဲကင်ကို စားလိုက်၊ ကြက်ကြော်ကို ဝါးလိုက်ဖြင့် အရှိန်လေးရလာသည်။ အာသွက်လျှာသွက် ဖြစ်လာလေသည်။ ရင်တွင်းဖြစ် ခံစားချက်များကို ဖွင့်ဟ အန်ထုတ်ရန် ဦးနှောက်တွင် အစီအရီ ဖြစ်လေသည်။

"ဒီမှာ မမ...အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာက လူသားတွေကို သိပ်ပြီး ဂရုစိုက်နေမယ်ဆိုရင် လူ့အခွင့်အရေးတွေ ဆုံးရှုံးတယ်။ စိတ်လွတ်ကိုယ်လွတ် နေပါလား မမရယ်"

"ဘယ်ဖြစ်မလဲ မောင်ထွေး၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့



အသိုင်းအဝန်းနဲ့ နေကြသူတွေ ဖြစ်တယ်။ အဲဒါတွေကို မျက်ကွယ်ပြုရင် အရွဲ့တိုက်ရင် သူများတံတွေးခွက်မှာ ပက်လက်မျောသွားမှာပေါ့"

"ဒီမှာ မမ၊ ကျွန်တော်ကတော့ အဲဒီအရပ်လေးမျက်နှာက လူတွေကို လုံးဝ လုံးဝ ဂရုမစိုက်ဘူး၊ ရင်ဆိုင်ရဲတယ်၊ ယှဉ်ပြိုင်ရဲတယ်"

"ဒီမှာ ကိုယ့်လူ၊ အရပ်လေးမျက်နှာက လူတွေကို ဂရုမစိုက်ဘူးဆိုတော့ ကျုပ်တို့လည်း ပါနေတယ်၊ ခင်ဗျား မစော်ကားနဲ့၊ စက်ကွင်းလွတ်အောင် ပြော ...ဘာပြောချင်သလဲ။ (အန်တီပေဟာ့ရှော့)ကို ငါ ကောင်းကောင်းကြီး သိတယ်။ သူတော်ကောင်းမကြီး သူဌေးမကြီး၊ မင်းဘာခွင်ချနေတာလဲ၊ ကိုင်ပစ်လိုက်မယ်နော်"

တင်မောင်ထွေး၏ မဆင်မခြင် မူးပြီး ပြောမှုဆိုမှု၊ ရမ်းကားမှုတို့ကြောင့် ဘေးဝိုင်းတွင် စားသုံးနေကြသော လူ ၄/၅ ဦးတို့က မူးနေကြပြီဖြစ်သောကြောင့် သူတို့ကို စော်ကားသည်ဆိုပြီး ပြဿနာ ရှာပါလေတော့သည်။

"တောင်းပန်ပါတယ်ကွယ် ...အန်တီက စိန်ကုဋေကုဋာစတိုးဆိုင်ပိုင်ရှင်ပါ။ မောင်ထွေးက မူးပြီး လျှောက်ပြောနေတာပါ။ မင်းတို့ကို ပြောတာ မဟုတ်ပါဘူးကွယ်"

အန်တီပသည် ပြောပြောဆိုဆို တောင်းတောင်းပန်ပန်ဖြင့် (ဘောလ်) ရှင်းပြီး ခပ်သုတ်သုတ် ပြန်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၄)

ဤနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ အန်တီပနှင့် တင်မောင်ထွေးတို့ အနားယူ အပန်းဖြေနေကျ တိတ်ဆိတ်ငြိမ်သက်လှသော ဟိုတယ်ကြီးတွင် ဖြစ်သည်။ တစ်နေ့တာ အနားယူ အပန်းဖြေ နားနေမှုအတွက် ဟိုတယ်ခ ၂၀၀၀၀ိ ပေးရသောကြောင့် တင်မောင်ထွေးသည် စောစောလာပြီး စိမ်ယူနေလေသည်။

အချိန်ကား နံနက် (၁၂) နာရီ ရှိချေပြီ။ အန်တီပကို တမ်းတ၊ လွမ်းလျ၊ စောင့်မျှော်ရင်းဖြင့် တင်မောင်ထွေးသည် ဂီတာတဒေါင်ဒေါင်ဖြင့် အန်တီပ၏ အလှအပများကို ဝိသာခါ သီချင်းဖြင့် အမွှမ်းတင်နေသည်။ စားမြုံ့ပြန်နေလေသည်။

"ကျောင်းအစ်မကြီးရဲ့ ဝိသာခါ xxxမြေးတွေရအောင် လှနေတာ xxxမြရင်တစ်ယောက် မြှောက်ပြန်ရာ တော်တော် လာတဲ့ ကိုဟ ...အသည်းစွဲနေအောင် အမြဲချစ်နေမှာပါ"

"အမယ်အိုကြီးကဲ့သို့ စိတ်ပုတီး လည်မှာဆွဲကာ... အိုသွားကျဲကျဲနဲ့ တောင်ဝှေးဆွဲတောင် ပွဲဖြစ်အောင် မယ်ရင်ကမှာ ရင်ရင်ကမှ အန်တီပ ကမှ အလှူပေးဖြစ်ကြမှာ"

"အားလုံးသိတဲ့ အလှူကြီးတောင် အဘိုးဖြစ်စေတော့ မယ်ရင်မှာ အပျိုစင်ကညာ"

တင်မောင်ထွေးသည် သူ အလွန်ကျွမ်းကျင်သော ဂီတာဖြင့် ဝိသာခါသီချင်းကို သီဆိုခံစားနေစဉ် အန်တီပ ဟိုတယ်အခန်းသို့ ရောက်ရှိလာလေသည်။ အန်တီပအား ဆက်ပြီး ဖျော်



ဖြေလိုက်ရာ ပြုံးစိစိဖြင့် မြှူးမိနေသော ငါးပမာလို ခံစားကြည်နူးနေလေသည်။ သီချင်းအဆုံးမှာတော့ အန်တီပသည် ရင်တွင်းဖြစ် လက်ခုပ်လက်ဝါးတီးပြီး ဂုဏ်ပြုလိုက်လေသည်။

"ကောင်းတယ်ဟေ့ ...ကောင်းတယ်၊ မင်းကို တစ်ထောင့်ငါးရာ ဆုချမယ်"

"မမ ...ဒီနေ့ အရမ်းလှပါလား"

"ဒီနေ့တင်ပဲ လှတာလား၊ 'အရင်နေ့တွေက မလှဘူးလား။ နောက်နေ့တွေကော မလှတော့ဘူးလား"

"လှပါတယ် မမရယ် ...ဒါပေမဲ့ ဒီနေ့ ထူးထူးခြားခြား ပိုပြီး လှနေတယ်ထင်လို့ ကျွန်တော့်စိတ်ထဲမှာ ခံစားနေရလို့ ပြောတာပါ မမရယ်"

မင်္ဂလာညှော်ခံပွဲတစ်ပွဲမှ ပြန်လာသော အန်တီပသည် ညှော်ခံပွဲဝတ်စုံဖြင့် တစ်ဆက်တည်း ဟိုတယ်သို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။ သို့ကြောင့်လည်း ကြက်ဥနှစ်ရောင် လည်ဟိုက်မှန်နိုင်လွန်အကျီ၊ ကြက်ဥနှစ်ရောင် ပဝါ၊ ရွှေအိုရောင် ဒေါက်ဖိနပ်တို့ဖြင့် အလှဆင်ထားသည်မှာ ထူးထူးခြားခြား ပို၍ လှပနေပါသည်။ စိန်နားကပ်၊ စိန်လည်ဆွဲ၊ စိန်လက်စွပ်၊ စိန်လက်ကောက်တို့ကလည်း သူမ၏ အလှအပများကို အနုမြူမီးရောင်များမှတစ်ဆင့် ဝင်းလက်နေစေလေသည်။

"မမ တစ်ယောက်တည်း သွားလာနေတာ ဒီလောက် တန်ဖိုးများတဲ့ ရတနာပစ္စည်းတွေ မဝတ်သင့်ဘူး

www.burmeseclassic.com

www.burmeseclassic.com



"မစိုးရိမ်ပါနဲ့ မောင်ထွေး၊ မမက ကိုယ့်ကားနဲ့ကိုယ် သွားလာနေတာပဲဟာ"

"ညနေကျရင် ဟောဒီပစ္စည်းတွေသွားပြီး ရောင်းဦးမှာ။ ဒီမှာကြည့် သိန်း (၅၀၀၀) ကျော်ဖိုး ရှိတယ်"

မောင်ထွေးသည် ငွေကျပ်သိန်းပေါင်း (၅၀၀၀)ကျော်နဲ့ သွားရောင်းမည့် စိန်တစ်ဆင်စာ လက်ဝတ်ရတနာပစ္စည်းများကို အနီးကပ် မမြင်ဖူးသောကြောင့် သေချာစွာ ကြည့်ရှုလေ့လာနေလေသည်။

အန်တီပသည် အဝတ်အစားအပိုမပါသောကြောင့် ဟိုတယ်မှ ပေးထားသော ညဝတ်အင်္ကျီကိုသာ အဝတ်အစားလဲပြီး အနားယူအိပ်စက်လိုက်လေသည်။ တင်မောင်ထွေးက (လဝန်းကြီးနှင့် တူတဲ့ မေ့ကိုလားကွယ်) သီချင်းလေးဖြင့် ချော့သိပ်သည်။

ညနေ (၃) နာရီခန့်တွင် မောင်ထွေးသည် အိပ်ရာမှ နိုးနေသည်။ နက်နဲသော အတွေးများကို တွေးတောနေသည်။ ရေမိုးချိုးပြီး လက်ကျန် ဘီယာ၊ ဝီစကီ၊ ကြက်ကြော်၊ ဆိတ်မွကြော်လေးများကို သုံးဆောင်ရင်း အကြံထုတ်နေသည်။ အန်တီပကား နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေဆဲ ဖြစ်သည်။

ညနေ (၄) နာရီခန့်တွင်မူကား အန်တီပ အိပ်ရာနိုးလေပြီ။ အိပ်ရာမှ မထလိုသေး၊ ဇိမ်ယူနေသည်။

"ညီမလေးရေ ...ထပါတော့၊ ရောင်ခြည်လာပြီပေါ့"



အိပ်ရာမှ ထရန် အပျင်းဆန့်နေသော အန်တီပအား မောင်ထွေးက အနုအရွလေးများဖြင့် နိုးထစေလိုက်ရလေသည်။

အန်တီပသည် ဝယ်လက်မှာထားသည့် စိန်ရတနာပစ္စည်းများ သွားပြီး ရောင်းရန်ရှိသောကြောင့် အိပ်ရာမှ ထသည်။ ရေမိုးချိုးသည်။ အလှအပများ ပြင်ဆင်သည်။ မင်္ဂလာဝတ်စုံ အဝတ်အစားများကို ပြန်လည်ဝတ်ဆင် အလှပြင်လိုက်လေသည်။

တင်မောင်ထွေးသည် အန်တီပအား ကျွေးနေကျ အားဆေးတစ်လုံးနှင့် ဟိုမုန်းအားဆေးအသစ်တစ်လုံးတို့ကို ဆန်းကစ်အချိုရည်နှင့်အတူ တိုက်လေသည်။ ချစ်သူက ကျွေးလျှင် သေဆေးတောင် သောက်မည်ဆိုသည့် အန်တီပသည် သောက်နေကျ ဆေးတစ်လုံးအပြင် ဟိုမုန်းအားဆေးသစ်ကို စစ်မေးခြင်းပင် မပြုဘဲ သောက်လေသည်။

(၅) မိနစ်ခန့် ကြာသောအခါ အန်တီပ၏ မျက်တောင်များ စင်းလာသည်ကို သတိပြုလိုက်သည်။ အန်တီပ အိပ်ရာတွင် လဲကျသွားသည်။ ၅ မိနစ်ခန့်အကြာ ပါးစပ်မှ အမြှုပ်များ ထွက်လာသည်။ သတိလစ်သွားပြီး မလှုပ်မယှက် ငြိမ်သက်သွားလေပြီ။

လောဘစိတ်တို့ လွှမ်းမိုးစီးနင်းထားသော တင်မောင်ထွေးသည် အန်တီပ ဝတ်ဆင်ထားသော စိန်တစ်ဆင်ကို ဖြုတ်ယူသည်။ အန်တီပ ရောင်းရန် ယူလာသော သိန်း (၅၀၀၀) ကျော်တန် စိန်တစ်ဆင်ကိုလည်း ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ထွေးသည် ဟိုတယ်ကောင်တာတွင် အပ်နှံထားသော ၎င်း၏ မှတ်ပုံတင်ကို ရထားလက်မှတ် ယူရန်အတွက် ပြောပြီး ယူသည်။ ဟိုတယ်အခန်းတွင် အန်တီပ အိပ်စက်နေကြောင်း ပြောပြီး ပျာယီပျာယာအမူအရာဖြင့် ထွက်သွားလေသည်။

(၂၀) မိနစ်ခန့် ကြာသောအခါ ဟိုတယ်မန်နေဂျာသည် တင်မောင်ထွေး၏ ပျာယီပျာယာ လှုပ်ရှားမှုအသွင်အပြင်ကို မသင်္ကာသောကြောင့် အန်တီပနှင့် တင်မောင်ထွေးတို့၏ အခန်းအမှတ် ၀၀၇ သို့ ဘဲလ်တီးပြီး စုံစမ်းစစ်ဆေးရန် စေခိုင်းလိုက်သည်။ ဘဲလ်တီးသော်လည်း အခန်းတွင်းမှ တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိ။

ထို့ကြောင့် မန်နေဂျာသည် လုံခြုံရေးဝန်ထမ်းတို့ကို ခေါ်ယူပြီး အခန်းကို ဖွင့်ကြည့်လေသည်။ အန်တီပမှာ ပါးစပ်မှ ပန်းရောင်အမြှုပ်များ ထွက်ပြီး သတိမရတော့ကြောင်း တွေ့ရလေသည်။

မန်နေဂျာသည် ၁၉၉ သို့ လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့သို့လည်းကောင်း၊ ဖုန်းဆက် အကြောင်းကြားခဲ့သည်။ တိုင်းရဲတပ်ဖွဲ့ (ဒ/န)မှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ခဏအကြာတွင် ရောက်ရှိလာလေသည်။

တိုင်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်စိန်လင်းက လုပ်ငန်းအတွေ့အကြုံအရ (အိုင်ဆင်းနစ်) ဆေးတိုက်ပြီး ပစ္စည်းတွေကို ယူသွားသော မသမာသူရဲ့ လုပ်ရပ်ဖြစ်ကြောင်း၊ အသက်မသေနိုင်



ကြောင်း၊ သတိပြန်ရလာချိန်မှာ တရားခံကို ဖော်ထုတ်နိုင်မှာဖြစ်ကြောင်း ပြောဆိုနေချိန်မှာပင် ဒေါ်ခင်ပပ (အန်တီပ) သတိပြန်ရလာလေသည်။ ရေတစ်ခွက်သောက်လိုက်သည်။ အန်တီပ၏ ဦးနှောက်ကြည်လင်လာပြီး သတိကောင်းစွာ ရရှိလေပြီ။ ရဲအုပ် ကျော်စိန်လင်းသည် အေးရိပ်သာဆေးခန်းမှ သမားတော်ကို ခေါ်ယူစေပြီး အဆိပ်ပြေဆေး၊ ဦးနှောက်ကြည်လင်စေသည့်ဆေး သောက်စေသည်။

## (၅)

ဒေါ်ခင်ပပ (အန်တီပ) သည် တင်မောင်ထွေးနှင့် ပတ်သက်သည့်အကြောင်း၊ တင်မောင်ထွေး၏ ဇာစ်မြစ်အခြေအနေတို့ကို သိသမျှ ပြောပြ အစစ်ခံသည်။

တင်မောင်ထွေး ယူသွားသော မိမိဝတ်ဆင်သည့် စိန်တစ်ဆင်စာ ပစ္စည်းအရေအတွက် ဝယ်လက်သို့ သွားရောင်းရန် စိန်တစ်ဆင်စာ၏ အရေအတွက် တန်ဖိုး ငွေကျပ်သိန်း ၁၀၀၀၀ တန် ရတနာပစ္စည်းများ၏ အရေအတွက် ငွေသားတို့ကို ရှင်းလင်းတင်ပြသည်။ စာရင်းပေးပြီး အစစ်ဆေးခံသည်။

တိုင်းရဲတပ်ဖွဲ့ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ (ဒန) တပ်ဖွဲ့ဝင်များသည် ရေဆိပ်၊ လေဆိပ်၊ ရထားဆိပ်၊ ရန်ကုန်မှ နယ်သို့ထွက်ပေါက်ကြီး၊ ထွက်ပေါက်သေးများကို ပိတ်ဆို့ရှာဖွေရန် တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်လိုက်လေသည်။

(ဒန) တပ်ဖွဲ့သည် နောက်နေ့နံနက်တွင်လည်း ရှေ့ဘုံသာ

www.burmeseclassic.com

www.burmeseclassic.com



လမ်း၊ ဗိုလ်ချုပ်ဈေး၊ တရုတ်တန်း၊ သံတမန်ဈေးကွက်များသို့ လာရောက် ဈေးကွက်ရှာလေ့ရှိကြသော စိန်ရတနာ၊ ရောင်းလက်များကို စောင့်ကြည့်၊ ကင်းပုန်းဝပ်စေသည်။

တင်မောင်ထွေးသည် နောက်နေ့ညနေ (၆) နာရီခန့်တွင် ဆူပါရှုဗင် ကိုယ်ပိုင်စင်းလုံးငှား ကားတစ်စီးဖြင့် ရန်ကုန်၊ ဘားအံ၊ မြဝတီလမ်းကြောင်းအတိုင်း ထွက်ခွာပြီး တစ်ဖက်နိုင်ငံသို့ သွားရန် ထွက်ခွာခဲ့လေသည်။

ဗိုလ်ရွဲလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ကိုယ်ပိုင်စင်းလုံးငှား၊ အငှားလိုက်သူများအနက်မှ နယ်ဝေးအော်ဒါရသူများစာရင်းကို (ဒ/န) တပ်ဖွဲ့မှ စုံစမ်းသည်။ ရန်ကုန်၊ ဘားအံ၊ မြဝတီသို့ အော်ဒါရသူမှာ ပါးပူး (ခ) မြင့်ကျော်၊ ရဲတပ်ဖွဲ့ဝင်ဟောင်းများဖြစ်ကြောင်း သဲလွန်စ ရရှိသည်။ လာရောက်ငှားသူ၏ ပုံသဏ္ဍာန်မှာ တင်မောင်ထွေး ဖြစ်ကြောင်းလည်း အခိုင်အမာ သတင်းရရှိသည်။

ထို့ကြောင့် ကြိုးမဲ့ကြေးနန်းတပ်ဖွဲ့၊ ဆက်သွယ်ရေးလမ်းကြောင်း၊ ဆက်ကြောင်းများဖြင့် ကားနံပါတ်၊ လူပုံသဏ္ဍာန်တို့ကို ကွန်ပျူတာဖြင့် ထုတ်လုပ်သော ဓာတ်ပုံများကို (ဖက်စ်) ဖြင့် ပို့ပြီး တရားခံဖမ်းဆီးရေး၊ ဆက်ကြောင်းကို ဖြန့်ကြက်လိုက်သည်။

ဘားအံမြို့အထွက် (၃) မိုင်စုပေါင်း စစ်ကြောရေးအဖွဲ့အရောက်တွင် သတင်းဆက်ကြောင်းအရ တင်မောင်ထွေးတို့၏ ဆူပါရှဖ်ဗင်ကားကို ကျူးသွင်းစစ်ဆေးသည်။ သတင်းအရ စိန်



ထည်ပစ္စည်းများနှင့်တကွ တင်မောင်ထွေးကို ဖမ်းဆီးလိုက်လေသည်။ ရန်ကုန်မှ လိုက်လာသော ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့သို့ လွှဲပြောင်းပေးလိုက်လေသည်။

(ဒ/န) တပ်ဖွဲ့သည် သက်ဆိုင်ရာ အပိုင်မြို့နယ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းလိုက်လေသည်။ အပိုင်စစ်ကြောရေးရဲလုပ်ငန်းများပြီးပြည့်စုံပြီဖြစ်သောကြောင့် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့လိုက်သည်။

တင်မောင်ထွေးတစ်ယောက် အသွေးအသားကို စားသောက်ရုံမျှဖြင့် အားမရဘဲ လောဘစိတ်ဝင်ကာ ကြံမိကြံရာ ကြံလိုက်ရာမှ ဥပဒေ၏ ဘားကောင်အဖြစ် ပြစ်မှုကြွေးကို ချွေးဖြင့် ဆပ်ရပေတော့မည်။

**လူ့ပြည်မှာ အမှုမပွေကြဖို့ သတိပေးရေးသားလိုက်ရခြင်း ဖြစ်ပါကြောင်း**

**မောင်မောင်စိန်လင်း (နတ်မောက်)**

❐

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၄၀၀ ကျပ်
အဖုံးနှင့်အတွင်းဒီဇိုင်း - သန့်ဇော်သစ်
အတွင်းစလင် - A-7Group ၅၅၊ ၃၈လမ်း(အောက်)
စာအုပ်ချုပ် - ပန်းဝေဝေ
ထုတ်ဝေသူ - ဦးခင်မောင်ဦး (မြဲ-၀၄၀၇၃)
မြတ်ပန်းရဂုံစာပေ၊
၄၇၃(က)၊ နီလာ(၆)လမ်း၊(ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း (မြဲ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်-၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

၀၀၈.၈၄
မောင်မောင်စိန်လင်း(နတ်မောက်)
လူကြီး၊ လူလတ်၊ လူငယ်များ သိထားသင့်သော ဖြစ်ရပ်မှန် မှုခင်း
ဖြစ်စဉ်များ(၁) / မောင်မောင်စိန်လင်း(နတ်မောက်)။ ရန်ကုန်၊
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၃။
၂၂၄ - စာ၊ ၁၀.၅ × ၁၆.၅စင်တီ။
(၁)လူကြီး၊ လူလတ်၊ လူငယ်များ သိထားသင့်သော ဖြစ်ရပ်မှန် မှုခင်း
ဖြစ်စဉ်များ(၁)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com